

www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
ရှည်ကြာလွန်းသောအခိုက်အတန့်

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၁၇၀၃၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၅၆၀၅၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်၊ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

နတ်သမီး

ရှည်ကြာလွန်းသောအခိုက်အတန့်/နတ်သမီး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရှည်ကြာလွန်းသောအခိုက်အတန့်


BURMESE CLASSIC

## အခန်း (၁)

"အမေ မိန်းမယူသင့်ပြီ"

"ဘာကွ"

"ဟုတ်တယ် အမေ၊ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင် မယ်တို့တာ၊ အဲ အဲ ကျွန်တော်က ဝတ္တရားရှိလို့ ပြောနေတာ အမေ"

"မင်းက အမေလား၊ ငါက အမေလား"

"အမေက အမေပါ အမေ၊ ဒါပေမဲ့"

"ဟိတ်ကောင် အဲဒါကိုသိနေရင် ငါ့ကို ဆရာမလုပ်နဲ့"

"ကျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ခနဲအော်ကာ ထိုင်ခုံကို ဂျိုင်းခနဲနေအောင် ဆောင့်တွန်းပစ်ခဲ့လျှက် ထမင်းစားဝိုင်းက ဦးမင်းဖမ္မူက ထွက်သွားသည်။

ဇတာကလည်း အလျှော့မပေးချင်စိတ်နှင့် နောက်ကနေ ထောက်လျှောက်လိုက်သွားခဲ့၏။

ဦးမင်းဖမ္မူ ဧည့်ခန်းဆိုဖာခုံမှာ ဆောင့်ခနဲဝင်ထိုင်တော့ ကပ်ရက်ခုံမှာ ဇတာဝင်ထိုင်လိုက်သည်။

ဆိုးတိုင်ပင် ကောင်းတိုင်ပင်၊ တိုးတိုးကျယ်ကျယ် ဒီသားအဖ နှစ်ယောက်ပဲ ရှိတာမဟုတ်ပါလား။

"မေမေသေတာ ငါးနှစ်ရှိနေပြီ၊ အိမ်ထောင်ထိန်းသိမ်းဖို့ မိန်းမတစ်ယောက်တော့ ရှိမှဖြစ်မှာပေါ့ အဖေရယ်"

"အခုရော ဘာတွေ ကစဉ့်ကလျားဖြစ်နေလို့လဲ၊ ဘာတွေ မတော်မရော် ပျက်စီးယိုယွင်းနေလို့လဲ၊ မင်းအမေရှိတုန်းကလိုပဲ ဘာမှ ပုံစံမပျက်ဘူး"

"အဖေတို့က ပြောရခက်လိုက်တာ၊ ပြောတိုင်းလည်း ဆင်ခြေ ဆင်လက် ဆင်နားရွက်တွေနဲ့၊ မေမေ,မရှိကတည်းက ဘာတွေ လစ်ဟာမှုရှိတယ်ဆိုတာ အဖေ မသိချင်ယောင်ဆောင်နေတာလား အဖေ"

ဦးမင်းဖမ္မူ ဇတာကို မျက်ခုံးနှစ်ခုတွန့်ချိုးကာ မှုန်ကုပ်ကုပ်





ကြည့်လိုက်သည်။ ဒီသားက ငယ်ငယ်ကတည်းက အလိုလိုက်ပြီး ငယ်ချင်းပေါင်း ပေါင်းခဲ့မိသည်မို့ မှန်တယ်ထင်လျှင် လေးစားရမှန်း ကျိုးနွံရမှန်း မသိ။

ပြောရဲဆိုရဲ ရှိသည်။ ပွင့်ပွင့်လင်းလင်းဝေဖန်ပြီး အားနာတတ်သာမျိုးလည်း မဟုတ်။

"ကဲ မင်းက အဖေထက် သားတစ်လကြီးတဲ့ကောင်ပဲ၊ ဒီအိမ်ကြီးမှာ ဘာတွေချို့ယွင်းချက်ရှိနေလဲ၊ ပြောပါဦး"

"အိပ်ရာနိုး ဘုရိတ်ဖတ်စိပ်ပိုင်းက စပြောရမှာလား အဖေ"

"ကဲပါ ပြောစမ်းပါ"

"အဟင်း အဖေကလည်း ဒေါသကြီးမယ်။ ဒီလိုလေ အမေရ အမေရှိနေတယ်ဆိုရင် အဖေနဲ့သားနဲ့ အိပ်ရာကနိုးရင် ကဲ အစ်ကိုနဲ့ သား ဘာစားမှာလဲဆိုပြီး သားတို့ကြိုက်တာကို ဒေါ်စိန်ပုကို လုပ်ခိုင်းလိုက်တာ အဆင်သင့်ပဲလေ၊ အဖေ ကုမ္ပဏီသွားတော့လည်း ဘယ်အဝတ်အစား, ဘယ်အရောင်လေး, နက်ခ်တိုင်, ဖိနပ်, ခြေဆုံးခေါင်းဆုံးလိုက်ဖက်တာကို ရွေးချယ်ပေးတတ်ခဲ့လို့ အဖေ စမတ်ကျကျ စတိုင်လ်ပိုက်ပိုက်နဲ့ လန်းခဲ့တာ မဟုတ်ဘူးလား။ အခုတော့ ကြည့်ပါဦး ဘယ်ရှုပ်ပြစ်ပြစ် ဖိုသီဖတ်သီ ဗရုတ်သုတ်ခနဲ့ မုဆိုးဖို ပီသလွန်းနေတာ မြင်မကောင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ကောင်"

စိတ်ဆိုးဆိုးနှင့် ရုပ်ပါးစွာအော်လိုက်သော်လည်း သားရဲ့ စပ်ဖြဲဖြဲရုပ်နာရကြောင့် ရွယ်ထားတဲ့လက်သီးကို ဆတ်ခနဲ ပြန်ချမိလိုက်တာပဲဖြစ်သည်။

"အဲဒါတင် ဘယ်ကသေးလို့လဲ အမေ၊ နေ့လယ်စာ၊ ညစာ ဘယ်မှာအဝင်ပြေပြေစားရလို့လဲ၊ မေမေရှိတုန်းက သားတို့စိတ်ကြိုက် ကိုယ်တိုက်ချက်ကျွေးခဲ့တာဆိုတော့ အခု ဒေါ်စိန်ပု ဘယ်လိုပဲ ကောင်းအောင်ချက်ကျွေးကျွေး ခံတွင်းမှမတွေ့ကြတာ၊ သားအတွက်လည်း အဆင်မပြေဘူး၊ အမေ့အတွက်လည်း လိုအပ်နေတာပဲ၊ မိန်းမတစ်ယောက်ကတော့ အမြန်ဆုံးယူသင့်ပါတယ် အမေရာ၊ စိတ်ကူးမလွဲစမ်းပါနဲ့"

"အေး ငါ့ကိုနားချနေမယ့်အစား မင်းဘာသာယူဖို့ စဉ်းစားလိုက်ရင် ပိုမကောင်းဘူးလား၊ ကျောင်းမှာ မင်း ရည်စားတွေ အများကြီးဆို"

"ဟာ သားကိုတော့ အချွန်နဲ့မ,ဖို့ မကြိုးစားပါနဲ့ အမေ တစ်ယောက်မှ စိတ်တိုင်းကျတာ မရှိဘူး၊ သားက အပျော်ပဲ၊ ကျောင်းပြီးတာနဲ့ အားလုံးမေ့ပစ်လိုက်မှာ"

"ဒါဖြင့် မင်းက မိန်းမယူဖို့ မစဉ်းစားတော့ဘူးပေါ့"





"သားအသက်က စမောလေးရှိပါသေးတယ် အမေ၊ အမေ့ဆီက စီးပွားရေးနဲ့ပတ်သက်ပြီး သင်ယူလေ့လာစရာတွေအများကြီးလိုသေးတယ်၊ အားလုံးတတ်ကျွမ်းသွားပြီဆိုရင် အမေ အနားယူ၊ သား တစ်လုည့်လုပ်ကျွေးမယ်၊ မဟုတ်ဘူးလား"

ဦးမင်းဇမ္ဗူ နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

အားကိုးရသော သားက ငယ်စဉ်ကတည်းက ထိုစကားမျိုးနှင့် သူတို့လင်မယားရဲ့အသည်းနှလုံးကို ကိုင်လှုပ်ခဲ့သည်။

စကားကြွယ်ကြွယ်၊ အပြောချိုချိုနှင့် သူလိုချင်တာကိုလည်း ရအောင်ယူတတ်တဲ့ သား။

ဇနီးသည် ဒေါ်ကုရွှေချိုက သွားကို တုန်နေအောင်ချစ်သည်။

သေတာတောင် ကောင်းကောင်း အသေမဖြောင့်။ သားကို အသက်လုံးစောင့်ရှောက်ဖို့၊ ဂရုစိုက်ဖို့ အလိုလိုက်ဖို့ သူ့ကို တသသ မှာသည်။ သားလေး မျက်နှာမငယ်ပါစေနှင့်၊ သားစိတ်ကြိုက်သာ ဖြစ်ချင်တာဦးစားပေးပါဆိုတာ ပါသေး။

ဒါကြောင့် သားက ရောင့်တက်နေတာနေမှာ။

ဒေါ်ကုရွှေ နှလုံးရောဂါနှင့်ဆုံးတော့ သားကအသက်ကဆယ့်လေးနှစ်။ သိတတ်တဲ့အရွယ် ရောက်နေပြီဆိုတော့ မအေ့တဲ့ စကားတွေ နားလည်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတော့ ကောင်းပါသည်။ သူတို့သားအဖနှစ်ယောက် ပိုပြီး ရင်းနှီးနွေးထွေးသွားသလို အစစအရာရာ တိုင်ပင်ညှိနှိုင်းကြတာလည်း ပွင့်ပွင့်လင်းလင်းပင်။

အခု သူ့ကိုမိန်းမယူဖို့ တိုက်တွန်းနေတာပဲ ကြည့်ပါလား။ ဘယ်လိုသားသမီးမျိုးက မိထွေးရမှာ ကြိုက်မှာလဲ။

သူတို့အပေါ် မိထွေးတော်ဂေါ်တာမီလို ကောင်းတဲ့မိထွေးမျိုး ရှိလိမ့်မည်လို့ ထင်မှာမဟုတ်။

သူတို့ ရသင့်ရထိုက်တဲ့ စည်းစိမ်ဥစ္စာထဲက ဖဲ့ပေးရမှာစိုးပြီး သူဆုံးဖြတ်ရွေးချယ်ခဲ့လျှင်တောင် ကန့်ကွက်ကြမှာ အမှန်ပင်။ ဘာဖြစ်ဖြစ် သူလည်း မိန်းမယူဖို့ ဦးနှောက်ထဲမှာလည်း မရှိ။ အတွေးနှင့်လည်း မစဉ်းစားဖြစ်။

ဒေါ်ကုဋေသုံးပါးပြီးကတည်းက အလုပ်ထဲမှာပဲ စိတ်နှစ်ထားသည်။ အိမ်ရောက်လျှင် သားအတွက် အချိန်ပေးပြီး ပေါ့ပေါ့ပါးပါးပဲ နေ၏။

ကျန်းမာရေးအနေနှင့် ဆောင်းနံနက်ခင်းတိုင်းမှာ သားနှင့်အတူတူ ကန်တော်ကြီးတစ်ပတ် လမ်းလျှောက်သည်။ အပြေးလေ့ကျင့်သည်။ နွေနှင့်မိုးမှာ ခြံဝင်းထဲက ဘတ်စ်ကက်ဘောကွင်းလေးမှာ အလုအယက် ကစားတတ်ကြသလို အိမ်ထဲက ထရိန်နင်ခန်းလေး





ထဲမှာ သက်သောင့်သက်သာ လေ့ကျင့်ကြတာမျိုးလည်း ရှိသည်။

မင်းဖမ္ဗူနှင့် ဇတာကို ဓာတ်သိအကြောင်းသိ မဟုတ်သော သူများက သားအဖလို့ ဘယ်သူမှမထင်။

လူငယ်လေးတစ်ယောက်လို သွက်လက်ဖျက်လတ်ခန့်ထည် လှသော မင်းဖမ္ဗူနှင့် ထွားကျိုင်းသန်မာယောက်ျားပီသသော ဇတာကို ညီအစ်ကို၊ သို့မဟုတ် အသက်သိပ်မကွာသော တူအရီး၊ သို့မဟုတ် အရမ်းရင်းနှီးချစ်ခင်ကြသော သူငယ်ချင်းတွဲ။ အဝတ်အစားကိုလည်း အရောင်ဆင်ဆင်လေးတွေသာ ဝတ်တတ်ကြသည်မို့ ထင်လည်းထင်ချင်စရာပင်။

ဒါပေမဲ့ ညည့်ခံပွဲ၊ ဒင်နာပွဲတွေမဟုတ်ဘဲ ကျောင်းသွားချိန်နှင့် အပြင်ရှော့ပင်ထွက်တဲ့အချိန်တွေမှာတော့ ဇတာက ခေတ်လူငယ်ပီပီ ဟစ်ဟော့ပ်ဒီဇိုင်းနှင့် ဘောင်းဘီပွပွ၊ တီရှပ်ပွပွ၊ ရပ်ပ်ပါဦးထုပ်ဆောင်းကာ ဗရုတ်သုတ်ခနေတတ်သည်။

အိမ်မှာနေရင်လည်း ရှော့ပင်အတို စွပ်ကျယ်ချိုင်းပြတ်နှင့် MP-4 ကို နားကြပ်တပ်၍ လှုပ်လှုပ်ရွရွ။

ဒါတွေကို ဦးဖမ္ဗူ ဘာမှမပြော။ ချုပ်ချယ်အကျုပ်ကိုင်ခြင်းလည်း မရှိ။ သားအသုံးလိုလို့တောင်းတိုင်း စစ်ဆေးမေးမြန်းခြင်းမရှိ ဖြည့်ဆည်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှာသမျှ ဒီသားတစ်ယောက်ပဲ သုံးဖြုန်းမယ့်သူ ရှိတာ တော့ထိပါလား။

သားက သူတို့အိမ်ထောင်ရေးရဲ့ ပျော်ရွှင်ကြည်နူးမှုတွေကို ဆောင်ခဲ့သူမို့ တော့ရှုတောင်ထိုက်သည့် ရတနာလေးတစ်ပါးပါ။ ဒီ သားလေးကြောင့် နှလုံးရောဂါသည် ဖေါ်ကုဒေ့ ဒီလောက်ကြာကြာ အသက်ရှည်နေနိုင်ခဲ့တာ။

သူ့လည်း မျှော်လင့်ချက်တစ်ခုနှင့် ပန်းတိုင်တွေမပျောက်ခဲ့ တာ။

သားက အဖိုးတန်သားလေးပါလော။

✿ ✿ ✿



အခန်း (၂)

"ပေလီကဟိုတယ်တွေကိစ္စ မက်ဆေ့ချ်ရလား ကိုမြင့်မောင်"

"ဟုတ်ကဲ့ဆရာ၊ ပြန်လည်ပြင်ဆင်မှုပြီးသလောက် ဖြစ်နေ ပါပြီတဲ့၊ ဆရာ တစ်ခေါက်လောက်လာကြည့်ဖို့ လိုလိမ့်မယ်လို့ ဟိုက မန်နေဂျာက ပြောပါတယ်"

"အင်း ကျွန်တော်ကလည်း ဒီကအလုပ်တွေက မပြတ်နိုင် သူဖြစ်နေတယ်၊ ဒါပေမဲ့ ဒီလအကုန်လောက် ကျွန်တော် သွားဖြစ် အောင်သွားလိုက်ပါ့မယ်၊ ဒါနဲ့ ဟိုက လိုတဲ့ပစ္စည်းတွေ အကုန်ပို့ပြီး ပြီလား ကိုမြင့်မောင်"

ကိုမြင့်မောင်က ဖိုင်တွဲတွေကို ဟိုလှန်ဒီလှန်လှန်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"နှစ်မျိုးလောက် လိုသေးတယ်ဆရာ၊ နိုင်ငံခြားကဝင်တာ နောက်ကျနေလို့ပါ၊ ဟို ဆရာမသွားခင် အမီပို့နိုင်လောက်ပါတယ်"

ဆိုလည်ထိုင်ခုံလက်တန်းပေါ် လက်ထောက်၍ ဖမျှကိုယ်ကြီး မတ်ခနဲဖြစ်သွားကာ ကျစ်ခနဲစုတ်သပ်လိုက်သည်။

"အဲဒါတွေ ကျွန်တော်မကြိုက်တာပဲ ကိုမြင့်မောင်ရာ၊ ခင်ဗျားတို့ နိုင်ငံခြားကိုအားမလေးလို့တာ နောက်ကျလို့မဟုတ်လား ကိုမြင့်မောင်၊ အလုပ်ကိုစေ့စေ့စပ်စပ် သေသေချာချာလုပ်ပါလို့ မှာထားရဲ့သားနဲ့ဗျာ၊ သက်တမ်းစေ့တဲ့ ဟိုတယ်တွေ၊ နာဂစ်တုန်းက ပျက်စီးယိုယွင်းပျောက်ပျက်သွားတဲ့ ဟိုတယ်တွေအားလုံး အပြိုင်အဆိုင်ပြန်လည်တည်ဆောက်ဖွင့်နေရတဲ့အချိန်မှာ ကိုယ့်ဘက်က တစ်ချက် နောက်ကျသွားတာနဲ့ ခံလိုက်ရမှာပေါ့၊ သူများတွေထက် စောစီးစွာပြီးမှ အရည်အသွေးကောင်းမှ ကိုယ့်ဟိုတယ်က နာမည်ရမှာ၊ ပွင့်လင်းရာသီမှာ တိုးရစ်တွေများများလာတော့မယ်ဆိုတာ ခင်ဗျား မသိဘူးလား"

"ဟုတ် ဟုတ်ကဲ့ဆရာ၊ နောက် မဖြစ်စေရပါဘူး။ အခုလည်း ကျွန်တော်တို့ ပစ္စည်းမှာတာ တစ်ရက်နောက်ကျသွားတာနဲ့ တခြားကုမ္ပဏီက အပြတ်ဆွဲသိမ်းသွားတာတဲ့၊ ကျွန်တော်တို့ပေါ့လျော့ကြောင့်ပါဆရာ"





အပြစ်ရှိလျှင် ဝန်ခံရဲမှုကြိုက်သော မင်းဖမျှအတောကို သိထား၍ ဦးမြင့်မောင် ရိုရိုကျိုးကျိုးပဲ တောင်းပန်လိုက်သည်။ ထိုအခါကျမှ မင်းဖမျှ သက်ပြင်းချကာ

"ကဲ ကဲ နောင်မဖြစ်စေနဲ့ ဦးမြင့်မောင်၊ မြောက်ဒဂုံက ဆောက်လက်စတိုက်ကို ကျွန်တော်သွားလိုက်ဦးမယ်၊ အဲဒီအတွက် မီးဆိုင်းတွေကို နိုင်ငံခြားကပဲ မှာမှာနော်၊ ဒီလမကုန်ခင် အရင်ပစ္စည်းတွေနဲ့ တစ်ခါတည်းရောက်အောင် မှာထားလိုက်"

"ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ"

ကိုမြင့်မောင်အပါအဝင် အခြားဝန်ထမ်းတွေကိုပါ စေ့စပ်သေချာစွာ မှာစရာရှိတာမှာပြီးမှ မြောက်ဒဂုံဘက်ကို ထွက်လာခဲ့သည်။ ဟိုရောက်တော့လည်း ဝန်ထမ်းတွေကို စိတ်တိုင်းမကျမပေမယ့် သိပ်ပြီး ဆူဆူပူပူမလုပ်ခဲ့။

ကိုယ်ကလည်း အောက်ခြေကနေ တစ်ဆင့်ချင်းတက်လာခဲ့ရသူမို့ ကိုယ်ချင်းစာသည်။ ဒါပေမဲ့

"သူများဝန် ထမ်းနေရတဲ့အချိန်မှာ ကိုယ်ပိုင်လုပ်ငန်းရှင်စိတ်မွေးရင် အဲဒီလူဟာ ဘယ်တော့မှ လုပ်ငန်းရှင်မဖြစ်နိုင်ဘူးကွ၊ ငါ့ကျေးဇူး ငါ့ဥစ္စာလို ဘယ်လိုကောင်းအောင်, မလေလွင့်မပျက်စီးအောင်, ဆက်ဆံရေးပြေပြစ်အောင် မကြိုးစားတဲ့သူဟာ သူ့ဘာစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဘဝကနေ ဘယ်တော့မှမလွတ်မြောက်ဘူး။ အဲဒါ မင်း မြဲမြဲမှတ်ထား။ တချို့သူတွေက ကိုယ်တိုင်မကြီးပွားတာကို ကံတရားကို အပြစ်ပုံချတတ်တယ်၊ လွှဲချတတ်တယ်၊ အမြင့်ရောက်တဲ့သူကို အားကျတယ်၊ အဲဒီလူ အမြင့်ရောက်အောင် ဘယ်လိုတက်တယ်ဆိုတာ မလေ့လာဘူး။ အဲဒီလူတွေဟာ လူပျော့လူညံ့လူဖျင်းတွေပဲ၊ ပြီးတော့ အမြင့်ရောက်သွားတဲ့သူကို ဘာကြောင့်ပါကွာလို့ ဝေဖန်တတ်သူကို အပေါင်းအသင်းမလုပ်နဲ့၊ ကိုယ်ပါ အလုပ်မရှိလို့ အတင်းအဖျင်းထိုင်ပြောတဲ့ ယောက်ျားတွေထဲ ပါသွားလိမ့်မယ်၊ တကယ်ဖြစ်ချင် တကယ်လုပ်ပေါ့ကွ၊ တကယ်ဖြစ်အောင်လုပ်နေတဲ့သူကို ဆည်းကပ်ကိုးကွယ်၊ လိုက်နာ၊ ဒါဆိုရင် မင်း တစ်နေ့ လူတကာအထင်ကြီးတဲ့ လူတစ်ယောက် ဖြစ်ကိုဖြစ်လိမ့်မယ်”

ထိုစကားတွေကို သူငယ်ငယ်က ကျက်မှတ်စရာ စာတစ်ပုဒ်လို အဖေ နေ့စဉ်နေ့တိုင်း ပြောပြခဲ့သည်။

အဖေကိုယ်တိုင်လည်း တူကိုင်၊ ဆောက်ကိုင်၊ အုတ်သယ်၊ ဘိလပ်မြေထမ်း အောက်ခြေအလုပ်မှစ၍ တစ်ဆင့်ချင်းတက်လာခဲ့သည်။ သူတို့သားသမီးတွေကိုလည်း ပညာစုံအောင် သင်ပေးပြီး အောက်သက်ကျေအောင် ဆုံးမသွန်သင်သည်။

ဒါကြောင့်လည်း အဖေ့လို ကံကောင်းခဲ့သည်။





မမနှင့်အစ်ကိုက အဖေ့ကို နိုင်ငံခြားကနေ လိုလေသေးမရှိ ထောက်ပံ့ခဲ့သလို သူကိုယ်တိုင်ကလည်း အဖေ့သားပီသအောင် ကြိုးစားခဲ့သည်။

“လူလေး ကြိုးစားချင်စိတ်မရှိတဲ့သူကိုလည်း မဖိနှိပ်နဲ့၊ သူတို့မှာ တိုးတက်ပြောင်းလဲချင်စိတ်မရှိဘူးလို့ အောက်မေ့ပြီး သနားလိုက်ပါ၊ လက်ငါးချောင်းမှာ အတိုအရှည်၊ အသေးအကြီး ရှိတယ်၊ ညီမျှတဲ့သူ ရှိတယ်၊ မညီမျှတဲ့ သဘောတရားပေါ့၊ လောကထဲက လူတွေကလည်း လိုချင်တဲ့သူ ရှိတယ်၊ ရောင့်ရဲတင်းတိမ်တဲ့သူ ရှိတယ်၊ ယှဉ်တွဲနေတာပေါ့သား။ အဲဒီအထဲကမှ ယူသင့်တာကို ယူ၊ ပယ်သင့်တာကိုပယ်၊ သား တစ်နေ့ ကြီးပွားချမ်းသာလိမ့်မယ်”

တဲ့။ အဖေ မသေခင်ကပြောခဲ့တဲ့စကား။

သူ သေသေချာချာ လိုက်နာကျင့်သုံးခဲ့သည်။ အင်ဂျင်နီယာဘွဲ့တစ်ခုနှင့် ချမ်းသာသောဇနီးချောကို ရခဲ့သည့်တိုင်အောင် ဘဝင်မမြင့်၊ အောက်ခြေမလွတ်။

ဝန်ထမ်းတွေအပေါ် စောင့်ရှောက်သည်။ အောက်ခြေလူတန်းစားတွေအပေါ်လည်း ဖေးမကူညီသည်။

မိတ်ဆွေတချို့က သူတော်ကောင်းကြီးဟု ကင်ပွန်းတပ်ကြသည်။ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ စီးပွားရေးက ယုတ်လျော့မသွား။ လျှော့လို့မကုန်။ တစ်စတစ်စ ကြီးပွားတိုးတက်လာသည်။

ဒါပေမဲ့ အလုပ်ကို ဒီနေ့ထိ သူ တစ်ရက်မှမနား။ ကုမ္ပဏီ ဝိတ်ရာက်မှာတောင် သားကို အချိန်မပေးရလျှင် ကွန်ပျူတာတစ်လုံးနှင့် သူ အလုပ်ရှုပ်နေတတ်သည်။

သေသွားရင်ကိုယ်နောက်ပါမှာ မဟုတ်ဘူး။ ကောင်းကောင်းဝဲ စားမယ်၊ ပင်ပင်ပန်းပန်း အလုပ်မလုပ်နိုင်ဘူးဆိုတဲ့သူတွေထဲမှာ သူ မပါ။

ကိုယ်မရှိလျှင် သားစဉ်မြေးဆက် သိက္ခာရှိရှိကျန်နေနိုင်အောင် မလုပ်သင့်ဘူးလား။ ဒါမှ မိဘဝတ္တရား ကျေပွန်မှာပေါ့။ ကိုယ်က ရှေ့ဆောင်လမ်းပြမကောင်းလျှင် သားသမီးက ဖြောင့်ဖြောင့်လိုက်မှာ မဟုတ်။

သား ဇတာကို သူ့လိုပဲ ဖြစ်စေချင်သည်။

ဒါပေမဲ့ သားက ညည်တစ်မျိုးနှင့် ဆိုးချင်သည်။

သားကျောင်းပြီးရင် အလုပ်လုပ်မှာပေါ့ဆိုတဲ့ စကားချိုချိုလေးနှင့် ငွေကို ရေလိုသုံး၏။

သူငယ်ချင်းတွေကို ရက်ရက်ရောရောပေးတတ်သလို ရည်းစားတွေအတွက်လည်း ငွေကုန်ကြေးကျခံလွန်း၏။ သူကလည်း တား





မြိုခြင်းမလုပ်ချင်တာက တစ်ကြောင်း။ သူရှာတဲ့ငွေ သားတစ်ယောက်ဖဲသုံးမယ့်သူ ရှိတာပါလေဆိုတဲ့ အတွေးနှင့် သားအပေါ် မြူငြင်ခြင်းမရှိခဲ့။

တကယ်လည်း သူ့ဘဝမှာ သားတစ်ယောက်ပဲရှိတာ မဟုတ်ပါလား။

အဖေ့ဘဝက သားပါပဲလေ။

www.burmeseclassic.com

## အခန်း (၃)

"ဒေါ်စိန်ပု"

"ခုန်း"

စားပွဲဝိုင်းကြီးကို အသံမြည်အောင်ထုပြီး ကုန်းအော်လိုက်တော့ ဒေါ်စိန်ပု ဖတာအနား အပြေးအလွှားရောက်လာသည်။

"သား သား ဖတာ ဘာခိုင်းချင်လို့လဲကွယ်"

"ဒီပေါင်မုန့်မီးကင်တွေ မည်းကြွပ်နေတာပဲ၊ ကျွန်တော်မစားဘူး။ ထောပတ်သုပ်ပြီး ကြက်ဥနဲ့ ပြန်ကြော်ပေး။ ပြီးရင် ကော်ဖီကို သကြားလျှော့ပြီး ခါးခါးလေးပြန်ဖျော်၊ နေ့လယ်စာကိုလည်း ကြက်သားကို ဒိန်ချဉ်နဲ့နှပ်ထားပြီးမှ ရဲရဲလေးကြော်ထား။ မေမေ





သုပ်ပေးသလို သံပုရာသီးရယ်, ကြက်သွန်ရယ်, ငရုတ်သီးစိမ်းရယ် အချဉ်လုပ်မယ်၊ ကျွန်တော်ပြောတာတွေ နားလည်ရဲ့လား ဒေါ်စိန်ပု"

"သား"

သားရှေ့မှာ ခေါင်းတဆတ်ဆတ်ညိတ် နာခံနေရတဲ့ ဒေါ်စိန်ပုကို အသာနောက်ဆွဲပို့လိုက်ရင်း သားရဲ့ကပ်ရက်ခုံမှာ ဖမျှုဝင်ထိုင်လိုက်သည်။

"သားအမေအရွယ်လောက်ရှိတဲ့ ဒေါ်စိန်ပုကို အမိန့်သံနဲ့ မပြောရဘူးလေ သားရဲ့၊ သူက လူကြီးတစ်ယောက်၊ နေ့စဉ်နေ့တိုင်း တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတဲ့ သားစိတ်ကြိုက်ကို သူ ဘယ်လုပ်နိုင်ပါ့မလဲ၊ ကိုယ်ဖြစ်ချင်တဲ့ ကိုယ့်ဆန္ဒကို ဦးစားပေးနေရင် တခြားလူ လုပ်နိုင်,မလုပ်နိုင်ဆိုတာလည်း စဉ်းစားပေးရတယ် သား"

"အဲဒါကြောင့် အဖေ့ကို မိန်းမယူပါလို့ ပြောနေတာပေါ့၊ အမေက ကလန်ကဆန်လုပ်ပြီး နားမှထောင်တာ"

"ဟိတ်ကောင် ဒီဘူတာပြန်ဆိုက်လာပြန်ပြီ၊ မိန်းမယူမှ အဲဒီအရာတွေက ပြည့်စုံမှာလား။ မိန်းမ,မရှိတဲ့ အိမ်ထောင်တစ်ခုမှာ ဘယ်ကိစ္စ ရပ်တည်မှုရတော့ဘူးဆိုတဲ့ သဘောလား။ အိမ်ထောင်မထိန်းသိမ်းတတ်, အလေးအနက်မရှိတဲ့ မိန်းမမျိုးကိုရရင် ဘယ်လိုလုပ်မလဲ ဆဲ ပြောစမ်းပါဦး"

www.burmeseclassic.com



ဖတာက် ဒေါ်စိန်ပုလာချပေးတဲ့ ကော်ဖီခွက်ကို ရှုံ့ရှုံ့မဲ့မဲ့ ကောက်မော့လိုက်ကာ

"အဖေ အဲလောက်ကြီး မဝေးနဲ့လေ၊ အဖေ ဒုတိယအရွယ်ကို ရောက်တော့မယ်၊ အသိတရားရှိနေပြီပဲ၊ ဘယ်လိုမိန်းမမျိုး ရွေးချယ်သင့်တယ်ဆိုတာ အဖေ စဉ်းစားပေါ့၊ ပန်းဆိုတာ လန်းတဲ့အချိန်ပဲ ဖန်ချင်ကြတာ အဖေ"

"အာ ဒီကောင် ငါ့ကို မိန်းမများအောက်မေ့နေလား"

"သောရီးပါ အဖေ၊ သား နှိုင်းယှဉ်ပြတာ တလွဲဖြစ်သွားလို့ပါ၊ ဒါပေမဲ့ အမှန်တရားဆိုတာတော့ အဖေ လက်ခံပေးရမယ်၊ တကယ်လို့ အဖေ အိုမှာကျိုးကန်းဖြစ်တဲ့အချိန်မှာ ဘယ်မိန်းမက မှုမှာလဲ၊ အရွယ်ရှိတုန်း သူတို့ကိုလုပ်ကျွေးနိုင်တုန်းပဲ အဖေ့ကိုလက်ခံကြမှာပေါ့"

"အဲဒီအချိန် မင်းက ဘယ်သွားသေမှာလို့လဲ"

ဦးဖမ္မူ ပျစ်ပျစ်နှစ်နှစ်ကြီး ဆောင့်အောင့်ကာပြောပစ်လိုက်တော့ ဖတာ တဟားဟား အော်ကြီးတစ်ကျယ် ထရယ်သည်။

"ဟား ဟား အဖေက ကလေးဆိုးကြီးကျနေတာပဲ၊ သားက အဖေ သားကိုအားနာနေမှာစိုးလို့ တိုက်တွန်းနေတာပါအဖေရာ၊ အဖေ မိန်းမယူချင်ရဲ့နဲ့ သားကိုငဲ့ညှာနေတာလားလို့ပါ၊ ပြော် အဖေ





နက်ဖြန် ပေလီသွားရမှာဆို သားဖို့ ပင်လယ်ကထွန်းနဲ့ ကျောက်ပုစွန် ဝယ်ခဲ့နော်၊ ဒီရောက်မှ ကင်ပြီး သံပုရာရည် ဆမ်းစားမယ်၊ သားအဖနှစ်ယောက် ဘီယာလေးနဲ့ လန်းတာပေါ့နော် အဖေ"

"ခွေးကောင် အစားအသောက်ဆိုရင်တော့ နည်းအမျိုးမျိုး သုံးစားဖို့ အကြံဉာဏ်ကောင်းထွက်တယ်၊ ကျောင်းပိတ်ရက်နဲ့ တိုက်ပွဲ လုပ်ငန်းလေ့လာအောင် လိုက်ခဲ့မယ်တော့ မရှိဘူး"

"အဖေကလည်း ကျွတ်တယ်ဗျာ၊ ကျောင်းပိတ်ရက်ကလေး က အသွားအပြန်နဲ့တင် ပြည့်သွားမှာ၊ ဟိုမှာလည်း ကြာကြာနေချိန်မှ ရတာ၊ နောက် သား အလုပ်လုပ်ရမယ့်အချိန်တွေ အများကြီးရှိ သေးတယ်၊ ကဲပါ အဖေရာ အဖေမသွားခင် သားကိုမုန့်ဖိုးလေး ပေးခဲ့ဦး၊ သူငယ်ချင်းတွေနဲ့ ရွှေ့စရာရှိလို့"

စပ်ဖြဲဖြဲနှင့် မျက်နှာရှေ့လက်ဝါးလေးလာဖြန့်တော့ ဦးဖမ္မူ အတက်ချိုကျေ့စ်ထဲက တစ်ထောင်တန်နှစ်အုပ် ဆွဲထုတ်ပေးလိုက်ရသည်။

"သိုင်းကျူးပါ ဒယ်ဒီဖားသားဖေဖေ၊ ညနေ စောစောဆုံ ကြယ်နော်၊ တာ့ တာ"

အဖေ့လက်သီး နောက်ကျောကို အုန်းခနဲ ကပ်မလာခင် ဖတာ ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ နောက်ဆုံး ဆန်ခါတင်တွဲနေသော သီရိစံနှင့် ကန်တော်ကြီးမှာချိန်းထားသည်မို့ အဖေဝယ်ပေးထားသော မာ့ခ်တူးကားလေးကို လီဗာမြှင့်၍မောင်းလာခဲ့သည်။

ဟိုကိုရောက်တော့ ထိုင်နေကျခုံလေးမှာ သီရိစံက ကြိုတင်ရောက်နေ၏။

ဆေးရောင်တင်ထားသော နှုတ်ခမ်းပါးလေးက စူချိတ်ချိတ်။ ဇာတာ့ကိုမြင်မှ ဆန္ဒပြလိုဟန်နှင့် လွယ်ထားတဲ့စလင်းဘတ်ခ်အိတ်လေးကို စားပွဲပေါ် ဆောင့်ချပစ်ချသည်။

ထိုဒိုင်းမျိုးကိုတော့ ဇာတာ အလေးမထား။ ခပ်တည်တည်ပဲ သီရိစံနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"မိန်းကလေးတစ်ယောက်ကို ချိန်းပြီး စောင့်ခိုင်းထားတဲ့ အချိန်ကိုလည်း ကြည့်ပါဦး။ နာရီဝက်ကျော်နေပြီ မောင်က အရမ်းအချဉ်ဖမ်းတာပဲကွာ"

"လူတစ်ယောက်မှာ အကျိုးအကြောင်းဆိုတာ ရှိတာပဲလေ။ အမြဲ အဲဆင်မပြေနိုင်ဘူး။ ကိုယ်နဲ့တွဲရတာ မလန်းရင် ရှေ့လို့ရတယ် သီရိ ကိုယ်က မိန်းကလေးတွေစိတ်ပျော်ရွှင်အောင် သိပ်မကျူးတတ်ဘူး။ အဲဒါ တကယ်ပြောတာ"

နှုတ်ခမ်းကို မဖွင့်ဟဘဲ အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်း





ချစ်လျက် ခပ်တေ့တေ့မြှုံးပြီး ပြောလိုက်တာဖြစ်သည်။

မသိမသာ အံကြိတ်လျက် သီရိစံ တိုးတိုးတိတ်တိတ် ထက်ခေါက်လိုက်၏။ ဒါပေမဲ့ နှုတ်ခမ်းများပေါ်က အပြုံးကတော့ အရင်အတိုင်းတွေထက် ပို၍ ချိုအီစွဲညို့နေခဲ့သည်။

"မောင်က Hero ပဲ သိပ်ပြီး လူစွမ်းကောင်းမလုပ်နဲ့ကွာ၊ သီရိအသည်းက နုနုလေးရယ်၊ မောင့်ကိုမချစ်ရရင် ငုတ်တုတ်သေသွားမှာပေါ့၊ အဲဒီအချိန်ကျရင် မောင်က မလွမ်းဘဲနေနိုင်မှာမို့လား"

ဇာတာ တစ်ဖက်လှည့်ကာ ခပ်ကျိတ်ကျိတ် ရယ်လိုက်မိသည်။ ဇာတာ့ဘဝမှာ ဘယ်မိန်းမအတွက်မှ လွမ်းတတ်ဖို့ ဇာတာ ခေါ်တာ သီရိစံမသိလို့တော့ မဟုတ်တန်ရာ။

ကျောင်းမှာ ကင်းဆိုတဲ့တွဲ့ထူးတစ်ခုနှင့် ယှဉ်တွဲလျက် အသည်းစားခရက်စီဟု ဇာတာက နာမည်ကြီးတစ်ယောက်ပဲ။ အောက်နှုတ်ခမ်းများအောက်က မုတ်ဆိတ်မွေးရှည်ရှည်တို့နှင့် ပါးသိုင်းမွေးရေးရေး ပါးချိုင့်တစ်ဖက်၊ မေးစေ့အလယ်ခွက်ခွက်လေးတို့က ဇာတာရဲ့ ဆွဲဆောင်မှုအရှိဆုံး အရာတွေပင်။ စိမ်းညို့ညို့ ထူတန်းနေသော မျက်ခုံးလေးနှင့် ကာလာအမျိုးမျိုးဆိုး၍ ဘေးတစောင်းထဲကျနေသော ဆံပင်တို့ကလည်း မိန်းမချောလေးတွေ ရင်ခုန်ကြသည်ဟု ဆိုသည်။ တက္ကသိုလ်ကျောင်းကို ကားကိုယ်တိုင်မောင်း၍ အထက်



www.burmeseclassic.com

www.burmeseclassic.com



အောက် ဟစ်ဟော့ပ်ဒီဇိုင်းမျိုးနဲ့ဝတ်ကာ ဇွေကိုရေရိုလုံးနိုင်တာလည်း ဇာတာစတိုင်လ်တဲ့။

ဒါတွေက လူတွေသတိထားမိစေနိုင်သော ဇာတာရဲ့ ကိုယ်ပိုင်ဟန်တွေ။

ဒါတွေကြောင့် ဇာတာစိတ်ဝင်စားတဲ့ မိန်းကလေးမှန်သမျှ နှစ်ခါမကျူလိုက်ရဘဲ အလိုလို ပြေလည်သွားတတ်သည်။

ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို ဇာတာ ကြာရှည်မတွဲတတ်ပါ။

ပေးနေတာရှင့် မရောင့်ရဲနိုင်သည့် မိန်းမမျိုး။

ရနေတာထက် ပိုလိုချင်တဲ့ မိန်းမမျိုး။

တစ်ဆင့်တက်ကာ တွယ်ကပ်နေချင်တဲ့ မိန်းမမျိုး

ဆိုလျှင် ဇာတာက အထင်လည်းမကြီးတတ်သလို ငုံ့ညွှာစာနာရမှာတွေ တွေးမနေတတ်ဘဲ ခပ်မြန်မြန် အစိမ်းလတ်လတ် လမ်းခွဲရမှာ လွယ်ခဲ့သည်။

အတန်းဖော်သူငယ်ချင်း လင်းထိုက်က

"မင်း ကောင်မလေးတွေကို မချစ်ရင်လည်း မတွဲနဲ့ပေါ့ကွာ။ သူတို့ သဒ္ဓါကျုံလာအောင်လည်း ဆွယ်တရားမဟောနဲ့ပေါ့၊ အခုဟာက ရေလာအောင်မြောင်းဖောက်ပေးပြီး ဝင်လာတဲ့ရေကိုတော့ ညစ်





ပတ်လို့ဆိုပြီး အပြစ်ရှာသွန်ပစ်ချင်နေတယ်၊ ဇာကယ်ဆို တို့နိုင်ငံမှာ မိန်းကလေးတွေကစပြီး ရည်းစားစကားပြောတယ်ဆိုတာ မရှိပါဘူး။ မင်းက ရင်းနှီးမှုမပေးဘဲ ဘယ်သူကမှ မင်းနဲ့ပတ်သက်အောင် ကြိုးစားကြမှာ မဟုတ်ပါဘူး။ ထိုင်နေတဲ့လူကို ထအောင်လုပ်တယ်၊ ပြီးတော့ မင်းက ခြေထောက်ကိုရိုက်ချိုးပစ်တယ်၊ ဒါဟာ အချစ်ကို အခင်သက်သက်လိုက်ပြီး အပြစ်ရှာနေတာနဲ့ အတူတူပဲကွ၊ အချစ်ကို ချော်ရယ်ပြုနေတာဆိုလည်း မမှားဘူးပေါ့ကွာ၊ တစ်နေ့ ဝဋ်လည်မှာ သတ်တပ်ခံရမှာ မကြောက်ဘူးလား" တဲ့။

"အဲဒီအပေါ်မှာ ငါဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး"

လို့ သူပြန်ပြောခဲ့သည်။

အချစ်ကိုမှ သူမှ မယုံတာ။

အချစ်ဆိုတာ ရယူချင်တာသက်သက်။ ပေးချင်တာသက်သက် မဟုတ်ဘူးလို့ သူယုံသည်။

ရင်ခုန်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေ၊ အပြန်အလှန် နားလည်မှုတွေ၊ တစ်ယောက်ရဲ့နှလုံးသားကို ဆတ်ဆတ်ခါအောင် ပြုစားနိုင်တဲ့ အတတ်ပညာတွေ မလိုအပ်ဘူးလား။ ခုချိန်ထိ အေးစက်နေတဲ့ သူ့ရင်ခုန်သံတွေကို ဘယ်သူမှ နွေးထွေးအောင် မစွမ်းဆောင်နိုင်ကြသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ခဲ့ပြီးသွာ်ညိုနေကို အဆိုတို့ ဒီဆာကာကို ပြသရခြေင်းကိုလည်း သူမှန်းသည်။ အခုလည်း ခန်ခါတင်ရွေးချယ်ထားပါတယ်ဆိုတဲ့ သီရိစံဆိုတဲ့ကောင်မလေး ပြုံးစုတာကိုတောင် သူ စိတ်မရှည်။ လမ်းခွဲချင်လည်းခွဲဆိုသည့်သဘောနှင့် သူ အပြတ်ပြောတာကို နာကျင်ရမှန်းမသိ။ ပြုံးနေခဲ့တာကိုလည်း သူမုန်းသည်။ မစ်ရှိတ်ခွက်လေးကို မဖိတ်စဉ်အောင် တစ်ပတ်လှည့်ပတ်လိုက်ရင်း သူ ခနိုးခနဲ့ပြုံးလိုက်မိ၏။

သီရိစံက သူနှင့်ကပ်လျက်ခုံမှာ ပြောင်းထိုင်လိုက်ပြီး သူ့ပခုံးကို ခပ်နွဲ့နွဲ့မှီကာ

"တခြားကောင်မလေးတွေလို သီရိကို ထားခဲ့ဖို့တော့ မကြိုးစားနဲ့နော်၊ ထဘီစွန်တောင်ဆွဲပြီး မောင့်နောက်ကို လိုက်မှာ"

နောက်တစ်ယောက် မတွေ့သေးတော့ မင်းတွယ်ကပ်နေလို့ ရပါသေးတယ်ဟု ဇာတာ မပြောဖြစ်လိုက်ပါ။

တစ်ကျောင်းလုံးမှာ အချောဆုံး၊ အလှဆုံး၊ အလန်းဆုံးမို့ သီရိစံနှင့်တွဲနေရတာ ဘဝင်မြင့်နေသလိုလို၊ ဘုံမြောက်နေသလိုလို။

သီရိစံကို သူနှင့်အပြိုင် ချဉ်းကပ်လိုကြတဲ့သူတွေ အများကြီး မဟုတ်ပါလား။ သီရိစံက သူမှသူ။

တခြားကောင်တွေကို စောင်းငဲ့၍တောင် ကြည့်တာမဟုတ်။ ဒီတော့လည်း အားလုံး အားကျသတိထားမိအောင် သူ အစွမ်းတော့ ပြချင်သည်။





ဒီနေ့ သီရိစံကို ရုပ်ရှင်လိုက်ပြလိုက်လျှင် မကျေလည်တာတွေ ပြေလည်သွားလိမ့်မည်။ နောက်ရက်တွေမှာ သီရိစံလက်ကလေးတို့ ဆုပ်ကိုင်ပြီး ကျောင်းဝင်းထဲဝင်သွားလိုက်သည်နှင့် သကောင့်သားတွေ ငေးမော အားကျ မနာလိုဖြစ်ကြလိမ့်မည်။

သူလိုချင်တာ ဒါပဲလေ။

ဇာတာဆိုတာ ဘယ်သူမှ နှိုင်းယှဉ်ပြိုင်ဆိုင်လို့ မရဘူးဆိုတာ သိသွားစေချင်တာ။

ဒီလောက်ပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လေယာဉ်ပေါ်က ဆင်းလိုက်ကတည်းက ဟိုတယ်က ကား လာကြိုသည်။ အခေါက်ခေါက်အခါခါ ရောက်ဖူးနေသော်လည်း ပင်လယ်ရနံ့နှင့် ရှခင်းလေးတွေကို သူချစ်သည်။ ပေလီကနေ ငါး မိုင်ခန့်ဝေးတဲ့ မြစ်ပြင်ဘက်က သူ့ရဲ့ဟိုတယ်ကိုရောက်တော့ ဝန်ထမ်း တွေအားလုံးက စုစည်း၍ သူ့ကိုကြိုဆိုကြသည်။

ဆောက်လက်စဟိုတယ်တစ်ခုကို အရင်သွားပြီးမှ အားလုံး ပြီးစီးသွားသော ဘန်ဂလိုတစ်လုံးမှာ သူ အနားယူလိုက်သည်။ ညနေ စာစားပြီးချိန်ရောက်တော့ မန်နေဂျာကိုဖော်မင်း သူ့ကိုလာတွေ့လေ၏။





လယ်ဂျာတစ်ခုထဲက ဖိုင်တွဲတွေအားလုံး သူ့ကိုတစ်ခုချင်း ရှင်းပြပြီးချိန်မှာ

"နောက်လဝက်မှာ အားလုံး လက်စသတ်ပါပြီဆရာ၊ ဝန် ထမ်းလျှာထားမှုလည်း အားလုံးအဆင်သင့်ဖြစ်ပါပြီ၊ ရောက်လာမယ့် ဧည့်သည်၊ အချိန်မီရင်ပေါ့၊ ကြိုလုပ်ထားလို့ရမယ့်ဟာတွေ ကျွန်တော် ကြိုလုပ်ထားပါတယ်"

"ခင်ဗျား စေ့စပ်သေချာတာ ကျွန်တော်သိပါတယ် ကို ဖော်မင်း၊ ဘန်ဂလိုတွေမှာ ဧည့်သည်တွေ လာစခံနေပြီဆိုတာလည်း ကြားပါတယ်၊ ဒါနဲ့ အရင်ဝန်ထမ်းတွေအပြင် နောက်ဝန်ထမ်းအ သစ်တွေ ရွေးချယ်ထားတယ်လို့ ခင်ဗျားပြောတယ်နော်၊ အရင်လစ် သွားတဲ့ ဝန်ထမ်းနေရာတွေမှာ အစားထိုးမှာဆိုတော့ အရည်အ ချင်းမီတဲ့သူကိုတော့ ဦးစားပေးပါ၊ ဪ ဒါနဲ့ ဆောက်လုပ်ရေးပိုင်း မှာ ထိခိုက်ဒဏ်ရာရသွားတဲ့ ဦးရာကျော်ရော အခြေအနေဘယ်လို လဲ ထောက်ပံ့မှုတွေ ခင်ဗျားလုပ်ပေးထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ခြေထောက်ကို စတီးရိုးအစားထိုးပြီးလို့ ကောင်းသွားတာနဲ့ အလုပ်ပြန်ဝင်မယ်လုပ်နေတာ၊ ကျွန်တော် ထောက်ပံ့တယ်ဆိုပေမယ့် သူ့သားနဲ့ သမီးရဲ့ပညာရေးက ရှိသေး တယ်လေ၊ ဦးရာကျော်ကို ဆရာမပြန်ခင် တစ်ခါလောက်တွေ့သွား

www.burmeseclassic.com

www.burmeseclassic.com



ပါဦးဆရာ၊ သူကလည်း ဆရာနဲ့တွေ့ချင်တယ်လို့ ပြောထားလို့ပါ”

“ကောင်းပြီလေ၊ ကျွန်တော် ဒီမှာ တစ်ပတ်လောက်နေဦး မှာဆိုတော့ မပြန်ခင် တွေ့သွားလိုက်ပါ့မယ်”

“ဟုတ်ကဲ့ဆရာ၊ လိုအပ်တာရှိရင် ဖုန်းဆက်လိုက်ပါ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး”

သူ့ခေါင်းညိတ်ပြလိုက်မှ ကိုဇော်မင်း ဦးခေါင်းလေးညွှတ်၍ ပြန်သွားခဲ့သည်။ သူလည်း ပင်လယ်လှိုင်းလုံးလေးတွေရဲ့ အရသာကို ခံစားချင်၍ ဘန်ဂလိုပေါ်က ဆင်းခဲ့သည်။

လရောင်ဖွေးဖွေးမှာ ခရီးကောက်သူတွေနှင့် လှိုင်းစီးနေတဲ့ သူတချို့ကို တွေ့ရသည်။

ညည့်သည်များများစားစားလာတဲ့ အချိန်မဟုတ်သေး၍ ဆောင်ပြင်မှာ လူနည်းနည်းရှင်းနေ၏။

“ခုတ်”

“အင့်”

သူ့ကျောမှာ အရှိန်ပြင်းပြင်း ဘောလုံးထိမှန်ခံလိုက်ရတာမို့ ကော့ခနဲဖြစ်သွားသည်။

တရားခံကို ဝေးဝေးမရှာလိုက်ရ။

ရှော့ပန်အတို၊ စပို့ရှပ်အနီရဲရဲအင်္ကျီလေးနှင့် ကောင်မလေး





တစ်ယောက် သူ့အနားကို အပြေးရောက်လာသည်။

“ဆောရီးနော်၊ မောင်လေးနဲ့ ခရူကောက်နေရင်း ဘောလုံးအန်တာမ်းဆော့နေလို့ပါ”

“ရပါတယ်ကွာ၊ လူငယ်တွေပဲ လွတ်လွတ်လပ်လပ်ပေါ့”

“ဟာ ဦး ရှပ်အင်္ကျီအဖြူမှာ ပေကုန်ပြီ၊ မထူးပါဘူး၊ ရာရာသမီးနဲ့ ဘောလုံးကန်လိုက်ပါလား ဦးရဲ့၊ အဲဒီစတိုင်လ်ဘောင်းဘီကြီးကို ချောင်းနဲ့ လဲဝတ်လိုက်၊ ဘောလုံးကန်မယ်လေ”

သူ ပြုံးချင်ချင်ဖြစ်သွားသည်။ ကလေးဆန်ဆန်ပြောနေတဲ့ ကောင်မလေးက သိပ်တော့ ငယ်မည်မထင်ပါ။

ကုပ်ပေါ်မှာ မည်းနက်နေတဲ့ ဆံနွယ်ပျော့အိအိလေးတွေ အောက် ပါးပြင်မှာ သနပ်ခါးပါးကွက်လေးကိုလည်း တွေ့ရသည်။

မျက်လုံးမပြူးမကျယ်၊ မျက်ဝန်းနက် တောက်တောက်က မျက်ခုံးတွေနှင့် နှုတ်ခမ်းစိုရဲရဲ ဝင်းဝါနုဖပ်နေသော အသားအရေလေးက အပြစ်ကင်းကင်း ဖြူစင်ရိုးသားဟန်တွေ ပေါ်လွင်နေသည်။ သူ့မောင်လေးဖြစ်ဟန်တူတဲ့ ကောင်လေးကလည်း ဘောလုံးလေးပွေ့ပိုက်လျက် သူ့ကို မျက်လုံးပြူးလေးနှင့် မော့ကြည့်နေ၏။

သူက ကောင်လေးခေါင်းကို ဖွဖွလေးပွတ်သပ်ပုတ်၍

“ဦးက မင်းတို့နဲ့ကစားရမယ့်အရွယ် မဟုတ်တော့ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့ဘာသာ ကစားကြပါ၊ ဟုတ်ပြီလား"

"သားတို့လည်း မကစားတော့ပါဘူး ဦးရာ၊ ညည့်သည့်တစ်ယောက်က ခရုခန်းဆီးအော်ဒါမှာထားလို့ ခရုများများရအောင် ကောက်ရဦးမှာ၊ မမ လာလေ၊ သွားမယ်"

"ညောင်း အေး ဟိုလေ နောက်ကျောကို ဘောလုံးထိသွားတာ စိတ်မဆိုးဘူး မဟုတ်လားမောင်၊ သွားခွင့်ပြုပါဦးနော်"

သူ နှုတ်ခမ်းထောင့်စွန်းလေးတွေ ကွေးညွှတ်သွားအောင် ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

မောင်နှမနှစ်ယောက်လုံး ဘောလုံးလေးပုတ်ကာ ပုတ်ကာနှင့် ခပ်လှမ်းလှမ်းရောက်အောင် လှစ်ခနဲပြေးသွားကြသည်။

မျက်စိတစ်ဆုံးလိုက်ကြည့်နေမိပြီးမှ သူ သက်ပြင်းချမိတော့ သူလည်း ဒီအရွယ်က လောကဓံကိုအံတုနေရတဲ့ ဘဝသမားတစ်ယောက်ပါပဲ။

ရိုးသားခြင်းနှင့် ကြံ့ကြံ့ခံရင်ဆိုင်ရင်း ဒီဘဝကိုရောက်လာခဲ့ရတာ။ ဖန်ဆည်က ချမ်းသာတော့ အရောက်မြန်တယ်လို့ပြောချင်ပေါ့လေ။

စေတနာနှင့်ကြိုးစားမှုဆိုတာက ရောင်ပြန်ဟပ်တတ်တဲ့သဘောရှိတာပဲ မဟုတ်ပါလား။





ပြေးလွှားနေသော လှိုင်းလုံးလေးတွေပေါ်မှာ လရောင်က [illegible]ထွက်ထားတာမို့ ဘော်ငွေရောင်တလက်လက်ဖြင့် ကဗျာဆန်စွာ [illegible]ပနေသည်။

လှိုင်းလုံးကြီးတွေ ပြေးပြေးဆောင့်တဲ့ ကျောက်ဆောင်ကျောက်[illegible]တွေကလည်း ကြံ့ကြံ့ခံစွာ ထုတ်တုတ်တောင်မလှုပ်။

ဘဝနှင့် လှိုင်းလုံး။

လောကဓံနှင့် ကျောက်ဆောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဦးအနေနဲ့ မကြိုးစားချင်လို့ မဟုတ်ပါဘူးကွယ်၊ သားနဲ့ သမီးကိုလည်း ပညာတတ်ကြီးတွေ ဖြစ်စေချင်တယ်၊ ဒါပေမဲ့ ဘဝဆိုတာ ထင်သလောက် မလွယ်ဘူးလေ၊ သမီးအလတ်မလေးရယ်၊ ဇနီးရယ် နာဂစ်မှာဆုံးပါးသွားတော့ ကျန်တဲ့သူတွေက အရပ်ကြီး ပြတ်ပဲ၊ နိုင်ငံတော်နဲ့ မင်းတို့လုပ်ငန်းရှင်တွေသာ ကူညီထောက်ပံ့ ပေးမှု မရှိရင် ဦးတို့သားအဖသုံးယောက်လည်း သူတို့နောက်ကို လိုက်သွားမိမှာ အမှန်ပဲ၊ ဖွဲ့လျှော့လိုက်တာ မဟုတ်ဘူး၊ ရင်မဆိုင်ချင် တော့တာ၊ အရှုံးပေးချင်တာ မဟုတ်ဘူး၊ သောကထဲမှာ မကျန်ရစ်ခဲ့ ချင်တာ"





ဦးရာကျော်က ပြောရင်းနှင့် မျက်ရည်လည်နေသည်။

သူ့ရင်ထဲလည်း ဆို့ကျပ်လှိုက်မောလို့ပါ။

ဦးရာကျော်ဆိုတာ တစ်ချိန်က သူ့ဟိုတယ်မှာ စားဖိုမှူးကြီး တစ်ယောက်။ နာဂစ်ကြောင့် အားလုံးပြုပြင်ဆောင်ရွက်ရတဲ့အခါမှာ သားသမီးတွေ လူအောက်မကျစေချင်၍ ဆောက်လုပ်ရေးအမိုင်းမှာ ဝင်လုပ်သည်။

ကံဆိုးချင်တော့ ငြမ်းဆင်ဖတ်တဲ့အချိန်မှာ ခြေထောက်မှာ ထိ ခိုက်ဒဏ်ရာရသွားလေ၏။ ထိုအချိန်က သူ နိုင်ငံခြားရောက်နေခဲ့သည် မို့ ခန်နေရာကိုဇော်မင်းနှင့်သာ အစစအရာရာ လွှဲအပ်ထားခဲ့ရသည်။

ငွေကုန်ကြေးကျခံပြီး ထောက်ပံ့မှုတွေလည်း ပေးခိုင်းလိုက် [illegible] ခုဆို စတီးချောင်းထည့်ထားရသောခြေထောက်က လူကောင်း တစ်ယောက်လို မလှုပ်နိုင်တော့။

ဒါပေမဲ့ သင့်တင့်လျောက်ပတ်တဲ့နေရာမှာ သူ့ရဲ့ဝန်ထမ်းအ ဖြစ်ရှိနေရမည်လို့ ကိုဇော်မင်းနှင့် တိုင်ပင်ထားခဲ့သည်။ ဒီအကြောင်း ကိုပြောချင်၍ သူ့ရဲ့ရုံးခန်းမှာ ဦးရာကျော်ကို ခေါ်တွေ့ခဲ့သည်။ ဒီရောက် တော့လည်း ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေလည်ကာ ပြောနေ သော ဦးရာကျော်အတွက် သူ စိတ်မကောင်းချေ။

"ကဲ ဦးရာကျော် လက်ဖက်ရည်သုံးဆောင်ပါဦး ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအဖြစ်ချင်တယ်ဆိုတာ ကျွန်တော့်ကို သေသေချာချာပြောပါ။ ကျွန်တော် အတတ်နိုင်ဆုံး ကူညီမှာပါ”

“အေးကွယ့် ဦးကလည်း အကူအညီတောင်းချင်တာပါပဲ။ ဒီလိုပါ မောင်ဇမ္ဗူ၊ ဦးမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပါ တယ်။ သမီးက ဆယ်တန်းမအောင်တော့ဘဲ ခရုလေးတွေသီရောင်း၊ အုန်းလက်ဦးထုပ်လေးတွေလုပ်၊ တခြားအလုပ်ကလေးတွေလည်း ရှာကြံပြီး အိမ်အတွက် ဝင်ငွေရအောင် အမျိုးမျိုးလုပ်ရှာပါတယ်၊ ဒါပေမဲ့ ဦးက သမီးလေးကို ဒီအတိုင်းကြီး နေမသွားစေချင်ဘူး။ ဒီမှာဆိုရင် ဒီအလုပ်တွေနဲ့ ဘဝတိုးတက်ရာတိုးတက်ကြောင်း ရှိမှာမဟုတ်ဘူးလေ”

“အဲဒီတော့”

ရှည်ရှည်ဝေးဝေးရှင်းပြနေတာမို့ သူ စကားထောက်ကာ မေးလိုက်သည်။ ဦးရာကျော်က လက်ဖက်ရည်ကို တစ်ငုံငုံပြီးမှ စကားဆက်၏။

“ဦးသမီးလေးကို မောင်ဇမ္ဗူနဲ့ ရန်ကုန်ကိုထည့်လိုက်ချင်တယ်ကွယ်၊ ဟိုမှာ သင်တန်းလေး၊ဘာလေးတက်ပြီး ထွန်းထွန်းပေါက်ပေါက်လေးဖြစ်စေချင်တယ်၊ ဒါမှ ဦးမရှိတော့တဲ့အခါ သူ့မောင်လေးကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်နိုင်မှာ မဟုတ်လား”





“သူက ဘယ်အရွယ်ရောက်ပြီလဲ ဦးရာကျော်”

“နှစ်ဆယ့်တစ်နှစ်ရှိပါပြီကွယ်၊ ရုပ်ရည်ကလေး ချောမော နေပေမယ့် စရိုက်က ကြမ်းချင်တယ်၊ ဂျိုက်တောရွာဘက်က တံငါအလုပ်ကိုလည်း သူ့အမေရှိတုန်းက သွားလုပ်ဖူးတယ်လေ၊ ဒါပေမဲ့ သတ်မခံ ဆတ်ဆတ်ကြဲစိတ်လောက်ပါပဲ၊ မြို့ရောက်ရင် ဒါတွေ ဆာ မြူပြင်သွားမလားလို့ပေါ့ကွယ်၊ အခြေအနေနဲ့ အချိန်အခါက လူကို ပြောင်းလဲပေးနိုင်တယ်မဟုတ်လား။ သူ့ရုပ်ရည်လေးနဲ့ လိုက်ဖက်စေချင်တာပါ”

လေးပင်သော သက်ပြင်းရှည်ကြီးကို ဦးရာကျော်မသိအောင် ချလိုက်မိ၏။ မိဘတစ်ယောက်ရဲ့စေတနာကို နားလည်ပေမယ့် ဒီအသက်အရွယ်ဆိုလျှင် သားနှင့် မတိမ်းမယိမ်း။ ဖြစ်ပါ့မလားဟု သူ တွေးတောနေရသည်။

ကောင်မလေးက ဆတ်ဆတ်ကြဲ သားက ဝုန်းဝုန်းဒိုင်းဒိုင်းမို့ သဟဇာတမဖြစ်နိုင်မှာကတော့ သေချာသည်။

ဒါပေမဲ့ အကူအညီတောင်းလာသူကို ငြင်းဆန်ဖို့ဆိုတာကလည်း မင်းဇမ္ဗူရာဇဝင်မှာ မရှိတာမို့ လက်သင့်ခံဖြစ်မှာလည်း သေချာနေသည်။

“ဒါနဲ့ ဦးရာကျော်သားနဲ့သမီးကို ကျွန်တော် တွေ့ဖို့ရမလား”



www.burmeseclassic.com

www.burmeseclassic.com



ဦးရာကျော်"

"ဟုတ်ကဲ့၊ အခုကို ပါလာပါတယ်ကွယ်၊ မောင်ဖမ္ဘူရုံးခန်း အပြင်မှာ ထိုင်စောင့်နေကြပါတယ်"

"ခြော် တစ်ခါတည်းခေါ်လာခဲ့ရောပေါ့ ဦးရာကျော်ရယ်၊ ကိုဇော်မင်း ကလေးတွေထွက်ခေါ်လိုက်ပါဦး"

ကိုဇော်မင်း လှစ်ခနဲ ထထွက်သွားသည်။ ခဏနေတော့ ကောင်လေးနှင့်ကောင်မလေး ကိုဇော်မင်းနောက်က ကပ်ပါလာသည်။

"ဟင်"

ဟိုနေ့က တွေ့ခဲ့တဲ့ ကလေးနှစ်ယောက်။ သူ့စားပွဲရှေ့က ထိုင်ခုံလေးတွေမှာ ရိုရိုကျိုးကျိုးလေးတွေ ဝင်ထိုင်ကြသည်။ ပြီးမှ တဖြည်းဖြည်း မျက်နှာလေးတွေ မော့လာကြ၏။

"ဟာ ဟိုနေ့က ဦး"

"ဟယ် ရာရာတို့ ဘောလုံးနဲ့ထိသွားတဲ့ ဦးမဟုတ်လား"

သူ အသာအယာခေါင်းညိတ်ပြကာ ပြုံးလိုက်မိသည်။ ဦးရာကျော်က အားတုံ့အားနာနှင့်

"ခြော် အဲဒီနေ့က မောင်ဖမ္ဘူနဲ့ဆုံခဲ့ကြတာလား၊ သားနဲ့ သမီးက ဦးကိုပြောပြနေကြတာပါ၊ အရမ်းအားနာလို့တဲ့လေ၊ ကဲ သမီးနဲ့သား အဲဒါ သမီးတို့ရဲ့ကျေးဇူးရှင်ပဲ၊ တောင်းပန်လိုက်ကြ"





"ဟာ မဟုတ်တာ ဦးရာကျော်ရယ်၊ ကလေးတွေ အဲဒီနေ့ ကတည်းက တောင်းပန်ကြပါတယ်၊ အပြစ်ယူစရာမှ မဟုတ်တာဗျာ၊ ကျွန်တော်နားလည်ပါတယ်၊ ခြော် ဒါနဲ့ သားလေးကိုရော ရန်ကုန် ထည့်လိုက်မှာလား ဦးရာကျော်"

"သားလေးကို မထည့်သေးပါဘူး၊ ဒီမှာကျောင်းတက်ရင်းနဲ့ ဦး လက်တိုလက်တောင်းခိုင်းဖို့ ရှိသေးတယ်လေ၊ မောင်ဖမ္ဘူအနေနဲ့ သမီးကိုခေါ်သွားရမှာရော အခက်အခဲဖြစ်နေလားကွယ်"

"မ မဖြစ်ပါဘူးခင်ဗျာ၊ ဦးရာကျော် စိတ်ချပါ၊ သူ့ဘဝလေး ထိုးတက်မြင့်မားအောင် ကျွန်တော်ကရှုိက်ပါမယ်၊ မင်းကရော ရန်ကုန် လိုက်ချင်ရဲ့လား ရာရာ"

ဦးရာကျော်နှင့် စကားပြောနေရင်း ရာရာကို လှမ်းမေးလိုက်တော့ ရာရာ ဘာမှအဖြေမပေး။ မျက်ရည်တွေရစ်ဝိုင်းလျက် သူမ မောင်လေးခေါင်းကို ဖွဖွလေးပွေ့ပိုက်၍ သူမအဖေကိုလည်း တစ်ချက် ကြည့်သည်။

"ရာရာ လိုက်တော့လိုက်ချင်ပါတယ်၊ ဒါပေမဲ့ မောင်လေး နဲ့အဖေ့ကို စိတ်မချဘူး။ ခွဲလည်းမခွဲဖူးတော့ ဖြစ်ပါ့မလားပဲ"

"သမီး အဲလိုမပြောရဘူးလေကွယ်၊ လူဆိုတာ ကြေကြည်ရာ မြက်နုရာ ရှာရတယ်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဘူး၊ ပညာ



www.burmeseclassic.com

www.burmeseclassic.com



နည်းတော့ ဒီမှာ အလုပ်အကိုင်ကလည်း ရှားပါးတယ်လေ၊ ဟိုတယ်တွေ, ဘန်ဂလိုတွေ ဝင်လုပ်ဖို့တောင် ဘာသာစကားတတ်မှဖြစ်မှာ၊ ဝလေ့ထုံးစံအတိုင်း လုပ်နေလို့တော့ ဘဝက တိုးတက်ပြောင်းလဲမှာ မဟုတ်ဘူးသမီး။ သမီး အဖေ့စကားကိုနားထောင်ပါ၊ သမီးတို့မောင်နှမ ဘဝရှေ့ရေးအတွက်ပါကွယ်''

မျက်ရည်ပေါက်ကြီးတွေ တစ်ပေါက်ချင်းလိမ့်ဆင်းကျနေသော ရာရာကို မင်းဇမ္ဗူ ကိုယ်ချင်းစာမိသည်။ သူကိုယ်တိုင်လည်း မိဘတွေ၊ မွေးချင်းမောင်နှမတွေနှင့် ခွဲခွာရခါနီးက ရှိုက်ကြီးတင်ငိုခဲ့ဖူးတာပဲ။ အသည်းနှလုံးနှသူမို့ စိတ်ကမခိုင်ချင်။

''ကဲ ကဲ ဒီကလုပ်ငန်းတွေပြတ်တာနဲ့ သွားကြတာပေါ့၊ အဆင်သင့်လုပ်ထားနော် ရာရာ၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ နောက်တော့လည်း နေသားကျသွားမှာပါ''

သူတို့သားအဖတစ်တွေ ထပြန်သွားမှ လွတ်လပ်ပေါ့ပါးသော သက်ပြင်းပူကြီးကို ခပ်ပြင်းပြင်းမှုတ်ထုတ်မိသည်။

ဘဝဆိုတာ အခိပ္ပါယ်တွေအများကြီး ဖွင့်ဆိုလို့ရတဲ့ အရာတဲ့ ဆင်ရဲ ချမ်းသာ၊ ပညာတတ် ပညာမဲ့ ဂုဏ်ပဓာနသနကြွယ်ဝသူနှင့် ပစ္စည်းမဲ့လူတန်းစား။ မတည်မြဲတဲ့အရာတွေ တွယ်ဖက်ထားချင်တာလည်း ဒီလူတွေပဲ။





လှိုင်းကအပုတ်၊ လောကအဝှေ့ စိမ့်ခနဲအေးလို့ လရောင်ကသည်း ပျောက်ချင်ပြီ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၆)

"တစ်ယောက်ကြွေသွားလည်း မလွှမ်းပါဘူး။ ဝမ်းကိုးတူး ကမ်းဆိုတဲ့ စကားလုံးက ငါ့အတွက် ထမင်းစားရေသောက်ပဲ"

"သီရိစိကို ခွာရှိတော့ သိပ်လွယ်မှာ မဟုတ်ဘူးနော်။ တောက်တဲ့လို ကပ်နေမှာ၊ ကော်နဲ့ကပ်ထားသည်ပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား"

လင်းထိုက်က ခနဲ့ခနဲ့ ပြုံးရင်းပြောသည်။

ဇတာက လက်ချောက်တစ်ချက်တီးကာ လက်ညှိုးနှင့် လက်မပူးပြီးမှ ဆတ်ခနဲ ခွာပစ်လိုက်၏။

"ဘယ်သူ့ကိုပဲဖြစ်ဖြစ် အလွယ်တကူ ခွဲခွာလို့ရတယ်၊ ခွဲ





ခွာလို့ရတယ်၊ အနားယူချင်တဲ့အချိန်မှာပဲ လက်တွဲမဖြုတ်တာ၊ အုံးလာ ကောင်းချင် အလွယ်တကူ ဝဲပစ်လို့ရပါတယ်ကွာ၊ အဆင်သင့်စောင့်နေ တဲ့ ဖါးစပ်ကြီးတွေကလည်း ပြလို့ပါ၊ သူ မနစ်နာနိုင်ပါဘူး"

လင်းထိုက်က နာခေါင်းတရှုံ့ရှုံ့။ ဇတာကို ခင်ပေမယ့် ညည် ကို့ မကြိုက်။ ကိုယ့်မှာ ညီမသားချင်းတွေရှိတာမို့ မိန်းကလေးတွေ အပေါ်မှာတော့ ကိုယ်ချင်းစာစိတ်ရှိသည်။ အထာမပေးတဲ ကြွေချင် နေတဲ့ မိန်းကလေးတွေမှ လွဲရင်ပေါ့၊ ဒီလိုမိန်းကလေးတွေကိုလည်း အထာတ တကူးတကလိုက်ဖန်ပြီးတော့ တွဲတာတော့မဟုတ်။

မာနကြီးကြီး၊ အထာကိုင်လွန်းတဲ့ မိန်းမတွေကိုသာ အစိုး ချင်တာဟု အသံကောင်းဟစ်တတ်သည်။

ဒီလိုဆိုတော့ မိန်းကလေးတွေကို အပြစ်တင်ရမှာလား။ ဇ တာကို အပြစ်တင်ရမှာလား မသိ။

အမြဲတမ်း လန်းနေသော ဇတာအနားမှာ ဖယားတွေကြွေ နေတာ ဆန်းတော့မဆန်း။

"မင်းစတိုင်လ်ကြောင့်လား။ တော်လ်ကီကြောင့်လားဆိုတာ အတ် နှစ်ခုလုံးကြောင့်ဖြစ်နိုင်တယ်ဆိုတာတော့ ငါသိပါတယ်၊ ဒါပေ မဲ့ ခင်အေ အနေအေးဆေးသလောက် မပဲကာ အဲဟားဂေါ်ဆိုပဲနော် ဒါကြောင့် မင်းအာပေနဲ့မင်းနဲ့ စရိုက် အဲလောက်တွဲရတာပဲ ငါ



www.burmeseclassic.com

www.burmeseclassic.com



ရှားမလည်တော့ဘူး။ မင်းအဖေက ဒီကိစ္စနဲ့ပတ်သက်ပြီး ဆုံးမတာတွေ့ ဝေဖန်တာတွေ ဘာတစ်ခုမှ မလုပ်ဘူးလားကွ”

လင်းထိုက်စကားကို မြန်ခနဲ တုံ့ပြန်ဖို့ပြင်ပြီးမှ နဖူးပေါ် တစောင်းဝဲကျနေတဲ့ ဆံပင်တွေကို ဆတ်ခနဲသပ်တင်လိုက်ပြီး လင်းထိုက်ကို စူးခနဲကြည့်သည်။

“အဲဒီကိစ္စက မင်းအတွက် ဘယ်လောက်အရေးကြီးလို့လဲ လင်းထိုက်၊ မင်း ငါ့ကိုဘာပြောပြော ရင်ထဲမှာ ဘာမှမရှိဘူး။ အဖေက မဆုံးမဘူးလားဆိုတဲ့ပုံစံမျိုးနဲ့တော့ ငါ့ကိုလာပြီး မပွားနဲ့ ငါမကြိုက်ဘူး”

လင်းထိုက်က ရယ်ကာမောကာဖြင့် ဇာတာပခုံးကို လှမ်းပုတ်သည်။

“သက်သက်မဲ့ ဒေါက်မြတ်နေတာမှ မဟုတ်တဲ့ကွာ၊ သူငယ်ချင်းချင်းသွေးကွဲချင်လို့လည်း မေးနေတာမှမဟုတ်တာ၊ အပျော် အပျက်လို့ သဘောထားကွာ၊ နော် ဇာတာ၊ ငါက မင်းကို စတာပါ”

ဇာတာက ခေါင်းမညိတ် ခေါင်းမခါနှင့် ရှေ့မှာရှိတဲ့ လက်ဖက်ရည်ခွက်ကို ခပ်ပြင်းပြင်းတစ်ကျိုက်တည်း မော့သောက်ကာ ဖျတ်ခနဲထရပ်သည်။

စားပွဲပေါ် ပိုက်ဆံတင်၍ လင်းထိုက်ကိုနှုတ်မဆက်ဘဲ ထွက်





ခဲ့သည်။ စိတ်ထဲမှာ မရှင်းမရှင်းနှင့် ဘာကိုမကျေနပ်မှန်းမသိ။

ကင်န်တင်းကနေ ကျောင်းကော်ရစ်ဒါထောင့်ချိုးလေးကို ရောက်တော့ သီရိစံကို အောင်မျိုးသန့်နှင့် စကားပြောနေတာ လှစ်ခနဲတွေ့လိုက်ရသည်။

တခြားကော်ရစ်ဒါဘက်ကနေ လှည့်ထွက်ဖို့ပြင်လိုက်တော့ သီရိစံ သူ့ကိုမြင်တွေ့သွားပြီး ပြုံးမဲ့မဲ့နှင့် သူ့ရှေ့ကို ခပ်သုတ်သုတ် ရောက်လာသည်။

“စိတ်ကောက်သွားတာလား မောင်၊ အောင်မျိုးသန့်နဲ့က [illegible]သွားသားပါ”

“ကိုယ် အဲဒါတွေကို စိတ်ဝင်စားတာမှ မဟုတ်တာ၊ ဒီနေ့ [illegible]လန်းဘူး။ မင်း ကိုယ့်ရှေ့မှာ ရှိနေတာ ပိုကောင်းတယ် သီရိ”

လှည့်ထွက်ဖို့ ပြင်လိုက်သည်။

သီရိစံက သူ့ရှေ့ကနေ ပိတ်ရပ်ကာ သူ့လွယ်အိတ်ကြိုးစကို ဆတ်ခနဲ ဆွဲဆုပ်ထား၏။

“ချစ်သူချင်းတွေ အတော်အဲလောက်တင်းရအောင် သီရိက [illegible]မိန်းမ မဟုတ်ဘူးမောင်၊ မောင် မိရမက ဖွဲကြီးကြီးနဲ့ ချည်း [illegible]စားခဲ့ရတဲ့ မိန်းမပါ၊ မောင် အလွယ်တကူ ခေါက်ထားစေ [illegible]အောင်လည်း ခပ်ညံ့ညံ့မဟုတ်ပါဘူး။ မောင့်မှာ ဘယ်လို[illegible]ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေရှိနေတာလဲ၊ ရှင်းရှင်းပြော''

''အယူခံဝင်စရာလိုလို့လား သီရိရဲ့၊ စိတ်မပါလို့ မလိုက်ခဲ့ဆို မလိုက်ခဲ့ပေါ့၊ အောင်မြင့်သန်းနဲ့ စကားပြောပျက်လို့ ကိုယ့်ကို လာ ရစ်နေတာလား''

သီရိစံက ခနိုးခနဲ့ရယ်ကာ နှုတ်ခမ်းကိုစုံမဲ့သည်။

''သဝန်တိုတာ မဟုတ်ဘူးမဟုတ်လား။ ဇာတာ ဘယ်လို လူမျိုးလဲဆိုတာ သီရိ အစကတည်းက သိခဲ့တာပဲ''

''ဒါဆို ကိုယ့်ကို ဘာလို့လက်ခံခဲ့တာလဲ သီရိ ကိုယ် တကယ် ပျင်းနေပြီ၊ မင်း သိက္ခာရှိရှိ ကျန်ခဲ့လိုက်တော့ကွာ''

ဇာတာက ဒီလိုလူမျိုး။

စိတ်မကြည်မလင်ဖြစ်တဲ့နေ့မှာ ကဖျက်ယဖျက်လုပ်လျှင် ဒီ အတိုင်းချန်ထားဖို့ ဝန်မလေး။ မျက်ရည်ခံထိုးလျှင်လည်း စာမဖွဲ့တတ် ပုံပျက်ပန်းပျက် ကျန်ခဲ့သူတွေရှိသလို နာကြည်းမုန်းမျက်စွာ လှည့် မကြည့်ချင်တော့အောင် ရွံရှာစက်ဆုပ်သွားတဲ့သူတွေလည်း ရှိသည်။

ဒါပေမဲ့ ဇာတာက ဂရုစိုက်တတ်တာမဟုတ်။

ကိုယ့်စိတ်အလိုအတိုင်း ရည်းစားထည်လဲတွဲ၍ ပေါ့ပေါ့ပါး ပါး ပျော်ပျော်ပဲနေသည်။

တစ်ခုတော့ ရှိသည်၊ ကိုယ်နှင့်တွဲတဲ့ မိန်းကလေးတိုင်းအပေါ်





မှာ ဇာတာက ရက်ရောသည်။ လိုချင်တာ လက်ညှိုးထိုး၊ အဖေ့ဆီ သတ်ပြန့်လို့ အဆင်မပြေဘူးဆိုတာ မရှိတော့ တွန့်တိုမှုမရှိ ဝယ်ပေး လိုက်တာပင်။

အခု သီရိစံအပေါ်မှာလည်း တော်တော်များများ လိုအပ် တာတွေ ပူဆာသမျှ ဝယ်ပေးပြီးပြီ။

ရောင့်ရဲမှုမရှိတော့ စိတ်က နည်းနည်းတင်းချင်နေ၏။

ဒါကြောင့် နေခဲ့တော့ပြောပြီးရင်လည်း နောက်လှည့်မကြည့် ချင်ပေ။

ဒါပေမဲ့ သီရိစံက ဒီအတိုင်းနေခဲ့လိုက်ဖို့ စိတ်ကူးရှိပုံမပေါ်။ ချော်နာသားတင်းတင်းနှင့် ပြောနေတဲ့သူကိုလည်း ဂရုစိုက်ရမှန်း မသိ။ လွယ်အိတ်ကြိုးစကို ခပ်တင်းတင်းဆုပ်ကိုင်ထားရာမှ လွှတ် ချလိုက်သော မဲ့ရွဲ့နေတဲ့မျက်နှာကို ပါဝါမြင့်တင်လျက်

''ခုနက မောင်ပြောတဲ့စကား အတည်ဆိုရင် သီရိဘက်က လည်း ပျော့ပျောင်းစရာမရှိတော့ဘူးနော်၊ မောင် ရုပ်သိမ်းဖို့ အချိန် ရှိသေးတယ်''

''ဟ ဟား ခြိမ်းခြောက်နေတာလား သီရိ၊ ဇာတာ ဘယ် လိုလူမျိုးဆိုတာ မင်းသိတယ်ဆို၊ မင်း ဒီလိုစကားမျိုးပြောပြီဆိုရင် တော့ ဒါလည်းပြောပြီပေါ့ကွာ၊ မင်းကို ငါ အလကားတွဲခဲ့တာမှ မ



www.burmeseclassic.com

ဟုတ်တဲ့ကွ၊ မင်းမှာ လိုချင်တာတွေများလွန်းလို့ ငါသည်းမခံနိုင်တော့တာ၊ အဲဒါဆို ကျေပြီပေါ့။ မဟုတ်ဘူးလား။ မင်းကို တစ်ခါမှ မနမ်းဖူးတာ, မင်း ရထားတာနဲ့ တန်ပါတယ်၊ ပွဲပြီးပြီလို့ပဲ အောက်မေ့လိုက် သီရိစံ"

လွယ်အိတ်ကြိုးစကို ဆောင့်ခနဲ ဆွဲရှုန်းလျက် လှည့်ထွက်လာခဲ့သည်။

"အချစ်ဇာတ်လမ်းပဲ ပြီးချင်ပြီးမယ်၊ အမုန်းဇာတ်လမ်းက အခုမှစတာ ဇာတာ၊ သီရိစံ ဘယ်လိုမိန်းမလဲဆိုတာ စောင့်ကြည့်လိုက်ပါဦး။ သေရာပါမယ့်ဒဏ်ရာတွေ ရှင့်ကိုပေးမယ် ဇာတာ"

ရယ်နှာသောင်နေတာမျိုး မဟုတ်ပါဘဲ ခံပြင်းနာကျင်နေသော သီရိစံအသံက ဇာတာနားထဲ တိုးလျှိုပေါက် စူးခနဲ ပါလာခဲ့သည်။

ခေါင်းတစ်ချက် ဆတ်ခနဲ ယမ်းလိုက်ကာ စကားလုံးများစွာကို ခါထုတ်ပစ်လိုက်သည်။

လွမ်းလောက်တာမှ မဟုတ်ဘဲ။

✿ ✿ ✿



## အခန်း (၇)

ကျောင်းကပါလာတဲ့မီးစက အိမ်ရောက်တဲ့အထိ အကင်းမ[illegible] စလွယ်သိုင်းလွယ်ထားတဲ့ သားရေအနက်ပျော့ပျော့အိတ်ကို [illegible]ထောင့်မှာ လွှဲပစ်ပေါက်လိုက်ပြီး လှေကားထစ်တစ်လျှောက် [illegible]ရှုန်း ပြန်ဆင်းလာခဲ့သည်။

ထမင်းစားခန်းထဲမှာ ဟိုလှန်ဒီလှန်နှင့် နံတစ်လုံးဆွဲထိုင် [illegible]

ဒေါ်စိန်ပုက ပျာပျာသလဲ။

"သား ဗိုက်ဆာနေပြီလား။ ဒေါ်ကြီး ထမင်းပွဲပြင်လိုက်မယ် [illegible]"

www.burmeseclassic.com



"ဒါ ထမင်းစားချိန်မှ မဟုတ်တာ၊ မစားပါဘူး။ ဒီနေ့ မ အဝတ်လျှော်လာတယ် မဟုတ်လား"

"တစ်ပတ်တစ်ခါလာနေကျ လာသွားတာပေါ့သားရဲ့၊ သ အဝတ်အစားတွေအကုန်လုံး လျှော်ဖွပ် မီးပူတိုက်သွားတယ် ဗီရိုထဲမှာ ဒေါ်ကြီး အကုန်ထည့်ပြီးပါပြီ"

"အဲဒါကို သိချင်တာမဟုတ်ဘူး။ ခုတင်အောက်မှာ ကျ တဲ့ ဂျင်းဘောင်းဘီတစ်ထည် ကျန်နေလို့၊ သူက တစ်ပတ်ရှိမှ တော့မှာဆိုတော့ ဒေါ်စိန်ပုလျှော်ပေး၊ သန့်ရှင်းရေးလုပ်သွားတယ် ခုတင်အောက်က ဘောင်းဘီတောင် မျက်စိမမြင်ဘူး။ နောက်တ အဲလိုမျိုးဖြစ်ရင် မဝင်းကို အလုပ်ဖြုတ်ပစ်မယ်လို့ ပြောလိုက် ဒေါ်စိန်ပု"

တအားအော်လိုက်တော့ ဒေါ်စိန်ပု မျက်လုံးပြူးသွားသည် တစ်ခါတစ်ရံ သူ စိတ်မလိုတဲ့အချိန်မှာ ဇာတာက ခပ်ရိုင်းရိုင် ဒေါ်စိန်ပုအတွက် ရိုးနေပါပြီ။ အိမ်ဖော်တွေထားသမျှလည်း အ ဒဏ် မခံနိုင်၍ ဘယ်သူမှ ကြာရှည်မြဲတာမဟုတ်။ ဒေါ်စိန်ပုကတော့ တခြားနိုကပ်စရာလည်း မရှိ၊ အသက်ကြီးတဲ့သူဆို ဘယ်သူမ အလုပ်မခန့်ချင်တာမို့ ဒီအိမ်မှာပဲ သည်းခံနေခဲ့ရသည်။

ပြီးတော့ ဒီအိမ်ကြီးရှင်မင်းဇမ္ဗူတို့က စိတ်သဘောထားပြ ဝ၍ ဒေါ်စိန်ပုအပေါ် စေတနာကောင်းကြသည်။





မိဘသဖွယ် အရိုအသေလည်း ရှိကြ၏။ ဇာတာလေးကတော့ ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့ရသူဖြစ်ပေမယ့် သံယောဇဉ်ရှိ ဆိုလို့နှင့် ဆိုးချင်သည်။

ဖအေမရှိတဲ့အချိန်ဆိုလျှင် ပိုပြီးဂျီကျ၏။ ဟိုဟာမစားဘူး စားမယ်၊ ဟိုဟာလုပ်ပေး ဒီဟာလုပ်ပေးနှင့် အမျိုးမျိုးခိုင်းတတ် ည်း မမြဲသောအိမ်ဖော်တွေကြောင့် မဝင်းဆိုတဲ့အမျိုးသမီးကို တစ် တစ်ခါ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးလုပ်ခိုင်းထားသော်လည်း ာနှင့်ဆုံလျှင် မဝင်းလည်း အငြိမ်မနေရ။

သူ့ဝေယျာဝစ္စတွေ အမျိုးမျိုးလုပ်ခိုင်းရင်း ဆူပူမာန်မဲတာမျိုး ည်း ရှိသည်။

ခုလည်း ကျောင်းကအပြန် ဘာတွေမကျေမနပ်ဖြစ်လာသည် ။ မျက်နှာကြီးကသုန်မှုန်တင်းမာလျက်၊ စကားသံကလည်း မာ ပြတ်တောက်နေသည်။

ခဏအကြာမှာ ဒေါ်စိန်ပု ပန်းကန်ဆေးနေလျက်က တက် သံတိုးသဲ့သဲ့ ကြားလိုက်ရတာမို့ နောက်လှည့်ကြည့်မိသည်။

"အဖေကလည်း ဒီနေ့ပြန်ရောက်မယ်ဆိုပြီး ဘာလို့မရောက် တာလဲ မသိဘူး"

"ဪ သားရယ် လေယာဉ်နောက်ကျတာလည်း ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ တစ်ခါတလေ ကုမ္ပဏီဝင်ပြီးမှ လာချင်လည်းလာတတ်တာ
လေ သားရဲ့”

“အဲဒါပေါ့ သားလေးတစ်ယောက်တည်းရှိပြီး အဖေ
ဘယ်တော့မှ အရေးမထားဘူး။ နိုင်ငံခြားကိုသွားသွား၊ နယ်ကိုသွား
သွား ပြန်လာရင် အရေးတယူ သားကို အရင်ဆုံးတွေ့ရမှာပေါ့”

“လာမှာပေါ့ သားရယ်၊ မင်းအဖေက မင်းကို အရေးထား
တယ်၊ ဖူးဖူးမှုတ်ပြီး အလိုလိုက်ချစ်တာ သားသိသားနဲ့”

ဒေါ်စိန်ပုနှစ်သိမ့်လိုက်သော်လည်း ဇာတာမျက်နှာက အလို
ကျပုံ မပေါ်သေး။ ဆောင့်ဆောင့်အောင့်အောင့်နှင့် စားပွဲဝိုင်းကြီး
တခေါက်ခေါက်ခေါက်နေသည်။

“ဟော ကားသံကြားတယ်၊ သားအဖေပြန်လာပြီ သားရဲ့”

“ဟာ အဖေလာပြီ”

ဒေါ်စိန်ပုကိုတိုးတိုက်၍ သုတ်ခနဲ ထိုက်ရှေ့ထွက်လာခဲ့သည်

“သား”

“အဖေ”

သားအဖနှစ်ယောက် လွမ်းဆွတ်စွာနှင့် တိုးဖက်လိုက်
သည်။

“ဟင်”





ကားနောက်ခန်းတံခါးလေး ချပ်ခနဲပွင့်သွားပြီး စလစ်ပါဖိနပ်
လေးနှင့် ဝင်းဝါနုဖပ်နေသော ခြေထောက်လေးတစ်စုံ ရှောခနဲထွက်
လာသည်။

ခပ်နွမ်းနွမ်းယန်းရောင်ဘလောက်စ်အင်္ကျီလေးနှင့် အနက်မှာ
ကိုက်ထဘီဖျော့ဖျော့လေးက နွမ်းပါးခြင်းကို သိသာစေသော်လည်း
ဆိုးမထားတဲ့နှုတ်ခမ်းပါးလေးက ရဲရင့်ခြင်းအသွင်ကို ဆောင်နေ
သည်။

“အ အဖေ ဘယ် ဘယ်လိုဖြစ်”

အံ့သြခြင်းကြီးစွာနှင့် ဇာတာ စကားတွေထစ်အတုန်ယင်နေ
သည်။ အဖေ မိန်းမခိုးလာတာလား။ အဲ မိန်းမယူလာတာလား။
ကောက်ငယ်ငယ်ချောချောလေးကို။

ကောင်မလေးအထုပ်အပိုးကလည်း ခပ်ကြီးကြီးကြွပ်ကြွပ်
ထုပ်မှလွဲ၍ ဘာမှမရှိပါ။

အဖေက သူ့ပခုံးကို လက်တစ်ဖက်ကဖက်လျက် ကောင်မ
ကို နောက်လှည့်ခေါ်သည်။

“ရာရာ ဒါ ဦးရဲ့သား ဇာတာတဲ့၊ ဒေါ်စိန်ပု ရာရာ့အထုပ်
ပြီး ရာရာကို ဧည့်ခန်းထဲခေါ်ခဲ့ပါ”

ဧည့်ခန်းထဲရောက်တဲ့ထိ ဇာတာ နားမလည်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကိုလည်း အားမနာနိုင်ဘဲ အဖေ့ကိုသာ မျက်လုံး မျက်ခုံး မျိုးစုံအောင်လှုပ်၍ အသံတိတ်မေးနေမိသည်။ အဖေက ဇတာ ဘာမေးချင်နေတယ်ဆိုတာ အကြောင်းသိနေပေမယ့် ပြုံးစိစိနှင့် တော်တော်ကြာသည်အထိ ရေငုံနှုတ်ပိတ်။ ကောင်မလေးက ကျွန်းဆက်တီထိုင်ခုံကြီးမှာ တောင့်မတ်စွာထိုင်နေရင်း ဘယ်သူ့ကိုမှ မော့မကြည့်။

ခေါ်စိန်ပုကလည်း ကောင်မလေးအနောက်မှာရပ်လျက် နားမလည်နိုင်အောင် ဖြစ်နေဆဲပင်။

“အဟမ်း သူ့နာမည်က အမရာခင်လို့ခေါ်တယ် သားရဲ့၊ ပေလီက အဖေ့ဝန်ထမ်းတစ်ယောက်ရဲ့ သမီးလေးဆိုပါတော့ကွယ်၊ အဖေတို့အိမ်မှာနေပြီး စပီကင်တွေ ကွန်ပျူတာသင်တန်းတွေ တက်မယ်၊ လုပ်ငန်းကောင်းကောင်းလည်း သွင်းပေးရမှာပေါ့၊ သားက အကောင်းဆုံးသင်တန်း စုံစမ်းပေးထားပါ၊ သားမှာလည်း တာဝန်ရှိတယ်”

“အာ အဖေကလည်း သားက ဘာတာဝန်ရှိမှာလဲ၊ သား ခေါ်လာတာမှ မဟုတ်တာ”

အဖေယူလာတဲ့မိန်းမ မဟုတ်ဘူးဆိုတော့ ဇတာစိတ်ထဲ တင်းခနဲဖြစ်သည်။ ဆတ်ခနဲခေါင်းထောင်ကာ သူ့ကိုမော့ကြည့်





လိုက်တဲ့ ကောင်မလေးကိုလည်း သူ အရေးမစိုက်။

အဖေက ကောင်မလေးကို အားတုံ့အားနာနှင့် တစ်ချက် ကြည့်ပြီး ဇတာ့ခေါင်းလေးကို ဖွဖွပုတ်သည်။

“အဖေခေါ်လာတဲ့ဧည့်သည်ကို အဲသလို တာဝန်မဲ့စကား ထုတ်လွှတ်မပြောနဲ့သား၊ ဆန္ဒမရှိပေမယ့် လောကဝတ်ဆိုတာ ရှိရတယ်၊ မိမိဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူမှုရေးကျင့်ဝတ်အနေနဲ့ မိဘက ဒါလုပ်သင့်တယ် ဒါလုပ်ဆိုရင် မိဘကိုအလေးအနက်ထားပြီး သားလုပ်ရမှာပေါ့၊ လူလိမ္မာသား ယဉ်ပါးတဲ့”

“လူမိုက်သားမဟုတ်ဘဲ ရမ်းကားတယ်လို့ အဖေပြောချင်တာလား၊ သူက အဖေ့အတွက် ဘယ်လောက်အရေးပါနေလဲဆိုတာ သားမသိဘူးအဖေ၊ သားအတွက်တော့ ဘယ်လိုမှ အလေးအနက်ထားစရာ ဖြစ်လာမှာမဟုတ်ဘူးဆိုတာ သေချာတယ်”

ဆိုးခနဲဆတ်ခနဲပြောကာ မြုန်းခနဲ ဇတာထထွက်သွားသည်။ အံ့အားသင့်လျက်ကျန်ခဲ့ရင်းမှ ဦးဖမ္မ တက်ခေါက်လိုက်မိ၏။

“သား ဘာဖြစ်နေတာလဲခေါ်စိန်ပု၊ ကျွန်တော်ပြန်ရောက်ရောက်ချင်းတောင် စကားအပေါက်အလမ်းမတည့်ပါလား”

“မသိပါဘူး မောင်ဖမ္မရယ်၊ ကျောင်းကပြန်ရောက်ကတည်းက ဒေါ်ကြီးကိုလည်း ရန်လုပ်နေတော့တာပါပဲ၊ မောင်ဖမ္မပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တာ နောက်ကျနေတာလည်း ပါမယ်ထင်ပါရဲ့"

"ဦးသားက ရာရာလိုက်လာတာ မကြိုက်လို့ဖြစ်ပါလိမ့်မယ်"

အမရာခင် မအောင့်အီးနိုင်လွန်းတော့၍ လွှတ်ခနဲပြောလိုက်မိသည်။ ရောက်လာကတည်းက ဇာတာဆိုတဲ့လူရဲ့ မျက်ဝန်းတွေကို ရာရာ အမြင်ကတ်နေမိသည်။

လူကို အထင်သေးနေသလိုလို၊ ရွတ်ချွဲချင်နေသလိုလို။ သောင်းသီတို့ပွဲ၊ အကျီက ဗရုတ်သုတ်ခနှင့် ဆံပင်တစ်ခြမ်းက မျက်နှာ ရှေ့မှာပုံးအုပ်လျက်။ ပါးသိုင်းမွေး မုတ်ဆိတ်မွေးတို့က အသက်အရွယ်ကို ရင့်ရော်နေစေ၏။ ဦးမင်းဖမ္ဗူရဲ့သားဆိုပေမယ့် နှုံသာဆီနှင့် အီးရေနှင့်ဆီလို ကွာခြားနေတာ ရာရာသတိထားမိသည်။

ဘာကြောင့်လဲ။

"သားနဲ့ပတ်သက်ပြီး ဦး ကြိုပြီး ရာရာ့ကိုတောင်းပန်ထားချင်တယ်၊ သားက ဦးရဲ့တစ်ဦးတည်းသောသားလည်း ဖြစ်တယ်၊ အမေဆိုတာလည်း မရှိတော့ အလိုလိုက်ထားမိသမျှ နည်းနည်းဆိုးချင်တယ်၊ စိတ်ရင်းတော့ ကောင်းပါတယ်၊ စကားပြောမတတ်ဘူးပဲ ပြောရမှာပေါ့။ ကျန်တာကတော့ ဒီအိမ်ကြီးကို ရာရာ့အိမ်လို သဘောထားပြီး စိတ်ကြိုက်နေနိုင်ပါတယ်၊ အရာရာသိမ်ငယ်ပြီး ညှိုးမှိန်နေတာမျိုး မဖြစ်စေချင်ဘူး။ ဒီအိမ်မှာ ဒေါ်စိန်ပုက လူကြီးပဲ၊ လိုအပ်တာ





သူ့ကိုပြောနိုင်တယ်၊ ဦးကိုလည်း တိုက်ရိုက်ပြောနိုင်တယ်၊ ဟိုသင်တန်းအကြောင်းကို ဦး အေးအေးဆေးဆေးမှ စုံစမ်းပေးပါမယ်၊ ရာရာလည်း အနားယူလို့ရတာပေါ့၊ ကဲ ဒေါ်စိန်ပု ရာရာကို အောက်ထပ်က ဒေါ်စိန်ပုနဲ့ကပ်ရက်အခန်းမှာ နေရာပေးလိုက်ပါ"

ဒေါ်စိန်ပုနှင့်ရာရာထွက်သွားမှ မင်းဖမ္ဗူ လေပူကြီးမှုတ်လိုက်မိသည်။ သားရဲ့ အလိုက်မသိမှုအပေါ် အကြိတ်အခဲဖြစ်ကာ ရာရာကိုလည်း အားနာမိသည်။

ရောက်ရောက်ချင်း သောက်နှင့်ထွင်းရလောက်အောင်လူမှုရေး ခေါင်းပါးရသလား။

ဒီရောက်အောင် ရာရာကိုခေါ်ခဲ့ပြီးမှ မျက်နှာပျက်စရာတွေ ကြုံချင်း။ နွမ်းပါးသူမို့ နှိမ်ချဆက်ဆံတာမျိုးကိုလည်း သူလက်မခံနိုင်။

သားကို ဘယ်လိုဖျောင်းဖျရမည်လဲ။

ရာရာကရော သည်းခံနိုင်ပါ့မလား။

လူငယ်ချင်းမို့ သည်းမခံနိုင်လို့ ထိပ်တိုက်တွေ့ကြတော့လည်း မကြည့်ပရိုသတ်လုပ်နေတတ်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

အဓိကက ရာရာအားမငယ်ဖို့။

ရာရာ စိတ်ဓာတ်မပျော့ညံ့ဖို့ပင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညက အရှိန်မပြေသေးတာနဲ့ ခြေသံတဒုန်းဒုန်းမြည်အောင် လှေကားထစ်တစ်လျှောက် ပြေးဆင်းခဲ့သည်။

ထမင်းစားခန်းရဲ့ခန်းဆီးစကို လှွင့်ခနဲနေအောင်ဆွဲခါလျက် ထိုင်ခုံကိုလည်း အသံကျယ်ကျယ်မြည်အောင် ဆွဲထိုင်လိုက်သည်။

"အဖေရော ဒေါ်စိန်ပု"

အသံကလည်း ညင်သာမှုမရှိ။

ဘေစင်မှာ အသားဆေးနေရာမှ ဇာတာအနားကို ဒေါ်စိန်ပု သုတ်ခနဲ။

"ကုမ္ပဏီသွားပြီပေါ့ သားရယ်၊ သားက ဒီနေ့ ကျောင်း





သွားရဘူးဆိုပြီး အိပ်ပုတ်ကြီးနေတာမဟုတ်လား။ သားအဖေက သတိပေးလာတဲ့အလုပ်တွေကို ဒီနေ့ အစည်းအဝေးလုပ်ရမယ်ဆိုပြီး အစောကြီး ထွက်သွားတာကွယ့်"

ဒေါ်စိန်ပု အရှည်ကြီးရှင်းပြနေတာကို မျက်နှာရှုံ့မဲ့လျက် စားပွဲခုံကြီးကို ဇာတာ ဒုန်းခနဲ လက်သီးနှင့်ထိုးပစ်သည်။

"တော်ပြီ၊ ဘာမှမပြောနဲ့တော့၊ ကြက်သားချောင်းရှိတယ်မဟုတ်လား။ ပေါင်မုန့်နဲ့ ညှပ်ပြီးကြော်ပေး"

"ဟို သားရယ် ကြက်သားချောင်းကလေ ဒေါ်ကြီးဈေးသွားတာ မရလာလို့၊ နောက် နောက်နေ့မှ"

"ဟာ အဲဒါတွေပဲပြောလိုက်ရင် အဆင်သင့်ကိုမရှိဘူး။ အခု ချင်တယ်ဗျာ၊ ဟိုကောင်မလေးကို ဝယ်ခိုင်းလိုက်"

ဟိုဟာဒီဟာတွေ ဈေးခြင်းထဲမှာ ထည့်နေသော ရာရာကို မေးငေါ့ပြီးပြောလိုက်တာဖြစ်သည်။

ရာရာကတော့ မော့တောင်မကြည့်။

"သားရယ် သူက ဒီနေ့မှဒေါ်ကြီးနဲ့ဈေးလိုက်မှာတာ၊ ဘယ် ဆိုလို့ တစ်ခေါက်နဲ့ မှတ်မိမှာလဲကွယ်၊ ဒေါ်ကြီးပဲ သွားဝယ်ပေးပါ့မယ်နော်"

"အာ ဒေါ်ကြီးက လူကြီး။ နေးတုံ့နေးတုံ့နဲ့ ကျုပ်တော်



www.burmeseclassic.com

ဗိုက်ဆာလို့ သေမှာပေါ့ဗျာ၊ အဲဒီကောင်မလေးပဲ နိုင်းလိုက်၊ သူများ အိမ်မှာနေရင် အလကား အချောင်နေအချောင်စားလို့တော့ ဘယ်ရ မလဲ"

"ဒီမှာ ရာရာကလည်း အဲသလိုနေဖို့ စိတ်ကူးမရှိဘူး သိလား ဦးက ဘာမှမလုပ်နိုင်းတာတောင် ဒေါ်ကြီးစိန်နဲ့ဈေးလိုက်ပြီးပြီ၊ ဧည့် ခန်း၊ ဘုရားခန်း၊ မီးဖိုခန်းထဲ သန့်ရှင်းရေးလုပ်ပြီးပြီ ခြံထဲကပန်းပင်တွေ ရေလောင်းပြီးပြီ၊ နားလည်လား"

သူ့ထိုင်ခုံအနားမှာ မားခနဲလာရပ်၍ စွာတေးလန်အောင် ပြောနေတဲ့ ကောင်မလေးက ဧည့်သည်မှဟုတ်ရဲ့လား။

"မင်း ငါ့ကိုဒီလိုခံပြောအောင် မင်းကအိမ်ရှင်လား"

"အိမ်ရှင်တွေ, ဧည့်သည်တွေလာမပြောနဲ့၊ မတရားပြော ရင်ကတော့ ငြိမ်ခံနေမှာမဟုတ်ဘူး၊ အဲဒါ ခုကတည်းက ကြိုပြောထား တာ၊ တန်ရာတန်ကြေးလုပ်ကိုင်ပြီးမှ နေတာ, စားတာ၊ သက်သက်မဲ့ ဗိုလ်ကျပြီး ကြောမှာမျိုးတော့ ဆောရီးပဲ"

ကိုယ့်နဖူးကိုယ်ရိုက်ကာ ကျွမ်းတောင်ထိုးလိုက်ချင်သည်။ ဇာတာကို ဒါမျိုးလာစမ်းသတဲ့။

နစ်ဂိုးကြောနှင့် အရှုံးပေးမလားလို့တောင် မေးလိုက်ချင် သည်။





"မင်း ငါ့ကိုစိန်ခေါ်တာလား"

"ကြိုက်သလိုထင်၊ ကိုယ့်ထမင်း ကိုယ်ရှာစားနိုင်တယ်၊ အသ [illegible]ပြီး ခိုကပ်နေမှာတော့ မဟုတ်ဘူး။ ပါးကိုက်ရင် နားပြန်ကိုက် [illegible]ဖို့တာ လုံလောက်အောင်တွေးထား"

တဲ့။ ပြောပြီးတာနဲ့ လှစ်ခနဲ ထမင်းစားခန်းအပြင်ကိုထွက် [illegible]သည်။

နောက်ကပြေးလိုက်ကာ ဆံပင်ကိုစွဲယမ်း၍ ခြင်းအပြင်သာ [illegible]ထုတ်ပစ်လိုက်ချင်၏။

ပုံစံကပျော့နွဲ့နွဲ့နှင့် အိမ်ရှင်ကိုများ မခန့်လေးစား။

ဗီဇစိတ်တို့ ရှန်းကြွကာ ထိုင်နေလို့မရတော့ဘဲ သူမ,ဘက် [illegible]တဲ့အပေါ်ထပ်ကို အပြေးတက်လိုက်မိသည်။

လှေကားထစ်အဆုံးကနေ အပေါ်ထပ်တစ်ခေါင်လုံး မျက်လုံး [illegible]ကြည့်လိုက်တော့ ရေဇလားတစ်ခု ဘေးနားချကာ ရေစိုဝတ်တစ်ခု [illegible]ထားပြီး အမရာခင် ပါကေးခင်းတွေကို သန့်ရှင်းရေးလုပ်ဖို့ပြင်နေ [illegible]သည်။

"မြန်း ဇွမ်း"

"တင် ဒါဘာလုပ်တာလဲ"

ရေဇလားထဲကရေတွေအကုန်လုံး ပါကေးခင်းပေါ်ခြေဆော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကန်ချပစ်လိုက်တော့ ရာရာ မြူးပြကာအော်သည်။

"မင်း မမြင်ဘူးလား။ မင်း နေထိုင်စားသောက်တာတွေ

တန်အောင်, ကျေအောင် ပြောင်အောင်ပြန်သုတ်ပေါ့"

"ဩော် ဒီလိုလား။ ငွေကြေးချမ်းသာလို့ အဆင့်အတန်း

မယ် မှတ်နေတာ၊ တော်တော်အောက်တန်းကျတာပဲ၊ ဒီမယ် ရာ

တန်သလောက်လုပ်ပြီးတဲ့အတွက် ဒါကိုပြန်မလုပ်နိုင်ဘူး။ ဒီမြင်ကွ

ကိုရှ ာ်မက်မောရင် ဒီအတိုင်းထားလိုက်၊ ရာရာကတော့ ဦးလာ

လက်ညှိုးထိုးပြလိုက်မှာပဲ"

နောက်လှည့်မကြည့်တော့ဘဲ ရာရာအောက်ပြန်ဆင်းသွာ

သည်။ အပေါ်ထပ်စည့်ခန်းက ဆိုဖာခုံတွေထိ ရေကတစိမ့်စိမ့်ဝင်

သည်။

ကြမ်းတိုက်တဲ့အဝတ်တွေရော၊ ရေဇလားတွေရော၊ ည

ညမ်းတဲ့ရေခဲတွေရော ပေပွညစ်ပတ်လျက်။

ဒီအတိုင်း။

✿ ✿ ✿



## အခန်း (၉)

"ဒါ ကောင်းတဲ့လုပ်ရပ်လား သား။ လူဆိုတာ လူ့စည်း

သီလူစည်း, လူ့သိက္ခာ လူ့ကျင့်ဝတ်ကိုနားလည်ရတယ်၊ နားမလည်တဲ့

ကို လူလို့သတ်မှတ်လို့မရဘူးသား"

"သူတရော အဲဒါတွေနားလည်ပြီး ငည့်သည်တစ်ယောက်လို

ခဲ့လို့လားအဖေ၊ ကျွေးတဲ့လက်ကို ပြန်ကိုက်တာ သူကရော ဘယ်

ဆင့်လဲ၊ သူ့ကိုရော အဖေ ဘယ်လိုသတ်မှတ်မှာလဲ"

မေးပုံက မာဆတ်ဆတ်နှင့် ရှင်းသည်။

ဦးဖမ္မ မျက်ခုံးနှစ်ခုတွန့်ကွေးစုကျုံ့ကာ သားကို ခပ်ရှည်ရှည်ပဲ

ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဆင့်ကိုသတ်မှတ်ဖို့ ဘယ်သူ စမှားခဲ့တာလဲသား ဒါ အိမ်ရှင်ပဲ, ဒါနိုင်းတာ လုပ်ရမယ်, ဒါပြောတာ နားထောင်ရမယ်ဆို တာကြီးက ရှေးရိုးဆန်လွန်းပါတယ်သားရယ်၊ သားလည်း ခေတ်လူ ငယ်တစ်ယောက်ပဲ၊ အမှားအမှန် အနည်းအများကို သားခန့်မှန်းတတ် မှာပါ။ အမေ မေတ္တာရပ်ခံပါတယ်သား။ နောက်တစ်ခါ ရာရာအပေါ် ဒီလိုအပြစ်မျိုး မကျူးလွန်မိပါစေနဲ့၊ မမောက်မာမိပါစေနဲ့"

"ဒါဆိုရင် သားအကြောင်းသိထားအောင် သူ့ကိုပြောပြလိုက် ပါအမေ"

"သူ့ကို ဆင်ခြင်နိုင်းရမယ်၊ သားကတော့ မဆင်ခြင်နိုင်ဘူး ဆိုတဲ့သဘောလား"

အမေ့ကို ဘာမှပြန်မပြောတော့ဘဲ ဇာတာ ရေခိုးနှုတ်ပိတ်နေ လိုက်သည်။ အမရာခင်ဆိုတဲ့ကောင်မလေးနှင့်ပတ်သက်မှ အမေနှင့် အချေအတင် တိုက်ပွဲဆင်နေရတာ ဘယ်လိုမှအခြေအနေမကောင်း

အမေ့ကိုလား။ အမရာခင်ကိုလား။ ဘာကိုနာကျင်မှန်း မသိ တစ်ကိုယ်လုံးရှိသွေးတွေ ပွက်ပွက်ဆူလျက် တဖျည်းဖျည်းနှင့် ခတ်ဆတ် တုန်နေသည်။ ကျောကုန်းကိုခဲနှင့်ပေါက်တာ မသိသာပေမယ့် ဇာနည် အထိုးခံရတဲ့အထိရော စောင့်နေသင့်လား။

သူ အံကြိတ်လျက် နေရာက ထလိုက်သည်။





ထိုအခြေအနေကို နားစွန်နားဖျား ကြားလိုက်မြင်လိုက်သော အရာခင်က ဘုရားခန်းထဲမှ ဘုရားရှိခိုးနေသော ဒေါ်စိန်ပုအနားမှာ ဘောင့်ကြောင့်ထိုင်ချလိုက်သည်။

"ဟဲ့ ဟဲ့ သမီးရာရာ ဘာဖြစ်လာလို့လဲ"

လှမ်းမြင်လိုက်သည်နှင့် ဘုရားရှိခိုးနေရင်း ဒေါ်စိန်ပု အံထိတ် သနပ်လှည့်မေးသည်။ ရာရာက နှုတ်ခမ်းလေးကိုစုလုံးချွန်နေအောင် စုလျက်

"ဇာတာဆိုတဲ့လူက မုန်းစရာကောင်းလိုက်တာနော် ဒေါ်ကြီး ပြောသည်း ရုပ်ရော, အကျင့်စာရိတ္တရော ဘာမှမတူဘူး၊ ပြောဆိုဆုံးမ လည်း တစ်စက်မှနားမထောင်ဘူး။ သားအရင်းရော ဟုတ်ရဲ့လား ၊ဒေါ်ကြီး၊ စရိုက်ဆိုးတဲ့မိသားစုကကလေးကို မွေးစားမိတာများ လား"

"မဟုတ်နိုင်ပါဘူးကွယ်၊ အဲဒီကလေး တစ်နှစ်သားအရွယ် တည်းက ဒေါ်ကြီး ဒီအိမ်ကိုရောက်နေတာပဲ၊ မောင်ဇမ္ဗူနဲ့သူ့မိန်းမ ဒီကလေးကို တုန်နေအောင်ချစ်ပြီး အလိုလိုက်ထားလို့ ဆိုးနေတာ ကွယ်၊ နောက် သူ့အမေဆုံးတော့လည်း မောင်ဇမ္ဗူက မိတဆိုးလေး ပြီး သနားချစ်နဲ့ အကုန်ဖြည့်ဆည်းပြီးပိုချစ်ခဲ့တယ်လေ၊ ငယ်က ညက အရှိအသေတန်အောင် သူငယ်ချင်းပေါင်း ပေါင်းခဲ့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒေါ်ကြီးရယ် ဒီလောက်တော့မဖြစ်သင့်ပါဘူး။ အ
ဟာက မိုက်ရိုင်းတာတွေ၊ အောက်တန်းကျတာတွေနဲ့ မိတွေ ဂုဏ်
သိက္ခာထိခိုက်တဲ့အပြင် သူကိုယ်တိုင်လည်း အဆင့်အတန်းနိမ့်ကျ
တယ်ဆိုတာ မသိဘူးလား"

ရှုံ့ရှုံ့မဲ့မဲ့လေးပြောနေတာကို ဒေါ်စိန်ပုက သဘောတွေကျ
တခစ်ခစ်ရယ်သည်။

"သမီးရယ် လူမိုက်ဆိုတာက သင်တန်းဆင်းလက်မှတ် ပ
တာမှမဟုတ်တာ၊ အများနဲ့ဆိုရင်တောင် တစ်မိပေါက်တစ်ယော
ထွန်းဆိုတာ ရှိသေးတာပဲမဟုတ်လား။ တစ်ယောက်တည်းဆိုတေ
လည်း ကမ်းကုန်အောင်ဆိုးခွင့်ပါမစ် ပေးလိုက်သလိုပေါ့၊ ဘာပြ
ဖြစ် ဇာတာလေးနဲ့မဆုံအောင် ရှောင်ပါသမီးရယ်၊ သူ့ကို ကြေးတ
နှိုင်းနေရင် ကိုယ်ပါ လူမိုက်ဖြစ်လိမ့်မယ်"

"ဟွန်း ရာရာကတော့ မာနကိုထိပါးလာရင် မိုးကို
တက်တိုက်ပစ်မှာပဲ ဒေါ်ကြီး။ ဒါပေမဲ့ ကိုယ့်ဘက်က ဘယ်တော့
မမှားစေရဘူး။ ဘဝကနှမ်းပါးပေမယ့် မာနကတော့ လတ်လတ်ဆ
ဆတ်ပဲ၊ ဒီလိုလူမျိုးကို သည်းမခံလို့ အိမ်ပေါ်ကနင်ချလည်း ရာရာ
ကတော့ ကပြီးတောင်ဆင်းသွားဦးမယ်၊ မြန်မြန် အကုသိုလ်နည်း
ပေါ့၊ မဟုတ်ဘူးလား ဒေါ်ကြီးရယ်"





အမရာခင်ရယ်လိုက်တာ သွားတက်ဖွေးဖွေးလေးပါမြင်လိုက်
ာမို့ ဒေါ်စိန်ပု ချစ်စနိုးနှင့် ရာရာ့ပါးလေးကို ဆွဲလိမ်ပစ်လိုက်သည်။

"အား ဒေါ်ကြီးနော်၊ နာလိုက်တာ အရမ်းပဲ"

"ရာရာ့ပါးလေးတွေက နုဖပ်နေတာကိုးကွယ့်၊ ကြည့်စမ်းပါ
ပါးလေးကို နီရဲသွားတာပဲ၊ ချစ်သူရရင် နာခေါင်းနဲ့နမ်းတာတောင်
လေးပွန်းသွားမယ် ထင်ပါရဲ့"

"ဒေါ်ကြီးနော် လူကြီးဖြစ်ပြီး ဘာတွေပြောနေမှန်းမသိဘူး။
ကြီးမှ ဟုတ်ပါလေစ"

"ဟင်း ဟင်း ရေမရောရသေးဘူး။ အစစ် အစစ်"

ဝဝတုတ်တုတ် ပါးလေးဖောင်းဖောင်း ဒေါ်စိန်ပုကို အသည်း
ာကာ အမရာခင် လက်ညှိုးလေးနှင့် ခါးတို့လိုက်သည်။

"အံမယ်လေး သောက်ပလုတ်တုတ် ဘုရားသခင် ဝုတ်တုတ်

"ဟား ဟား ဒေါ်ကြီးယောင်တာကလည်း အရှည်ကြီးပဲ၊
ာဆောင်ပြီး ကလေးတစ်ခါတည်း မွေးလို့ရတယ်"

"ဟယ် ဒီကောင်မလေး လူကြီးကိုနောက်တောက်တောက်
ဘုရားခန်းထဲမှာ နောက်တစ်ခါ ပါးထပ်ဆွဲလိမ်လိုက်ရ"

"နီး နီး ချစ်သူအတွက်ဦးဦးဖျားဖျားထားတာပါဒေါ်ကြီးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကိုတော့ချမ်းသာပေးပါ၊ ဒေါ်ကြီးလို အပျိုကြီးဖြစ်မှာစိုးလို့"

အမရာခင်က တွန့်တွန့်လိမ်လိမ်လေး ရှန်းနေသည်။ ဒေါ်ဒ[illegible]

ပုက သဘောတွေကျကတာ တခစ်ခစ်။

"ကဲ မောင်ဖမ္ဘူအခန်းကို အိပ်ရာဝင်နွားနို့ပို့ မေ့နေဦးမယ်

သွားဦးမှ"

"နေ နေ ဒေါ်ကြီး၊ ရာရာပဲပို့လိုက်မယ်"

ရာရာ လှစ်ခနဲ အောက်ထပ်ဆင်းလာကာ နွားနို့ပြန်နွေးပြီ[illegible]

ဖန်ခွက်ရှည်လေးထဲထည့်၍ အပေါ်ထပ်ကဦးဖမ္ဘူအခန်းတံခါးကို သ[illegible]

သာလေးခေါက်ကာ တွန်းဖွင့်ဝင်လာခဲ့သည်။

"ဪ ရာရာ"

"ဦးအတွက် နွားနို့လာပို့တာ"

"ကျေးဇူးပဲ ရာရာ၊ ဪ ရာရာမအိပ်ချင်သေးရင် ဦး[illegible]

ဝရန်တာမှာ ခဏစကားပြောရအောင်နော်"

"ဟုတ်ကဲ့"

မင်းဖမ္ဘူအခန်းရဲ့ချက်ထိုးထားတဲ့ အတွင်းတံခါးကနေ [illegible]

တာဘက်ကို ထွက်လာခဲ့ကြသည်။ ဒရင်းဘက်လေးတွေ၊ ထိုင်ခုံ[illegible]

တွေအပြင် ဝရန်တာဘက်မှာ ခပ်နိမ့်နိမ့်ဒန်းလေးတစ်ခုနှင့်ပန်းခြံ[illegible]

သဖွယ် ပန်းအိုးလေးတွေ၊ သစ်ခွပင်လေးတွေ၊ ကစ်စမီပင်လေးတွေ





[illegible]ည်း ရှိသည်။ ဦးမင်းဖမ္ဘူက ကစ်စမီပင်လေးနားမှာထိုင်ခုံပုလေး

[illegible]ခွဲထိုင်လိုက်တော့ ရာရာလည်း ဦးမင်းဖမ္ဘူနှင့်မျက်နှာချင်းဆိုင်မှာ

[illegible]ထိုင်ခုံပုလေးပဲ ဆွဲထိုင်လိုက်ရသည်။

ညမီးရောင်ပြာလဲ့လဲ့လေးက လရောင်ကို မထိုးဖောက်နိုင်။

[illegible]ကြည်နူးနှင့် ပန်းရနံ့တို့ ထုံမွှမ်းပျံ့လွင့်လျက် ရီဝေညို့ငင်နေသ

[illegible]

"သားကြောင့် စိတ်ညစ်နေရပြီလားရာရာ"

ဦးဖမ္ဘူအသံက အေးစက်ခြောက်ကပ်နေသည်။ တစ်ခုခုကို

[illegible]တုံ့အားနာနှင့် တောင်းပန်တိုးလျှိုးနေသလိုမျိုး။

"ရာရာတို့က လောကဓံပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ရိုက်ပုတ်

[illegible]ချက်ခံရတာကို သိပ်မထူးဆန်းတော့ဘူး။ ခံနိုင်ရည်ရှိနေပါပြီ ဦးရယ်၊

[illegible]ရဲ့ရည်ရွယ်ချက်ပြည့်ဝတဲ့အချိန်ထိတော့ ရာရာ တောင့်ခံနိုင်မယ်

[illegible]ပါတယ်"

"ဦးတောင်းပန်ပါတယ်ရာရာ"

"ဟင် ဦးမှ မမှားတာ၊ ဦးက ဘာလို့တောင်းပန်ရမှာလဲ၊

[illegible]ဦးရဲ့သားအပေါ် သည်းမခံနိုင်လို့ ဦးကိုတောင်းပန်ရမှာပါ၊

[illegible] ရာရာကတော့ စမမှားပါဘူးနော်"

"ဦးသိပါတယ် ရာရာရယ်၊ သားခိုးတစ်ယောက်ကို မခုံမ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ ဦးမှာပဲ အပြစ်ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒေါ်သာအလျော့ ရာရာ ပေါက်ကွဲခွင့်ရှိပါတယ်၊ ရည်ရွယ်ချက်ပဲ မပျောက်စေချင်တာပါ"

"ဟုတ်ကဲ့ ရာရာနားလည်ပါတယ်"

"ကြော် ရာရာအတွက်အကောင်းဆုံးသင်တန်းတွေကို ဖန်နေရာနဲ့ စုံစမ်းနိုင်းထားတယ်နော်၊ သင်တန်းဆင်းတဲ့အချိန်ထိ တကယ်ဖြစ်ဖြစ်မြောက်မြောက်မတတ်တဲ့သင်တန်းတွေ ရှိနေတော့လေ၊ မတတ်ခင်က သေချာလေ့လာထားမှ ဖြစ်တာရာရာရဲ့"

"ရာရာ့အတွက် အဲလောက် အရေးမထားပါနဲ့၊ ဦးမှာက ကုမ္ပဏီအလုပ်တစ်ဖက်နဲ့ အားလပ်တာမှမဟုတ်တာ"

ဦးဇမ္ဗူ ရာရာခေါင်းလေးကို ဖွဖွလေးပုတ်ကာ ညင်းသွဲ့သွဲ့ ရယ်လိုက်သည်။

"တာဝန်ခံပြီးခေါ်လာတာ ဝတ္တရားကျေရမှာပေါ့ ရာရာ၊ အိမ်အိမ်အလုပ်တွေမလုပ်ပါနဲ့လို့ ပြောထားတာ ရာရာ ဘာလို့နားမထောင်တာလဲ"

"ဟင် ရာရာမိန်းကလေးလေ၊ အိမ်အလုပ်တွေဝိုင်းကူလုပ်တာ အလုပ်ကြီးအကိုင်ကြီး ပင်ပန်းတာမှမဟုတ်တာ၊ ဒေါ်ကြီးကိုဝိုင်းကူရတာ, မဝင်း တစ်ပတ်တစ်ခါအိမ်လာရှင်းတိုင်း သက်သာအောင်လို့ ကြိုလုပ်ပေးထားတာ ရာရာ ကုသိုလ်ရတာပေါ့၊ ပြီးတော့ ရာရာ





ရများဆီက အလကားမစားချင်ဘူး"

"သားပြောသလို တန်ရာတန်ကြေးလား ရာရာ"

"ဟင့်အင်း မဟုတ်ပါဘူး၊ သူ့ကိုသာ မခံချင်စိတ်နဲ့ ပြောမိတာ ဦးအပေါ်မှာတော့ ရာရာ တကယ်စေတနာရှိပါတယ်"

လှိုက်ဖိုသောရင်က ရှိန်းမြနွေးထွေးသွားတာ ဘာကြောင့်ပါလဲ၊ တုပ်ပေါ်မှာ ပျော့အိအိဝဲကျနေတဲ့ ဆံနွယ်လေးတွေကို ဖန်ကလစ်ကြားလေးနှင့် တင်းနေအောင်ဆွဲညှပ်ထားတာမို့ ဝင်းဝါနေသောကုပ်ပိုးပြည့်ပြည့်လေးက ရှင်းထင်းဝင်းအိနေသည်။ မီးရောင်ပြာလဲ့လဲ့နှင့်ရောင်အောက်မှာ သွေးကြောစိမ်းစိမ်းလေးတွေ တလှုပ်လှုပ်ဖြစ်နေတာကို လှစ်ခနဲတွေ့လိုက်ရ၏။ ဖျတ်ခနဲ မျက်နှာလွှဲကာ မြန်းခနဲ ထရပ်လိုက်သည်။

"ရာရာ သွားအိပ်တော့လေ"

ဟုတ်ကဲ့ဟု အသံမပြုဘဲ ရာရာ ဖြည်းညင်းစွာလှည့်ထွက်သွားသည်။ ပါးပြင်ပေါ်ကပါးကွက်ကြားလေးဆီမှ သနပ်ခါးရနံ့လေး နှာခေါင်းဝမှာ တိုးတိုက်ကျန်ရစ်ခဲ့၏။

ရှူသားခြင်းရသတစ်ခုဟုပဲ သူခံစားချင်ပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ခေါက် ခေါက်"

"ခေါက် ခေါက်"

---------------

"ဒုန်း ဒုန်း ဒုန်း"

ဒီလောက် တံခါးပေါက်ကို အသံပေးခေါက်နေတာတော

အထဲကတုံ့ပြန်သံမကြားရတော့ အရှိန်ပြင်းပြင်းနှင့် တဒုန်းဒုန်းထု

လိုက်သည်။

"ဒုန်း ဒုန်း"

ဆင့်ကာထုပစ်လိုက်တော့ တံခါးက ဖြုန်းခနဲပွင့်သွား





အထဲက ဖတတ့မျက်နှာကြီး ရှုံ့တွတွ ပုပ်သိုးသိုးပေါ်လာသည်။

"ဘာလဲ ဘာဖြစ်လို့တံခါးကို ဒီလောက်ထုနေရတာလဲ"

"သန့်ရှင်းရေးလုပ်မလို့ပေါ့၊ ဘယ်အချိန်ရှိပြီလဲ နာရီပဲကြည့်

ဦး"

"ငါ့အိမ် ငါ့အခန်းထဲမှာအိပ်တာ ဘယ်အချိန်ပဲအိပ်အိပ်ပေါ့၊

ဆင်းအပူလား။ ငါ့အခန်းထဲကို မင်းလည်း ဝင်စရာမလိုဘူး။ မဝင်း

အပတ်တစ်ခါ လာရှင်းနေကျ"

"အံမယ်လေး ရှင့်အခန်းများ ရှင်းပေးချင်လွန်းလို့မှတ်နေ

သား။ မဝင်းက သူ့ကလေးဖျားနေတာ ဆေးခန်းပို့ရမှာမို့ မလာနိုင်ဘူး

ဆိုတိုင်ထားလို့ သိရဲ့လား။ နေမြင့်မှန်းလွဲဆိုရင် အခန်းရှင်းရတာ

အေးဒီးကျပူလွန်းလို့ အခုလာတာ၊ မရှင်းနဲ့ဆိုလည်း က,ပြန်သွား

မယ်"

"ဟိတ် ဟိတ် ငါထွက်ပေးမယ်၊ လာရှင်းလှည့်"

အခန်းက ရှုပ်ရှုပ်ပွပွ ညစ်ညစ်ပတ်ပတ်ကြီးဖြစ်နေသော

ကြောင့် အခန်းတံခါး ဖွင့်ပေးလိုက်ရသည်။

"အံမယ်လေး ဒီပုံစံကြီးနဲ့ဒုက္ခပါပဲ"

သူမ,အော်လိုက်တာမို့ အလန့်တကြား သူ့ကိုယ်သူငုံ့ကြည့်

လိုက်မိသည်။ အပေါ်ပိုင်း ဗလာကျင်းနေပေမယ့် ရှော့ပန်ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



အတိုဝတ်ထားလျက်ပါ။

ညအိပ်ရာဝင်လျှင် အဲကွန်းမဖွင့်ဘဲ မှုမအေးနှင့် လွတ်လွတ်လပ်လပ်အိပ်ရတာကို သူ သဘောကျသည်။

ဟင်း မယ်မင်းကြီးမက ပွစိပွစိနှင့် တစ်ဖက်လှည့်ပြီး ဘာတွေကျိန်စာတိုက်နေသည် မသိ။

"ဟိတ် မင်းဘာသာ စွတ်စက်ဝင်လာပြီး ဘာတွေဗရွတ်ဗရွတ်ဖြစ်နေတာလဲ၊ ငါရေချိုးပြီးမှပဲ ဝင်ချင်ဝင်လာခဲ့"

"ရတယ်၊ ရှင့်ဘာသာ ရေချိုးခန်းထဲဝင်တော့၊ ဒေါ်ကြီးနဲ့ ဈေးလိုက်ဖို့ပြောထားတယ်၊ ပြီးမှဖြစ်မှာ"

သူ့ကိုမမြင်သာအောင် သေးတစောင်းကွယ်လျက် တရွေ့ရွေ့နှင့် သူမ,လုပ်စရာရှိတာတွေ လုပ်နေသည်။ အမြင်ကတ်ကတ်နှင့် သူမရှေ့တည့်တည့် သွားရပ်ဖို့ပြင်ပြီးမှ တဘက်စောင်ပတ်လျက် ရေချိုးခန်းထဲ ဝင်ခဲ့သည်။

ဇာတာ ရေချိုးခန်းတွင်းဝင်သွားမှ နောက်ကနေ အတုံးလိုက်အတစ်လိုက် ရာရာ မျက်စောင်းထိုးပစ်လိုက်၏။

ဟွန်း လူပျိုလေးအခန်းတဲ့။ ရှုပ်ပွပေစုတ်ညစ်ပတ်နေလိုက်တာ။ အဝတ်ညစ်တွေက ခြင်းထဲမှာတချို့၊ ဆက်တီခုံပေါ်မှာ, အိပ်ရာခုတင်ပေါ်မှာ တိုးလိုးတွဲလောင်း။ ဘယ်ပစ္စည်းမှ သူ့နေရာနှင့်သူမရှိ





မဝင်း လာရှင်းမပေးလို့ ဒီအတိုင်းထားလျှင် လောက်တက်နိုင်သည်ထင်၏။

ဦးဇမ္ဗူအခန်းမှာတော့ ဒီလိုမဟုတ်။

ရနံ့တစ်မျိုး သင်းပျံ့မွှေးလျက် ရှင်းသန့်ကြည်လင်နေသည်။ အဝတ်အစားမှန်သမျှ ဗီရိုထဲမှာ အစီအရီထပ်လျက်၊ အဝတ်ညစ်ဆိုသာကလည်း အဝတ်ခြင်းထဲမှာ အကျအန။

ဘယ်အပေါ်မှာမှ ဖုန်တက်နေခြင်းလည်း မရှိ။ များများစားစားသန့်ရှင်းရေးလုပ်စရာ မလိုတာကြောင့် ကြည့်နူးခြင်းနှင့် အခန်းထဲမှာ အကြာကြီးတောင် ထိုင်နေမိခဲ့သေးသည်။

ဒင်းအခန်းကတော့ ကြည့်ပါဦး။ နှာခေါင်းကို ပလာစတာကပ်ထားရမလိုပင်။

အတွင်းခံဘောင်းဘီတွေ ဟိုတစ်ထည်၊ ဒီတစ်ထည် တွေ့သော့ အော်ဂလီဆန်လျက် ပျို့အန်ချင်လာသည်။

"ဟိတ် အလုပ်လုပ်နေတာ ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဘာဖြစ်နေတာလဲ"

ခါးအောက်ပိုင်းမှာ တဘက်ပတ်ထားလျက် ရာရာအနားအတာလာရပ်မေးနေတာမို့ ရာရာ ကဆုန်ပေါက်ကာ အော်လိုက်မိသည်။

"အာ လူညစ်ပတ်ကြီး အဝတ်အစားဝတ်ပြီးမှ ထွက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ မိန်းကလေးရှေ့မှာ မတော်တရော်နဲ့”

“အောင်မှာ ငါ့အခန်းထဲ မင်းရောက်နေတာလေ၊ ငါက မင်းဆီလာတာမှ မဟုတ်တာ”

“ပြီးတာပဲ ရှင့်အခန်းထဲ ဒီအတိုင်းထားခဲ့မယ်၊ လောက်တက်ပါစေ၊ ခြေတွေ ပိုးကောင်တွေ ခွေပါစေ၊ ခြင်တွေ, ပိုးတွေအောင်းပြီး ရောဂါမျိုးစုံဖြစ်သေပါစေ၊ အယုတ်တမာကောင်ကြီး”

အမျိုးမျိုးကျိန်ဆဲပြစ်တင်ကာ ရာရာ အခန်းတံခါးဖွင့်ပြီး ဂျိန်းခနဲပြန်ပိတ်ပစ်ခဲ့လျက် ထူဆောင့်အောင့်၍ထွက်သွားသည်။

ဇတာတစ်ယောက်တည်း အဝတ်ခြင်းကြီးကို ခပ်ဝေးဝေး ရောက်အောင်စစ်ကန်လျက် ဒေါသဖြစ်ကာ ကျန်ရစ်ခဲ့သည်။

သူ့များအခန်းကိုလာပြီး သူကများ ကျိန်ဆဲသွားသေးသတဲ့။ တော်တော်အတ္တယူမှု ကောင်းသည့်မိန်းမ။

မဖွယ်မရာ သူ ဘာများဖြစ်နေလို့လဲ။

ခင်းလိုမိန်းမက ဇတာအကြောင်း မသိသေးလို့ အကြောတင်းနေတာပါ။အဖေမျက်နှာသာပေးလို့ ရောင့်တက်ဖို့တော့မစဉ်းစားနဲ့။

အပိုးကျိုးအောင် ချိုးပြမယ် အမရာခင်။

✿ ✿ ✿



## အခန်း (၁၁)

“ဘာပြောတယ် သား။ ရွှေဂုံတိုင်ဘက်မှာ သင်တန်းကောင်း ...ခုတွေ့ထားတယ်၊ ဟုတ်လား”

“ဟုတ်တယ်အဖေ၊ အခုမှ စဖွင့်မှာ၊ ဘာသာစကားကို နိုင်ငံ...ရာတွေဦးစီးပြီး သေချာသင်မှာတဲ့၊ နိုင်ငံခြားသွားလို့ရတဲ့အောင် ...တ်မှတ်ပါထုတ်ပေးမှာလို့ ပြောတယ်၊ ဘာပဲဖြစ်ဖြစ် စချင်းဖွင့်တဲ့ သင်တန်းတွေက နာမည်ရအောင်, အောင်မြင်မှုရအောင် အကောင်း ...ယှဉ်ကြတာ အဖေသိသားပဲ၊ အင်တာနက်ရော, ကွန်ပျူတာရော ...ဒီမှာပဲ တစ်ခါတည်းသင်ပေးမှာလို့ ပြောတယ်အဖေ၊ လူဦးရေရော့ ...တ်ထားတယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်လား။ အဲလိုကောင်းတဲ့နေရာဆို မြန်မြန် တက်နိုင်အောင် လုပ်ရမှာပေါ့၊ သား နေရာအတိအကျသိရင် အဖေ့ ကို ပြောလေ၊ အဖေ ရာရာ့ကို သွားအပ်လိုက်မယ်"

"အဖေသွားလည်း အခုခ်ပြေမှာမဟုတ်တော့ဘူး။ သူတို့ လူဦးရေကန့်သတ်ထားတာဆိုတော့ ပထမအပတ်အတွက် စာရင်းပိတ် သွားပြီ၊ သားသိတာကလည်း နောက်ကျသွားတယ်လေ၊ ဒါပေမဲ့ သား သူ့နာမည်ပြောပြီး စာရင်းပေးလိုက်တာအချိန်မီပါတယ်"

ဦးဇမ္ဗူ မျက်ခုံးနှစ်ခုပင့်တက်သွားကာ သားလက်ကို အံ့ဩ ကြီးဆုပ်ကိုင်လိုက်သည်။ ရာရာဘက်ကိုလည်း ဖျတ်ခနဲလှည့်လိုက် "ဟား ဖေ့သားကြီးက တော်လိုက်တာ၊ ဒါမှပေါ့ကွာ ကိုယ့် အိမ်မှာနေတဲ့သူကို ကိုယ်ကူညီရမှာပေါ့၊ တွေ့လားရာရာ ဦးသား စိတ်ရင်းကောင်းပါတယ်လို့ ဦးပြောသားပဲ၊ သူက စကားပြောတာ မညင်သာတာ၊ စိတ်ထားနူးညံ့တယ်ကွ၊ ငယ်ငယ်ကဆို သူ့အသား နည်းနည်းအနာအကျင်ဖြစ်လိုက်တာနဲ့ အော်ပြီးငိုတော့တာပဲ"

သားပခုံးကို ဆွဲဖက်လိုက်၊ ပါးလေးကိုနမ်းလိုက်နှင့် တစ်ခါ လောက်ကောင်းကောင်းလုပ်ပြတာကို ချစ်လို့မဝနိုင်။ ကြည်နူးလို့မဆ နိုင် ဖြစ်နေသည်။

ရာရာစိတ်ထဲလည်း ဒီတစ်ခါတော့ ဖဝါဘကိုကျေးဇူးတင်





မိပါသည်။ မျက်နှာထားတင်းတင်း၊ လေသံမာမာလည်း မဟုတ် တော့ ဖဝါဘရဲ့ပြောင်းလဲမှုကို အံ့ဩမိတာလည်း အမှန်ပင်။

သားရဲ့ပျော့ပျောင်းမှုကို ဦးဇမ္ဗူလည်း ဂုဏ်ယူမဆုံးဖြစ်နေ တုန်း ရာရာဘက်ကို လှည့်၍တောင်ကြွားနေသေးသည်။

ရာရာက ပြုံးရုံသာပြုံးပြီး တုံ့ဏှိဘာဝေ။

"သင်တန်းက ဘယ်နေ့စအပ်ရမှာလဲသား"

"ဒီနေ့ပဲအဖေ၊ စာရင်းပေးတာနောက်ကျတော့ သူတို့ ကိုး ရက်ချိန်းထားတယ်၊ သားပဲ နေရာသိတာဆိုတော့ ကျောင်းတစ်ချိန် ပြီး လိုက်ပို့လိုက်ပါ့မယ်၊ နောက်နေ့တွေတော့ တာဝန်မယူဘူး နော်"

"အေးပါကွာ အေးပါ၊ သား ဒီလောက်သိတတ်တာကိုပဲ အဖေက ကျေးဇူးတင်နေတာပါ၊ ကားတစ်စီးလည်း ပိုနေတာဆိုတော့ နောက်ဆိုရင်အရိုင်ဘာငှားပြီး ရာရာကိုအပို့အကြိုလုပ်ခိုင်းလို့ဖြစ်ပါ တယ်၊ ဒီကြားထဲတော့ အဖေပဲ ပို့လိုက်ကြိုလိုက်ပါမယ်၊ ဩော် ရာရာ ဘရိတ်ဖတ်စားပြီးရင် သင်တန်းအပ်ဖို့ပြင်ဆင်လိုက်လေ၊ သား က ကျောင်းတက်ရဦးမှာဆိုတော့ နောက်ကျနေရင်မကောင်းဘူး"

"ဟုတ်ကဲ့ ဦး၊ ရာရာ သိပ်ပြင်ဆင်စရာမလိုပါဘူး၊ အဝတ် အစားလဲလိုက်ရုံပါပဲ၊ မြန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ ခပ်သုတ်သုတ်ထွက်သွားတော့ မင်သေသေလုပ်ထား တဲ့ဇာတာမျက်နှာ ခပ်မဲ့မဲ့ ပြုံးရောင်သန်းသွားခဲ့သည်။ ဒီနေ့မှ ဒေါ်စိန်ပု ဖျော်ပေးတဲ့ကော်ဖီခါးခါးနှင့် အသားညှပ်ပေါင်မုန့်က ပိုပြီးအရသာရှိနေ သည်လို့ ထင်မိသည်။

ဒါပေမဲ့ အရသာခံ ဖိမ်ခွဲစားသောက်မနေတော့ဘဲ အပေါ် ထပ် သူ့အခန်းထဲက ကျောပိုးအိတ်လေးကောက်လွယ်လျက် ရာရာ ထွက်အလာကို ကားနားကနေ စိတ်ရှည်ရှည်သွားစောင့်နေခဲ့သည်။

ဟော ထွက်လာပါပြီ အမရာခင်။

မျက်နှာမှာ သနပ်ခါးပါးကွက်လေး ပါးပါးတင်လျက်။ ဆံပင် စင်းစင်းဖြောင့်ဖြောင့်လေးက ကုပ်အောက်မရောက်တရောက်မှာ ဝဲခါ လို့။ ဇလစ်ပါဖိနပ်လေးကို စီးထားသည်။

ဝမ်နှိသားဘလောက်စ်လက်စကလေးနှင့် ထဘီအနက်လေး ကို တွဲဖက်ဝတ်ဆင်ထားပြီး ချေးပေါ်ပေါ်ပလတ်စတစ်အကြည်သား စလင်းဘတ်လေးကို ခပ်ကြွားကြွားလွယ်လို့ ခပ်တည်တည်ပင်။

ဇာတာ သဘောကောင်းစွာ ကားတံခါးဖွင့်ပေးထားလိုက်ပြီး မောင်းသူနေရာမှာ ဝင်ထိုင်နေလိုက်သည်။

"ရှေ့ သား ရာရာသင်တန်းကြေးရော လိုအပ်တာလည်း ဝယ်လို့ရအောင် ပိုက်ဆံယူသွားဦး"





အပေလှမ်းပေးတဲ့ ထောင်တန်အုပ်လိုက်ကို သူ့ကျောပိုးအိတ် ...စ်ထဲမှာ အကုန်ထိုးသိပ်ထည့်လိုက်သည်။

ပြီးတော့ အဖေ့ကိုပါးပါးလေးပြုံးပြလိုက်ပြီး အမရာခင်ကို ...တင်လျက် ကားလေးကို ရှောခနဲမောင်းထွက်လိုက်သည်။

မီးမှိုင်မှုံ့များသော၊ လူရှုပ်သော၊ ကားရှုပ်သောနေရာတွေက ...ညီ အရှိန်ကြာမြင့်အောင် ရွေးမောင်းလာခဲ့၏။

မျက်လုံးပြူးလေးနှင့် တောသူမက နေရာစုံကိုလည်းပြန်လိုက် ...နေတာ စိတ်ဝင်စားအံ့ဩဟန်လည်းရှိသည်။

မမြင်ဖူးတာတွေ ကြည့်နေတာလား၊ မြင်ဖူးအောင် ကြည့် ...တာလား မသိ။

မိုးပြုးတွေ တစ်ပြုံလုံးထည့်ပြုံးထားတဲ့ ကားနောက်ကြည့်မှန် ...ာ သူ့အပြုံးကို အမရာခင် သတိထားမိဟန်မတူ။

"ကဲ ဆင်းတော့"

"ဟင် ရောက်ပြီလား"

"ရောက်လား, မရောက်လား သေချာမသိဘူး။ ငါလည်း ...ယ်ချင်းနဲ့ တစ်ခါပဲရောက်ဖူးတာဆိုတော့ မျက်စိလည်နေပြီ မင်း ...ာ ခဏစောင့်၊ ငါ ကားနဲ့ ပတ်ရှာလိုက်ဦးမယ်"

အမရာခင် ယောင်တောင်တောင်နှင့် ကားပေါ်ကဆင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အမရာခင် ကားအောက်ရောက်သွားသည်နှင့် ရွှေဂုံတိုင်မှ... တိုင်ကနေ သူ့ကားလေးကို ရှောခနဲမောင်းထွက်ပစ်လိုက်သည်။

ဒေါ်ရွှာတေးလန် ဒေါ်လှလည်ကြီး ပိုက်ဆံတစ်ပြားမှမပါ... ငုတ်တုတ်ထိုင်ပြီး ငိုပြီးသော ကျန်ခဲ့တော့ပေါ့။

အဲဒါဇာတာရဲ့လက်တုံ့ပြန်လိုခြင်း နနလေးပါ။

ခါးသီးတယ်ထင်ရင် နောက်တစ်ခါ ရန်မစမိအောင် ကြိုး... လိုက်ပေါ့ အမရာခင်။

✿ ✿ ✿



အခန်း (၁၂)

"တောက်"

အချိန်တွေကြာလာသည်နှင့်အမျှ တက်ခေါက်သံကလည်း ...ည်းဖြည်းကျယ်လောင်လာသည်။

အနားကလူတွေကလည်း သူတို့ကို ရန်စတာလားဆိုပြီး ...ကြည့်ကွက်ကြည့်။ ထိုင်လိုက်ထလိုက်နှင့် ခြေထောက်တွေလည်း ...င်း ခါးတွေလည်းညောင်း၊ ဗိုက်ကလည်းဆာ၊ မျိုးစုံသောဝေဒ... ...တွေနှင့် ဒေါ်သက အရှိန်အဟုန်မြင့်လာသည်။

"တောက် ဇာတာ ခင်းယုတ်မာတာ၊ သက်သက်မဲ့ ကလိန် ...ကျပြီး အောက်တန်းကျသွားတာ၊ အိမ်လိပ်စာလည်း မှ...မထား



www.burmeseclassic.com

www.burmeseclassic.com



မိသွား။ ကုမ္ပဏီလိပ်စာလည်း မသိဘူးဆိုတော့ သူ ဖါကိုရှာလည်လုပ်
ရတာပေါ့၊ ဟွန်း ယောကျ်ားဖြစ်ပြီး ထဘီဖက်ပေးရမယ့်ကောင်"

မကျေမချမ်းနှင့် ရင်ထဲကပဲ ကျိန်ဆဲနေမိသည်။ ကားမှတ်
တိုင်မှာ လာရပ်တဲ့သူတွေ အဝင်အထွက် လူလဲပြောင်းနေသော်လည်း
ရာရာကတော့ တစ်နေရာတည်းမှာ တစ်သမတ်တည်း တစ်ယောက်
တည်း။

"မောင်ဖမ္ဘူကာ ရန်ကုန်မှာလည်း ဖမ္ဘူထိပ်ခေါင်ဆိုတဲ့ကုမ္ပဏီ
ကြီးကိုပိုင်တယ်ကွယ့်၊ နာမည်ကြီး ဟိုးဟိုးကျော်ပေါ့၊ ဒီမှာလည်း
ဟိုတယ်တွေ၊ ဘန်ဂလိုတွေဆောက်တာ အောင်မြင်မှုရနေတာပဲ၊ လုပ်
ငန်းက ကြိုးစားမှုရှိရင် တိုးတက်တာပေါ့၊ သမီးလည်း မောင်ဖမ္ဘူနဲ့လိုက်
သွားပြီး အဲဒီလိုတိုးတက်အောင်မြင်မှုတစ်ခုရအောင် ကြိုးစားခဲ့
သမီးရယ်"

အဖေ့စကားတွေ ပြန်လည်ကြားယောင်မိသည်။ အောင်မြင်
မှုတွေနှင့် နာမည်ကြီး ဖမ္ဘူထိပ်ခေါင်ကုမ္ပဏီတဲ့။ ဒါဆိုရင် ရန်ကုန်က
လူတွေ ကြားမှုရမည်။ သိရမည်ပေါ့။ Taxi ကားသမားတစ်ယောက်
စုံစမ်းမေးမြန်းပြီး ဦးဖမ္ဘူကုမ္ပဏီကိုလိုက်ပို့နိုင်။ ဟိုရောက်မှ ကားခ
လျှင် မဖြစ်နိုင်ဘူးလား။

သူမ အတွေးကို အကောင်အထည်ဖော်ဖို့ ရှေ့ကမြတ်





သွားသမျှ Taxi ကားတွေကို လက်ပြတားလျက်မေးမြန်းကြည့်ရသည်။
ကုမ္ပဏီရုံးတိုက်တဲ့နေရာကို အတိအကျသိမှ အဆင်ပြေပေလိမ့်မည်။
အချိန်တွေ ကြာလာသည်နှင့်အမျှ ကြောက်ရွံ့စိုးရိမ် ဆာလောင်မှုတွေ
နှင့် လူက တဆတ်ဆတ်တုန်လာသည်။ ဇာတ္တမျက်နှာကို မြေး
မြေမြင်ပြီး ဖနောင့်နှင့်ပေါက်နေမိတာလည်း အကြိမ်ကြိမ်။

"အဲဒီကုမ္ပဏီက ရုံးခွဲမရှိဘူးဆိုရင် ကမ္ဘာအေးဘုရားလမ်းပေါ်
က ချောကလက်ရောင်တိုက်အကြီးကြီးပဲ ဖြစ်ရမယ်၊ တူမကြီးက
အဲဒီကိုသွားချင်တာလား"

"ဟုတ် ဟုတ်ပါတယ်ရှင်၊ ရုံး ရုံးမဆင်းခင် အချိန်မီရောက်
ချင်တာပါ"

ဖြစ်ချင်ရာဖြစ် ဒီနေရာမှာ ကြာကြာမနေချင်တော့၍ စွန့်စား
ဆုံးဖြတ်လိုက်သည်။

ဟိုရောက်မှ မဟုတ်ဘူးဆိုလျှင်ရော သူမ ဘာလုပ်ရမလဲ။
အပေါ်မှာ သူမ ဘုရားစာတွေဆိုလျက် လိုက်လာခဲ့သည်။ ရှက်ခြင်း၊
ရံခြင်း၊ နာကြည်းစက်ဆုပ်ရွံရှာခြင်းခံစားမှုတွေမျိုးစုံလျက် ဇာတာ
အပေါ် အာဃာတတို့ ကြီးမားနေမိသည်။

နှင့်အလှည့်ပြန်မရောက်အောင် ဆုတောင်းထားစေသား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟ ဟတ် ဟား ဟား ဟား"

"အာ ဒီကောင် ဘာကောင်လဲဟ၊ ကင်နိုတင်းရောက် လာကတည်းက မရပ်မနားကို ရယ်နေတော့တာပဲ၊ ဘာတွေအူမြူး တာလဲ၊ ငါ့ကိုပြောဦးဟ"

လင်းထိုက်မေးနေပေမယ့် ဇာတာ တော်တော်နှင့် မျက်နှာပိုး မသေ။

"ဟား ဟား ဇာတာ့ကို ဘယ်သူမှကျောလို့မရဘူးဆို မင်းသိတယ်မဟုတ်လား၊ လက်တံ့ပြန်တတ်တာ မွေးရာပါဗီဇလေ အခု အောင်ပွဲခံလာတာကွ၊ အဲဒါကြောင့် စိတ်ချမ်းသာနေတာ၊ ပျော်





သား ရင်ထဲမှာ တလိမ့်လိမ့်တက်အောင် ဝမ်းသာနေတာ"

"ဘယ်ကကောင်တွေနဲ့ ထိုးကြိတ်ပြီး အနိုင်ရလာတာလဲ တော"

"မိန်းကလေးပါကွာ"

"ဟင် သီရိစံနဲ့လား၊ သူကလည်း မင်းလိုပဲ အငြိုးတွေနဲ့နော် တို့ ဘယ်လိုပြဿနာတက်လာပြန်တာလဲ"

"နိုး နိုး သီရိစံမဟုတ်ဘူး၊ အမရာခင်တဲ့၊ နာမည်က တော် ဝင်သလို ရုပ်ကာကလည်း တောမျိုးမလေးပေါ့၊ ခုချိန်ဆို ယ်ကောင်မှာ ကဆုန်ပေါက်ပြီး အော်ဟစ်ငိုနေလောက်ပြီ၊ ိုတ်လည်း မပါ, စားစရာလည်း မရှိ၊ ဘယ်သွားလို့ ဘယ်လာ ည်း မသိနဲ့ မျက်စိသူငယ် နားသူငယ် ရှာလည်နေလောက်ပြီ ဟား"

"နေစမ်းပါဦး၊ အဲဒီနာမည် ဒီတစ်ခါပဲ ကြားဖူး ၊ ဘယ်တုန်းက ဘယ်လိုပတ်သက်ပြီး ဘာဖြစ်"

"ဟ အသက်ရှူရပ်သွားပါဦးမယ်၊ ဖြည်းဖြည်းမေးပါကွ၊

ဇာတာက အတိုချုံး၍ လင်းထိုက်ကို ဇာတ်စုံရှင်းပြလိုက် ၊ လင်းထိုက်က စိတ်ဝင်တစားနားထောင်နေရင်း တဖြည်းဖြည်း

www.burmeseclassic.com



မျက်မှောင်ကုတ်ကာ အံ့ဩတကြီးဖြစ်နေ၏။

"ဒါဆို အဲဒီကောင်မလေး ဝေးဝေးလံလံ ဘယ်မှမသွားဘူး ရွှေဂုံတိုင်မှတ်တိုင်မှာ ထားပစ်ခဲ့တာပေါ့၊ ဟုတ်လား"

"နစ်ခါပြန်ပြောရမှာ ပီတိတွေ နစ်ခါစားသုံးရသလိုပဲ၊ အ သာရှိလိုက်တာကွာ၊ ဟုတ်တယ် လက်ထဲမှာ ပိုက်ဆံတစ်ပြားမှမပါတဲ့ အဲဒီကောင်မလေးကို ကုန်းသတ္တဝါစာ ကျွေးပစ်ခဲ့တာ၊ သူ ဉာဏ် ရင် အိမ်ပြန်ရောက်ချင်ရောက်လာမှာပေါ့၊ ငါ့အပေါ်သာ အကြောတင် နေတာ၊ မလည်ဝယ်တော့လည်း ကျိုးတိုးတိုး ခွေးစားစားပေါ့ကွာ မဟုတ်ဘူးလား"

"မင်းကွာ မိန်းကလေးတစ်ယောက်ကို ဒီပုံစံမျိုးနဲ့ အနိုင် မယူသင့်ပါဘူး။ ပြီးတော့ မင်းအဖေခေါ်လာတဲ့ မင်းတို့အိမ်ကဧည့် သည်"

"သူက ဒုံးနေရာဒုံး တော်နေရာတော် နေတာမှမဟုတ်တာ ကျွေးတဲ့လက်ကို ပြန်ကိုက်ဖို့စဉ်းစားတော့လည်း သူနဲ့တန်တဲ့နေရာ ရွှေ့ပေါ့"

"မင်းကျွေးတာကို စားနေတာမှမဟုတ်တာ၊ မင်းအဖေကြည် ဖြူလို့ မင်းအဖေကျွေးတာကို စားနေတာပဲဥစ္စာ"

"ဟိုတ်ကောင် လင်းထိုက် မင်းစကားပြောတာ ဆင်ခြင်နော်





ဦးအဖေဥစ္စာ ငါ့ဥစ္စာပေါ့၊ ငါတို့အိမ်မှာနေ ငါတို့ကျွေးတာစားပြီး တော် ရာမှာ ရေငုံနှုတ်ပိတ်ပေါ့ကွာ၊ မနေတတ်ရင်တော့ ဇာတာမှာ အစွယ်ရှိ သာ ထုတ်ပြရမှာပဲ"

"ကဲ မင်းဒီလောက်ထုတ်ပြချင်ရင်လည်း ဟိုမှာ သီရိစံလာ နေပြီ၊ ကြိုက်သလောက်ပဲ ထုတ်ပြလိုက်တော့"

လင်းထိုက်မေးငေါ့ပြရာ လှည့်မကြည့်မိအောင် ကြိုးစားပြီး ကော်အအေးဘူးကို တစ်ရှိန်ထိုးမော့သောက်ချလိုက်သည်။ ဒူးအထက် ရောက်တဲ့ စကတ်အတိုကပ်ကပ်နှင့် ဖွဲ့သားလည်ပိုက်ဝတ်ထားသော သီရိစံက ဆေးရောင်တင်ထားတဲ့ဆံနွယ်တွေကို ဆတ်ခနဲခါထုတ်ကာ ဆောင်းဘက်အိတ်လေးကို စားပွဲပေါ်ပစ်တင်လျက် သူ့အနားမှ နီးကပ် စွာဝင်ထိုင်သည်။

"မောင် လေစိမ်းတိုက်တာ နစ်ပတ်ကျော်သွားပြီ၊ သီရိ ရှမ်းလို့လာခဲ့တာ"

"အောင်မျိုးသန့်နဲ့ အဆင်မပြေလို့လား။ သူလည်း ဟိုက် ဘော့စ်တစ်ယောက်ပဲ၊ မင်း အသုံးတည့်မှာပါ"

သီရိစံက ဆေးတင်ထားလို့ ရဲရဲနီနေတဲ့နှုတ်ခမ်းလေးကို ရွဲ့ပစ်လျက် မထီမဲ့မြင်ပြုံးသည်။

"အပင်း အခွံကြီးပါ၊ မောင့်လောက် မလှုံပါဘူး။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးဖြန့်နေရတဲ့လူမို့လို့တဲ့လေ”

“ကိုယ်လည်း မိဘဆီ လက်ဝါးဖြန့်သုံးနေတဲ့လူပါပဲ၊ ကိုယ်ပိုင်အစွမ်းအစ မရှိသေးပါဘူး”

“မိဘချင်းမတူလို့ပဲ ဖြစ်မှာပေါ့၊ အဲဒါ ပြောတာပဲလေ၊ အပင်တူပေမယ့် အပွေးမတူဘူးဆိုတာ၊ မောင်က မိဘမေတ္တာအပြည့်အဝရလို့ သီရိတို့လိုမိန်းကလေးတွေကို ရေအပြည့်ခပ်ပေးနိုင်တယ်၊ အောင်မျိုးသန့်က စည်းစနစ်နဲ့ တိုင်းထွာသုံးရတာတဲ့၊ ထားပါကွာ သူကမလွှမ်းလောက်ပါဘူး၊ သီရိက မောင့်ကိုပဲ ရင်ခုန်တာ”

“ဟိုပင် ဒီပင်ကူးတတ်တဲ့မိန်းမမျိုး ငါ့ရာဇဝင်မှာ အငြိမခံဘူး သီရိ၊ မင်း ဒီနေရာက အမြန်ရွှေ့လိုက်တော့”

သီရိစံက တဟင်းဟင်းရယ်ကာ ဇာတာပခုံးကို နွဲ့နွဲ့လေးဆုပ်ကိုင်လိုက်သည်။

“မောင်ကရော အပြစ်ကင်းလို့လား၊ ရည်းစားသက်ရှေ့နဲ့ ဖော်မြူလာအသစ်စမ်းသပ်တီထွင်ဖို့ လုပ်နေတာမဟုတ်ဘူးလား”

“ငါက ယောက်ျားလေ၊ အဲဒါကိုက ငါ့ရဲ့စတိုင်ဆိုတာ မင်းသိနေမှာပါသီရိ၊ အေး ဇာတာဆိုတဲ့ကောင်က မရဘူးဆိုတာကိုပဲ ရအောင်ယူချင်တာ၊ ဘုန်းပေါ်လအောင် လိုချင်တာတွေအကုန်လုံးပေးနေတဲ့ မိန်းမတွေကို အထင်ကိုမကြီးတာ၊ မင်းကိုလည်း အစကတော့





အတည်ကြီးနဲ့ဆိုတော့ တန်ဖိုးရှိမယ်မှတ်နေတာ၊ ငါ လူကဲခတ်ညံ့သွားတယ်လို့ အောက်မေ့ပါတယ်၊ မင်းက မင်းလိုချင်တာတွေ ရမယ်ဆိုရင် မင်းမှာရှိတာတွေ အကုန်ပေးဖို့ နှမြောတွန့်တိုတဲ့မိန်းမမှ မဟုတ်ဘဲ၊ မင်းလိုချင်တာလည်း ရပြီးပြီဆိုတော့ ငါနဲ့တွဲလိုက်ရတာ မင်းတန်ပါတယ်ကွာ၊ မဟုတ်ဘူးလား”

“အခုနောက်ဆုံးအနေနဲ့ သီရိ တစ်ခုခုတောင်းဆိုမယ်ဆိုရင်ရော မောင်မသဒ္ဓါချင်တော့ဘူးလား၊ မဟုတ်ရင်တော့ သီရိ မောင့်ကို ခွယ်ကပ်နေဦးမှာပဲနော်”

ငါတွဲမိတဲ့မိန်းကလေးတွေ ဘာဖြစ်လို့ ခွာရတယ်ဆိုတာ မင်းသိပြီလားဆိုတဲ့သဘောနှင့် လင်းထိုက်ကိုအဓိပ္ပါယ်ပါပါ ပြုံးကြည့်လိုက်သည်။ လင်းထိုက်က စိတ်ပျက်ညစ်ညူးစွာနှင့် မေးငေါ့ပြီး မြန်မြန်လိုက်ပို့စေချင်ဟန် ရှိသည်။

“ကောင်းပြီလေ၊ ဒီနေ့တစ်နေ့က မင်းနဲ့ငါရဲ့ နောက်ဆုံးချိန်းတွေ့တာပဲဥစ္စာ၊ မင်းသွားနေကျ ဒေးလီးမတ် သွားကြတာပေါ့၊ ကော်ဖီလက်ညှိုးထိုးသမျှ ငါဝယ်ပေးမယ်၊ လင်းထိုက် ဒီနေ့တော့ ငါ ကျောင်းလစ်ပြီနော်၊ ငါ့ကို စာတွေကူးပေးဦး”

လင်းထိုက် လျင်လျင်မြန်မြန် ခေါင်းညိတ်ပြသည်။

သီရိစံက အခွင့်အရေးတစ်ရပ်အနေနှင့် ဇာတာ့လက်ကိုဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားရာမှ မလွှတ်။

ကားပေါ်ရောက်တော့လည်း ကားမောင်းနေတဲ့ဖတာပခုံးပေါ် မှီနွဲ့ကာလိုက်လာ၏။

အေးလီးမတ်ရှေ့မှာ ကားပါကင်ထိုးပြီး ကားပေါ်ကဆင်းတော့လည်း ဖတာ့လက်မောင်းတစ်ဖက်ကို တွဲဖက်ဆုပ်ကိုင်ကာ မော့မော့လေးပြုံးနေခဲ့သည်။

"သား"

"ဟင် အဖေ အ အဖေ ဒီကိုဘာလာလုပ်တာလဲ"

"ရာရာအတွက် လိုအပ်တဲ့ပစ္စည်းလေး လာဝယ်တာသားရဲ့ ရာရာ သင်တန်းတက်ရတော့မယ်ဆိုရင် လိုအပ်တာတွေက အများကြီးပဲလေ၊ သားရော ကျောင်းမတက်ဘူးလား။ ရာရာကိုရော သင်တန်းသေချာအပ်ပေးခဲ့ရဲ့လားသား"

"ဟုတ် ဟုတ်ကဲ့အဖေ"

အဖေ့ကိုမြင်တော့ နည်းနည်း အထိတ်တလန့်ဖြစ်သွားသော စကားတွေ ထစ်အတုန့်ယင်နေသည်။ သီရိစံက အလိုက်ကန်းဆိုး မသိ အဖေနှင့်မိတ်ဆက်ပေးဖို့ သူ့အနားနားကို ကပ်ပြောနေ၏။ အဖေက သူ့အကြောင်းနားလည်သဘောပေါက်နေသူမို့ ပြုံးစိစိ။

"အဖေ သားတို့ အခုပဲရောက်တာ၊ သွားလိုက်ဦးမယ်နော်





သာ သီရိ"

ဖတာ အဖေ့ရှေ့က ဖွတ်တိုးထွက်လိုက်သည်နှင့် အဖေက ဖတာလက်တစ်ဖက်ကို ဆွဲထားသည်။

"ရာရာ သင်တန်းအပြန် သားမကြိုနိုင်ဘူးဆိုရင် အဖေကုမ္ပဏီအပြန် ဝင်ကြိုလိုက်မယ်သား။ ပြော် ရာရာ့သင်တန်းကြေးသွင်းခဲ့တာနဲ့ သားသုံးဖို့ လောက်မှာမဟုတ်တော့ဘူးထင်တယ်၊ လိုရင် ပြောဦးလေ သားရဲ့"

"ဟို ရ ရတယ်အဖေ၊ မလိုတော့ဘူး။ ရာရာကိုလည်း သားပဲ ဝင်ကြိုလိုက်ပါ့မယ်၊ သင်တန်းက သုံးနာရီခွဲမှာဆိုတော့ သားတို့ကျောင်းဆင်းချိန်နဲ့ အဆင်ပြေမှာမဟုတ်ဘူး"

"အိုကေ၊ သားက လိမ္မာသားပဲ၊ သိုင်းကျူး သား။ အဖေ သွားပြီ"

အဖေ ကားလေးမောင်းကာထွက်သွားတော့ သီရိက မကျေမနပ်ဖြစ်သောင့်သည်။

"ဘာလို့ မောင့်အဖေနဲ့ သီရိကို မိတ်မဆက်ပေးတာလဲ"

"မလိုအပ်လို့ပေါ့၊ မင်းနဲ့ငါက ဒီနေ့ ဖတ်လမ်းအပြတ်၊ ဒါကြောင့် မှတ်စရာမလိုဘူး။ ကဲ မင်း ဘာလိုချင်တာလဲ၊ မြန်မြန်ဝယ်၊ ငါ ပြန်ဖို့ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သီရိကို အပြတ်ပြောပြီး သီရိလက်ညှိုးထိုးသမျှ ဝယ်ပေ…
လိုက်ရသည်။ အဲဒါတွေပြီးတော့ စားသောက်ဆိုင်မှာ အာဟာရဖြည့်…
သေး၏။ ထို့နောက် သီရိနှင့်လမ်းခွဲပြီး အမရာခင်ကိုထားရစ်ခဲ့…
ရွှေဂုံတိုင်မှတ်တိုင်ကို သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီအတိုင်းပဲ ရပ်နေတုန်းပဲလား။ ထိုင်ငိုနေလေသလား။

မိုက်ဆတ်လို့ သူ့ကိုကျိန်ဆဲနေပြီလား။ တစ်ခုခုနှင့် သူ…
နပန်းလုံးနေမှာတော့ သေချာသည်။

သနားလို့ စိုးရိမ်လို့မဟုတ်ပေမယ့် သူမဒုက္ခတွေကို တ…
မြေအရသာခံကြည့်ရလျှင် မကောင်းဘူးလား။

သောကတွေနဲ့ ငိုနေလိုက်စမ်းပါ အမရာခင်။

မင်းမျက်ရည်တွေက ငါ့အတွက်တော့ အချိုမြိန်ဆုံးပျား…
စက်တွေပါပဲ။

✿ ✿ ✿



## အခန်း (၁၄)

"ဘာပြောတယ်၊ မင်းထားခဲ့တဲ့နေရာမှာ ရှာရှာမရှိတော့ဘူး
…တ်လား။ မင်းက အဲဒီနေရာမှာ သူ့ကို ဘာလို့ထားခဲ့တာလဲ၊
…င်တန်းအပ်ပေးခဲ့တာ မဟုတ်ဘူးလား။ သင်တန်းမှာပဲ ရှိမှာပေါ့၊
…း သွားကြိုမယ်ဆို"

ထိတ်ထိတ်ပျာပျာနှင့် အမေ့မေးခွန်းတွေက တရစပ်။

သူလည်း သွားရှာတာပဲဥစ္စာ။ မတွေ့တော့ ဘာတတ်နိုင်မှာ
…

ငြိမ်ငြိမ်သက်သက် မင်သေသေဖြစ်နေတဲ့ သူ့အကျီရင်ဘတ်
… အမေက ဆောင့်ခနဲဆွဲဆုပ်ကိုင်လိုက်သည်။ ဒီလိုဒေါသမျိုး



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆီမှာ တစ်ခါမှမပြင်ဖူး။

"မင်း ဘာဖြစ်လို့ သူ့ကို သင်တန်းရောက်အောင်မပို့ လမ်းမှာချထားခဲ့တာလဲ ဟိတ်ကောင်၊ သူ လည်လည်ဝယ်ဝယ် ဘယ် မသွားလာတတ်သေးဘူးဆိုတာ မသိဘူးလား။ မင်း တမင်သက်သက် ရာရာကို"

"အဖေ ဘာဖြစ်လို့ အဲလောက်သွေးဆူနေရတာလဲ၊ ဘာ သူ့ကို အဲဒီနေရာမှာထားခဲ့တာ မှန်တယ်၊ ဒါပေမဲ့ သင်တန်းနေရာ မမှတ်မိလို့ သူ့ကိုသွားရှာမယ်ပြောခဲ့တာ၊ သူမှ အဲဒီနေရာမှာ အေး ဆေးဆေးမနေဘဲ၊ ဘယ်သွားမှန်းမှ မသိတာ"

"ဒါဆို မနက်က သင်တန်းသွားအပ်တဲ့အချိန်နဲ့ နေ့လယ် မင်းကောင်မလေးနဲ့ အေးလီးမတ်မှာတွေ့ခဲ့တဲ့အချိန်ရဲ့ ကွာဟချက် မင်းဆင်ခြေပေးစမ်းပါဦး"

"အဲ အဲဒါကဒီလို"

အင်္ကျီရင်ဘတ်စကိုဆုပ်ကိုင်ထားတဲ့လက်က လွှတ်ချလိုက် သော်လည်း အဖေ့မျက်နှာက တင်းထန်မာကျောနေဆဲမို့ အကောင်း ဆုံးစကားလုံးတွေထွက်လာနိုင်အောင် ဇတ္တာ ရွေးချယ်စဉ်းစားနေရ သည်။

"ဒီလို အဖေ သင်တန်းနေရာသွားရှာရင်းနဲ့ ကျွန်တော်





ကောင်မလေးနဲ့တွေ့တာ၊ အဲဒါ သူလည်း ကူရှာပေးတယ်၊ မတွေ့ သွားတို့နှစ်ယောက် အေးလီးမတ်ကို ထွက်လာကြတာအဖေ"

"ဒါဆို ငါနဲ့တွေ့တဲ့အချိန်ကတည်းက အဲဒီကိစ္စဖြစ်နေတာ ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲကွ၊ ငါသွားကြိုမယ်ဆိုတာတောင် သွားကြိုလိုက်ပါ့မယ်လေ၊ ဘာလေးနဲ့ မှင်မောင်းကကောင်းလိုက် တယ်၊ ဟင် မင်းကိုယ်မင်း ဘာကောင်ထင်နေလဲဇတ္တာ၊ ကိုတောင် လိမ်ညာလှည့်ပတ်ဖို့ ကြိုးစားနေတယ်၊ အခုဘယ်လို ဖြစ်မလဲကွ၊ ရာရာကို ငါ တာဝန်ခံခေါ်လာတာ၊ ဘယ်ရောက်သွားတယ် ပြီး ဘယ်လိုဒုက္ခတွေတွေ့နေပြီလဲ မသိဘူး၊ မင်းကွာ မင်း"

လက်သီးတပြင်ပြင်နှင့် အဖေ့ကို ဇတ္တာလန့်လာသည်။ မှာတစ်ခုလုံးလည်း နီရဲတင်းမာကာ အသားတွေလည်း တဆတ် တုန်နေဟန် ရှိသည်။

"မောင်ဖမ္မာ ဖုန်းလာနေတယ်"

ဟန်းဆက်ကလေးက တတီတီမြည်နေတာ ောင် မကြား လောက်အောင် သွေးဆူနေတာမို့ ဒေါ်စိန်ပုသတိပေးယူရသည်။

ဦးဖမ္မာက ဟန်းဆက်ကလေးကို ဆတ်ခနဲခေါ်သတကြီးဖွင့် ဆောင်လိုက်သည်။

"ဘာ အမရာခင် ကုမ္ပဏီရောက်နေတယ်၊ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အိုကေ အိုကေ ကိုမြင့်မောင်ကိုယ်တိုင် အိမ်ကိုလာပို့လိုက်ပါ။ ကျေး
ဇူးပဲ ကိုမြင့်မောင်''

ဖုန်းကိုပိတ်ပြီးမှ ဟင်းခနဲသက်ပြင်းချကာ ဇတာကို စူးစိ
နေအောင်ကို ကြည့်ပြန်သည်။ ဇတာက ဆံပင်တွေကိုသပ်ချလျှ
ပြုံးမဲ့မဲ့။

''ဒုက္ခဆိုတာကို မခံစားဖူးတော့ မင်း ပြုံးနိုင်နေတာပေ
ဇတာ၊ ငါက မင်းကို ပြည့်စုံပိုလျှံအောင် ထားခဲ့မိတာကိုးကွ။ စည်း
ဥစ္စာကို မင်းကြိုက်သလိုသုံးစွဲခွင့်ပေးထားတော့ မင်း အလေးအနက်
ထားရမှန်း မသိတော့တာကိုး။ ဒါပေမဲ့ ဒီနေ့ကစပြီး မင်း ဆင်ဆင်ခြ
ခြင်သတိထားနေပါ ဇတာ၊ ငါ လူမိုက်အားပေးအလုပ် မလုပ်တော့
ဘူး။ အဲဒါ မင်းကိုချစ်လို့လို့ ယူဆချင်လည်းယူဆ, မုန်းတဲ့စိတ်
ပိတ်ပင်တားဆီးတယ်လို့ သတ်မှတ်ချင်လည်း သတ်မှတ်ပေါ့ကွ
ရှာရှာ သေးမသိရန်မခ ပြန်ရောက်လာတယ်ဆိုရင် မင်းသက်သာ
မှတ်ပါ၊ တစ်ခုခုဖြစ်လာတယ်ဆိုရင် မင်း မလွယ်ဘူး။ သိလား ဇတာ

ဇတာ လည်ချောင်းဝမှာ မေးစရာ၊ ပြောစရာစကားလုံး
ပြည့်သိပ်ပြွတ်ကျပ်တိုးခွေ့နေကြသည်။ သူစိမ်းမိန်းကလေးတ
ယောက်အတွက် သားတစ်ယောက်ကို ဒီလောက်ထိပြောထွက်ရ
လား။ ဒီလို မာကျောခက်ထန်တဲ့ အပြုအမူ၊ ရင့်သီးတဲ့စကား





...ပြင်မှ မကြားဖူးတာမို့ ရင်ထဲမှာ နာနာကျင်ကျင် စူးနေအောင် ခံ
...လိုက်ရသည်။

အိမ်ရှေ့ကကားသံကြားတော့ အဖေ ခေါင်းထောင်သွား၏။

ဒေါ်စိန်ပုက အပြေးထွက်ကြိုသည်။

အဖေက ဦးမြင့်မောင်နှင့်စကားထွက်ပြောနေ၏။

ဒေါ်စိန်ပုတွဲဖက်ထားလျက်က အမရာခင် ဇတာရှေ့တည့်
...တည့် လာရပ်သည်။

သူ မျက်ခုံးမှောကြည့်လိုက်တော့ ဘာမှမပြောဘဲ အတန်
...ကြာ စူးစိမ်းနေအောင်စိုက်ကြည့်နေ၏။

ပြီးတော့ ချာခနဲ လှည့်ထွက်သွား၏။

ရင်ထဲမှာ ဝေဒနာတစ်ခု နိုးလိုးခုလုဖြင့် တဆတ်ဆတ်။

အပိုမျက်နှာတို့နှင့် ရဲရဲနီနေသော မျက်လုံးတစ်စုံက နာကြည်း
...တွေကို တဖျပ်ဖျပ်ပြန်မြင်ယောင်မိသည်။

''ခွပ် ဖောင်း''

မျက်နှာတစ်ခြမ်း လည်ထွက်သွားကာ နာခေါင်းနှင့်ပါးစပ်က
...သွေးတွေစိမ့်ထွက်လာပြီး ကျွန်းကနုတ်ဆက်တီခုံပေါ်ကနေ ပါကေး
...ပြင်ပေါ် ပုံခနဲလဲကျသွားသည်။

အဖေ့လက်ညှိုးကြီးက ဇတာ့မျက်နှာနားမှာ တရမ်းရမ်း။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ သုံးနာရီထိုးတဲ့အချိန်ထိ မင်းထားခဲ့တဲ့နေရာ သူစောင့်နေခဲ့တယ်တဲ့၊ ပိုက်ဆံလည်း တင်ပြားမှမပါ, မသွားတတ် မလာတတ် ဒုက္ခတွေရောက်နေတာ၊ ကူမှုဇာရောက်လာတော့ တ တရယ်ရယ်နဲ့ သတိမေ့ချင်သလိုတောင် ဖြစ်နေတယ်ဆိုပဲ၊ မင်း မအေတွေ မောင်နှမတွေ မရှိလို့ ကိုယ်ချင်းမစာတတ်တာလား သွေးသားမဟုတ်လို့ ငါ့လို စာနာစိတ်မရှိတာလား၊ အံ့ဩစရာကော လိုက်တာ ဇာတာ ရယ်၊ ငါ မွေးရကျိုး မနပ်လိုက်တာကွာ၊ ပြုစုစော ရှောက်ထိန်းသိမ်းရကျိုး မနပ်လိုက်တာကွာ"

"အ အဖေ"

"မခေါ်နဲ့ မင်း ငါ့ကို အဖေလို့မခေါ်နဲ့ မင်းလို လူလူချ ကျည်ရိုင်းပင်းရမှန်း, စာနာထောက်ထားရမှန်း မသိ, အောက်တန်း ရိုင်းစိုင်းနေတဲ့ကောင်မျိုး ငါ သားမတော်နိုင်တော့ဘူး။ သအောက် အံ့ ဩဖို့ကောင်းလိုက်တာ"

အဖေ့ရဲ့ မချင့်မရဲရှုတ်မှုအပေါ် ဇာတာ ဒူးထောက်တော ပန်ချင်စိတ် မရှိ။

အံ့ကြိတ်ကာ ထရပ်လိုက်သည်။

အပေါ်ထပ်ကို ကမူးရှူးထိုး တက်လာခဲ့၏။

သားတစ်ယောက်ကို သည်မျှအထိပြောရက်မည်ဟု မထ





ငါ့သွေးသားမဟုတ်လို့ ငါ့သွေးသားမဟုတ်လို့ မစာနာတတ် လားတဲ့။

ငါ့သား မတော်နိုင်တော့ဘူး။ အဖေလို့ မခေါ်နဲ့တဲ့။

သားက အဖေ့သား တကယ်မဟုတ်ဘူးလား။

ဒါဆို သားအဖေက ဘယ်သူလဲ။ သားအမေက ဘယ်သူလဲ။

အဖေ ရာရာအတွက် စိတ်ပူပြီး သွေးဆူနေတာပဲဖြစ်ပါစေ။

သားက အဖေနဲ့အမေရဲ့သားပါ။

ဘယ်သူ့သားမှ မဖြစ်ချင်ဘူး။

ဒီပိုင်ဆိုင်မှုတွေအားလုံး သားသုံးဖြုန်းခဲ့သမျှငွေကြေးပစ္စည်း အားလုံး သားနဲ့သက်ဆိုင်တာပဲ ဖြစ်ပါစေ။

သားက လူဆိုးလူမိုက်၊ လူရမ်းကားတစ်ယောက်ဖြစ်နေရင် ည်း အဖေ့ရဲ့သားတစ်ယောက်အနေနဲ့ ဂုဏ်ယူခွင့်ပေးပါအဖေ။

အမရာခင် နင့်ကိုငါမုန်းတယ်။ နင်ရောက်လာမှ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တော်သေးတာပေါ့သမီးလေးရယ်၊ ဒေါ်ကြီးဖြင့်သမီးလေး
အတွက် စိတ်ပူပြီး ထိုင်မရထမရနဲ့ အရေးထဲ သူတို့သားအဖ ထိုး
ကြိတ်မယ်တပြင်ပြင်ဖြစ်နေတာကို ဖျဲရကောင်းနိုး၊ တားဆီးရကော
နီးနဲ့ ဒေါ်ကြီးလေ ကယောင်ချောက်ချားကိုဖြစ်နေရတာကွယ်၊
ဝယ်လေး မောင်ဖမ္ဘူ ဒီလိုမျိုး ဒေါသထွက်တာ၊ စိတ်ကြီးတာ မမြင်
တော့ အသည်းတုန်အူတုန် လန့်လိုက်ရတာကွယ်၊ တကာတဲပါဲ
ကြျုံဖူးပေါင်၊ ဒါနဲ့မောင်ဖတာကို သမီးလေး စိတ်နာကြည်းပြီး
ခုခုလုပ်ပစ်မယ် မှတ်နေတာ၊ မောင်ဖမ္ဘူကြောင့် သမီးလေး ကိုယ့်
ကိုယ်ထိနိုးလိုက်တာမဟုတ်လား ဟင်"





"မဟုတ်ပါဘူး"

တိုပြတ်သောစကားသံရဲ့အဆုံးက ပြင်းရှပြတ်တောက်နေပြီး
သိသာသာ အံကြိတ်လိုက်တာလည်း သတိထားမိသည်။

ဘာကြောင့်လဲဟု ထပ်မမေးရခင်မှာ အမရာခင်ရဲ့မေးကြော
တွေ တင်းရင်းထောင်ထလာကာ

"ဘယ်သူ့ကြောင့်မှ မျိုသိပ်လိုက်တာမဟုတ်ဘူး ဒေါ်ကြီး။
ကြေဒဏ်ရာတစ်ခုအတွက် အားမွေးလိုက်တာ၊ သူ့ အနိုင်ကျင့်
လို့ ငြိမ်ခံမနေဘူးဆိုတာ သူ တစ်နေ့သိရမှာပါ၊ အမရာခင်ဆိုတာ
ယ်လိုမိန်းမမျိုးလဲ သူ မကြာခင် သိကိုသိစေရမယ်ဒေါ်ကြီး"

"အငြိုးအတေးနဲ့ လက်တုံ့မပြန်ပါနဲ့ကွယ်၊ ကောင်းကျိုးပြန်
မှာလည်း မဟုတ်ဘူး သူ့ရဲ့စရိုက်ကြမ်းမှုတွေကိုတောင် ကိုယ်က
တ်တန်းကျတယ်လို့ ယူဆနေတာမဟုတ်လား၊ သူ့စိတ်မျိုး ကိုယ်
လိုက်ရင် ကိုယ်လည်း သူလိုလူ"

ဒေါ်စိန်ပု စကားမဆုံးခင် ရေခဲရေထည့်ထားတဲ့ဖန်ခွက်
လေးကို ဘေးစင်မှာသွားသွန်ပစ်၍ ဖန်ခွက်ကလေးကိုစားပွဲပေါ်မှာ
ချသည်။

ပြီးမှတော်ဘူးထဲကရေနွေးတွေ လောင်းထည့်ပစ်လိုက်ရင်း
"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး သောက်ပလုတ် ဘုရားသခင်ဇုတ်တုတ်ထိုင်"

ဖန်ခွက်က ဖျတ်ခနဲကွဲသွားရင်းက စားပွဲအောက်ကို ခွင်...ကျသွားသည်။ ရေနွေးပူတွေကလည်း ဖြုန်းခနဲ။

ဒေါ်စိန်ပုကလည်း အလန့်တကြားနှင့်က ယောင်အော်လိုက်...သည်။ အမရာခင်က ဣန္ဒြေမပျက်ထိုင်နေရင်းနှင့် အောက်နှုတ်ခမ်း...သားလေးကို ခပ်ဖိဖိကိုက်ကာ မဲ့နေ၏။

"အပူအအေးရဲ့သဟဇာတကို ဒေါ်ကြီးမြင်ပြီလား။ အအေး...ကို အအေးနဲ့ရောရင် ဘာမှမဖြစ်ဘူး၊ အပူကိုအပူချင်း ထိတွေ့တော့...လည်း ပိုပြီးပူတတ်တာကလွဲပြီး ကွဲရှမှုဆိုတာမဖြစ်နိုင်ဘူးလေ...အဲဒီလိုပဲ အပူအားကြီးနေတဲ့ ဇတာဆိုတဲ့လူကို သူလိုပဲ အပူတွေသွား...ပေးနေရင် ဒီလိုအဖြစ်အပျက်မျိုး ထပ်ဖြစ်ရုံပဲရှိမှာပေါ့၊ ဟင်း ဟင်း...သူနဲ့တန်တာ ဥပေက္ခာပဲဒေါ်ကြီး။ သူ့လိုလူစိတ်မရှိတဲ့သူကို လူလိုဆက်...ဆံဖို့လည်း မလိုဘူး။ အငြိုးအာဃာတဆိုတာ သူတစ်ယောက်တည်း...ထားတတ်တာမဟုတ်ပါဘူး။ ရာရာမှာလည်း သူ့ထက်မနည်းနိုင်တဲ့...အငြိုးတွေ၊ လက်တုံ့ပြန်လက်စားချေလိုခြင်း ဆန္ဒဆိုးတွေ ရှိတယ်...ဒါပေမဲ့ သွေးအေးတိုက်ပွဲတစ်ခုပေါ့၊ ရာရာ အနိုင်ရမယ်လို့လည်း...မထင်ပါဘူး။ အရေးကြီးဆုံးက သူနဲ့ပတ်သက်တဲ့ခံစားမှု ရာရာမှာ...ရှိမနေဖို့ပဲ၊ ရာရာ သူ့ကို မုန်းတယ်ဒေါ်ကြီး"





မုန်းတိုက်တာပဲဟု ဒေါ်စိန်ပု အားမပေးချင်ပါ။ လူငယ်တွေရဲ့...ဆိုတာ ခန့်မှန်းရခက်သားလား။

ဘယ်ဘက်ကိုမှ တိုက်တွန်းလို့မဖြစ်။ တားဆီးပိုင်ခွင့်လည်း...ထားမို့ နွားနို့ခွက်လေးယူပြီး အပေါ်ထပ်တက်သွားတဲ့ ရာရာ့ကျော...ပြင်လေးကိုငေးမောရင်းသာ သက်ပြင်းချမိသည်။ စိတ်နှလုံးနူးညံ့...ခဲ့သမီးကလေးကိုမှ ဇတာ ဘာကြောင့် စိတ်ဒဏ်ရာပေးရတာလဲ...တွေးတတ်အောင်ပင်။

"ဩော် ရာရာ လာလေ၊ ဝရန်တာဘက် ခဏ စကားပြော...အောင်၊ အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရာရာကလည်း ဦးနဲ့ စကားပြောချင်နေတာပါ"

နွားနို့ဖန်ခွက်လေးကို ဝရန်တာဘက်ထိ ယူလာခဲ့သည်။

နွားနို့ခွက်လေးကို နှစ်ယောက်ကြား ထိုင်ခုံပုလေးပေါ်တင်...လိုက်တော့ မင်းဖမ္ဘူ တန်ဖက်တိုးရွေ့၍ ရာရာမျက်နှာလေးကို စေ့စေ့...ကြည့်သည်။

"ဦး စိတ်မကောင်းပါဘူးရာရာ၊ ဘယ်လိုတောင်းပန်စကား...ပြောရမှန်းလည်း မသိတော့ဘူး"

"ဦးက အမှားကျူးလွန်သူမဟုတ်ဘဲ အဲဒီစကားမျိုးနဲ့ ရာရာ...အနေကျပ်အောင် မလုပ်ပါနဲ့ဦးရယ်၊ တကယ်တမ်းက ရာရာ ဒီအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက လိုက်မလာသင့်တာ"

"ဟာ အဲ အဲဒီလိုမပြောပါနဲ့ရာရာ၊ ရည်မှန်းချက်တစ်ခုပြည့်ဖို့ ခလုတ်ကန်သင်းအနှောင့်အယှက်ဆိုတာ ရှိကြတာပါပဲ၊ တကယ်တော့ ဦးက သားကိုမအုပ်ချုပ်နိုင်ခဲ့တာ၊ သားဆိုးတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ မဆုံးမနိုင်ခဲ့လို့ပါရာရာ၊ ဒါပေမဲ့ ဒီနေ့ကစပြီး ရာရာ့တာဝန်တွေအားလုံး ဦးတစ်ယောက်ပဲ ယူပါ့မယ်၊ သားကို မတိုင်ပင်ဘူး မကူညီနိုင်းတော့ဘူး။ ရာရာကလည်း သားနဲ့ထိပ်တိုက်မဆုံအောင် ရှောင်ပေးပါနော်"

"ရာရာလည်း အဲလိုပဲစဉ်းစားထားတာပါ၊ သူ့ကိုမျက်နှာချင်းဆိုင်ချင်စိတ်ကို မရှိတော့တာ၊ ဖအေတစ်ယောက်ကို ပြောရတာ အားတော့နာပါတယ်၊ ဒါပေမဲ့"

"ဦးနားလည်ပါတယ် ရာရာ၊ လူတစ်ယောက်ကို နှိမ့်ချဆက်ဆံတတ်တာ, အကြင်နာတရားမရှိတာ ဦးလည်းမကြိုက်ဘူး။ ဘဝဆိုတာ တစ်သမတ်တည်း မရှိဘူးမဟုတ်လား။ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်, ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်တဲ့၊ မမြဲတဲ့အရာကို ကိုယ်ပိုင်တယ်လို့တွက်နေတဲ့ သားကို ဦး ဘယ်လိုဆုံးမရမှန်းလည်း မသိတော့ပါဘူး"

မင်းဓမ္မသက်ပြင်းရှည်ကြီးက လေးပင်ပြင်းရှနေသည်။





ဒီအချိန်မှာ ပန်းရနံ့တွေကိုလည်း မခံစားနိုင်။ လေပြည်နုနုရဲ့ အရသာကိုလည်း အာရုံခံလို့မရ။

ငိုထားလို့ နီရဲမို့အစ်နေသည့် ရာရာ့မျက်လုံးလေးကိုသာ သနားကရုဏာ ဖြစ်နေမိသည်။ ပါးပြင်လေးတွေ၊ စင်းဖြောင့်နေသည့် နှာတံလေးတွေလည်း ပန်းသွေးရောင်ပြေးနေ၏။

အခုထိ ခံစားနေရဆဲလား ရာရာရယ်ဟု တွေးဖက်ကာ အသံတိုးယမေးလိုက်ချင်သည်။

"ရာရာ တစ်ခုလောက်မေးချင်တယ်၊ အမှန်အတိုင်းဖြေမလား ဟင်"

"မေးလေ ရာရာ၊ ရာရာ ဘာမေးချင်တာလဲ"

"ဇာတာက ဦးရဲ့သား အရင်းလား"

"ဟင်"

"ဇာတာအမူအကျင့် ဗီဇစိတ်ဓာတ် ဦးနဲ့ ဘာမှမတူလို့ပါ"

"ဦးကို ရာရာ ဘယ်လိုမြင်လို့လဲ"

ရာရာ အမေးစကားကိုမဖြေဘဲ ကိုယ်ကပြန်မေးလိုက်တော့ ရာရာ တစ်ချက်မျက်ခုံးပင့်ကြည့်၏။

"ရာရာမေးတာ မဖြေနိုင်လို့ ရာရာ့ကို ပြန်မေးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ရာရာရဲ့ လိမ်မာပါးနပ်မှုက အံ့ဩစရာကောင်းသည်။

သိချင်တာကို တဲ့တိုးမေးပြီး သူမ,သိချင်တာကိုလည်း စကားနာထိုးတတ်၏။ ရင်ထဲမှာ လှိုက်ဖိုမောပန်းနေသော်လည်း နှုတ်ခမ်းများကို တည်ငြိမ်အောင် ကြိုးစားနေရသည်။

"ရာရာကို လိမ်ညာပြောရမှာ ဦးအရမ်းရှက်ပါတယ် ရာရာ၊ ဒါကြောင့် ဦး အမှန်အတိုင်းပြောပါ့မယ်၊ ဒါပေမဲ့ ဒီစကားက တစ်သက်လုံးသိုဝှက်သိမ်းဆည်းထားရမယ့်, ဖုံးကွယ်ထားရမယ့်အရေးကြီးဆုံးဆိုတာ ရာရာသိထားပေးပါ၊ ရာရာ ကတိပေးမယ်လို့လည်း ဦး ယုံကြည်ပါရစေ"

"ရာရာကို မယုံကြည်ရင် ဘာမှ မပြောပါနဲ့ ဦး"

"ဟို အဲ အဲသလိုမဟုတ်ပါဘူး ရာရာ၊ ဦးအတွက် အသက်လောက်အရေးကြီးတဲ့ကိစ္စမို့ပါ၊ သားက ဦးတို့ရဲ့သားမဟုတ်ဘူးဆိုတာ ဒီကမ္ဘာပေါ်မှာ လူသားသုံးယောက်ပဲသိတယ်၊ ဦးရယ်, ဦးမိန်းမရယ်, သားအဖေရယ်ပေါ့"

"ဟင်"

ဟင်ခနဲဖြစ်သွားသော်လည်း အံ့ဩဟန်မပြဘဲ လက်သည်းချင်းကုတ်ခြစ်လျက် ဦးဖမ္ဘူမျက်နှာကို မော့မကြည့်မိအောင် ကြိုးစားနေလိုက်ရသည်။





"တကယ်တော့ သားအဖေက အရက်သမား၊ ဘိန်းစားလူ...ိုက်တစ်ယောက်ပါ၊ ပတ်သက်ဖို့အကြောင်း ဖန်လာတာက ဆေးရုံ...တစ်ရုံရဲ့ မနီးမဝေးမှာ ဦးရဲ့မိန်းမ နလုံးရောဂါနဲ့ ဆေးရုံတက်နေရတဲ့ ...အချိန်ကပေါ့၊ ဦးက ဦးမိန်းမ,ရှိတဲ့ ဆေးရုံကို ရုံးဆင်းခါနီးမှ အစည်း...အဝေးလုပ်နေရလို့ နောက်ကျပြီးရောက်လာတဲ့တစ်နေ့"

အတိတ်အကြောင်းပြောဖို့အားယူနေတဲ့ ဦးမင်းဖမ္ဘူမျက်နှာ... ညို့ညို့မှိုင်းမှိုင်း။

လွမ်းဆွေးတမ်းတနေတာလားဆိုတော့လည်း အဲဒီအဓိပ္ပါယ်...မဟုတ်။

ဒါဖြင့် ဘာလဲ။ နာကျင်နေတာလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အုဝဲ အုဝဲ အုဝဲ"

"ဟာ ဟိတ်လူ ဘာလုပ်တာလဲ၊ ဒါ ဘာလုပ်တာလဲ"

ကားပါကင်မရောက်ခင် ဆေးရုံထောင့်မှာ ကားကိုထိုး...ကာ ကားပေါ်က အလျင်အမြန်ဆင်းလိုက်ရသည်။

အမှောင်ရိပ်ကလူက ကလေးကို ဒီအတိုင်းချထားလျှ...ထွက်ပြေးဖို့ပြင်၏။

ထိုလူရဲ့ အင်္ကျီရင်ဘတ်စကို ဆောင့်ခနဲဆွဲကာ တွန်း...လိုက်တော့ ဖင်ထိုင်လျက်လဲသွားပြီး တော်တော်နှင့် ပြန်မထနိုင်...ကလေးကလည်း ငိုလို့ကောင်းနေဆဲ။





"ဟိတ်လူ ဒီကလေးက ဘယ်သူ့ကလေးလဲ၊ ဘာလို့ ဒီ...နှာလာချထားတာလဲ၊ ပြော၊ မပြောရင် လုံခြုံရေးခေါ်လိုက်မယ်...ိုင်လိုက်မယ်"

ထိုလူ ဝရုန်းသုန်းကားနှင့် ဒယီးဒယိုင်ထကာ သူ့ကိုရှိခိုး...င်ဖြစ်နေသည်။

"မ မလုပ်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ ဒါ ဒါ ကျွန်တော့်...ေလးပါ၊ ကျွန်တော့်မိန်းမက ဒီကလေးကိုမွေးပြီးပြီးချင်း ဆုံး...ာတာပါဗျာ၊ ကျွန်တော်က အလုပ်အကိုင် မယ်မယ်ရရမရှိ အရက်...သောက်ရင် မနေနိုင်နဲ့ ဒီကလေးကို ကျွန်တော် ဘယ်လိုမွေးမလဲ"

"ခင်ဗျားဗျာ ဘာပဲဖြစ်ဖြစ် ဒီကလေးကို ဒီအတိုင်းထားခဲ့...ဘယ်ဖြစ်မလဲ၊ မွေးပေးတဲ့ ဆရာ,ဆရာမတွေကို အကျိုးအကြောင်း...ပြောပြီး အပ်ထားခဲ့ရမှာပေါ့"

"ဒီ ဒီလိုပါ ဆရာ၊ ကျွန်တော့်မိန်းမက ဒီဆေးရုံမှာ မွေး...တာမှ မဟုတ်တာ၊ အိမ်မှာ အရပ်လက်သည်နဲ့ မွေးတာပါ၊ ကျွန်...တော့်မိန်းမဆုံးတာ နှစ်ပတ်လောက်ရှိပါပြီဆရာ၊ ဒီကြားထဲမှာ သား...ေလးကို ကျွန်တော်အတတ်နိုင်ဆုံး မွေးပါသေးတယ်၊ ဒါပေမဲ့ ဆေး...သောက်ရရင်လည်း မနေနိုင်တဲ့ ကျွန်တော်က ဆေးထတဲ့အချိန်တိုင်း...သားလေးကိုသတ်မယ် တကဲကဲလုပ်မိနေပါတယ်၊ ကျ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလည်း ကျွန်တော့်စိတ်ကြောင့် ခံရတာထင်ပါတယ် ဆရာရယ်"

ညစ်နွမ်းစုတ်ပြတ်နေသော လူက အီးခနဲငိုချသည်။ ကလေးက လက်ကလေးစုပ်ကာ တပြွတ်ပြွတ်နှင့် ငြိမ်သက်နေ၏။

"ကဲ ခင်ဗျား ပြောစရာရှိရင် မြန်မြန်ပြော၊ ကျွန်တော့်မှာလည်း လုပ်စရာတွေရှိသေးတယ်"

"ဟုတ် ဟုတ်ကဲ့၊ အဲဒါကြောင့် ကျွန်တော့်သားလေးကို စွန့်ပစ်ဖို့ ကြိုးစားရတာပါဆရာ၊ ပြီးတော့ ဒီလိုနေရာမျိုးမှာဆိုရင် သားလေးကို ပညာတတ်တဲ့ ချမ်းသာတဲ့သူတွေနဲ့တွေ့နိုင်မလားဆိုတဲ့ အတွေးနဲ့ လာ လာထားတာပါ"

လူမိုက်လူပေတစ်ယောက်ပင်ဖြစ်လင့်ကစား မိဘမေတ္တာတော့ ရှိပါသေးလားဟု သူနားလည်လိုက်ရသည်။

ကလေးမရနိုင်တော့တဲ့ နုလုံးရောဂါသည် ဖနီးဆီကိုလည်း အတွေးတွေက ယောက်ယက်ခတ်ရောက်သွားပြန်၏။

"ခင်ဗျား ဒီကလေးကို တကယ်စွန့်ပစ်နိုင်သလား"

"ဟုတ်ကဲ့ ကျွန်တော့်လက်ထဲမှာဆိုရင် သားလေးက သေမှာနဲ့ ပျက်စီးမှာ နှစ်ခုပဲရှိပါတယ်ဆရာ၊ ကျွန်တော် ဆုံးဖြတ်ပြီးမှ ထွက်လာတာပါ"

"ကောင်းပြီ ကျွန်တော် မွေးစားလိုက်မယ်၊ ခင်ဗျားအတွက်





ထုံးစရိတ်လည်း ပေးလိုက်မယ်၊ ဒါပေမဲ့ ကျွန်တော် ဘယ်သူလဲ၊ သိတယ်လဲ၊ ဘာလုပ်တာလဲဆိုတာ ခင်ဗျားသိစရာမလိုဘူး။ ခင်ဗျား ထက်က နောက်ထပ်အကြောင်းတရားတွေလည်း ကျွန်တော် မသိချင်တော့ဘူး။ ဖြစ်တယ် မဟုတ်လား"

"ဖြစ် ဖြစ်ပါတယ်ဆရာ၊ ဆရာ့ကိုမြင်ရုံနဲ့ လူချမ်းသာမျိုးထဲကဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော့်သားလေး ကံကောင်းမယ်လို့လည်း ယုံကြည်ပါတယ်၊ ကျွန်တော့်သားလေး ကံဇာတ်ထက်လာပြီပေါ့"

"အိုကေ၊ ဒါဆို ဒီငွေနှစ်သိန်းယူသွား။ ခင်ဗျား နောက်ပြန်မကြည့်နဲ့တော့၊ ကျွန်တော် ကလေးခေါ်သွားတော့မယ်"

ကုတ်အင်္ကျီထဲက ငွေနှစ်သိန်းထုတ်ပေးလိုက်တော့ ထိုလူသူ့ကိုထိုင်ပြီးရှိခိုးနေတာ မပြီးနိုင်တော့။

ပြီးတော့ သူ့သားလေးကိုတစ်ချက်နမ်းပြီး သုတ်ခနဲ ပြေးထွက်သွားလိုက်တာလည်း အမြီးတောင်မမြင်ရတော့။ သူလည်း အိပ်ပျော်နေတဲ့ကလေးကို ကားထဲထည့်၍ အိမ်ကိုလှည့်ပြန်ခဲ့ရသည်။

အိမ်ပြန်ရောက်မှ ဆေးရုံမှာ သက်သာစပြုနေတဲ့ မိန်းမဆီ အကြောင်းစုံ ဖုန်းဆက်ပြောလိုက်ရလေ၏။

မိန်းမက ထခုန်မတတ် ဝမ်းသာနေပြီး ဆေးရုံကအမြန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်ဟု ပူဆာ၏။

နစ်ရက်လောက်နေတော့ ဒေါင်ဒေါင်မြည်ကာ ပြန်ဆင်း လာသည်။ သားလေးမျက်နှာကိုမြင်တော့ တရှုပ်ရှုပ်နှင့် နမ်းရှိုက်နေတာ မပြီးနိုင်။

ချစ်လို့မဝ၊ နမ်းလို့မဝ၊ ပျော်ရွှင်လို့မဆုံးနှင့် ကျန်းမာရေး ကောင်းနေခဲ့သည်။ သားဝေယျာဝစ္စမှလွဲ၍ ကျန်တဲ့ကိစ္စတွေလည်း စိတ်မဝင်စားတော့။

သူတို့အိမ်လေးက သားလေးကြောင့် ဟိုအရင်ကထက် ပြည်လာသည်။ ကြင်နာနွေးထွေးမှုတွေနှင့် တကယ့်မိသားစုလေး အတိုင်း။

အချိုမြိန်ဆုံး ဆည်းလည်းသံလေးရဲ့နာမည်က ဇေတာ။

✿ ✿ ✿



## အခန်း (၁၇)

"ကိုယ်တို့ အကောင်းဆုံးစဉ်းစားဆုံးဖြတ်ရတော့မယ် ချို"

"ဘာကိုလဲ ကို"

"သားလေးရှေ့ရေးပါ၊ ဒီ အိမ်မှာရှိတဲ့ ဝန်ထမ်းတွေအားလုံး သားလေးက ကိုယ်တို့ရဲ့မွေးစားသားဆိုတာကို သိနေကြတယ်၊ တော့ သားလေးအရွယ်ရောက်လာရင် သူတို့တွေကြောင့် မွေး သားဆိုတာ သားသိသွားနိုင်တယ်"

"ဟင် ဟုတ်သားပဲ၊ အဲလိုဆိုရင် ဘာလုပ်ကြမလဲ ကို"

အမေးစကားက မျက်နှာငယ်လေးနှင့် ညှိုးနွမ်းနေသည် စိတ်ပျာပျာနှင့် သားလေးကိုလည်း တင်းနေအောင်ပွေ့၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



လည်း သက်ပြင်းရှည်ကြီးချကာ ဖနီးနှင့်သားကိုတွေးဖက်လိုက်သည်

"ကိုယ်တို့ နိုင်ငံခြားမှာ ခဏလေးသွားနေကြမယ် ချို ဒီအိမ်က အလုပ်သမားတွေကို သုံးလစာပေးပြီး အလုပ်ထုတ်လိုက် မယ်"

"ဟင် ကို့အလုပ်က ဒီမှာလေ၊ ဟိုမှာ အကြာကြီးဘယ် လုပ်ဖြစ်မှာလဲ၊ ပြီးတော့ အားလုံး သံသယကင်းပါ့မလား"

"ကိုယ် သွားလိုက်,ပြန်လိုက်လုပ်မယ်ချို၊ သားလေးကို ဆိုကိုရောက်နေတာ ဒီအိမ်မှာရှိတဲ့လူကလွဲပြီး ဘယ်သူမှမသိ ဘူး။ ချို ကျန်းမာရေးကြောင့် နိုင်ငံခြားမှာ ဆေးသွားကုတယ်၊ လာတော့ ကလေးရလာတယ်၊ အဲဒီသဘောသက်ရောက်အော ကိုယ်တို့ကြိုးစားရမှာပဲ ချို၊ ကိုယ် အိမ်က,အလုပ်သမားတွေကို သ စာနာချင်ပေမယ့် အဲလိုမဆုံးဖြတ်လို့ မဖြစ်တော့ဘူး"

"အဲဒီအတွက်တော့ စိတ်မကောင်းမဖြစ်ပါနဲ့ကို၊ သူတို့ လခသုံးလစာ ပေးလိုက်မယ်ဆိုရင် သူတို့ဝမ်းသာကြမှာပါ။ ပြီး တခြားအလုပ်ရှာ လုပ်ကြမှာပေါ့၊ ကို့အစီအစဉ် ကောင်းပါတယ် အဲဒီအတိုင်း အမြန်ဆုံးအကောင်အထည်ဖော်လိုက်ပါကို"

ထိုဆုံးဖြတ်ချက်အတိုင်း ရက်ပိုင်းအတွင်း နိုင်ငံခြားထွ နိုင်အောင် တက်သုတ်ရိုက်စီစဉ်ရသည်။ သားလေးအပေါ်ထားမိသော





တနာမေတ္တာတရားကြောင့် အရာအားလုံး ပိပိရိရိ သိုသိုသိပ်သိပ် ဆင်ပြေသွားခဲ့သည်။

မြန်မာပြည် ပြန်ရောက်တော့လည်း သားလေးရဲ့ တစ်နှစ် ည့်မွေးနေ့နှင့် အားလုံးကို မိတ်ဆက်ပေး အသိအမှတ်ပြုခံခဲ့သည်။

တကယ်အမှန်အတိုင်းဆို သားလေးရဲ့အသက်က တစ်နှစ် ငှ် လေးလ။ နိုင်ငံခြားကအပြန်နှင့် သေချာအောင် လိမ်ညာခဲ့ရတာ။

အသိမိတ်ဆွေ အပေါင်းအသင်းတချို့က ချို့ရဲ့နလုံးရောဂါ ကြောင့် သားသမီးမရနိုင်တော့ဘူး ထင်ထားရာမှ နိုင်ငံခြားကအပြန် သားလေးတစ်ယောက်ရလာခဲ့၍ အားလုံး ဝမ်းသာပေးကြသည်။ ပျော် ချယ်ယူခဲ့ကြသည်။ ကလေးက အသက်နှင့်မလိုက် ကြီးထွားသန် လှချည်လားဟု ချီးမွမ်းစကားပြောကြသည်။

ဖမျူတို့လင်မယားနှစ်ယောက်လုံးက ပြုံးပြုံးကြီးနှင့် ကျေနပ် လိုက်ကာ သားလေးအပေါ်လည်း ပိုးမွေးသလိုမွေး၍ ဂရုစိုက်ခဲ့ ကြသည်။

ဖြူဖွေးဝကစ်နေသော သားက သူတို့နှင့်ရေစက်ပါလို့ ထင် ရဲ့၊ ချိုနှင့်တူသလိုလို၊ သူနှင့်တူသလိုလို။

"ဟွန်း ချို့သားလေးက ချိုနဲ့တူတာပါနော်၊ မျက်လုံးလေးတေ ရွှန်းဝိုင်း၊ နှာတံလေးက စင်းစင်းနဲ့ ပြုံးလိုက်ရင် ပါးချိုင့်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က ထင်းလို့"

"အောင်မာ မျက်နှုံးကောင်းတာ, ဆံပင်သန်တာ, နှတ်… လှတာ ကိုယ်နဲ့တူတာပေါ့ကွ၊ နောက်တစ်မျိုးတူတာလည်း ရှိသေး တယ်"

"ကိုနော် အရမ်းညစ်ပတ်တယ်"

"အာ ချိုရယ် နာလိုက်တာ၊ သားလေးရေ သားဖေကြီး… ဖေကြီးကို ဗိုက်ခေါက်လိမ်ဆွဲနေတယ် သားရဲ့၊ ဖေကြီးကို အနိုင်… ကျင့်နေလို့ ပြောပေးပါဦးကွယ်၊ သားလေးရ မေကြီးကို ရိုက်လို… ရိုက်လိုက်၊ အေး ဟုတ်ပြီကွ၊ ရိုက်လိုက်"

ဗိုက်ခေါက်ဆွဲလိမ်လိုက်တဲ့ ချို့လက်ဖဝါးလေးကို သားလေး က တဖတ်ဖတ်ပြန်ရိုက်ပေး၏။

ချိုက သားလေးကိုပွေ့ဖက်နမ်းရှုပ်ပြီး သူ့ကိုမျက်စောင်း… သည်။

"ကိုနော် မိဘကို အဲလိုပြန်လုပ်တတ်အောင် မြှောက်ပေး… ရဘူး။ လူဆိုးလူမိုက်ဖြစ်တဲ့ကလေးတွေက မိဘကသွန်သင်ဆုံးမ… လွဲမှားလို့လို့ ပြောကြတယ်၊ ချိုလေ သားလေးကို အရမ်းလိမ္မာ… တတ်တဲ့ ပညာတတ်လူယဉ်ကျေးလေးဖြစ်စေချင်တယ်၊ ချိုတို့… ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေက သားလေးတစ်သက် စားမကုန်ဘူး…





…တော့ သားလေး ငွေရှာစရာမလိုဘူး။ ချိုတို့အတွက် စိတ်ချမ်းသာမှု …နိုင်တယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

ထိုမျှော်လင့်ချက်တွေနှင့် သားလေးအသက် ဆယ့်လေးနှစ် …ရွယ်ထိ နှလုံးရောဂါဝေဒနာကို ချို ကြံကြံခံရင်ဆိုင်နိုင်ခဲ့သေးသည်။

တဖြည်းဖြည်းအရွယ်ရလာတဲ့ သားရဲ့ သွန်သင်ဆုံးမလို့မရ …တဲ့ အမူအကျင့်တွေ၊ ဂျစ်ကန်ကန် ဗိုက်တီးမိုက်တန်း ဇီဇလေး …ကြောင့် စိတ်သောကဖိစီးလာခဲ့တာလည်း ဖြစ်လိမ့်မည်။ ပြီးတော့ …ယ်ရွယ်ရွယ်နဲ့ သုံးတတ်ဖြုန်းတတ်၊ ညည်းစားထားတတ်တာတွေ …လည်း ချိုက ပူပင်သောကရောက်နေတတ်၏။ သားကြောင့် …သက်ရှည်ခဲ့သလို သားကြောင့် အသက်တိုခဲ့သည်ဆိုကလည်း …ည် မထင်။

ဒါပေမဲ့ သားကိုချစ်သောစိတ်၊ စိုးရိမ်စိတ်နှင့် ချို အသေမ …ကြောင့်ခဲ့။ သားကို သူမလို့ အလိုလိုက်၊ ဂရုမစိုက်မှာကို စိတ်မချဖြစ် …ခဲ့သည်။

သူအတန့်တန် ကတိပေးမှ နောက်ဆုံးတင်းစွာ သူတို့သား …ကိုထားရစ်ခဲ့တာဖြစ်သည်။

ခုတော့ ချိုပြောသလို သူတို့သွန်သင်ဆုံးမမှုလွဲမှားလို့ သား …လွဲလိုက်နေတာဟု သတ်မှတ်ရမလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးပစ္စည်းဥစ္စာကိုလည်း တန်ဖိုးမထား။ မိန်းကလေးတွေအပေါ်လည်း တန်ဖိုးမထား။

မိဘအပါအဝင် ဘယ်အရာကိုမှ တန်ဖိုးထားရမှန်းမသိတော့။

ဒီအခြင်းအရာတွေရဲ့ ဇစ်မြစ်က သူတို့လိုမိဘတွေရဲ့ အပြစ်လား။ မှားယွင်းမှုလား။

တိုမေးခွန်းမျိုးမေးလာလျှင် သူ အလျှင်အမြန် ခေါင်းယမ်းပြလိုက်ဖို့ အသင့်ပင်။

မျိုးရိုးဗီဇကြောင့်။

ပင်ကိုအကျင့်စရိုက် ညံ့ဖျင်းလို့။ စိတ်ဓာတ်အင်အား ချို့တဲ့လို့။ ကိုယ်ချင်းစာစိတ်ပြည့်ဝမှု မရှိလို့။

ဒါတွေက အဓိက မဖြစ်နိုင်ဘူးလား။

တိုက်တွန်းမှုကြောင့် ယိုင်လဲနေရင် ဘယ်မှာခိုင်ခံ့မှုရှိတော့မှာလဲ။ ကိုယ့်ကိုယ်ကိုယ်တည်မတ်နိုင်တဲ့သူမျိုးကမှ။

✿ ✿ ✿



## အခန်း (၁၈)

"အဲသလိုလူမျိုးကမှ တန်ဖိုးရှိတဲ့လူလို့ ဦးကပြောချင်တာလား"

အတိတ်ကအကြောင်းတွေ ရင်တနင့်နင့် ပြန်ပြောပြနေမိတဲ့ သူ့စကားအဆုံးမသတ်ခင်မှာ ရာရာက သူမ,သိချင်တာကို ဖြတ်မေးလိုက်သည်။

အာခြောက်လာတဲ့ သူက အေးစက်နေပြီဖြစ်သော နွားနို့ခွက်လေးကို တစ်ကျိုက်တည်းမော့သောက်ပြီးမှ ရာရာ့ကို ခပ်ရှုးရှူး လေး ပြန်ကြည့်မိ၏။

"ရာရာက အတွေးအခေါ်ရင့်ကျက်ပြီးသားပါ။ တန်ဖိုးဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို ခွဲခြားပိုင်းဖြတ်တတ်မယ်လို့ ထင်ပါတယ်၊ ဒါပေမဲ့ ရာရာ
မိဘနေရာရောက်လာတဲ့သူတွေက မကောင်းမှန်းသိလည်း ရှုံ့
လို့ မရတော့ဘူး။ မှားနေမှန်းသိရက်နဲ့လည်း အာဃာနဲ့ အမိန့်မ
ချင်တော့ဘူး။ တစ်နေ့နေ့ သိတတ်လာပါလိမ့်မယ်ဆိုတဲ့ မျှော်
ချက်နဲ့ သားလေးအပေါ် မေတ္တာမပျက်နိုင်ဘူးလေ၊ သားက ထော
တန်းကျနိုင်တဲ့အထိ မိုက်နေတာလည်း မဟုတ်တော့"

"ဇာတ်အဖြေရင်းကိုလည်း ဦးတို့ ခုချိန်ထိ မတွေ့ရသေ
ဘူးပေါ့"

"ဆိုပါတော့၊ ရှင်လျက်နဲ့ မတွေ့ရတာတော့ မဖြစ်နိုင်ဘူ
သက်ဆိုးမရှည်တဲ့သူဆိုတော့ အသက်ရှင်လျက် ရှိချင်မှရှိလိမ့်မယ်
အဲဒီအချိန်ကတည်းက လူက ယဲ့ယဲ့လေးပဲ လဲပြိုယိုင်နဲ့နေတာ၊
ကယ်လည်း သူ့လက်ထဲမှာနေရင် သားလေးဘဝက အကောင်း
တိုင်း ဖြစ်မှာမဟုတ်ဘူး။ တကယ်ကို သနားလွန်း၊ ချစ်လွန်း
မွေးစားလိုက်တာ"

"နောင်တရနေတာလား ဦး"

"ဟင့်အင်း၊ သားနဲ့ပတ်သက်ပြီးတော့ ခုချိန်ထိ နောင်တ
ရသေးပါဘူး။ ပြောဆိုဆုံးမသမျှ နားမထောင်တာကလွဲရင်ပေါ့၊ သာ
ကို ဦးတို့လင်မယားနှစ်ယောက်လုံးက အဆင့်အတန်းမြင့်မားတဲ့

ယောက်ဖြစ်စေချင်တယ်၊ ပညာတတ်ကြီး၊ လူလိမ္မာကြီး ဖြစ်စေ
တယ်"

"ဖြစ်လိမ့်မယ်လို့ရော မျှော်လင့်နေသလား ဦး"
ဒင်းကြောင့် ခံစားရသမျှ နာနာကျင်ကျင်ပဲ မေးလိုက်မိ
ည်း ဦးဖမ္မူက ယဲ့ယဲ့လေးပြုံး၏။

"မဖြစ်လည်း သားက ဦးရဲ့သားပဲလေ၊ အခု ဦးပြောခဲ့မိ
အတွက်တောင် စိတ်မကောင်းဖြစ်နေပြီလား မသိဘူး။ ဦး
ည်း စိတ်မကောင်းပါဘူး ရာရာရယ်၊ ရာရာ့ကိုလည်း ဦး အားနာ
ယ်၊ ဘာပဲဖြစ်ဖြစ် သားကိုသည်းခံပေးပါလို့ ဦး မတောင်းဆိုပါ
ရာရာပြောသလို ဥပေက္ခာပြုထားလိုက်ပါ၊ သူနဲ့ပတ်သက်ပြီး
ခံစားပါနဲ့၊ သူ့ကို မျက်လုံးထဲ၊ အတွေးထဲ ထည့်မထားရင်
စိတ်သက်သာတာပေါ့"

"ဟုတ်ကဲ့၊ ရာရာကို အခုလို ရှေ့ရိုက်ပြီးအားပေးတာ ကျေး
ပါတယ်ဦး။ ဦးသာ ရာရာဘက်က ရပ်တည်မှုမရှိဘူးဆိုရင်
ဒီမှာနေဖို့တောင် စိတ်မကူးတော့ဘူး၊ ဟိုမှာလည်း နေဖို့
အဆင်ပြေတာပဲ မဟုတ်လား။ ပင်ပန်းဆင်းရဲပေမယ့် အမေနဲ့
လေးနဲ့ အတူတူနေရတာ ရာရာ စိတ်ချမ်းသာတယ်"
ဦးဖမ္မူ ပျာပျာသလဲဖြစ်သွားကာ ရာရာ့လက်ကလေးကို

www.burmeseclassic.com



ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"ရာရာ ဘာအတွက်နဲ့မှ ရည်ရွယ်ချက်တွေ လမ်းကြောင်း မပြောင်းပါစေနဲ့ကွာ၊ ရာရာ့ဘဝလေးကို ဦးကူညီပါရစေ၊ မနေ့ကလိုက စုံစမ်းဆိုင်းထားတဲ့ သင်တန်းကိစ္စ မနက်ဖြန်ဆို သိရပါပြီနော် ရာရာ ဦးပြောတာ နားလည်ရဲ့လား"

စိုးရိမ်တကြီးပြောနေတဲ့ အသံက အက်ရှနေသည်။ မျက်ဝန်း ညိုညို့ထဲက ကြင်နာမှုတွေ ရွှန်းစိုအရည်လဲ့နေ၏။

မင်းဇမ္ဗူလက်ထဲက သူမလက်ကလေးကို ရုန်းထွက်ဖို့ အား ကြောင့် မေ့လျော့နေရတာလဲ။

လေပြည်နုနုကြောင့် ခပ်စိမ့်စိမ့် အေးစက်နေခြင်းကိုလည်း ဂရုမပြုနိုင်။ ရင်ထဲမှာ လှိုက်ဖိုလျက်။ ရှိန်းမြမြနွေးထွေးနေတာ အဲ သက်သက် ခံစားမှုကြောင့်များလား။

"ဆော်ရီး ရာရာ၊ ဦး သတိလက်လွတ်ဖြစ်သွားတယ်။ ရာရာ အနားယူလိုက်တော့လေ၊ တစ်နေ့ကုန် ပင်ပန်းလာတာ မော လား"

"ဟုတ်"

တစ်လုံးတည်း တိုးသဲ့သဲ့လေးပြောကာ ရာရာ နွားနို့ခွက် ကိုင်ပြီး ထရပ်လိုက်သည်။ ဦးမင်းဇမ္ဗူအခန်းထဲက အတွင်းတံခါး





ကို မသွားတော့ဘဲ တိုက်အပေါ်ထပ်ဝေးကပတ်၍ ကြောင်လိမ်လှေ ကားအတိုင်း ဆင်းလာခဲ့၏။ လှေကားထစ်အဆုံး ညာဘက်အခြမ်း ထပ်ကတ်ဘောကွင်းလေးနားမှာ လူရိပ်တစ်ရိပ် မြင်လိုက်သော် လည်း နောက်လှည့်မကြည့်တော့ဘဲ အောက်ထပ်တိုက်ခန်းတွင်းကို သို့ရတဲ့ နောက်ဖေးဝင်ပေါက်ကနေ သူမတိုက်ထဲ ပြန်ဝင်လာခဲ့ သည်။

သူမအခန်းထဲကိုရောက်မှ ခုတင်ပေါ်မှာ ဘေးစောင်းလေး လှဲ၍ မျက်စိကို စုံမှိတ်ထားလိုက်သည်။

ဒါပေမဲ့ အိပ်လို့မပျော်တော့မှာလည်း သေချာနေ၏။

အာရုံထဲမှာ အကြင်နာကြီးတဲ့ ဦး မျက်ဝန်းတွေကိုသာ မြင် နေမိခြင်းက သွေးရိုးသားရိုး ဖြစ်နိုင်ပါ့တော့မလား။

လူပျိုလူလွတ် မဟုတ်ဘူး။ အိမ်ထောင်ရှိပြီးတဲ့ မုဆိုးဖိုတစ် ယောက်ဆိုတဲ့ စည်းတစ်ခုကလည်း သူမစိတ်တွေ ယိမ်းယိုင်တွေဝေ ခြင်း ထိန်းချုပ်ခြင်းမရှိတော့ ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိတာ အမှန်ပင်။

ဘယ်အရာက ချည်နှောင်ဖို့ ကြိုးစားနေပါသလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒီလိုနှင့် နောက်ရက်မှာ ဦးမင်းဇမ္ဗူက သူမကို အဆင့်အတန်းမြင့်တဲ့ သင်တန်းတစ်ခုကို လိုက်လံအပ်ပေးခဲ့သည်။

ကားပေါ်ကဆင်းဆင်းချင်း ဦးမင်းဇမ္ဗူနှင့် သူမကို ဘယ်လိုထင်မြင်ယူဆနေကြသည် မသိ။

သင်တန်းသူသင်တန်းသားတွေအားလုံး သူမတို့ကို ငိုင်းကြည့်နေကြသည်။ တီးတိုး တီးတိုး သဖန်းပိုးလုပ်နေတဲ့သူတွေ မေးငေါ့လက်တို့ အတင်းအဖျင်းပြောနေတဲ့သူတွေကို သတိထားမိလိုက်၏။

ရာရာ ဂရုမစိုက်ပါ။





လူဆိုတာ ကိုယ့်အကြောင်းနှင့်ကိုယ်၊ သူ့အကြောင်းနှင့်သူ အသိမ်းကျင်ကို နေရာတကာ ဂရုစိုက်နေလျှင် အသက်ရှူဖို့တောင် အချိန်အရေးရှိမှာ မဟုတ်။

ဦးဇမ္ဗူက ရာရာထက် အသက်ကြီးပေမယ့် နုပျိုဖျတ်လတ် သည်ငြိမ်ခန့်ညားသူမို့ မနာလိုတဲ့သူလည်း ရှိချင်ရှိမည်။ စပွန်ဆာ သား ဘာလားညာလား အပုတ်ချချင်သူတွေလည်း ရှိချင်ရှိမည်။ ဘယ်လိုပဲထင်ထင် သင်တန်းမှာရှိတဲ့သူတွေအားလုံးကို သင်တန်းချိန် တစ်ချိန်လုံး သတိမထားမိအောင် ဂရုမစိုက်မိအောင် မင်သေသေ အေးတည်တည်ပဲ နေလိုက်သည်။

သင်တန်းဆင်းချိန်ရောက်တော့လည်း ဦးဇမ္ဗူကားလေးက ချောခနဲ ရောက်လာတာမို့ အဆင်သင့်ပင် ပြုံးပြုံးလေးကားပေါ်တက် လိုက်ခဲ့၏။

"ရာရာ တစ်ခုခုစားဦးမလား၊ ဗိုက်ဆာနေမှာပေါ့"

ကားမောင်းရင်းနှင့် ဦးဇမ္ဗူပြောတော့ ရာရာ ရှုံ့ရှုံ့မဲ့မဲ့လေး ဆိုမြန်မြန် ခေါင်းညိတ်ပြလိုက်သည်။

"အဟင်း ဗိုက်ဆာတာပေါ့ဦးရဲ့ မနက်က သင်တန်းစအပ် မှာဆိုပြီး အိမ်က အစောကြီးထွက်လာခဲ့ရတာ၊ ဘာမှ စားမလာခဲ့ရ ဘူး နောက်နေ့ကျရင်တော့ တစ်နာရီကနေ လေးနာရီ ပုံမှန်ပဲတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ထမင်းတစ်ခါတည်း စားလာလို့ရတယ်"

"ဟုတ်ပါပြီ ကဲ ရာရာ ဘာစားချင်လဲ ဘယ်ဆိုင်မှာရပ်ရ မလဲ ပြော"

"ဩော် အဆင်ပြေတဲ့ဆိုင်မှာ နည်းနည်းပါးပါးစားလို့ရရင် တော်ပါပြီ အိမ်ရောက်ရင် ဒေါ်ကြီးစိန်ချက်တဲ့ထမင်းကို စားလိုက် မှ အားရမှာ"

ရာရာဘက်လှည့်ကြည့်ကာ မင်းဖမျှ ပြုံးလိုက်မိသည်။ ရာ က ကလေးဆန်သလို အပြစ်ကင်းသည်။ ဂျစ်ကန်ကန်မာကျော နှင့် လေးနက်တည်ငြိမ်သိတတ်နားလည်သူလေးဟု မင်းဖမျှ ယူဆ ၏။

သားထက် စိတ်ခတ်ပိုင်းဆိုင်ရာ အဆင့်အတန်း မြင့် တာလည်း အမှန်ပင်။

အတွေးကို အဆုံးသတ်ပြီး ကြေးအိုးဆိုင်ရှေ့မှာ ကား ရပ်လိုက်ကာ

"ရာရာ အိမ်ရောက်မှ ထမင်းစားချင်တယ်ဆိုရင် ကြေး ပဲ သောက်လိုက်နော်"

ရာရာက ယောင်တောင်တောင်နှင့် သူ့ကနောက်ကလိုက် ၏။





"ညီလေး ကြေးအိုးတစ်ပွဲ"

"ဟင် ဦးက ဘာမှ မမှာဘူးလား"

"ဒီနေ့ ကုမ္ပဏီမှာ အစည်းအဝေးရှိတယ်လေ၊ ဦးတို့ ကုမ္ပ ဏီက အစည်းအဝေးလုပ်ရင် အစားအသောက်လေးပါ တစ်ခါတလေ ထတ်တယ်၊ အဲဒါ ဦး စားလာခဲ့လို့၊ ရာရာစားတာပဲ ထိုင်ကြည့်မယ် လေ။ မကောင်းဘူးလား"

ဦးဖမျှရဲ့အပြုံးကြောင့် ရာရာ ငေးခနဲဖြစ်သွားသည်။

နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထူထူထဲထဲမရှိ၊ စိမ်းညို့ညို့ ရလေးသော ထင်လျက်။ ဆံပင်တိုတိုလေးကို နောက်လှန်ဖြီးသင် ထားတာက မဟာနဖူးနှင့် ယောကျ်ားပီသနေသည်။

နက်ခ်တိုင် ကော်ဖီရောင်လေးနှင့် ကုတ်အင်္ကျီအနက်ရောင် ပိုင်းသိပ်အဖြူတွဲဖက်ဝတ်ဆင်ထားသော ဦးဖမျှက ရှင်းသန့်ကာ ကြည့်လွန်းနေ၏။

"ရာရာ ဘာကြည့်နေတာလဲ၊ စားလေ"

"ဩော် အင်း ဟုတ် ဟုတ်ကဲ့"

ထစ်ငေါ့စွာ ရာရာ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။

ကြေးအိုးငုံသောက်နေသော ရာရာကို မင်းဖမျှ ငေးငေး ကြည့်နေမိသည်။ ဒီမိန်းကလေးအပေါ် လိုအပ်တာထက် ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



အလေးထားနေမိတဲ့ ကိုယ့်စိတ်ကို အံ့သြနေမိ၏။ ချိုဆုံးပြီးကတည
က ထိန်းသိမ်းသိုဝှက်ထားနေလာခဲ့တဲ့ သူ့နှလုံးသားက ရာရာနှင့်
နီးကပ်ကပ်နေလာရမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သတိယ
လွတ်ဖြစ်ဖြစ်သွားတဲ့အပေါ်မှာလည်း မသင့်တော်ဘူးဆိုတဲ့အသိ
ပြန်ပြန်ထိန်းနေရသည်။ တကယ်ဆို ရာရာက သားနှင့်မှ သက်တူ
တူ။ သူနှင့်ဆိုလျှင် အသက်ဆယ့်ငါးနှစ်လောက် ကွာလိမ့်မည်
သည်။

"ဦး အသက်ဘယ်လောက်ရှိပြီလဲ"

ရာရာက ကောက်ကာငင်ကာ ထမေးလိုက်တော့ မင်း
မျက်နှာပင့်ခနဲဖြစ်သွား၏။

"သုံးဆယ့်ငါး"

"ထင်တော့ထင်သားပဲ၊ ဦးမှာ ဒီအရွယ် သားရှိတော့
ငယ်လေးနဲ့များ အိမ်ထောင်ကျတာလားလို့၊ ရာရာ့စိတ်ထဲမှာ
တစ်ချက်ကိုလည်း သံသယဖြစ်နေတာနဲ့ ဖတဲက ဦးသား ဖြ
ပါ့မလားဆိုပြီး မေးမိတာ"

"အဟင်း ရာရာက အရမ်းဦးနှောက်ဥာဏ်ကောင်းတာ
အင်း ဦးအိမ်ထောင်ကျတာတော့ စောပါတယ်၊ ချိုမှာက နှလုံး
ဂါနဲ့ဆိုတော့ ကလေးမရနိုင်တာနဲ့ သားလေးကို မွေးစားဖြစ်လိုက်





ကြောင့်လည်း ချို အသက်ရှည်ရှည်နေသွားနိုင်ပါသေးတယ်၊
တို့ ဒီကိစ္စကို ရာရာတစ်ယောက်ပဲ သိပါစေနော်၊ ဒေါ်စိန်ပုကို
င် ဦး အသိပေးမထားဘူး"

"ရာရာက သူများအားနည်းချက်ကို ဖိနှိပ်ပြီး လျှောက်ပြော
သ့်လူလို့ ထင်လို့လား"

"မ မဟုတ်ပါဘူး ရာရာ၊ ဦးက ဒီသဘောမျိုးနဲ့ ပြောတာ
တ်ပါဘူး။ ရာရာကို ယုံကြည်ပါတယ်၊ ခြေဘ် ရာရာအတွက်
တန်းတက်လို့အဆင်ပြေအောင် ဦး ဒရိုင်ဘာတစ်ယောက်ရှာထား
မ်"

စားသောက်ခြင်းကိုရပ်တန့်ကာ ဦးဇမ္ဗူကို ရာရာမော့ကြည့်
ပ်သည်။

"ရာရာအတွက် အဲလောက်ငွေကုန်ကြေးကျခံ ဒုက္ခများနေ
ရင် ရာရာ သင်တန်းမတက်တော့ဘူး ဦး"

"မ မဟုတ်ဘူးလေ ရာရာရဲ့၊ ရာရာက နေ့လယ်တစ်နာရီ
မယ်ဆိုရင် အဲဒီအချိန်မှာ ဦးက အိမ်ပြန်မလာနိုင်ဘဲ အလုပ်
နေတာမျိုး, အစည်းအဝေးရှိနေတာမျိုး, ပြီးတော့ ရုံးဆင်းချိန်
ကျလို့ အပြန်ကြိုရတာ အခက်အခဲရှိနေမှာမျိုးတွေနဲ့ ရာရာ
က်"



www.burmeseclassic.com

www.burmeseclassic.com



"ရာရာ လိုင်းကားတိုးစီးမယ် ဦး။ ရာရာ့အတွက် အ[illegible]
လောက်ကြီး စဉ်းစားမပေးပါနဲ့ ဒီလောက်ထိ အကူအညီပေးနေတာ[illegible]
ကျေးဇူးတင်လှပါပြီ"

"ရာရာနဲ့ ဦးနဲ့ကြားမှာ အဲဒီကျေးဇူးတရားဆိုတာကြီး[illegible]
ထည့်မပြောပါနဲ့လား ရာရာ၊ ကဲပါကွာ ရာရာကို ဦးပဲ အတက်[illegible]
ဆုံး ပို့နိုင်ကြို့နိုင်အောင် ကြိုးစားပါ့မယ်၊ ဟုတ်ပြီလား။ အဆင်မ[illegible]
တဲ့နေ့တွေမှာ ရာရာ Taxi ကားနဲ့သွားနိုင်အောင် ဦးစီစဉ်ပေး[illegible]
နော် ရာရာ"

ကောင်မလေးရဲ့ တောက်ပသောအပြုံးက သူ့ရင်ကို အ[illegible]
သညာခွဲခြားဖို့ ကြိုးစားနေကြ၏။

ရှိုးသားခြင်းသံစဉ်တွေ မဟုတ်တော့တာ သေချာနေပြီ[illegible]
အဲဒါ ဘာကြောင့်လဲ ရာရာ။

✿ ✿ ✿



## အခန်း (၂၀)

"တောက်"

"ဟ ဘာဖြစ်တာလဲ၊ ဒီနားမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်း။
[illegible]သူ့ကိုမကျေနပ်လို့ တက်ခေါက်တာလဲကွ"

လင်းထိုက်ကို ပေစောင်းစောင်းကြည့်ကာ ဇတော စားပွဲ
[illegible]ကို ခုန်းခနဲထုပစ်လိုက်ပြန်၏။

"မင်း နော်လ်မယ်တော့ ဟုတ်ပါတယ်"

"ငါ တင်းနေတယ်၊ မင်း ငါ့ကို စကားပြောင်တွေ မရှုတ်စမ်း
နဲ့ကွာ"

"ဒါဆိုလည်း ရင်ဖွင့်လေ၊ ထွက်ပေါက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖေနဲ့ အမရာခင် ဘာဖြစ်နေကြတာလဲ မသိဘူး။ တ
တွဲတွဲနဲ့ ငါကြည့်မရဘူးကွ၊ အဖေက နေ့လယ်ဆိုရင် အိမ်ပြန် ထမင်း
စားတယ်၊ ပြီးရင် ကုမ္ပဏီပြန်သွားရင်းနဲ့ အမရာခင်ကို သင်တန်း
ဝင်ပို့တယ်၊ ကုမ္ပဏီကပြန်လာရင် ကားပေါ်မှာ အမရာခင်က ပါလာ
တာပဲ"

"ဒါက မင်းတာဝန်မယူနိုင်တဲ့ကိစ္စတွေကို မင်းအဖေ မအား
လပ်တဲ့ကြားက တာဝန်ယူနေရတာ မဟုတ်ဘူးလား"

ဇာတာ တွေခနဲဖြစ်သွားပေမယ့် လင်းထိုက်ကို ပြုံးကြည့်
သည်။

"ဒီအကြောင်းကိစ္စတစ်ခုတင် မဟုတ်ဘူး။ ညဘက်ရောက်
တိုင်း အမရာခင် အဖေ့ဆီ သွားနို့လာပို့ရင်းနဲ့ လသာဆောင် ဝရန်တာ
မှာ အချိန်အတော်ကြာကြာ သူတို့နှစ်ယောက် စကားပြောကြတယ်၊
ဘယ်အချိန်ပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် ဂရုစိုက်နေကြတာ
ကြည့်ရှုနေကြတာ ပုံမှန်မဟုတ်ဘူး"

"ဘာဖြစ်လဲကွာ၊ မင်းက မင်းအဖေကို မိန်းမ,ယူစေချင်နေ
တာမဟုတ်လား။ မင်းအဖေ မိန်းမငယ်ငယ်ချောချောလေးရသွားတော့
မကောင်းဘူးလား"

"မကောင်းဘူး။ ဒီမိန်းမက အခြေအမြစ်မရှိတဲ့ ပစ္စည်းမဲ့





တန်းစားမိန်းမ၊ အဖေကို သူ့ဘဝထဲ နွားရိုင်းသွင်းသလို သွင်းပြီး
တာမှာ၊ ရှိသမျှ ပစ္စည်းဥစ္စာတွေကို သူတစ်ယောက်တည်း အပိုင်
ပြီး ငါးချဉ်ကောင်လို့သတ်မှတ်ထားတဲ့ ငါ့ကိုကန်ထုတ်မှာ"

"မင်းအဖေကို နမြောနေတာလား။အဲဒါတွေ မင်းမရတော့
မှာ စိုးလို့လား"

အရိုက်ထိစေသော လင်းထိုက်စကားက ဇာတာနှုတ်တို့ ဆွံ့
သွားစေ၏။

ကိုယ်က ဘာကိုမက်မောတာလဲ၊ ကိုယ့်ကိုယ်ကိုယ်တောင်
မေးကြည့်ရမလိုဖြစ်နေသည်။

"အဲဒီစကားက မမေးသင့်တဲ့စကားပဲ လင်းထိုက်၊ ဖြေရမယ်
ဆိုသည်း နှစ်ခုစလုံးပဲ၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို အဖေ
ညည်းမပေးနိုင်ဘူး။ စည်းစိမ်ဥစ္စာကိုလည်း မပေးနိုင်ဘူး"

"မင်းအတွက် ဘာမှမဟုတ်ပေမယ့် မင်းအဖေအတွက်
ချင်းဟုတ်နေမှာပေါ့ ဇာတာ၊ အမရာခင်ဆိုတဲ့ ကောင်မလေး
တဲ့သင်တန်းက ငါတို့တိုက်ခန်းနားမှာတဲ့၊ ဟိုနေ့က မင်းအဖေ
ကြို့တဲ့အချိန်မှာ ငါ ကျောင်းအပြန်နဲ့ သွားတိုးတယ်၊ မင်းအဖေ
ထွက်သက်တော့ သူ့ဘေးက ကောင်မလေးက မင်းပြောတဲ့ အမ
ဖြစ်ရမယ်လို့ ငါ တန်းခနဲသိလိုက်တယ်၊ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



လှုငယ်ဗိုဗိ ချောတယ်,လှတယ်ဆိုပေမယ့် မင်းတွဲနေကျ မိန်းကလေး
တွေလို ကလက်တက်တက် ပေါ့ရှပ်ရှပ်မဟုတ်ဘူး။ ကျွန်တော်သိကျွမ်း
ရိုးစင်းတည်တင်းတယ်၊ အရှင်းဆုံးပြောရရင် သူ့ပိုင်ဆိုင်တဲ့ သူ့အလှ
ဘယ်သူ့ကိုမှ ပွဲတော်တည်ခိုင်းမယ့်ပုံမျိုး မဟုတ်ဘူး။ မင်း အပေ
လည်း ကိုယ့်ဥစ္စာမဟုတ်တဲ့ နိုက်ပြည်းနေမယ့် လူစားမျိုးမှ မဟုတ်
တာ”

ဇာတာ နှုတ်ခမ်းတစ်စုံလုံး ကွေးညွှတ်ပစ်ကာ ဟင်း
ရယ်သည်။ စားပွဲခုံကို လက်ဆစ်တွေနှင့် ခေါက်ခနဲခေါက်လိုက်
လည်း စားပွဲထိုးလေးလာချပေးတဲ့ ကော်ဖီခွက်က ဘောင်ဘင်ခတ်
လျက်။

“ဟင်း ဟင်း မထင်ပါဘူး။ ငါတွဲတဲ့ မိန်းမတွေနဲ့ အပေ
ခင်က ဘာကွာမှာမို့လို့လဲ၊ အခုလည်း အဖေ့ဆီက အခွင့်အရေး
ရသလောက်ယူနေတာပဲ၊ အားနာသလိုလိုနဲ့ အကုန်သဲ့ယူနေတာ
မှဆိုးဖိုတစ်ယောက်ကို လူမက်မောလို့ မဟုတ်ပေမယ့် ပစ္စည်းဥစ္စာ
လိုချင်လို့ အစီအမြင်ကစ်ပြီး အပိုင်စည်းရုံးတော့မယ်ဆိုတာ ငါ
နေတယ်၊ ငါလက်ပိုက်ကြည့်မနေမှာလည်း သေချာတယ်၊ မင်းစော
ကြည့်ပေါ့ လင်းထိုက်၊ ဇာတာ ဘယ်လိုကောင်မျိုးလဲ၊ မင်းသိပါတယ်”

“ဟာ နှစ်ယောက်လုံးကို ပုံပျက်ပန်းပျက်ဖြစ်အောင် မင်း





နိုက်တီးနဲ့နော်၊ မင်းဆန္ဒတွေ မစောလိုက်နဲ့ဦး။ မင်း အမရာခင်ကို
ပါးတာတွေ များနေပြီ၊ သူ့ဘက်က သည်းမခံနိုင်တဲ့အတိုင်းအတာ
လည်း ရှိနေမှာပဲ၊ ရန်စောင်တတ်တာ မကောင်းပါဘူးကွာ၊ မင်း
သူရော လှုငယ်တွေ၊ မင်းအဖေနဲ့ မဖြစ်စေချင်ရင် မင်း တစ်ခုခု
ဦးစားပေါ့”

ထိုစကားက ဇာတာအတွက် တန်ဖိုးရှိသည်။ ဘာလုပ်ရင်
ကောင်းမလဲ။ ခေါင်းထဲမှာ ချာချာလည်အောင် စဉ်းစားနေမိ၏။ ဇ
တာ ပြုံးခနဲ စိတ်ဆုံးဖြတ်လိုက်ကာ ကျောင်းတစ်ချိန်မတက်တော့ဘဲ
ထိန်တင်းက ထထွက်လာခဲ့သည်။

မျက်လုံးပြူးလေးနှင့် ကျန်ခဲ့သည့် လင်းထိုက်ကို နှုတ်မဆက်
ခဲ့၊ နောက်လှည့်မကြည့်ခဲ့။

သတိပေးတာ ကျေးဇူးတင်တယ်ဟု တိုးတိုးလေး ရေရွတ်မိ
သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"နင့်ကို ငါလာကြိုတာ အမရာခင်၊ အဖေ့ကို စောင့်မနေ
နဲ့တော့ သွားကြမယ်"

လက်က နာရီသေးသေးလေးကို မြှောက်ကြည့်ပြီး လှေကား
ထိပ်လေးမှာ ထိုင်နေတဲ့ အမရာခင်က တုတ်တုတ်တောင်မလှုပ်
သူ့ကိုလည်း မော့မကြည့်။

"ငါပြောနေတာ မကြားဘူးလား အမရာခင်၊ အဖေ နောက်
ကျချင်ကျနေမှာ စောင့်မနေနဲ့"

"ဘာတွေလာပြောနေတာလဲ ငါးမိနစ်ပဲ ရှိသေးတယ်၊ အဖေ
ငါးမိနစ်အထိ ရောက်မလာရင် Taxi နဲ့ပြန်လိုက်လို့ ပြောထားပြီး





သား နင်နဲ့လိုက်စရာ ဘာအကြောင်းမှ မရှိဘူး"

လည်ချောင်းဝမှာ တက်ခေါက်လိုက်သလို မျက်နှာကိုလည်း
တော် တင်းခနဲ မဲ့ပစ်လိုက်သည်။

"ဟွန်း အဲဒီအိမ်က သူ့သားကိုယ်တိုင် လမ်းကြိုလို့ လာကြို
တော့ Taxi ဖိုးကုန်အောင်၊ အဲဒီပိုက်ဆံတွေက နင်ပိုင်တာမှ မဟုတ်
ား ဆွေမတော် မျိုးမတော် သူများအိမ်မှာလာနေပြီး နည်းနည်းပါး
း အလိုက်သိမှပေါ့ အမရာခင်၊ အဖေက အခွင့်အရေးပေးတိုင်း
င်းပေါ်တက် ချေးပါဖို့ထိ စဉ်းစားထားတာလား"

"ဇာတာ"

အသားတွေ တဆတ်ဆတ်တုန်ကာ မြန်းခနဲထရပ်လိုက်
ည်း လှဲ့ရိုက်ဖို့ လက်မြှောက်လိုက်ပြီးမှ လွယ်အိတ်ကြိုးစကိုပဲ တင်း
အောင် ဆုပ်ကိုင်ထားလိုက်၏။

"နင်နဲ့ မျက်နှာချင်းဆိုင် မထိုင်ချင်လို့၊ မပတ်သက်ချင်လို့
နေတာ၊ လက်တုံ့မပြန်ရဲပါဘူးဆိုပြီး စကားလုံးတွေနဲ့ တိုက်နိုက်
တာ ရပ်တန်းကရပ်လိုက်ပါ ဇာတာ"

"အဲဒီလိုမျိုး မစံချင်စိတ်ရှိနေရင် ငါတို့အိမ်မှာ မနေတော့နဲ့
ါ အမရာခင်၊ သူများအိမ်မှာ နေပြီး အစွယ်တငွေငွေနဲ့ ပြန်ကိုက်ဖို့
ားနေတဲ့ နင်ကမှ သခင်မှန်းမသိတာ၊ အခုလည်း နင့်ကို လာကြို



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ကြိုတယ်များ အောက်မေ့နေလား။ အဖေနဲ့ နှင်ရဲ့ ရင်နှီးမှု
အမြင်မတော်လို့ အဖေ့ကို နှင်ကျူးသွင်း အမိဖမ်းလိုက်တာ ခံရမှာ
လို့ အချိန်မီ တားဆီးဖို့ ငါ ကြိုးစားနေတာ၊ နားလည်လား အမရာခ

"ဖေတာ နှင် နှင်"

"ဟား ရာရာ သား ဘာဖြစ်နေကြတာလဲ"

ရာရာ မျက်ရည်တွေကိုမြင်တော့ ရာရာ့ပခုံးလေးကို
ဖက်ကာ ဦးဇမ္ဗူ ကားပေါ်ကဆင်းပြီး ပျာပျာသလဲဖြစ်သွားသည်
သားကိုလည်း မျက်ထောင့်နီကြီးနှင့်ကြည့်မိ၏။

"ဖေတာ အရမ်းကို မိုက်ရိုင်းလွန်းတယ် ဦး။ ရာ ရာရာ
တို့အိမ်မှာ မနေသင့်တော့ပါဘူး။ ရာရာ ပေလီကိုပဲ ပြန်ပါရစေတော့"

"တောက် ဒီကောင် ဘယ်လိုမှ ဆုံးမသွန်သင်လို့မရ
လည်မှုအသိတရားမရှိတော့တဲ့ကောင်ပဲ၊ ရာရာ ဘာမှတွေးမနေ
ပတ်ဝန်းကျင်က မြင်လို့လည်း မကောင်းပါဘူး။ အိမ်ရောက်မှ
အေးအေးဆေးဆေး စကားပြောရအောင်၊ လာ ရာရာ၊ ကားပေါ်တက်"

"တောက်"

အမရာခင့်ပခုံးလေးကို ဖေမ,တွေ့ဖက်ပြီး အဖေ့ကား
အခေါက်ကိုရောက်မှ အနီးမှာရှိတဲ့ ကျောက်ခဲတစ်လုံးကို ရှူးဖိနပ်ဦးနှင့်
အားကုန်လွှဲကန်လိုက်တာ တက်ခေါက်လိုက်မိသည်။ သားတေ





ာက်ကိုတောင် အရေးမထားနိုင်လောက်အောင် အမရာခင်အပေါ်
သာ သစ္စာတွေပိုနေခဲ့ပြီလား။ သူက အဖေ့အတွက် ဘယ်နေရာမှာမှ
ရေးမပါတော့ဘူးလား။ သူ့ကို အမြစ်တစ်ခုလို့ပဲ မြင်နေခဲ့ပြီလား။

"သားရှုံးရင် အဖေ့ကိုနှမ်းရမယ်၊ အဖေရှုံးရင် သားကို သား
ပြီးတော့ဟိုတယ်မှာ ဝမ်းတေဘယ်လ်ကျွေးမယ်"

ဘတ်စ်ကတ်ဘောကစားတိုင်း အဖေက သူ့အနှမ်းကိုခံရဖို့
နိုင်ရအောင် ကြိုးစားကစားသည်။

သူက ဟိုတယ်မှာ အဖေနှင့်မျက်နှာချင်းဆိုင်စားရမယ့် ဝမ်း
တေဘယ်လ်အတွက် ချွေးစိုအမောဆို့အောင် ကစားသည်။ လမ်း
လျှောက်ထွက်တဲ့အခါ၊ ကန်ပေါင်မှာ အပြေးလေ့ကျင့်တဲ့အခါမျိုးလည်း

"သားလေး အဖေ ဒီနားမှာ ခဏနားဦးမယ်ကွာ၊ သား
ပြေးချင်ပြေး။ အဖေ ဒီနားက စောင့်နေမယ်"

"အာ အဖေနားရင် သားလည်း နားမှာပေါ့၊ ဒါပေမဲ့ ဒီ
တိုင်းထိုင်နေရရင် အရမ်းပျင်းစရာကောင်းတယ် အဖေ၊ စောင့်ကြည့်
မှ အဖေ့အတွက် သား ချွေးမရှာပြမယ်"

သူက ထိုသို့ပြော၍ ဟိုဘက်၊ဒီဘက် လမ်းလျှောက်ပြေး
နေတဲ့ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ရည်းစားစကား
ပြောသောအခါ သူ့ကို မတားဆီးဘဲ ပြုံးပြုံးကြီးနှင့် သဘောတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျနေခဲ့သည်။ ထိုအပြုံးတွေကို အခြေအနေတွေအားလုံး အမရာခ
ရောက်လာကတည်းက အော်တိုမစ်တစ် ပျောက်ဆုံးသွားခဲ့ရ
မဟုတ်ဘူးလား။

အမရာခင်အတွက်ပဲ အဖေ အချိန်တွေပေးနေခဲ့သည်။
ညအိပ်ရာဝင်ခါနီးတိုင်း သားအဖနှစ်ယောက် ညှော်ခန်းထဲမှာ
တူတူ၊ ဘောလုံးပွဲတူတူကြည့်ပြီးလျှင် ထိုနေရာမှာ သူအိပ်ပျော်
ပါက သူ့ကို တွဲထူတွန်းပို့တာမျိုး၊ မွေ့ရာပြီး အိပ်ရာခုတင်ပေါ်
တင်ပေးတာမျိုးအတွက် အဖေ အချိန်မပေးတော့တာ ကြာခဲ့ပြီ

လသာဆောင် ဝရန်တာမှာ အမရာခင်နှင့်ပဲ စကားပြော
တာကို အဖေ ကျေနပ်ကြည်နူးပျော်မွေ့နေခဲ့ပြီ။ အရင်းနှီးဆုံး
ကပ်ကပ် နွေးထွေးစွာနေခဲ့တဲ့ သားတစ်ယောက်ရဲ့ရင်ထဲကို
ဝင်ကြည့်သင့်သည်ထင်၏။

နားလည်မပေးလည်း နားလည်တတ်အောင် သူလုပ်ရ
မည်။ ဒါတွေအားလုံးဟာ မင်းကြောင့် အမရာခင်။

တဆစ်ဆစ်ကိုက်ခဲလာတဲ့ ရင်ထဲက ဒဏ်ရာကို ငါ့သား
ကုစားမယ်၊ လွတ်ကင်းမှုမရှိရင် မင်းလည်း ဒဏ်ရာရမှာပေါ့
တယ်လို့ ထအော်နေလည်း ငါ မသနားဘူး အမရာခင်။

✿ ✿ ✿



## အခန်း (၂၂)

"ဦးရေ ဒီချည်ရည်ဟင်းအိုးလေး ပြန်နွှေးနေတာ ခဏ
င့်နော်၊ ဦးကြိုက်တဲ့ ငါးသလောက်ပေါင်းက ချဉ်ဟင်းလေးနဲ့မှ
တာ"

"ရပါတယ်ကွာ ဖြည်းဖြည်းလုပ်ပါ၊ ဦးက ဒီနေ့ ရာရာကိုယ်
င်းချက်နေတယ်ဆိုလို့ စောစောထမင်းစားမလားလို့ ဆင်းလာ
ိ ဗိုက်မဆာသေးပါဘူး။ ရာရာက အပင်ပန်းခံလွန်းတာကိုးကွ၊
်သောင့်သက်သာနေတာမဟုတ်ဘူး"

"ကုမ္ပဏီပိတ်ရက်လေးမှာ ရာရာလက်ရာ ဦးကိုစားစေချင်
ိ ခေါ်ခေါ်အုန်းနဲ့ဈေးလိုက်သွားပြီး ဦးဘာကြိုက်လဲမေးမယ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ရှေ့ ဒါက ကြက်သားချောင်းနဲ့ အစိမ်းကြော် ကြော်ထား
တာ၊ ဒါက မနက်က ကျန်တဲ့ကြက်သားကြော်လေးကို ဖဲ့ပြီး ကြ
သွန်နီလေးကို ပါးပါးလေးရေဆေးထည့်၊ သံပုရာရည်ညှစ်ထည့်
ငရုတ်သီးစိမ်းလေးနဲ့ သုတ်ထားတာ၊ ငါးသလောက်ပေါင်းကိုလည်း
ဦး သွေးတက်မှာစိုးလို့ အငန်လျှော့ထားတာနော် ဦး"

မရပ်မနား တတွတ်တွတ်ပြောလျက် လက်ကလည်း ဟ
တစ်ခွက်ပြီးတစ်ခွက် စားပွဲပေါ် လာချထားသည်။ ဖယ်ဆက်
ပြောလည်းပြော၊ လုပ်လည်းလုပ်နေတဲ့ ရာရာကိုကြည့်၍ အဖေ
ပီတိနှင့်ပြုံးနေနိုင်ပေမယ့် ဖေဘာက နားကြားပြင်းကတ် မြင်မြင်
နေသည်။

သူမ ချက်ပြီး ရှေ့တွက်ပြနေတဲ့ ဟင်းခွက်တွေကို အဖေ
မှာချပေးပြီး သူ့ရှေ့မှာတော့ ဒေါ်စိန်ပုချက်တဲ့ ဟင်းခွက်တွေ
စိန်ပုကိုယ်တိုင် လာချပေးသည်။

ဘာသဘောလဲ။ သူ့ကိုအလေးထားစရာမလိုဘူးဆိုတဲ့
မျိုးနှင့် ခွဲခြားပြနေတာလား။

"ဦး စားလို့ရပြီ၊ လျှာလည်ပြီး ချွေမျိုးမေ့သွားမယ်
နေ့တိုင်းချက်ကျွေးပါဆိုရင်လည်း ရာရာက ဦးစားချင်ရင် ချက်
မှာပါ"





"ကျေးဇူးတင်ပါတယ် ရာရာ၊ ရာရာပင်ပန်းမှာစိုးလို့ ဦး
စားချင်တောင် နေ့တိုင်းမတောင်းဆိုပါဘူး။ ဒီလိုဆန်းဒေးတစ်ရက်
လောက်ပဲ"

"ဒုန်း"

"ဟာ သား သားဘာလုပ်လိုက်တာလဲ၊ ဟင်းတွေအကုန်
လုံး ဗိုတ်စဉ်ကုန်ပြီ"

"တစ်စားပွဲလုံး မှောက်သွန်ပစ်လိုက်ချင်တာ၊ နားကြားပြင်း
ကတ်တယ်၊ မြင်ပြင်းကတ်တယ်၊ ယောကျ်ားတစ်ယောက်ကို အဲလို
ကော်လုံးမှုယာမာယာတွေနဲ့ ပလီစီချောက်ချက်ပြောနေတာ နှင်မရှက်
ဘူးလား အမရာခင်"

"သား ဖေဘာ မင်း"

ဖရိုဖရဲဖြစ်သွားသော ဟင်းခွက်တွေကိုကြည့်ကာ ရာရာက
ငိုနေ ဦးဇမျှက ဖေဘာအကျီရင်ဘတ်စကို ဆုပ်ကိုင်၍ ဆောင့်တွန်း
လိုက်သည်။

နောက်လန်ယိုင်နဲ့နေလျက်က ဖေဘာ စားပွဲဝိုင်းကြီးကို ခင်း
ဆုပ်ကိုင်ပြီး မှောက်လှန်ပစ်လိုက်၏။ ဝုန်း ခွမ်း ချွမ်းဆိုတဲ့
ကြီးက ထမင်းစားခန်း သံမံတလင်းမှာ ဆူညံပွက်လောရိုက်သွား
သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အံ့အားသင့် မှင်တက်သွားကာ နောက်သို့
ဆုတ်လိုက်ကြသလို ဖခင်ကက အားလုံးကို စူးစိမ်းရဲရင့်စွာ ကြ
သည်။

"ဒီမျက်လုံး၊ ဒီအပြုအမူ၊ ဒီစရိုက်တွေက ငါ့သားမဟုတ်
လို့ ဟစ်ကြွေးပါဦးအဖေ၊ လူမိုက်,လူရမ်းကားတစ်ယောက်ကို
သားမတော်နိုင်ဘူးလို့ အဖေ အနိုင်နဲ့ပိုင်းလိုက်ပါဦး။ သားသမီး
ဗီဇက မိဘကဆင်းသက်လာတာ၊ မိဘကပေးတဲ့အမွေတွေလို့ အ
အဖေတို့ကို အပြစ်မတင်ပါဘူး။ သားကို အလိုလိုက်ခဲ့တာတွေ၊
စိုက်ခဲ့တာတွေအတွက် အဖေနဲ့အမေ့ကို ကျေးဇူးတင်ပါတယ်၊ ဒါ
မဲ့ အမရာခင်နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ သား မပြုပြင်နိုင်ဘူး။ လ
ခံနိုင်ဘူးဆိုလည်း၊ သား ဆက်မှားနေမှာ၊ ဆက်မိုက်နေမှာ၊ သား
အပြစ်ရှိလို့ ခွင့်မလွှတ်နိုင်ဘူးဆိုလည်း၊ သား ဂရုမစိုက်ဘူး။ အ
တစ်သက်စာပဲ"

သားကို နားမလည်နိုင်အောင်ဖြစ်လျက် မင်းဇမ္ဗူ အံ့ကြ
သည်။ လက်သီးဆုပ်သည်။ ကိုယ်ခန္ဓာက တဆတ်ဆတ်တုန်လျက်
ယိုင်နဲ့ချင်နေ၏။

မျက်ရည်တွေ ရစ်ဝိုင်းပြိုကျတော့မလိုဖြစ်နေတဲ့ ရာရာ
မင်းဇမ္ဗူမျက်နှာကို အရည်လဲ့နေတဲ့မျက်ဝန်းများနှင့် ရိုဝေစူးငေး





နေသည်။ ထိုမျက်ဝန်းတွေကို ဖခင်က မဲ့ရွဲ့ကာ နှာခေါင်းရှုံ့၍

"အဲလို သနားစရာ, ကရုဏာသက်စရာအသွင်မျိုးနဲ့ အဖေ့
ခ်ိမ်းဖို့ ငါတို့စည်းစိမ်ဥစ္စာတွေကို အပိုင်ကြံဖို့ ကြိုးစားနေတာ
ခ်ကရုပ်ပါ အမရာခင်၊ ငါတို့မိသားစုအတွင်းမှာ နင်က ပြိုပ်ဆို
ကောင်အနေနဲ့ ဝင်လာခဲ့တာ၊ အပျိုရွယ်လေးတန်မဲ့ မှဆိုးမို အဖေ
ခဲ့နေရတာကို နင် အရသာခံနေပေမယ့် ငါမကျေနပ်ဘူး။ ပိုင်းလုံး
တဲ့အဓိပ္ပါယ်ကို နင်သိလား"

"ဟိတ်ကောင်"

"ခွပ်"

"မောင်ဇမ္ဗူရယ် မလုပ်ပါနဲ့၊ တော်ကြပါတော့ကွယ်၊ ဒေါ်
တောင်းပန်ပါတယ်"

ဒေါ်စိန်ပုက ဦးဇမ္ဗူကို ဝင်ဆွဲသည်။

ယိုင်နဲ့ချင်သလိုဖြစ်သွားသော်လည်း ကိုယ်ခန္ဓာ ဆတ်ခနဲ
ပ်တာ နှုတ်ခမ်းထောင့်စွန်းက သွေးစတွေကို လက်မနှင့် ဆွဲပွတ်
ပ်၍ ဖခင်အမြင်ကတ်အောင် ဖျစ်ညှစ်ရယ်လိုက်သည်။

"အမရာခင်ကြောင့် သားကိုထိုးတာ နှစ်ခါရှိပြီနော်၊ အသား
အတက် ရင်ထဲက ပိုနာတယ်၊ အဲဒီခံစားမှုနဲ့တန်အောင် အမရာခင်
က သား ရအောင်ပြန်ယူရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာရာက မျက်ရည်တွေ ခပ်ကြမ်းကြမ်းပွတ်သုတ်ကာ နှု ခမ်းဖျားလေးဝှတွေ သွေးခြည်ဥအောင် ခပ်ဖိဖိအံကြိတ်ကိုက်လ ဇာတာ့ရှေ့တည့်တည့် တိုးရပ်လိုက်၏။ ဆံနွယ်တွေလွင့်ဝဲခါသွ အောင် ခေါင်းကို တစ်ချက်ဆတ်ခနဲခါ၍ နှုတ်ခမ်းပါးလေးတစ် ကွေးညွတ်သွားအောင် မဲ့ပစ်လိုက်သည်။

"နင့်ရဲ့စိန်ခေါ်မှုကို ငါကလည်း ဝဲလ်ကမ်းပဲဇာတာ၊ မိ တစ်ယောက်နဲ့ တုဖက်ပြိုင်ပြီး ရန်ဖြစ်ချင်တဲ့နင့်ကို ဒီနေ့ကစပြီး လည်း အရှုံးမပေးတော့ဘူး။ အမြဲတမ်းအနိုင်ရခဲ့တဲ့ နင်က ဒီတ အနိုင်ရမယ်လို့တွေးထားရင် အဲဒီအတွေးကို ပြောင်းထဲသာ ဝဲပစ်လို တော့၊ နင့်ကို ငါ မရှုံးစေရဘူး။ အရှုံးမပေးတော့ဘူး။ အဲဒါ မြဲမြဲမှတ်ထား"

ပါးစပ်ဖျားက ထွက်မလာပေမယ့် ထိုစကားလုံးတွေကို ရ က ကြုံးဝါးလျက် ရာရာလှည့်ထွက်လာခဲ့သည်။ တက်ခေါက်သံ ချက် နားထဲကို ခလုတ်တိုက်ပြီး ဝင်လာ၏။ နားဝင်ချိုစွာ ကြည်ကြ နူးနူးလေး ပြုံးလိုက်သည်။ အဲဒီလို မခံချိမခံသာ ဝေဒနာဆို နင် ဒီနေ့ကစပြီး ခံစားရတော့မှာ သေချာပါတယ် ဇာတာ။

✿ ✿ ✿



## အခန်း (၂၃)

"ဒင်နာက ပွဲလေးသာဆိုတယ် လူများသားပဲနော် ဦး"

"အင်း ကုမ္ပဏီပိုင်ရှင်တွေ၊ လုပ်ငန်းရှင်တွေ အားလုံး လာ တယ်လေ၊ ပွဲလုပ်တဲ့ ဦးအောင်ထွန်းက နိုင်ငံခြားမှာ ရုံးခွဲသွား ာ။ ဒီက လုပ်ငန်းရှင်တွေလည်း ရှယ်ယာပါကြတယ်ဆိုတော့ အောင်မြင်မှုအထိမ်းအမှတ်ပေါ့၊ လာ ရာရာ၊ ဘာမှမရှိန်နဲ့ ကြောက်နဲ့နော်"

ဟုတ်ကဲ့လို့ တိုးတိုးလေးပြောလိုက်ရပေမယ့် မြိုင်ညို့ မြက် ခင်းပြင်မှာ ကျင်းပနေသော ဒင်နာပွဲလေးက ယောကျ်ားသားတွေ များလှတာမို့ ရာရာ့ခြေလှမ်းတွေ တုံ့ခနဲ တုံ့ခနဲဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖမ္ဗူက အေးစက်နေသော ရာရာ့လက်ဖျားလေးကို အား ပေးသောအနေနှင့် ဖွဖွလေးဆုပ်ကိုင်ကာ ခပ်မတ်မတ်လျှောက်လာခဲ့ သည်။

အားလုံးရဲ့မျက်လုံးတွေက ဦးမင်းဖမ္ဗူနှင့် အမရာခင်ဆီကို သာ စုပြုံရောက်လာကြသည်။

တစ်ယောက်တစ်ပေါက် အော်ဟစ်နှုတ်ဆက်၊ လက်ခွဲနှုတ် ဆက်နှင့် ရာရာမျက်နှာလေးလည်း ပန်းသွေးရောင်စွန်းလျက် ပွထု ရှက်ရွံ့နေ၏။

"သေးနားမှာ သားပါမလာတော့ အံ့သြနေတာ၊ ဂုဏ်ယူပါ တယ် ကိုမင်းဖမ္ဗူ"

"ဟိုင်း မိန်းမသေမြိုးကတည်းက ဒီအတိုင်းပဲ အရိုးထုတ် တော့မယ်ထင်နေတာ၊ ကွန်ကရက်ကျူလေးရှင်းဗျာ'

"အိုး အချောအလှလေးပါလား။ မဟေသီမြောက်ရင် ပွဲ တက်ဖို့ ဖိတ်ရမယ်နော်၊ နတ်သမီးလေးလား ထင်မှတ်ရတယ်၊ အဲ လိုမျိုးလေးတွေ့ရင် ကျွန်တော်တို့ကို လက်တို့စမ်းပါဗျာ"

ညှော်ခံပွဲပိုင်ရှင် ဦးအောင်ထွန်းကို အားနာစရာကောင်းအောင် မင်းဖမ္ဗူတို့နှစ်ယောက်ကို အတွဲထင်လျက် ရေပန်းစား ချီးမွမ်းခံနေရ သည်။





မင်းဖမ္ဗူက ဘယ်သူ့ကိုမှ မဖြေရှင်း။

ဆိတ်ဆိတ်နေခြင်းက ဝန်ခံနေသလား၊ ထင်မှတ်ရအောင် အားလုံးကို အပြုံးနှင့်သာ တုံ့ပြန်သည်။

ရာရာက လိုက်လာမိတာမှားပြီဟု တွေးထင်နေလျက် ခေါင်း ကိုသာ တွင်တွင်ငုံ့ထားမိသည်။

"ဒီနေ့ ဒင်နာပွဲတစ်ပွဲသွားစရာရှိတယ်၊ လိုက်ခဲ့ပါလား ရာ ရာ၊ အရင်ကတော့ သားလိုက်ပေးတယ်ကွ၊ အခုတလော သားနဲ့ ကိုယ်နဲ့ကလည်း သိပ်အဆင်မပြေဘူးလေ၊ ရာရာလည်း ပွဲတွေ ဘာ တွေ တက်ဖူးသွားတာပေါ့"

ထိုစကားတစ်ခွန်းတည်းနှင့်. ရာရာ ဦးနှင့်လိုက်ဖို့ဆုံးဖြတ် လိုက်တာတော့မဟုတ်။

ဖေတာရဲ့စိတ်ကို ထိုးနှက်ဖို့ လက်နက်တစ်ခုရလိုက်တာဟု တွေးရောက်လာကာ မငြင်းဖြစ်ဘဲ လိုက်ခဲ့မိတာပင်။ ခုတော့ ကျေ နပ်သလိုလို၊ ကြည်နူးသလိုလိုရှက်ရွံ့စိတ်နှင့် ဒီနေရာက ထွက်ပြေး ချင်နေသလိုလို။

"ရာရာ ဦးအောင်ထွန်းက အချိန်စောပြန်ချင်တယ်ဆိုတာ ကို ခွင့်မပြုဘူးဖြစ်နေတယ်၊ ရာရာ နေတတ်ပါတယ်နော်၊ အဆင် ပြေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ပြေ ပြေပါတယ်"

ဦးဇမ္ဗူ အားတုံ့အားနာမဖြစ်အောင် လက်ခံလိုက်ရပေမယ့် သောက်ကြစားကြတော့ ရာရာ ရင်တထိတ်ထိတ်စိုးရိမ်လာသည်။

"အလွန်အကျွံမဖြစ်စေနဲ့နော် အပြန်ကားမောင်းရဦးမှာ"

"စိတ်မပူပါနဲ့ ရာရာရယ်၊ ဒီလိုပွဲမျိုးက နည်းနည်းလောက် သောက်မပေးရင်မဖြစ်ဘူး။ သူတို့ကိုကျရင် ဒီည ဦးတို့ပြန်ရမှာ မဟုတ်ဘူး ရာရာရဲ့၊ မြန်မြန်ပြန်လို့ရအောင် နည်းနည်းတော့ သောက်လိုက်မယ်နော်"

ပုံပျက်ပန်းပျက် သောက်စားနေကြတာမဟုတ်ပေမယ့် ဘီယာလေးဝင်လာကြတော့ ပိုပြီးပွဲဆူလာသည်။

ပွဲပြီးလို့ အိမ်ပြန်ကြတော့လည်း အချိန်တွေ နောက်ကျနေပြီ

"ဦးရရဲ့လား ဖြစ်ရဲ့လားဟင်"

"ဖြစ်ပါတယ် ရာရာ၊ မိုင်နာပါ"

ဖြစ်ပါတယ်ဆိုတဲ့လူက တစ်လမ်းလုံး ကားကို ဖြည်းဖြည်း ထိန်းမောင်းလာခဲ့ရသည်။ အိမ်ရောက်တဲ့အထိ ရာရာ ဘုရားတသောခဲ့ရလေ၏။

ကားကို ပေါ်တီကိုအောက်အထိ မောင်းဝင်လာခဲ့ပြီး ခေါ်စိန်ပုက အတွင်းတံခါးဖွင့်ပေးသည်။





"နောက်ကျလိုက်တာ သမီးရယ်"

ဟု သူမနားနား တိုးတိုးလေးကပ်ပြောလိုက်သေး၏။ ဦးဇမ္ဗူကို ရာရာ အိပ်ခန်းဝအထိ တွဲပို့လိုက်သည်။

"ရာရာနဲ့ ဦး စကားပြောချင်သေးတယ် ဖြစ်မလား"

"ဟို အရမ်းညဥ့်နက်နေပြီ၊ နောက်နေ့မှ ပြောပါလားဦးရယ်"

"ဟင့်အင်း ဒီနေ့ပဲပြောချင်တယ် ရာရာ"

ဦးဇမ္ဗူ အရှိန်တက်နေပြီမို့ အချေအတင်မပြောတော့ဘဲ လိုက်လျောလိုက်ရသည်။ ဦးဇမ္ဗူ အတွင်းတံခါးကနေ ဝရန်တာဘက် ထွက်ခဲ့ကြ၏။

ဒီတစ်ခါတော့ ခုံလေးတစ်ဖက်စွန်းမှာ ရာရာ ဝင်ထိုင်လိုက်သည်နှင့် ဦးဇမ္ဗူကလည်း ရာရာနှင့်နီးကပ်စွာ ခုံလေးပေါ်မှာပဲ ဝင်ထိုင်လိုက်သည်။

"ဦး ရင်ထဲကစကားကိုပြောမှာမို့ ရာရာ အလေးအနက်နားထောင်ပေးပါ၊ အသက်အရွယ်ကွာခြားမှုကို အားနာရမှန်းမသိလေခြင်းလို့ ရာရာအပြစ်တင်ရင်လည်း ခံပါ့မယ်"

ဒီလောက်ပြောရုံနှင့် ရာရာ သဘောပေါက်နားလည်ပြီး ခြေဖျားလက်ဖျားတွေ အေးစက်ကာ ရင်တွေခုန်လာသည်။ ဦးဇမ္ဗူ



www.burmeseclassic.com

www.burmeseclassic.com



က မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးတွေကို ရေတွက်နေသလိုမျိုး ဖြင့် ရာရာဘက်ကို လှည့်မကြည့်။

"ဦး ရာရာကိုလက်ထပ်ချင်တယ်။ ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းအားပေးစကားတွေကြောင့် မဟုတ်ပါဘူး။ သားရဲ့ အထင်အမြင်လွဲ ဆိုးသွမ်းမှုတွေကြောင့် အားနာပြီးပြောနေတာလည်း မဟုတ်ဘူး။ ရာရာက မိန်းမပီသတယ်၊ ဦး အပေါ်လည်း နားလည်ပေးတတ်တယ်လို့ထင်လို့ ဦးအတွက် ဘဝတစ်သက်တာ အဖော်မွန်အဖြစ်ရွေးချယ်ချင်တာပါ။ ဒါပေမဲ့ ရာရာကငယ်ရွယ်သူ အပျိုတစ်ယောက်ပဲ၊ ဦးလို မုဆိုးဖိုတစ်ယောက်ကို စဉ်းစားပြီးမှ ဆုံးဖြတ်ပါ၊ ရာရာ ဆုံးဖြတ်ချက် အမှားအမှန်ကိုလည်း ဦး မဝေဖန်ပါဘူး"

အတင်းအကျပ်နှာခံစေချင်တဲ့ ဆန္ဒတွေမဟုတ်မှန်း ရာရာ သိနေသည်။ ကိုယ့်ရင်ထဲက အဖြေကိုလည်း ကိုယ်တိုင်သိနေပေမယ့် သူမ သက်ပြင်းချကာ

"ရာရာ ဆုံးဖြတ်ချက်ချဖြစ်ခဲ့ရင်တောင် ရှေ့ဆက်တိုးလို့ မဖြစ်ပါဘူး ဦး။ ရာရာရွေးချယ်ရမှာ တစ်လမ်းပဲရှိပါတယ်"

"ဘာ ဘာလဲ ရာရာ"

"အရှက်မရှိ ဦးတို့အိမ်မှာ တွယ်ကပ်မနေဘဲ ပေလီပြန်ရို ပေါ့၊ ရည်မှန်းချက်ဆိုတာကို မျှော်လင့်မနေတော့ဘဲ ရာရာ ပြန်သင့်





နေပါပြီ၊ ရာရာ ဖခင်ကို ရင်မဆိုင်ချင်ဘူး ဦး"

"ရာရာရယ် ဦးက ဖခင်တစ်ယောက်ပါ၊ သားသမီးကို မလွှန်ဆန်နိုင်လို့ဆိုတဲ့အဖြစ်မျိုး အရောက်ခံပါ့မလား။ ရာရာ ခေါင်းညိတ် ထက်ခံလိုက်တာနဲ့ ရာရာ့အဖေဆီကို ခွင့်တောင်းပြီး တင့်တောင့်တင့် တယ် လက်ထပ်ယူမှာပါ၊ ပြီးတော့ သားကလည်း ဟိုအရင်ကတည်း က ဦးကို မိန်းမယူစေချင်နေတာ အဆင်ပြေသွားမှာပါ ရာရာ"

"အို ရာရာ စဉ်းစားဦးမယ် ဦး"

မင်းဇမ္ဗူက ရာရာ့လက်ဖျားလေးကို သူ့လက်ကြီးနှင့် အုပ်မိုး ဆုပ်ကိုင်လိုက်တာမို့ ရာရာ အလန့်တကြားလေး ပြန်ရုန်းနေမိသည်။

"အသက်အရွယ်ကြောင့်လား ရာရာ"

"ဟင့်အင်း"

"ပတ်ဝန်းကျင်က ဝေဖန်မှာစိုးလို့လား"

"ဟင့်အင်း"

"သားကြောင့်ဆိုရင်လည်း ဦးပြောပြီးပြီနော်၊ သားဆုံးဖြတ် တာကို လိုက်နာမယ့်သူ မဟုတ်ဘူး"

"သူ့ကိုလည်း ရာရာ ဂရုစိုက်မနေချင်တော့တာ အမှန်ပါပဲ၊ သူက ရာရာ ဘာလုပ်လုပ် အကောင်းထင်မှာ မဟုတ်ဘူးလေ၊ အမြဲ တမ်းပဲ ဆိုက်ခိုက်ဖို့ ကြိုးစားနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်"

"ဦးအရှိန်အဝါကို ရာရာကြောက်တယ်၊ မိုရိုဖိုရောက်
ပြီးမှ အရှင်သခင်မ လုပ်ချင်တယ်ဆိုပြီး ဇာတာလည်း ခနဲ့လို့ဆုံး
မဟုတ်ဘူး"

"အဲဒါတွေကြောင့်ဆိုရင်တော့ ရာရာ ဦးကိုလက်ခံ
ရာရာ၊ တန်းညှိဖို့ဆိုတာ အရွယ်အစားတူနေရင် လိုအပ်လို့လား
တူညီတာကို ညှိယူရတာ အဓိပ္ပါယ်ပိုရှိတာပေါ့၊ ဦးတော်မှ ကိုယ့်
သက်အရွယ်ကို အားမနာဘဲ ဒီလိုစကားမျိုးတွေပြောနေမိတာပဲ မဟုတ်
လား၊ ဒါလည်း နားလည်မှုနဲ့ ညှိယူရတာပဲလေ၊ လူငယ်လေး
ယောက်လို ရာရာကို ဦးသိပ်ချစ်တယ်လို့ ပြောကြည့်ချင်တယ်
ပေမဲ့ အရမ်းကာလေးဆန်ပြီး ပေါ့ပျက်သွားမှာစိုးတယ်၊ ဒါကြောင့်
အလေးနက်ဆုံး တန်ဖိုးရှိရှိ လက်ထပ်ပါရစေလို့ တောင်းဆိုရတာ
ဟို ရာရာဆီကတော့ ချစ်တယ်ဆိုတဲ့စကားလေးတော့ ကြားချ
တယ်၊ ပြောနိုင်မလား ရာရာ"

ပြေနိုင်ပါတယ်ရှင်လို့ ရာရာက အရှက်မရှိ ပြောရမှာ
ရိုးအသလိုလိုနဲ့ တော်တော်လူလည်ကျတဲ့ ဦးဖမ္မူပဲ၊ သူက ချစ်တယ်
ပြောရမှာကျတော့ ကလေးဆန်မှာစိုးလို့တဲ့၊ သူမကိုတော့ ချစ်တယ်
လို့ အပြေပေးစေချင်နေသည်။ သူမလည်း ထိုစကားကို လေးလေး





နက်နက်ပြောချင်ပါသည်။ ဒါပေမဲ့ ရင်တွေခုန်လွန်းလို့ ပြောမထွက်
ဘူး။ ဒီအတိုင်းလေး ငြိမ်ငြိမ်လေး ထိုင်နေခဲ့ပေးပါ။

ရာရာရေလို့ တိုးသဲ့သဲ့လေးတောင် မခေါ်လိုက်ပါနဲ့၊ ရာရာ
အသက်ရှူရပ်သွားမှာ စိုးလို့ပါ ဦးဖမ္မူ။

လရောင်မရှိပေမယ့် ကြယ်ရောင်မလင်းတလင်းအောက်မှာ
ရှက်သွေးဖြာနေသော သူမမျက်နှာလေးကို ဦးဖမ္မူမြင်မှာစိုး၍ သူမ
ထက်ကလေးကို ဖွတ်အတင်းရုန်းဖယ်ကာ သူမ ဖျတ်ခနဲ ထွက်ပြေး
လာခဲ့သည်။

နလုံးသားချင်း နားလည်တယ်ဆိုရင် ဦးသိမှာပါ။
ရာရာ့သဘောထားအမှန်ကိုလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဒီအခြေအနေတောင် ရောက်နေကြပြီလား"

ရင်ထဲက ရုန်းကြွကာ ပါးစပ်များက အံကြိတ်သံနှင့် လွှတ်ခနဲ ထွက်သွားသည်။

ညေ့ခံပွဲကပြန်လာတော့လည်း အဖေ့ကို အမရာခင်က တွဲဖက်လို့ အခန်းထဲထိရောက်အောင် လိုက်ပို့သည်။ ပြီးတော့ လသာဆောင် ဝရန်တာဘက်မှာ အကြာကြီးထိုင်နေကြတာလည်း သူသိသည်။

အခု ထိုင်နေရာက ပြန်ထွက်လာတဲ့ အမရာခင်ပုံစံက သာမန်မဟုတ်။ စိတ်လှုပ်ရှားမှုတစ်ခုခုနှင့် မူမမှန်မှုက သွေးရိုးသားရိုး မဖြစ်နိုင်





သူ ဘာလုပ်သင့်သလဲ။ ဘာလုပ်ရမလဲ။

အမရာခင်ရဲ့ ရုပ်ဝန်းကျဉ်းကျဉ်းလေးမှာ အဖေ့ကို အမိမခံနိုင်။ ဗိုမိန်းမက ဘာတန်ဖိုးရှိလို့လဲ။

အခြေအမြစ် မရှိ၊ ပညာ မတတ်၊ ဖတ်ဝန်းကျင် အသိုက်အဝန်း ဂုဏ်ရနေလည်း မတောင့်တင်း။

အဓိက,က သူ ဘယ်လိုမှ အထင်ကြီးလို့မရသော မိန်းမ။

အဖေဆင်ယင်ပေးထားတဲ့ အဝတ်အစားတွေနှင့် တောက်ပြောင်နေသော်လည်း သူတို့ကို မှိုခိုကပ်ရပ်နေသူ မဟုတ်ပါလား။

အဖေကရော အမရာခင်ကို ဘာတွေများ မက်မောနေတာလဲ။

ယေဂုဏ်ကိုလား။ သူမရဲ့ အလှကိုလား။

ဒါတွေအားလုံး ပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ကို ခေါင်းခေါက်ရွေးယူလို့ ရနေရဲ့သားနဲ့။

အဖေ့ကိုတော့ အမရာခင်နှင့် လုံးဝအဖြစ်မခံနိုင်။

ဆောင်းဝင်စညလယ်က အေးစိမ့်စိမ့်ဖြစ်နေသော်လည်း သူ့တစ်ကိုယ်လုံး ချွေးစေးတွေရွှဲနစ်နေသည်။

မနက်ဖြန် အဖေနှင့်စကားပြောနိုင်အောင် ကြိုးစားရမည်။ တစ်ည လွန်မြောက်အောင် ညဉ့်နက်နက်ကို အရေခွံချွတ်ပစ်လိုက်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းရဲ့ ဝရန်တာဘက်ကို ထွက်လိုက်၊ အခန်းထဲ

ခေါက်တံ့ခေါက်ပြန်လျှောက်လိုက်နှင့် ဟိုအရင်က ဆောင်းညအ

ထက် ညတာရှည်လွန်းလှသည်ဟု ထင်မိသည်။

နေးကွေးလေးလံလွန်းသောနာရီလက်တံတို့ကို သူစိတ်

ရှည်။ ဒါပေမဲ့ ညတစ်ညကို အချိန်နာရီတို့ တရွေ့ရွေ့ဖြင့် လွန်မြော

လာတာပါပဲ။

"အဖေ"

"ခေါက် ခေါက်"

ဒီရက်တွေအတွင်း သူ့အပေါ် အနေစိမ်းသွေးအေးသွား

အဖေ့ကို စကားပြောချင်လို့ စခေါ်ရတာ ဒါ ပထမဆုံးအကြိမ်ပဲ

သည်။ အရင်ကဆိုရင် သူစိတ်ကောက်တိုင်း အဖေကသာ ချော့နေ

မဟုတ်ပါလား။

အဖေက လော့ခ်ချပြီး အိပ်နေတာမို့ တံခါးကတွန်းဖွင့်

လည်း မရ။ ခေါ်လို့လည်း မပြစ်နှင့် သူ တံခါးထပ်ခေါက်လိုက်သည်

"ခေါက် ခေါက် အဖေ အဖေ"

"ဟေ ဘာ ဘာဖြစ်တာလဲသား။ မိုးတောင်မလင်းသေး

အဖေက တံခါးကိုခပ်မြန်မြန်ဖွင့်ပြီး စိုးရိမ်တကြီးမေးသည်

"ဘာ ဘာမှမဟုတ်ပါဘူး အဖေ၊ အဖေနဲ့ အပြေးရေး



ရတာကြာတော့ အဲ အဲဒါ"

"သြော် သားရယ် ဒါများ အဖေက အိမ်မှာပဲ ထရိန်နင်

ဝင်နေလို့ပါကွ၊ သား ပြေးချင်ပြေးမယ်လေ၊ အဖေ မျက်နှာသစ်လိုက်

ဦးမယ်၊ ခဏစောင့်နော် သား"

သားရဲ့ပြောင်းလဲမှုကြောင့် ဦးဖမ္ဗူရင်ထဲ ဝမ်းသာကြည်နူး

စိတ်နှင့် လှိုက်ခနဲ ပျော်ရွှင်သွားသည်။ သားရဲ့တမ်းတမှုကို သူနားလည်

ပါသည်။ သား ဘယ်လိုခံစားနေရမလဲဆိုတာလည်း သူသိနေ၏။

သားနှင့် အနေစိမ်းနေရတာကို သူလည်း စိတ်မကောင်းဖြစ်

နေမိတာပါပဲ။ ဒါပေမဲ့ တစ်ခါတစ်ရံ ဆုံးမသွန်သင်လို့မရသော သားကို

စိတ်ကုန်နေမိတာလည်း အမှန်ပင်။

သားရယ် ဒီအိမ်မှာ ရှိတဲ့ မိသားစုလေးနွေးထွေးဖို့ သားရဲ့

နားလည်မှုလေးပဲ လိုအပ်တာပါ။

"အဖေ ဒီမှာ ခဏထိုင်ရအောင်"

သားနှင့်ယှဉ်ပြေးလာရင်း သားစကားကြောင့် အတွေးတို့

ထိခနဲဖြတ်ကာ ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ရသည်။

အချိန်စောနေသေးတာမို့ ကန်ပေါင်မှာ လူရှင်းနေ၏။

"အဖေတို့အနေအထိုင်တွေက အရမ်းကိုရောယှက်နေပြီ

ဆင်ခြင်သင့်တယ်၊ မသင့်တော်ဘူးလို့ အဖေ မတွေးမိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အရင်းအဖျားမရှိ ခပ်ဆတ်ဆတ်သားစကားကြောင့် မှင်တ သွားကာ သူ ဟင်ခနဲဖြစ်သွားပြီး သားကိုလှည့်ကြည့်လိုက်မိသည်။

"သား ဘာကိုပြောချင်တာလဲ၊ ရာရာနဲ့ပတ်သက်တာ လား"

"အဖေ့မှာ တခြားအကြောင်းမှ မရှိတာ ဒါပဲပေါ့"

"အဖေတို့ ဘယ်လိုများ အနေအထိုင်မှားယွင်းနေလို့လဲသား ရာရာက ဂုဏ်သိက္ခာရှိရှိ ထိန်းသိမ်းနိုင်တဲ့ မိန်းကလေးပါ"

"သူ့အကြောင်းကို သား စိတ်မဝင်စားပါဘူး အဖေ သ ရာလည်း မလိုဘူး။ သိလည်း မသိချင်ဘူး။ သားစိုးရိမ်တာ အဖေ့ ပဲ၊ အဖေက သူ့ပိုက်ကွန်ထဲမှာ အမိခံချင်လို့လား"

"စကားပြောတာ မရှင့်သီးနဲ့သား။ မအေမရှိလို့ နှမမရှိ ကိုယ်ချင်းမစာတတ်ဘူးဆိုရင်တောင် မိန်းမဆိုတာ စာနာထောက်ထ သင့်တဲ့အမျိုးပဲကွ"

"သနားငဲ့ညှာရာကနေ သဒ္ဒါလွန်လို့ တဏှာကျွံမှာမျိုး သားလက်မခံနိုင်ဘူးအဖေ၊ အမရာခင် ဘယ်လိုအတန်းအစား အဖေသိပါတယ်၊ သားတို့အသိုက်အဝန်းမှာ ဘယ်လိုမှလက်မခံသ တဲ့ အဆင့်အတန်းမျိုးပဲ"





"သား"

ရင်ထဲမှာ အောင့်မျက်စူးရှနေအောင် ခံစားရသည်။ နားမ ည်နိုင်လွန်းသော သားကို စိတ်ပျက်ညည်းညူကာ ကျစ်ခနဲ စုတ် သပ်လိုက်မိ၏။

"ခက်လှချည်လား သား။ ဘယ်လိုပြောမှ သားနားလည် တော့မှာလဲ၊ ဒီစကားတွေပြောချင်လို့ တကူးတက ဒီနေရာကို အဖေ့ ခေါ်လာတာလား။ ဒီလောက်ထိ ရာရာနဲ့ပတ်သက်ပြီး သားဘက်က အရေးတကြီးဖြစ်နေတယ်ဆိုရင်လည်း အဖေ ပွင့်ပွင့်လင်းလင်းပဲ ပြော တော့မယ်သား။ အဖေ ရာရာ့ကို လက်ထပ်ယူမယ်၊ သူ့အဖေဆီမှာ တင့်တောင့်တင့်တယ် ခမ်းခမ်းနားနားလက်ထပ်ယူမယ် သား"

"အ အဖေ ဘာပြောလိုက်တယ်၊ အမရာခင်ကို လက်ထပ် ယူမယ် ဟုတ်လား။ မ မဖြစ်နိုင်ဘူးအဖေ၊ လုံးဝ လက်သင့်မခံနိုင် ဘူး မယူရဘူး"

ခါးခါးသီးသီး ထအော်လိုက်တဲ့သားကို သူစူးခနဲကြည့်ပစ် လိုက်သည်။

"သား ဆုံးဖြတ်ချက်ကို အဖေကလက်ခံရမှာလား သား။ သားသဘောတူတာ,မတူတာ လက်သင့်ခံခြင်း,မခံခြင်းကို အဖေ ဂရု စိုက်ရမှာလား။ အဖေက အဖေပဲ၊ အရေးမှမကြီးတာ သားရယ်



www.burmeseclassic.com

www.burmeseclassic.com



သား ခုနကပြောသလို အဖေနဲ့ရာရာ တတွဲတွဲဖြစ်နေတာ ဆင်ခြင်သင့်တယ်၊ မသင့်တော်ဘူးဆိုတဲ့ စကားကမှန်တယ်၊ ရာရာလို မိန်းကလေးဘက်က အရမ်းနစ်နာတာပေါ့၊ ဒါကြောင့် အဖေ ရာရာကို လက်ထပ်လိုက်မယ်ဆိုရင် ဒီအကြောင်းတွေက အသေးအမွှားဖြစ်သွားမယ်၊ မဟုတ်ဘူးလား သား။ အဆင့်အတန်းဆိုတာကလည်း ရာရာ အဖေ့ကိုလက်ထပ်လိုက်တာနဲ့ တန်းညှိပြီးသားဖြစ်လို့ ရာရာ ဂုဏ်သိက္ခာတွေ တစ်ခါတည်း တက်လာမှာပါ၊ ဖမ့်ူထိပ်ခေါင်ကုမ္ပဏီ ပိုင်ရှင် ဦးမင်းဖမ္မူရဲ့ ဇနီးမယားတစ်ယောက်အနေနဲ့လေ၊ မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ မဖြစ်ရဘူးအဖေ၊ သား ဘယ်နည်းနဲ့မှ အသိအမှတ်မပြုရဘူး''

''အမေ့တွေ ရာရာ့ကိုတစ်ဝက်ခွဲပေးရမှာစိုးလို့ မနာလိုဖြစ်နေတာလား သား''

''အဖေ''

ကျွတ်ခနဲ အကျယ်ကြီးအော်ကာ ဇာတာ အံ့အားသင့်သွားသည်။ ဒါတွေမမက်မောလို့ တတွတ်တွတ်နားပူနားဆာ အဖေ့ကို မိန်းမယူခိုင်းနေတာ အဖေမေ့သွားခဲ့ပြီလား။

''အဲဒါ တစ်ခုတည်းကြောင့်လို့ ထင်နေတာလား အဖေ''





''ဒါဖြင့် မင်း အနိုင်ကျင့်သမျှ သည်းခံမပေးလို့ အငြိုးကြီးနေခဲ့တာလား။ အာဃာတထားနေခဲ့တာလား။ ရာရာနဲ့ပတ်သက်မှ ...ထိုးအကြိတ်ခံရတဲ့အထိ အဖေနဲ့သွေးကွဲနေရလို့ နာကြည်းနေခဲ့တာ ...''

''ဟုတ်တယ်၊ အားလုံး အားလုံးပဲအဖေရာ၊ သားတို့မိသားစု ...ကြားမှာ တောင်းကျူးမပေးတဲ့ မိန်းကလေးကို အဖေမယူရဘူး။ ...က်မထပ်ရဘူး။ သား သဘောမတူဘူးအဖေ''

''အဖေ ဆုံးဖြတ်ပြီးပြီ သား။ နောက်ဆုံးစကားပါ၊ အဖေ ...ရာကို လက်ထပ်မယ်''

ဇာတာ ထိုင်ခုံလက်တန်းကို ဒုန်းခနဲ လက်သီးနှင့်ထိုးပစ်ကာ ...ဖေ့အနား ပြန်ဝင်ထိုင်လိုက်သည်။

တစ်ကိုယ်လုံး စီးဆင်းလည်ပတ်နေတဲ့သွေးတွေ ပွက်ပွက်ဆူ...ပြီး ရင်ထဲမှာလည်း လောင်စာမရှိတဲ့ကားလို တဂျုန်းဂျုန်းဖြစ်နေ...

''သူကရော ဒီလောက် အသက်အရွယ်ကွာနေတဲ့ အဖေ့လို ...ကို လက်သင့်ခံသတဲ့လား''

''သူ အဖေ့ကို လက်ထပ်မှာပါ၊ ချစ်တယ်တဲ့''

''ဘာ''



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်တောင်မအော်နိုင်တော့ဘဲ ဓာတာ အဖေ့နား ပြေးထွက်လာခဲ့သည်။ နေရောင်ခြည် မလင်းတလင်းအောက်မှာ လူတွေ ပျားပန်းခပ်ပြေးလွှားနေကြ၏။ ထိုလူတွေကို ကျော်တက်ကာ အားကုန်ပြေးလျက် စိတ်ထွက်ပေါက်ပေးလိုက်သည်။ ရင်ထဲမှာ မွန်းကျပ်နေ၏။ လောင်မြိုက်နေ၏။

ဘယ်လိုဝေဒနာလဲ။

✿ ✿ ✿



## အခန်း (၂၅)

"မင်းနဲ့ စကားပြောချင်တယ်"

"လိုအပ်လို့လား"

"ပြောရမှ ဖြစ်မယ်"

အမရာခင် ရှေ့ဆက်သွားလို့မရအောင် ဓာတာ ရှေ့က ပိတ်ရပ်ထားလိုက်သည်။ အမရာခင်က မျက်မှောင်ကုတ်လျက် မျက်နှာထားတင်းတင်းနှင့် သူ့ကို စူးစူးနဲ့မော့ကြည့်၏။ သူမ ဘာမင်တကာရှောင်နေနှုန်းသိပေမယ့် အဖေ ကုမ္ပဏီထွက်သွားတဲ့အချိန်ကို စိတ်ရှည်ရှည်စောင့်ကာ ညည်းခန်းကဖြတ်လာတဲ့သူမကို စကားပြောနိုင်အောင် ကြိုးစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောချင်တာလဲ နားထောင်ပေးလိုက်ပါကွယ်၊ သား ဇာတာ တစ်အိမ်တည်းအတူနေကြတာ ပြဿနာကြီးကြီးမားမား မဖြစ်ပါစေနဲ့ အေးအေးဆေးဆေး ပြောစရာရှိတာ ပြောကြပါကွယ်"

ဒေါ်စိန်ပုက ဒါပဲပြောပြီး လှည့်ထွက်သွားသည်။ ဇာတာ့ စကားတွေ နားမထောင်ချင်ပေမယ့် ကျွန်းကနုတ်တွေနှင့် တောက် ပြောင်သစ်လွင်လှသော ဆက်တီခုံကြီးမှာ ရာရာ ဆောင့်ခနဲမှီထိုင် ချရင်း ခြေချင်းချိတ်၊ လက်ကိုပိုက်ပြီး မထီမဲ့မြင် ထိုင်နေလိုက်သည်။

ဇာတာက သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ပြီး သူမ ကို စေ့စေ့ကြည့်သည်။

"မင်း အဖေ့ကို ဘာတွေမက်မောပြီး လက်ထပ်မှာလဲ အမရာခင်"

"နင့်ကိုသံတော်ဦးတင်စရာလိုလို့လား ဇာတာ၊ ဘာကိုမက် မောပါတယ်လို့ ရှင်းပြနေရဦးမှာလား"

"မင်းမပြောလည်း ငါသိပြီးသားပါ အမရာခင်၊ အဖေ့မှာ ပစ္စည်းဥစ္စာ ဂုဏ်ဓနတွေ မက်လောက်စရာရှိနေတာပဲ၊ ငါးပိငါးခြောက် လှန်းစားနေရတဲ့ မင်းတို့ဘဝအတွက် ဒါတွေနဲ့ အသက်အရွယ်ကို မြင်မနေတော့ဘဲ မင်းဘဝနဲ့ မင်းအလှကို ထိုးကျွေးရဲတော့တာပေါ့"

သူမ ဟွန့်ခနဲ ခနဲ့ခနဲ့ရယ်ကာ လက်ပိုက်ဖြုတ်လျက် ထိုင်





ဆက်တာနန်းကို လက်ဆစ်ကလေးတွေနှင့် တခေါက်ခေါက်ခေါက် ခိုက်၏။

"အချစ်ကရော ဘယ်ချောင်မှာ သွားအိပ်နေတယ်ထင်လို့လဲ ဇာတာ၊ အချစ်မပါဘဲနဲ့ ဘယ်ယောကျ်ားကိုမှ ငါလက်ထပ်ဖို့ မစဉ်း စားဘူးသိလား"

"ဟ ဟား ဒီအသက်နဲ့ ဒီအရွယ်ကို အချစ်ဆိုတဲ့ စကား သုံးပြောရဲတာ အံ့ဩစရာပဲ အမရာခင်၊ အဖေ့မှာ ဘာမှမပါရင်ရော မင်း လက်ထပ်မှာမို့လား။ တကယ်ဆို ငါ့ကိုလက်ထပ်ချင်တယ်ပြော တာကမှ ယုံချင်စရာကောင်းသေးတယ်၊ ငါ့စတိုင်နဲ့ ငါ့ဒီဇိုင်းကမှ ဟိုင်းကြိုက်တဲ့နှင်းဆီခိုင်၊ အဖေက အိုဟာဒိတ်ကြီးဖြစ်နေပါပြီဟာ၊ ပစ္စည်းစိမ်ဥစ္စာတွေကို ဒီလောက်မက်မောနေရင်လည်း ငါ့ကိုယူ ပါလားဟာ၊ ငါက မိန်းကလေးတွေ အရှုံးအမှုးဖြစ်အောင် စွမ်းဆောင် နိုင်ပါတယ်"

ရာရာ မျက်ခုံးပင့်ပြီး နှာခေါင်းရှုံ့၏။

"နင် အောက်ခြေလွတ်နေတာလား၊ ဘဝင်လေဟပ်ပြီး ညွှန်ပြိန်ကျ ဇာတ်တုတ်သေနေဦးမယ်၊ ဘယ်လိုမိန်းမမျိုးတွေ နင့်ကိုစွဲ လမ်းနေတယ်ဆိုတာတော့ ငါမပြောတတ်ဘူး၊ ငါကတော့ ဆောင်း ဝင်တော့ခွမ်းပဲ၊ အတည်ပြောနေတာဆိုလည်း ငါရင်မခုန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အကြောနဲ့ ပြောင်နောက်နေတာဆိုလည်း ဂရုမစိုက်ဘူး။ ငါ ဦးကိုချစ် ချယ်ခဲ့တာက ယောကျ်ားပီသလို့၊ စိတ်ဓာတ်အဆင့်အတန်းမြင့်မား လို့၊ ငွေကြေးချမ်းသာပေမယ့် စိတ်ဓာတ်အောက်တန်းကျနေတဲ့သူ တွေ အများကြီးမဟုတ်လား"

သူ့ကိုရှဲ့ပြောနေမှန်း ဇာတာသိသည်။ ဒါပေမဲ့ အဖေ လက်ထပ်ချင်တဲ့ သူမရဲ့ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ခွင့် ဇာတာမပေးနိုင်။

"ငါ့ကိုလက်ထပ်လည်း ဒီစည်းစိမ်ဥစ္စာတွေ နင်ရမှာ သေ ချာပါတယ်၊ ရတာချင်းအတူတူ သက်တူရွယ်တူဆိုတော့ ပိုမသင့် တော်ဘူးလား။ သက်ကြားရွယ်အိုကြီးကို စပွန်ဆာယူထားတာထက် အထင်ခံရတာနဲ့စာရင် နင် ဂုဏ်သိက္ခာရှိတာပေါ့ဟာ၊ မဟုတ်ဘူးလား"

"ဟင်း ဟင်း နင့်ရဲ့ ထိုးနှက်ချက်တွေ ငါမတုန်လှုပ်တော့ ပါဘူး ဇာတာ၊ ဒီထက်ဆိုးဝါးတဲ့ စကားလုံးတွေနဲ့ နင်ထိုးနှက်ရင် ကျပဲ၊ ဂရုစိုက်တဲ့သူက အရှုံးဖြစ်လိမ့်မယ်၊ နင် ပြောချင်တာ ဒါ မဟုတ်လား။ ငါသွားတော့မယ်"

ရာရာ မြန်းခနဲ ထရပ်လိုက်သည်နှင့် ဇာတာက ရာရာ့ရှေ့ ပိတ်ရပ်လိုက်သည်။ ဘေးစောင်းကျနေသည့် ဆံပင်တွေကိုလည်း နောက်ကို ဆတ်ခနဲခါပစ်လိုက်၏။





"ငါပြောလို့ မပြီးသေးဘူး အမရာခင်၊ အဖေနဲ့ နင့်ရဲ့ကြား မှာ ရှိတဲ့ကြိုးကို ငါရအောင်ဖြတ်ပြမယ်ဆိုတာ အသိပေးတာ၊ မိန်းမ တစ်ယောက်ရဲ့ အရှက်သိက္ခာတွေမရှိတဲ့နင့်ကို အဖေတမ်းတမ်းစွဲနေ သည်း ငါကတော့ရအောင်ဖျက်မှာပဲ၊ နင်တို့ ရှေ့ဆက်တိုးရင် နောင် အတွေနဲ့ မျက်နှာချင်းဆိုင်ရမယ်ဆိုတာ မမေ့ပါနဲ့"

"ဒါဆိုရင် ငါပြောမှာကိုလည်း နင်သေချာနားထောင်လိုက် အဦး ဇာတာ၊ ငါ နင့်အဖေနဲ့လက်ထပ်ဖြစ်အောင် လက်ထပ်မယ်၊ ဘယ်လိုပကာသန အဆောင်အယောင်တွေ ဦးမှာရှိမနေလည်း အချစ် တာ အရာရာပြည့်စုံစေပါတယ်၊ နင် မက်မောတာတွေ နင်အကုန် ယူထားလိုက်ပေါ့၊ သံသရာအထိ သယ်သွားလို့ရမယ့်အရာတွေဆို တော့ နင်ပဲပိုင်ဆိုင်အောင် ကြိုးစားပါ၊ ငါတို့ကတော့ အချစ်နဲ့ပဲ ဘဝကိုပျော်ရွှင်အောင် စိတ်ချမ်းသာအောင်နေတော့မယ် ဇာတာ သာတာ"

လက်ကလေးတစ်ဖက် ခါယမ်းကာ မထိတထိပြုံးလျက် ဇာတာကိုတိုးတိုက်ပြီး အမရာခင် သူ့ရှေ့ကထွက်သွားသည်။

ဇာတာတက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ကျွန်းကနုတ် ထက်စီခုံကြီးကို ဒုန်းခနဲခြေထောက်နှင့် ကန်ပစ်လိုက်သည်။

ကျောင်းတက်ချိန်ရောက်နေသည့်အဖြစ်ကို ခုမှ သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



ကျောမိုးအိတ်ကို ကောက်လွယ်လိုက်၏။

စိတ်ထွက်ပေါက်အဖြစ် သူ့ရဲ့မှာစ်တူးကားလေးကို အ
မြှင့်လိုက်၏။ ကျောင်းကိုရောက်တော့ လင်းထိုက်က ကျောင်းရှေ့
ပြီး ကင်းနံတင်းကနေ သူ့ကိုစောင့်နေသည်။

"တောက်"

အရှိန်မပြေသည့်ဒေါသကြောင့် လင်းထိုက်က သူ့ကို
ကြည့်သည်။ လင်းထိုက်ရှေ့က ဆန်းကစ်ဘူးကို သူ တစ်ကျိုက်
မော့ချလိုက်၏။

"ရင်ခံလာပြန်ပြီလား ဖတော၊ အအေးဘူးနဲ့ ဒေါသတွေ
မျှောချနေတယ်၊ သက်သာလို့လား"

"ပိုဆိုးလာတယ်၊ ဘီယာဆိုင်သွားမယ်ကွာ၊ ကျောင်းမ
တော့ဘူး"

လင်းထိုက် သူ့နောက်က ဝရန်းသုန်းကား ထလိုက်
သည်။ ကျောင်းဝင်းအပြင် မနီးမဝေး စားသောက်ဆိုင်ကို ရောက်
ကားကိုပါကင်ထိုးပြီး စားသောက်ဆိုင်ထဲကို ဖတောအရင်ဝင်သွား
ဘီယာသံဘူး ငါးဘူးချဟု ဝိတ်တာလေးကို မှာလိုက်သည်။ အ
တော့ လင်းထိုက်ကပဲ မှာလိုက်၏။ ဘီယာသံဘူးတွေ စားပွဲ
ရောက်လာသည်နှင့် ဖတော တစ်ဘူးလုံးကုန်အောင် တစ်ရှိန်





မော့သောက်ပစ်ကာ ဘူးခွံကို တွန့်ကြေလိမ်ကောက်သွားအောင် ဆုပ်
ညှစ်ပစ်လိုက်သည်။

"အမရာခင်ကို ငါ အဲဒီလို လုပ်ပစ်လိုက်ချင်တာ"

"အမရာခင်က သက်မဲ့မှ မဟုတ်တာ၊ ငြိမ်ခံနေမှာတဲ့လား"

"အဲဒါကြောင့် ငါပိုဆိုးနေတာပေါ့၊ သူ့ကို ငါဘယ်လိုလုပ်
ရမလဲ စဉ်းစားနေတာ"

"ဘေးမဲ့ပေးလိုက်တာ စိတ်ချမ်းသာပါတယ်ကွာ"

"အဲလို ဘေးမဲ့ပေးလိုက်ရင် အဖေ့ကိုပါ ခေါ်ထုတ်သွားမှာ
ပေါ့"

"ဘာပြောတယ်"

"ဟုတ်တယ်၊ အဖေနဲ့ အဲဒီမိန်းမ ချစ်သူတွေတောင်ဖြစ်နေ
ကြပြီ၊ လက်ထပ်ဖို့လည်း အစီအစဉ်ဆွဲပြီးပြီ ထင်တယ်၊ အမရာခင်က
ငါ့ကိုစိန်ခေါ်တယ်လေ၊ အဖေ့ကိုလက်ထပ်ဖြစ်အောင် လက်ထပ်မယ်
တဲ့"

"ရပိုင်ခွင့်တွေအားလုံး သူတစ်ယောက်တည်းတော့ မပေး
သောက်ပါဘူးနော်"

"အကုန်ထားပစ်ခဲ့မယ် သူ မမက်မောဘူးတဲ့၊ ဒါပေမဲ့ ဖွ
ထုတ်ဖက်ကြီးကို သူပိုင်သွားမှတော့ ဘာလိုတော့မလဲကွာ၊ အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သာ ငါအံ့ဩတာ၊ ဒီမိန်းမကို ဘာတွေသွားကြွေနေတာလဲ၊ အဆင့် အတန်းတူမိန်းမတွေမှ ရိုက်သတ်လို့ မကုန်ဘူး၊ အနေနီးပြီး ငြိတွယ် လွယ်တာနေမှာပေါ့၊ ဘယ်မှာ တန်ဖိုးရှိမှာလဲ၊ အဘိုးကြီးကိုကပ်ပြီး စပွန်ဆာလို့အပြောခံရမှာတောင် မမှုတဲ့ပုံစံမျိုး”

“ဩော် အေး အဲဒါနဲ့ပတ်သက်ပြီး မင်းကို ငါပြောစရာရှိ တယ်”

ဘာလဲဟုသည့်ပုံစံမျိုးနှင့် လင်းထိုက်ကို မျက်ခုံးပင့်မော့ ကြည့်ပြီးမှ ဘီယာနောက်တစ်ဘူး ဖောက်သောက်လိုက်၏။ လင်းထိုက် က အသားကင်တွေကို တူလေးနှင့်ညှပ်စားနေရင်းက ဆိုင်အဝင်ဝဆီ မေးငေါ့ပြသည်။ သီရိစံနှင့် အသက်ငါးဆယ်ဝန်းကျင် ဘိုးတော်တစ် ယောက်။

“ဟင်”

“အေး ဟုတ်တယ်၊ သီရိစံနဲ့တွဲလာတဲ့ ဘိုးတော်က သီရိစံ ရဲ့ စပွန်ဆာကြီးကွ”

“ဘယ်လိုဖြစ်သွားတာလဲ”

သီးသန့်ခန်းထဲကို ဝင်သွားတဲ့ သီရိစံတို့ကိုကြည့်ကာ ဇာဏ တအံ့တဩမေးလိုက်မိသည်။

“ဒီလိုင်းကို ဝင်သွားတာ မင်းက အစပြုတယ်ပြောရမှာ





မင်းဆီက သူလိုအပ်တာတွေ အလျှံပယ်ရနေတော့ နောက်လည်း အလွယ်တကူပဲရချင်နေတယ်လေ၊ သူ့အိမ်က အခက်အခဲကြောင့် လည်း ပါမှာပါ၊ သူ့အစ်ကို နိုင်ငံခြားသွားရမယ်ဆိုပြီး ငွေတွေတော် တော်များများ အလိမ်ခံလိုက်ရတယ်တဲ့၊ ရောက်အောင်ပို့လိုက်တော့ လည်း ဟိုမှာ အဖမ်းခံရတော့ ငွေနဲ့ပဲပြန်ရွေးထားရတာ၊ စီးပွားရေး အဆင်မပြေမှုတွေနဲ့ အလွယ်လိုက်သွားတာဖြစ်ရမယ်”

“ကျောင်းမှာတော့ သီရိစံကိုတွေ့နေရတာပဲ”

“ဘိုးတော်က အားလုံးတာဝန်ယူထားတာပဲ၊ ကျောင်းလည်း နေခွင့်ရှိတာပေါ့၊ တစ်ခါတလေတော့ ခုလိုပဲ ကျောင်းလစ်ပြီး လျှောက် သွားနေတာ မင်းသတိမထားမိဘူးလား”

“ငါ သူ့ကိုမေ့ထားတာကြာပြီပဲ၊ မာနကြီးလွန်းလို့ ငါတောင် ဆော်တော်လိုက်ယူရတာ၊ အဲလိုကြီးဖြစ်သွားလိမ့်မယ် မထင်မိဘူး။ အံ့ဩစရာပဲနော်၊ မိန်းကလေးတွေ ကိုယ့်တန်ဖိုး ကိုယ်မသိကြဘူး”

“အမရာခင်ကိုပါ ရမ်းလိုက်တာလား ဇာဏ”

ဇာဏက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဘီယာဘူးကို ဆောက်ခနဲဖွင့်လိုက်ပြန်၏။

“ဘာထူးလဲ၊ သီရိစံအဆင့်ထက်တောင် နိမ့်ချင်နိမ့်နေဦး မယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုပြောပြီး ဘီယာဘူးကို တစိမ့်စိမ့်မော့သော…

နေရင်းက ရှိဝေမှင်တက်ကာ စဉ်းစားတွေးဆနေဟန်နှင့် တိုးသဲ့…

"သီရိစံကို ငါတွေ့ချင်တယ်"

ဘာလုပ်ဖို့လဲဟု လင်းထိုက်မမေးဖြစ်တော့။

ဘီယာအရှိန်တက်ကာ ဝေဝေဝါးဝါးရေရွတ်နေတာဖြစ်…

မည်။ စားပွဲပေါ်ကိုကြည့်တော့ စားပွဲပေါ်မှာ ဘီယာဘူးတွေ အလဲ…

အပြိုပြိုနှင့်။

မင်း ဘာမူး မူးနေတာလဲ ဇာတာ။

✿ ✿ ✿



## အခန်း (၂၆)

"သား သူငယ်ချင်းမွေးနေ့ အဖေ့ကိုလိုက်ခဲ့စေချင်တယ်"

"ဘာလုပ်ဖို့လဲသား"

သားအကျင့်စရိုက်တွေကြောင့် အနေစိမ်းသလိုဖြစ်နေပေ…ဦး သားက စကားစပြောတော့လည်း ဝမ်းသာအားရ ပျာပျာသလဲ…သေးသည်။ ဘရိတ်ဖက်စ်ဝိုင်းမှာ မဆုံဖြစ်တာကြောင့်ဖြစ်သော…ာ ဒီနေ့စောစီးစွာရောက်နှင့်နေလျက် မျက်နှာသွင်ပြင်မှာလည်း…ာချခြင်းတို့ ရှိမနေချေ။

ဖွန်းသံ၊ ပန်းကန်သံ၊ ကော်ဖီခွက်နှင့် အောက်ခံပန်းကန်…ထိခတ်သံတို့လည်း တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမျိုးနှင့်ဆိုလျှင် သားနှင့် အမြဲတမ်း မျက်
ချင်းဆိုင်နေချင်ပါသည်။

ကျွန်ုပ်ရနေသော သားက မပွင့်တပွင့်နှင့်

"အဖေနဲ့ပတ်သက်တဲ့ ညှော်ခံပွဲတွေ ဒင်နာတွေ သားမှ
ရတာကြာပြီ၊ သားနဲ့ပတ်သက်တဲ့ ဒီပွဲလေးကိုတော့ အဖေနဲ့အတူ
တက်ချင်ပါတယ်၊ သားသူငယ်ချင်းတွေကိုလည်း အဖေနဲ့လာခဲ့
မိတ်ဆက်ပေးမယ်လို့ ပြောထားခဲ့တယ် အဖေ"

"ဪ သားရယ် သားတို့လူငယ်အဖွဲ့တွေနဲ့ ဖြစ်ပါ့မ
သားသူငယ်ချင်းတွေက ဘယ်လောက်များလို့လဲ၊ ဟို လင်းထိုက်
တဲ့ ကောင်လေးနဲ့တော့ အဖေသိပြီးသားပဲ"

"တခြားသူငယ်ချင်းတွေပါ အဖေ၊ အဖေ ဘယ်လော
ကြောင်း၊ ချောကြောင်း သားကြွားထားလို့ တွေ့ချင်နေကြတာ၊ အ
မလိုက်နိုင်လို့လား၊ ဘယ်သူ့ကို ကြောက်နေရလို့လဲ"

ရာရာဘက် မျက်လုံးဝေ့ပြီးမှပြောလိုက်တာမို့ ပြဿနာ
မကြီးအောင် ဦးဇမ္ဗူ အလောတကြီး ဝင်ပြောလိုက်ရသည်။

"မ မဟုတ်ပါဘူး သားရဲ့ အဖေလိုက်ခဲ့ပေးမှာပါ၊ ဘယ်
လဲသား"

"ဒီနေ့ပဲ ဒင်နာ"





"ဪ တစ်နေကုန် အချိန်ရသေးတာပဲ၊ အဖေ ကုမ္ပဏီက
ပြန် သားသူငယ်ချင်းအတွက် မွေးနေ့လက်ဆောင် ဘာဝယ်ခဲ့ပေး
လဲ သား၊ မိန်းကလေးလား၊ ယောက်ျားလေးလား"

"ရတယ်အဖေ သားဝယ်ပြီးပြီ၊ ည ခုနစ်နာရီသွားမယ်"

"အေး အေး သား၊ အဖေ့ဘက်က အဆင်ပြေပါတယ်၊
က်ဖြစ်အောင်လိုက်မယ်နော် သား၊ လူငယ်တွေဆိုတော့ ဘီယာ
ာ ဘာတွေလည်း ပါမယ်မဟုတ်လား၊ သားနဲ့လည်း အဲဒီလိုမျိုး
ုံရတာကြာပြီဆိုတော့ ပိုကောင်းတာပေါ့ကွာ"

ခုမှ သားမျက်နှာ ပြုံးယောင်ယောင်ဖြစ်လာကာ ဘာစကား
ဆိုတော့ဘဲ အစားကိုဖိစားလျက် ထထွက်သွားခဲ့သည်။ ထိုအချိန်
ာက်မှ ရာရာက သူ့အနားက ထိုင်ခုံကိုတိုးရွှေ့ထိုင်လျက်

"အလွန်အကျွံတွေ လုပ်မလာနဲ့နော် ဦး၊ ဖတာက ပွဲတက်
ုရှိတာတွေကို ရာရာနဲ့ပဲ သွားနေလို့ ကျေနပ်ပုံမရဘူး၊ အတိုးချပြီး
ာခိုင်းရင် ဦး ကျန်းမာရေးထိခိုက်လိမ့်မယ်"

"ရာရာက ဦးကိုစိုးရိမ်လို့လား"

"အင်း"

ရာရာက ခေါ်စိန်ပုရေ့မှာ ရှက်ရမ့်န်းသတိမထားမိတော့ဘဲ
င်းလေးနှောင်းငဲ့ကာ ညိတ်ပြလိုက်သည်နှင့် ဦးဇမ္ဗူက ရာရာ



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးကို ဖျစ်ခနဲ ဆုပ်ကိုင်လိုက်သည်။

ဒေါ်စိန်ပုက အလိုက်တသိ ရှောင်ထွက်ပေးသွား၏။

"ဦးက သားအလိုကို လိုက်ချင်လို့မဟုတ်ပါဘူး။ အရွေး တင်ဖြစ်နေရင် ရာရာစိတ်ညစ်ရမှာစိုးလို့ တကယ်တော့ ဦးတို့ နှ ယောက်ကြားမှာ သားနားလည်မှုပေးမယ်ဆိုရင် စိတ်ချမ်းသာရ မဟုတ်ဘူးလား။ ဦးတို့ကြောင့်လည်း သားကို စိတ်မဆင်းရဲစေချင်ဘူး"

"ဦး သားကို အရမ်းချစ်တာပဲလားဟင်"

"ချစ်တာပေါ့ ရာရာရယ်၊ သားက ဦးတို့ဘဝတစ်ခု ဖြစ်ခဲ့ ဖူးတာပဲ၊ ဒါပေမဲ့ ရာရာနဲ့ပတ်သက်မှ သားကို စိတ်ပျက်စရာတွေ ဖြစ် လာရတယ်"

"ရာရာက ဖွတ်တာပြောခဲ့ဖူးသလို ဦးတို့မိသားစုအတွင်းမှာ ကြိုလ်ဆိုးတစ်ကောင်ဖြစ်နေခဲ့သလားဟင်"

"မ မဟုတ်ဘူးရာရာ၊ ဦး အဲလိုဘယ်တုန်းကမှ မသတ် မှတ်ခဲ့ရဘူး။ သားကိုချစ်တာ ၅၂၈ ဆိုရင် ရာရာကို ဦးချစ်တာ ၁၅၀၀ မေတ္တာတွေနဲ့ပါ၊ နီးရဲ့နဲ့ဝေးရမှာ မိသားစုတွေပဲ၊ ဝေးမလို့ လိုနဲ့ နီးကြရတာက အရင်းနှီးဆုံးသူစိမ်းတွေပဲတဲ့၊ ဦး ရာရာကိုချစ် တယ်၊ သားကိုစွန့်လွှတ်နိုင်သလားဆိုတော့လည်း ဦး ခေါင်းခါမိမှာ အမှန်ပဲ၊ ရာရာနဲ့မတွေ့ခင်အချိန်က ဦးဘဝမှာ သားပဲရှိခဲ့တယ်၊ ရာရာ





ဦးကို နားလည်တယ်မဟုတ်လားဟင်"

သားအရင်းမဟုတ်တဲ့ သားဆိုးတစ်ယောက်ကို ဘာလို့ ဒီ လောက်ချစ်နိုင်ရတာလဲ။ မေတ္တာတွေ၊ အကြင်နာတွေ၊ ကရုဏာတွေ၊ နားလည်မှုတွေ ပေးနိုင်ရတာလဲဟု မေးခွန်းပေါင်းများစွာ မေးလိုက်ချင် သော်လည်း လည်ချောင်းဝမှာ တစ်ဆို့လျက် ခေါင်းပဲ အသာအယာ ညိတ်ပြလိုက်ရသည်။

"ကျေးဇူးတင်ပါတယ် ရာရာ၊ ရာရာ ဦးကို အမြဲတမ်း နားလည်ပေးလိမ့်မယ်လို့ ဦးယုံကြည်ပါတယ်၊ ရာရာ သင်တန်းပြီးရင် ရာရာ့အဖေဆီမှာ သမီးတောင်းပြီး ခမ်းခမ်းနားနား လက်ထပ်ယူမယ် နော်"

"ဟင့်အင်း လက်မှတ်ထိုးလက်ထပ်ပြီး မင်္ဂလာဆွမ်းကျွေး နဲ့ ညစ်ခံပွဲသေးသေးလေးလုပ်ပေးရင် ရာရာ ကျေနပ်ပါပြီ ဦးရယ်၊ ရာရာ ပကာသနနဲ့ ထည်ဝါမှုတွေကို မမက်မောပါဘူး။ ဦးကို မိုနို ချင်လို့ အားကိုးချင်လို့ မဟုတ်ပါဘူး။ ရာရာ ဦးရဲ့ဖြူစင်မှုနဲ့ ယောကျ်ား ဆိုသမှုကို လေးစားမိလို့၊ သိမ်ချစ်သွားမိလို့ပါ ဦး"

"ရာရာရယ်"

ပခုံးစွန်းမှာ မှီနွဲ့လာတဲ့ ကောင်မလေးကိုထွေးဖက်ကာ ဆံ နွယ်လေးတွေကို မြတ်နိုးစွာ နမ်းရှိုက်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလိုချင်တဲ့ မိန်းကလေးမို့ ဦးက အားလုံးပေးဖို့ စဉ်းစားထားတာပါ"

"ဦး အချစ်တွေနော်"

"ဟုတ်ပါပြီဗျာ၊ ဦးကလည်း အချစ်တွေပဲ ပေးမှာပါ"

ရယ်သံလွင်လွင်လေးနှင့် ရင်ခွင်ကရှုန်းထွက်နေသော ရာရာကို ဖြည်းညင်းစွာပဲ လွှတ်ပေးလိုက်ရသည်။

သိပ်မကြာသော ကာလလေးမှာ ဤကဲ့သို့ ရုန်းထွက်ခွင့်ပေးရအောင် သူကြိုးစားရမည်။

တစ်သက်တာ ထွေးပိုက်ချင်စိတ်နဲ့ မြတ်နိုးခဲ့ရတာပါ ရာရာ။

✿ ✿ ✿



## အခန်း (၂၇)

"အဖေ ဒါ သားသူငယ်ချင်းမွေးနေ့ရှင် သီရိစံတဲ့၊ သီရိ ဒါ [illegible]သို့အဖေ ဦးမင်းဇမ္ဗူ"

"တွေ့ရတာ ဝမ်းသာပါတယ်အန်ကယ်လ်၊ ဖေတာနဲ့ ခုလို [illegible]တ်လာပေးတဲ့အတွက် သိုင်းကျူးပါ"

"ကွန်ဂရက်ကျူးလေးရှင်းပါ သမီး၊ ပွဲလေးက တီးဝိုင်းနဲ့ [illegible]ရုံးလိုက်ဖက်ပြီး လှပပါတယ်"

"ထပ်ဆင့်သိုင်းကျူးပါ အန်ကယ်လ်၊ ဖေတာ အန်ကယ်လ် [illegible] လူရှင်းတဲ့စားပွဲဝိုင်းနားမှာ နေရာချထားပေးပါဟာ၊ လူငယ်တွေ [illegible] အရမ်းဗရုတ်သုတ်ခဆိုတော့ အန်ကယ်လ်နေတတ်မှာ မဟုတ်ဘူး။

www.burmeseclassic.com



ဩော် ဖတဖာ နင်က တခြားသူငယ်ချင်းတွေကို ညှော်ခံပေးဦးနော် စောစောပိုင်းက ညှော်ခံနေရတာ ငါ အရမ်း ခြေထောက်တွေညောင်းပြီး ပင်ပန်းနေလို့ ခဏလောက်ထိုင်နေချင်တယ်"

"ဩော် အေး အဲဒါဆို ဟိုးအမှောင်ရိပ်က ထောင့်စ မှာ အမေ့ကိုညှော်ခံရင်းနဲ့ ခဏထိုင်နေလိုက်လေ၊ ကျန်တာတွေ ကိုယ် ညှော်ခံထားလိုက်မယ်"

"ကျေးဇူးပဲ ဖတဖာ၊ လာ အန်ကယ်၊ ဟိုမှာသွားထိုင် အောင်"

ယောင်တောင်တောင်နှင့် သီရိစံဆိုတဲ့ ကောင်မလေး ခေါ်ရာ မင်းဖမ္ဗူလိုက်ပါလာခဲ့ရသည်။

မီးရောင်မှိတ်တုတ်မှိတ်တုတ် ပြာလဲ့လဲ့အောက်မှာ တီးဝိုင်း က မြူးကြွကြွ၊ လူငယ်တွေက လှုပ်လှုပ်ရွရွ။

"အန်ကယ် အပျော့လား၊ အပြင်းလား"

"ဟင် ဩော် အပျော့ပဲပေးပါကွယ်၊ ဘီယာလောက် အဆင်ပြေပါတယ်၊ ကျန်တဲ့အစားအသောက်တွေတော့ မရတော့ နော်၊ အိမ်မှာ စားလာခဲ့လို့"

"အိုကေ၊ အန်ကယ်လ်ဖို့ သီရိကိုယ်တိုင် သွားယူပေး အေးဆေးနော်"





သွက်လက်စွာ ဂါဝန်လေးတမမနှင့် ကောင်မလေးလှည့် ထွက်သွားသည်။ ရဲတင်းလှသော သားသူငယ်ချင်းကောင်မလေးကို မင်းဖမ္ဗူ မြင်ဖူးသလိုလိုရှိနေသည်မို့ စဉ်းစားကြည့်တော့လည်း သေ ချာ မမှတ်မိနိုင်ဖြစ်နေသည်။

ဟိုတစ်ခါ သားချစ်သူဆိုပြီး မိတ်ဆက်ပေးစဉ်က ကောင်မ လေးကိုမြင်ယောင်ကြည့်တော့ ကွာတားဘောင်းဘီတိုရှပ်အနက်က လေးနှင့် ကျောပိုးအိတ်သေးသေးလေးလွယ်ကာ ကလေးဆန်သည်။ အခု ဒီကောင်မလေးက လက်တစ်လုံးနှစ်ထပ်ဂါဝန် ဖြူလွလွလေးနှင့် မျက်နှာမှာ မိတ်ကပ်ရောင်စုံ၊ နှုတ်ခမ်းမှာ နှုတ်ခမ်းဆိုးဆေးအနီရဲရဲ ခေါင်းမှာ သရဖူလေးဆောင်းထားသေး၏။

သားချစ်သူဆိုလျှင် သူငယ်ချင်းပါလို့တော့ မိတ်ဆက်ပေး မှာ မဟုတ်။ သားက ပွင့်လင်းလွန်းသူ မဟုတ်ပါလား။

"အန်ကယ်လ် ရှိတ်လို့ရပြီ၊ အလန်းနော်၊ အန်ကယ်လ်မြူး တာရင် ထကလို့ရတယ်"

ပန်းချင်းထိကာ သူနှင့်ပူးကပ်ထိုင်လိုက်သည်မို့ ကိုယ်ကို ရှိန်၍ ဘီယာခွက်ကိုယူပြီး တစ်ကျိုက်မော့သောက်လိုက်ရသည်။

"ရပါတယ်၊ အန်ကယ်က သားခေါ်လို့သာလိုက်လာရတာ လူငယ်တွေကြားမှာ ဒီလိုတသီးတသန့်ဖြစ်နေလိမ့်မယ်လို့တော့ ထင်



www.burmeseclassic.com

www.burmeseclassic.com



သားပဲ၊ ဩော် သားသူငယ်ချင်းမောင်လင်းထိုက်ကို မတွေ့ဘူးနော် သူနဲ့ဆိုရင် ခင်ပြီးသားဆိုတော့ အဖော်ရမှာကွ”

“ဟို အဲ သူနဲ့သီရိက မခင်ဘူးအန်ကယ်ရဲ့၊ ဇာတာနဲ့တော့ ဘော်ဘော်ကျွေဖြစ်နေတာလေ”

“သားချစ်သူ မိန်းကလေးတော့ မဟုတ်ပါဘူးနော်”

“ရှင်”

“ဩော် သားနဲ့တစ်ခါတွေ့လိုက်တဲ့ မိန်းကလေးနဲ့ နည်းနည်းဆင်နေသလားလို့”

ကောင်မလေးက တွေခနဲဖြစ်သွားပြီးမှ ဟက်ခနဲ ရယ်ရသည်။

“ဟင်း ဟင်း အန်ကယ်သားကို ချစ်သူမတော်ရဲပါဘူး အန်ကယ်လ်ရယ်၊ သူ့မှာ ဝမ်းကိုးတူးကာမ်း စပါယ်ရာပပ်ဖ်တွေက အများသား။ ဘော်ဘော်အဆင့်က မကျော်ရဲပါဘူး။ သူ မသုံးချင်တော့လို့ ဝဲပစ်လိုက်ရင် ဒူးနဲ့မျက်ရည်သုတ်နေရလိမ့်မယ် ဟင်း ဟင်း”

သူမဆီက ညင်းသွဲ့သွဲ့ရယ်သံမဆုံးခင် ဘီယာဖန်ခွက်က လေးကိုင်လျက် ဇာတာ သူတို့အနားရောက်လာသည်။

“ဟိတ် ကိုယ့်အတင်းတွေ အဖေ့ကိုဘာတွေ ဖောက်သည်ချနေတာလဲ၊ နင့်တော်လ်ကီထဲမှာ မျောလို့ အဖေ ဘာမှမစားဘဲ





သောက်လိုက်ရဘဲ နေဦးမယ်၊ အဖေ အဖေ့အတွက် သားယူလာတယ်၊ သားအကြောင်းပြောနေတဲ့ အတင်းအဖျင်းတွေ နားမထောင်ဘဲ သောက်လိုက်ဦး”

“ဟဲ့ ငါတောင် အညောင်းအညာမပြေသေးဘူး။ ညှော်သည်တွေကို ညှော်ခံပေးပါဦးဟဲ့၊ နင့်အဖေကို ညှော်ခံဖို့ ငါတစ်ယောက်လုံးရှိပါတယ်၊ ဘတ်ဒေးကိတ်လှီးရင် နင့်ကို အရင်ဆုံးမခွံ့ဘဲ ထားလိုက်မယ်နော်”

“လွှမ်းစရာပဲ၊ နင်မကျွေးလည်း ကိုယ့်ကိုကျွေးချင်တဲ့သူတွေတစ်ပုံကြီး”

“သိပါတယ် ခွေးချေးပုံ နွားချေးပုံ မြင်းချေးပုံ”

“ဟိတ် တော်တော့၊ အဖေ ဘီယာသောက်ရတာ ပျို့အန်နေဦးမယ်၊ အဖေ သောက်၊ မြန်မြန်သောက်၊ ဘာမှတွေးမနေနဲ့ သူ့ကိုလည်း ဂရုစိုက်မနေနဲ့”

သီရိစံယူလာပေးတဲ့ ဘီယာခွက်ကို တစ်ခါတည်းမော့သောက်လိုက်ရပြီး သားယူလာတဲ့ ဘီယာခွက်လည်း ကောက်ကိုင်လိုက်ရသည်။

“အဖေ လန်းသွားရင် သားနဲ့တွဲကမယ်နော်၊ အခုတော့ ဟိုဘက်ဝိုင်းတွေ သွားလိုက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



သားက သူ့ကို တစ်ချက်သာစိုက်ကြည့်ပြီး လှစ်ခနဲ ထွက်သွားသည်။ မွေးနေ့ရှင်က သူ့အနားမှာ သက်သောင့်သက်သာ ထိုင်နေပြီး သားကဘာလို့ ဧည့်သည်တွေကို မအားမလပ် အရေးတကြီး ရှိနေရတာလဲ။

တကယ်ဆို သူနှင့်မျက်နှာချင်းဆိုင် ပျော်ပျော်ပါးပါး သောက်လိုက်စားလိုက်လုပ်နေရမှာ မဟုတ်ဘူးလား။ သီရိစံနှင့်သားနှင့် ဘာကြောင့် နေရာချင်းလွဲနေရတာလဲ။

သားပေးတဲ့ဘီယာခွက်ကို နှုတ်ခမ်းများမှာတေ့ကပ်သောက်နေတဲ့သူ့ကို သီရိစံက ရီဝေမှေးစင်းကာ စူးငေးငေးလေး ကြည့်နေသည်။

ခဏကြာတော့ သီရိစံအကြည့်တွေက ပိပြင်မှုမရှိဟု သူထင်လိုက်မိ၏။ မှုန်ပါးဝါးနှင့် မျက်နှာတစ်ခုလုံး ချာချာလည်နေသလိုပင်။ သူ ဘီယာမူးနေတာတော့ မဖြစ်နိုင်။

ဘီယာငါးဘူးလောက်တစ်ထိုင်တည်းသောက်ဖူးတာတောင် ရီဝေဝေ မဖြစ်ခဲ့ဖူးဘဲနဲ့ အခု ဘာကြောင့်

အခု ဘာကြောင့်

အခု ဘာကြောင့်။

✿ ✿ ✿



## အခန်း (၂၀)

"ဟာ ဘာဖြစ်တာလဲ၊ ငါ ဘယ်ရောက်နေတာလဲ"

ငိုညည်းရှိုက်သံတိုးသဲ့သဲ့နှင့် ဗလုံးဗထွေးစကားသံတွေ နား... အတင်းတိုးခွေ့ဝင်ရောက်နေသည်မို့ သူ လူးလဲထကာ ကုန်း...ခ်လိုက်မိသည်။

"ဟင်"

သူ့အာမေဍိတ်သံက ကျယ်ကျယ်လောင်လောင်။

သားအပါအဝင် လူငယ် ငါးယောက်၊ခြောက်ယောက်ခန့်...အနားမှာ သူ့ကို ရှုံ့ရှာသလိုကြည့်ဂျာက် မျက်နှာထားတင်းတင်း၊...ငိုင်းအုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးအိပ်ရာခုတင်စွန်းမှာ သီရိစံက ဒူးနှစ်ဖက်ကိုပိုက်... ပွေ့ပြီး တရှုပ်ရှုပ်ငိုကြွေးနေ၏။

တစ်ခန်းလုံးမှာလည်း မီးရောင်တွေဖွေးဖွေးလှုပ်နေသည်...

"သား သား ဘာဖြစ်ကြတာလဲ၊ အချိန်ရော ဘယ်လော... ရှိပြီလဲ၊ အဖေတို့ပြန်ကြမယ်လေ သား"

"သီရိစံကို ဘယ်လိုလုပ်ခဲ့မှာလဲ အဖေ"

"ဟမ် သီရိစံကို ဘာလုပ်ရမှာလဲ၊ အဖေတို့နဲ့ ဘာဆိုင်... လဲ"

ပြောပြီး ပြုံးခနဲသူထရပ်လိုက်တော့ လူငယ်နှစ်ယော... သုံးယောက်ခန့်က သူ့ကိုပိုင်းတွန်းထိုး၍ ခုတင်ပေါ်မှာပြန်ထိုင်... သည်။

"ဖတာ မင်းအဖေ ဘာအချိုး ချိုးတာလဲကွ"

"အေးလေ၊ အဲလို တာဝန်မဲ့တာမျိုးကို ငါတို့ သည်းမခံ... နော်"

"ဖတာ့မျက်နှာ ထောက်မနေနဲ့ကွာ၊ ရေထူနေရင်ထော... ရှာပစ်လိုက်တာအေးတယ်"

တစ်ယောက်တစ်ပေါက်နှင့် အခြေအနေက တင်းမာလာ...

ဖတာက ဦးဖမ္မူကိုဆွဲလွဲနေကြတဲ့ လက်တွေကိုဆောင့်...





...ယ်လျက် အားလုံးကို မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်သည်။

"နေကြပါဦးကွာ၊ အဖေ့ကိုစွ ငါ့ကိုစွပါပဲ၊ အဖေ အမူးမ... ...ဆေးလို့ ဘာမှန်းမသိသေးတာ ဖြစ်မှာပါ၊ မင်းတို့အပြင်က ခဏ ...င့်နေ၊ ငါရယ်၊ အဖေရယ်၊ သီရိစံရယ် ဆွေးနွေးလိုက်ပါ့မယ်၊ ...တို့ကျေနပ်စေရပါ့မယ်"

ကောင်လေးတစ်သိုက် တရှုံ့ရှုံ့ဒေါသဖြစ်လျက် အခန်းအ... ...င် ထွက်သွားကြသည်။ သားကရော ခပ်ယယ ဘာလို့တောင်းပန်နေ ...တာလဲ။ သူ့ခုချိန်ထိ နားမလည်နိုင်သေးဘူး။

"အဖေမှာ သိပ်ရှက်ဖို့ကောင်းတယ်၊ သားသူငယ်ချင်းတွေ ...မှာ သီရိစံရဲ့အစ်ကိုဝမ်းကွဲတွေကလည်း သားသူငယ်ချင်းတွေပဲ၊ ...တို့ကို သား ဘယ်လိုမျက်နှာပြရမှာလဲ အဖေ"

"သား အဖေ့ကိုရှင်းအောင်ပြော၊ အဖေ ဘာမှ နားမလည် ... ဒီအိပ်ရာခုတင်ပေါ် အဖေ ဘယ်လိုရောက်နေတာလဲ၊ မွေးနေ့ ...အနားက အဖေတို့ မပြန်ရသေးဘူးလား၊ ဘာဆိုဘာမှ"

"ကျစ် အဖေရာ အဲဒီမွေးနေ့က အဖေကြောင့် ရုပ်ပျက်ဆင်း ...တ် ပြီးဆုံးသွားပြီ"

"ဘာ ဘယ်လို အဖေကြောင့်"

သီရိစံငိုသံက ပိုပြီးကျယ်လောင်လာ၏။ ဖတာက မင်း...မျ



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ပျက်သလိုကြည့်သည်။

"မှာတ်တယ်၊ အဖေကြောင့် အားလုံး ဖရိုဖရဲနဲ့ သီရိုး
ရှက်ရခဲ့တာ၊ အဖေရယ် သီရိစံက အဖေ့သမီးအရွယ်ပဲ ရှိပါတ
အဖေမူးနေတယ်ဆိုလည်း ဒီလောက်ထိ အသိစိတ်မကင်းမဲ့သ
ဘူး။ ဘာဖြစ်လို့ သီရိစံကို မတော်တရော်ပြုမူလိုက်ရတာလဲ အ
"ဟင့်အင်း မဟုတ်ပါဘူး။ အဖေ အဲလိုမလုပ်ပါဘူး။ အ
မှာ အဲလိုစိတ်မျိုးမရှိတာ သားသိရဲ့သားနဲ့၊ အဲလို မစွပ်စွဲလိုက်
သားရယ်၊ အဖေ တကယ်ဘာမှမလုပ်ပါဘူး"

သူ ပျာပျာသလဲ သွေးရူးသွေးတန်း ဖြေရှင်းနေသော်လ
သားက အပေါ်ပိုင်းဗလာကျင်းနေတဲ့ သူ့ရင်ဘတ်ကို တဖုန်းဖုန်း
သည်။ ခုမှ သူ့ကိုယ်သူ ငုံ့ကြည့်မိကာ ခုတင်ခြေရင်းမှာ ဖုံ့ပုံ
တဲ့ အင်္ကျီတွေ ခပ်မြန်မြန်ကောက်ဝတ်လိုက်ရ၏။

"အဖေ ငြင်းဆန်နေတာကိုက သားကိုအရှက်ခွဲနေ
ခုနကောင်တွေက မျက်မြင်သက်သေတွေ၊ အဖေ့ ဒီပုံစံကို
မြင်တယ်၊ သီရိစံရှုံဖြစ်ပျက်နေသမျှကိုလည်း သူတို့လာပြောမှ
ကိုယ်တိုင် သိလိုက်ရတာ၊ သီရိ နင်က ကာယကံရှင်ပဲ၊ ရှုးရှုံ
ဆောင်နေတဲ့ ငါ့အဖေကို ရှင်းပြလိုက်စမ်းပါ"

ဇာတာက တက်ခေါက်ပြီး တစ်ဖက်လှည့်နေသည်၊ သီ





ှုံ့မရဲနှင့် တစ်ချက်ရှိုက်လိုက်ပြီးမှ

"အန် အန်ကယ်လ် အရမ်းမူးနေလို့ နားချင်တယ်ပြောတာ
သီရိ ဒီအခန်းထဲ အန်ကယ့်ကိုခေါ်လာတာပါ၊ အစက ဇာတာကို
ိုင်းမလို့ပဲ၊ ဒါပေမဲ့ ဇာတာ့ကို အလွယ်တကူ ရှာမတွေ့ဘူး၊ အဲဒါ
အန်ကယ့်ကိုပို့ပြီးရင် ဇာတာကိုပြန်ရှာပြီး အန်ကယ့်ဆီ လွှတ်လိုက်
ယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ ဒီ ဒီရောက်တော့"

"မပြောနဲ့ မပြောပါနဲ့တော့၊ ငါ့မှာ ယုတ်ယုတ်မာမာ အတွေ့
ျက်တွေ မရှိပါဘူး။ ဒီလိုမျိုး လူစိတ်ကင်းမဲ့ရလောက်တဲ့အထိလည်း
ူးပါဘူး။ ငါ ငါ တကယ်မှားယွင်းခဲ့မိတာလား၊ သား သား
ေမှုကို မှန်မှန်ပြောစမ်းပါ၊ အဖေ တကယ်ပဲ မှားယွင်းခဲ့သလား။
ူစိတ်ကင်းမဲ့နေသလား သားရယ်၊ ပြောစမ်းပါ"

သားလက်ကို ဖွတ်အတင်း ဆုပ်ကိုင်လှုပ်ယမ်း၍ ငိုသံပါကြီး
ငြ် မေးနေမိသည်၊ သားက မေးကြောကြီးတွေ ထောင်ထလာအောင်
ကြိတ်နေ၏။

"ပြင်ဆင်လို့မရတဲ့ အမှားကြီးကို ကျူးလွန်လိုက်တာ အ
ဖေပဲ အဖေ၊ အဖေ သီရိကို တာဝန်မယူဘူးဆိုရင် သားရော၊ အဖေ
ာ အရှက်ကွဲတော့မှာ၊ သီရိသူငယ်ချင်းတွေ၊ အစ်ကိုတွေ သူတို့
ာ်ကျေနပ်သလောက် လက်တုံ့ပြန်တာကိုလည်း လည်ခင်းပေးရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာ၊ သူတို့အဖေကို တာဝန်မဲ့တဲ့လူယုတ်မာလို့ သတ်မှတ်ကြမှာ သားမခံနိုင်ဘူး အဖေ၊ အဖေ ကိုယ့်အမှားကို တာဝန်ယူလိုက်ပါ"

သားစကားရဲ့အဆုံးသတ်က သူ့ရင်ဝကို ဆူးချွန်ပေါင်းများစွာနှင့် ထိုးစိုက်လိုက်သလို ခံစားရသည်။

သူ ဘာမှမသိလိုက်သော ကိစ္စတစ်ခုအတွက် သူက တရားခံဖြစ်သွားလား။ ရှက်ရွံ့ထူပူခြင်းနှင့် မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းနေသည်။

သားရဲ့အကြည့်ကြောင့် လမ်းလျှောက်ပေါက်အားလုံး ပိတ်နေ၏။ သီရိစံကို လှည့်ကြည့်လိုက်တော့ ပန်းသားလေးတွေ လှုပ်ခတ်နေအောင် ရှိုက်ငိုလို့ကောင်းနေဆဲ။

တမင်လုပ်ကြံဖန်တီးမှုလား။ တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်ဆိုးကြီးလား။

သူ သေချာ ဝေခွဲလို့မရသေးပေမယ့် ရှုပ်ထွေးနောက်ကျိနေခဲ့သော ဦးနှောက်ကြီးက ဆုံးဖြတ်ချက်တစ်ခု မြန်မြန်ဆန်ဆန် အလောတကြီး ချရတော့မည်ဖြစ်သည်။

မှားသောညက ယောင်ဝါးဝါး အဆိပ်သင့်ခံလိုက်ရ၏။ အဲဒါ တကယ်လား။

✿ ✿ ✿



## အခန်း (၂၉)

"ဘာ မဖြစ်နိုင်ဘူး, အဲဒါ မဖြစ်နိုင်ဘူး။ ဦးက အဲလိုလူစားမျိုးမှ မဟုတ်တာ၊ နင် တမင်သက်သက်"

"အမရာခင် ဒါ ညာစရာကိစ္စမဟုတ်ဘူး၊ ငါ့အဖေတစ်ယောက်ရဲ့ မှားယွင်းမှုကြီးကို ငါက ညာစရာလား၊ လီဆယ်လုပ်ကြံရအောင် အဲဒီမွေးနေ့ပွဲမှာ ငါတစ်ယောက်လုံး ရှိနေတာပဲ"

"အေး ငါကလည်း နင့်ကို မယုံတာပဲ၊ ဦးအနားမှာ နင်ရှိနေလျက်နဲ့ ဒီကိစ္စမျိုး ဖြစ်စရာအကြောင်းမှမရှိဘာ၊ ပြီးတော့ လူအများရှိနေတဲ့ မွေးနေ့ပွဲတစ်ခု၊ ဇာတ်ကွက်ဆင်လုပ်ကြံဖန်တီးမှု မဟုတ်ရင် ဒီအခြေအနေမျိုးဖြစ်စရာ အကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်လို့ အဖေ့ကိုယုံနေတာလဲ အမရာခင်"

ကျွန်းကနုတ်ဆက်တီချုံကြီးတွေရှေ့က မှန်စားပွဲရှည်လေး

ဗုန်းခနဲထုကာ ခပ်စိန်းစိန်းကြည့်၍ ခနီးခနဲ့မဲ့ရွဲ့မေးလိုက်ခြင်းဖြစ်သည်

အမရာခင်က မျက်ဝန်းအိမ်မှာ ရစ်ဝိုင်းပြည့်လျှံလာတဲ့ မျက်ရည်

ကို မျက်တောင်တို့နှင့် ပုတ်ခတ်ယေ်ရှားပစ်ကာ ဇာတာကို မှုန်

ပြန်ကြည့်သည်။ ပြီးတော့ ရှေ့လေသံတို့ မာဆတ်ပြတ်တောက်လျှ

"အသက်အရွယ်ကွာတဲ့ ဦးရဲ့အချစ်ကို ငါ ဘာကြောင့် လ

သင့်ခံခဲ့သလဲ နင်သိလားဇာတာ၊ ယောက်ျားပီသပြီး စိတ်သဘော

ပြည့်ဝလို့ အကြင်နာတရားနဲ့ စာနာစိတ်ရှိလို့ ပြီးတော့ နိုင်ထက်စီး

အခွင့်အရေးမယူတတ်ခဲ့လို့ အဲဒီလို ငါယုံကြည်ကိုးစားခဲ့တဲ့ လူ

ယောက်က ဒီလိုမျိုးကိစ္စကြီး ဖြစ်ပျက်သွားတယ်ဆိုတာ ငါ ဘယ်

မျက်စိမှိတ်ပြီး ယုံလိုက်ရမှာလဲ"

ဇာတာက မယုံလည်းမတတ်နိုင်ဘူးဟူသော သဘော

လက်ဝါးနှစ်ဖက်ကိုဖြန့်ပြကာ ပခုံးကို ခပ်လှုပ်လှုပ်စုံတွန့်ပြသည်

"စီကာပတ်ကုံးပြောပြပြီးလို့မှ နင်မယုံဘူးဆိုလည်း မတ

နိုင်ဘူး အမရာခင်၊ အဲဒီညက တစ်ညလုံး ရဲစခန်းရောက်တော့မ

အထိ ဖြေရှင်းနေရလို့ ငါတို့သုံးရက်လုံးလုံး အိမ်ပြန်ရောက်မလာ

တာ၊ သူ့အမှားသူသိပြီး အဖေ သီရိစံကိုယူလိုက်ရင်တော့ ပြဿနာ





ဒီလောက်မကြီးပေါ့ဟာ"

"ဟင် ဦး ဦးက အဲဒီကောင်မ[illegible]ကို မယူဘူး ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါကြောင့် ကွိုင်တွေရှုပ်ကုန်တာပေါ့"

"ဒါဖြင့် ဘယ်လိုဖြစ်သွားလဲ"

"လျော်ကြေးနဲ့ပဲ အဆင်ပြေအောင်ရှင်းပေးနိုင်မယ်တဲ့၊ သီ

ရိစံတို့ဘက်က ကျေနပ်တဲ့အထိပေးမယ်လို့ပြောတယ်၊ နောက်ဆုံး

တော့ ရဲစခန်းမရောက်ဘဲ သိန်းငါးဆယ်ပုံပေးရမယ်ဆိုတဲ့ ကတိနဲ့

သီရိစံတို့ဘက်က အလျှော့ပေးလိုက်တာပဲ"

"ဒါ ဒါဆို ဦးပြန်လာမှာပေါ့နော်၊ အဆင်ပြေသွားပြီပဲ၊ နင်

နဲ့တစ်ခါတည်း ဘာလို့ လိုက်မလာတာလဲ"

"ကျစ် နာမည်ပျက်အမည်းစက်စွန်းထင်းသွားတဲ့အဖေကို

နင်မျှော်လင့်နေသေးတာလား အမရာခင်၊ တကယ်ဆို အိတ်ဆွဲပြီး

ထလိုပြန်သွားသင့်တာ"

ဇာတာက မြှုန်းခနဲထရပ်ကာ ညစ်ကျယ်ကျယ်အသံနှင့် ပြော

လိုက်သည်။ ဦးအချစ်ကို ယုံကြည်လေးစားနေသေးသော ရာရာက

တော့ ဒီတစ်ခါ ဇာတာ့စကားတွေကို နာကျင်ဖို့မေ့လျော့နေ၏။

"ငါလည်း အိတ်ဆွဲပြီးပြန်ဖို့ စီစဉ်ပြီးသားပါ၊ ဒါပေမဲ့ အ

ရှမ်းညစ်နေမယ့်ဦးကို စိတ်သစ်လူသစ်ဖြစ်အောင် တစ်ခါတည်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားချင်တာ၊ အရောင်တွေစွန်းပေနေတဲ့ ရန်ကုန်ကို မပြန်တော့…
ဆိုလည်း ဟိုမှာပဲ တစ်သက်လုံးခေါ်ထားလိုက်မှာပေါ့''

အဖေ့ကို ချစ်နိုင်လွန်းသည့် အမရာခင့်အချစ်တွေကို … လက်ဖျားခါသွားသည်။

ဘာကြောင့်ချစ်နိုင်လွန်းတာလဲ။ ချစ်တတ်ခဲ့တာလဲ။

အပြစ်မမြင်ဘဲ ဘာကြောင့်ခွန်အားတွေပြည့်နေရတာလဲ…

သူချစ်ဖူးတဲ့အချစ်တွေက အဲသလိုမျိုးမှ မဟုတ်တာ။

ပြဿနာဖြစ်ပြီး သုံးရက်လုံးလုံး ဟိုတယ်တစ်ခုမှာ အဖေ… တူတူ သူရှိနေသည်။

အဖေ့ဟန်းဆက်ကလေးကို အမရာခင် နေ့စဉ်နေ့တိုင်း … ဆက်သည်။ တစ်နေ့ကို သုံးလေးကြိမ်ထက်မနည်းဟု ထင်မိ၏။ … ပေမဲ့ အမရာခင် ဖုန်းဆက်မှန်းသိလျှင် အဖေ ဖုန်းပိတ်ပစ်တတ်သည်… မျက်ရည်တွေလည်ပြီး တွေဝေငေးငိုင်သွားတာလည်း အကြိမ်ကြိမ်…

သူက အဖေ့အနားကိုသွားထိုင်သည့်အခါ မှန်းကျပ်နေသော… အဖေ့ရဲ့သက်ပြင်းရှိုက်သံတွေက ကျယ်ကျယ်လောင်လောင်။

"အဖေ ရာရာကို ရင်မဆိုင်ရဲတော့ဘူး သားရယ်၊ ရာရာက အရမ်းကိုရိုးသားဖြူစင်သူလေးပါ၊ အဖေ့ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုလည်း လေးစားကြည်ညိုနေရှာတာ၊ ခုတော့ ဒီလို





…အမည်းစက်ကြီးနဲ့ အဖေ ဘယ်လိုမျက်နှာချင်းဆိုင်ရမှာလဲ သားရယ်၊ သိရိုးကိစ္စကို ငွေနဲ့ဖြေရှင်းလို့ ရတယ်ဆိုပေမယ့် ဂုဏ်သိက္ခာကတော့ အဖတ်ဆယ်လို့ရတော့မှာ မဟုတ်တော့ပါဘူး။ ရာရာ အထင်သေးနေမယ့်ဘဝမျိုးမှာ အဖေမနေချင်ဘူးသား''

ထိုစကားကို အထပ်ထပ်ပြော၍ နိုင်ငံခြားမှာ လုပ်ငန်းခွဲဖွင့်ဖို့ အမြန်ဆုံးစီစဉ်သည်။ ဒီက လုပ်ငန်းကိစ္စတွေကို မန်နေဂျာတွေနှင့်သာ လွှဲအပ်ခဲ့မည်ဟုပြော၏။ အဖေ ဒီလောက်ထိ အရှက်တရားကြီးမားသွားလိမ့်မည်၊ အမရာခင်အချစ်ကို တန်ဖိုးထားလိမ့်မည်ဟု …ထင်မိချေ။

ဒီနေ့ အိမ်ပြန်လာရတဲ့အကြောင်းရင်းကလည်း

"ရာရာကို အားလုံးအမှန်အတိုင်း ဖြစ်ပျက်သမျှ ပြောပြလိုက်ပါသား၊ အဖေ့မမြင်ကွယ်ရာမှာ ရာရာ အဖေ့ကို အထင်သေးပါစေ၊ ရွတ်ချ ကဲ့ရဲ့ပါစေ၊ အဖေမှ မမြင်ရတာ၊ စိတ်သက်သာပါတယ်၊ ဒါပေမဲ့ ရာရာ ပေလီမပြန်ရအောင် သား အတတ်နိုင်ဆုံး ဂရုစိုက်ပေးပါ၊ သင်တန်းကိုပြီးဆုံးအောင် ဆက်တက်ပါစေ၊ သင်တန်းအပို့အကြို ရာရာနဲ့ပတ်သက်ပြီး အဖေဂရုစိုက်ခဲ့သမျှ သား အားလုံးတာဝန်ယူပေးပါ၊ ပြီးတော့ သားတွဲ့ရရင် ဒီကလုပ်ငန်းတွေကိုလွှဲပြောင်းတာဝန်ယူလိုက်ပါ သား၊ အဖေကတော့ ဟိုမှာ နေသားကျအောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ မြန်မာပြည်မှာ သုံးစားမရတော့တဲ့ ဂုဏ်သိက္ခာတွေကို နိုင်ငံခြားမှာ ပြန်ကြိုးစားပြီးမြှင့်တင်ရမယ်၊ အဖေ ရာရာကို နှုတ်မဆက်ချင်တော့ဘူး။ မတွေ့တော့ဘူး။ အဖေ့ကိုမေးရင် နိုင်ငံခြားထွက်သွားပြီလို့ပဲ ပြောလိုက်ပါ၊ တကယ်လည်း နောက်တစ်လလောက်ဆိုရင် ထွက်သွားလို့ရနေပြီပဲ၊ အခု ကုမ္ပဏီကိုလည်း မသွားတော့ဘူး။ အပြင်ကိုလည်း မထွက်တော့ဘူး။ ဒီဟိုတယ်ထဲမှာပဲ အခန်းအောင်းနေတော့မယ်၊ အဖေ့ရဲ့အမှားကို ရာရာမသိအောင် ပေးဆပ်နေရတာလို့ သဘောထားပါတယ်”

ထိုစကားတွေပြောပြီး အဖေမျက်ရည်ကျသည်။ သူ့ရင်ထဲ ဆို့နင့်လှိုက်မောစွာ အဖေ့ကို ဘာစကားမှ ပြောမထွက်ခဲ့။

သူ အိမ်ကိုလာခါနီးတော့ အဖေက စာလေးတစ်စောင်ထုတ်ပေးသည်။

“ရာရာကို ပေးဖြစ်အောင်ပေးပေးပါသား။ ရာရာ ငိုချင်လည်း ငိုနေလိမ့်မယ်၊ ခံစားချင်လည်း ခံစားနေလိမ့်မယ်၊ ဒါပေမဲ့ ဒီဘဝမှာ ဆုံခွင့်မရှိတော့တာ သူသိပါစေ၊ သားအမေပြီးရင် သူ့ကို ဒုတိယအကြိမ်ချစ်ခဲ့မိတာဆိုတော့ အဖေလည်း လွမ်းနေမှာပါ”

တဲ့လေ။ အဖေပြောလိုက်တဲ့ ဒီစကားတွေကို သူပြောပြလိုက်လျှင် အမရာခင် တကယ်ထိုင်ငိုမှာ သေချာသည်။ ခုတော့





မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်နှင့် မျက်ရည်စိမ့်ထွက်မလာအောင် သိုသိပ်စွာဟန်ဆောင်ထိန်းသိမ်းနေရှာသည်။ တကယ်တော့ သူ့ရင်ထဲ အဖေ့နာမ်စားလေးကို တပြီး အော်ဟစ်ငိုကြွေးနေမှာ သေချာပါသည်။ ပန်းသွေးရောင်စွန်းထင်းနေတဲ့ အမရာခင်မျက်နှာလေးကို စေ့စေ့ကြည့်ကာ ဘောင်းဘီနောက်အိတ်ထဲက အဖေပေးလိုက်တဲ့ စာလေးကို အမရာခင်လက်ထဲ ထိုးထည့်လိုက်၏။

“အဖေ လေယာဉ်ပေါ်မတက်ခင် နင့်အတွက် ပေးသွားတဲ့စာ”

“ဟင် ဦး ဦးက ဒီမှာ မရှိတော့ဘူးလား”

“အဲဒီစာကို ဖတ်ကြည့်လိုက်ရင် ပြည့်ပြည့်စုံစုံသိရလိမ့်မယ်ထင်ပါတယ်”

သူ ဒါပဲပြောပြီး လှည့်ထွက်ခဲ့သည်။ စာကိုလှမ်းယူနေတဲ့ လက်ဖျားလေးတွေ တဆတ်ဆတ်တုန်ယင်ပြီး ကြွေမွဲလောက်အောင် မျက်နှာလေးပျက်ယွင်းနွမ်းလျသွားတဲ့ အမရာခင်ကို ဇာတာ နောက်လှည့်မကြည့်မိအောင် ကြိုးစားလိုက်၏။

ရင်ထဲမှာ ဝေဒနာတစ်မျိုးနှင့် ခံရဆိုးလှသည်။

ဒီဝေဒနာကို အမည်တပ်မခံချင်ဘူး အမရာခင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ရာရာ

လမ်းခွဲသွားတဲ့အစိပ္ပါယ်မဟုတ်လို့ နှုတ်မဆက်ရက်ဘူး။ ဦးကို မုန်းလိုက်၊ မေ့လိုက်ပါလို့ ပြောရမှာလည်း မခံစားနိုင်ဘူး။ ချစ်နေပါဦးလို့ တောင်းဆိုရမှာလည်း မဝံ့မရဲနဲ့ ခွန်အားတွေခဲနေပါပြီကွယ်။

ဦးပြောနိုင်တာ တစ်ခုပဲရှိတယ်။

အဲဒီအများကို ဦး မကျူးလွန်ဘူးဆိုတာပါပဲ။ ဘာကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတာလည်း ဦး ခုထိနားမလည်နိုင်သေးဘူး။ ဒါပေမဲ့ ဦးဘဝကိုတော့ အဆိုးဝါးဆုံး ပြောင်းလဲစေခဲ့ပါပြီ။ ကံကြမ္မာ





တို့ ရက်စက်ခဲ့ယ်လို့ အပြစ်မတင်သင့်ဘူးထင်ပါတယ်။ ဒါဟာ လုပ်ကြံမှုတစ်ခုဆိုတာ ဦး ခံစားလို့ရနေတယ်လေ။

ဦး အဝေးကိုရောက်နေပေမယ့် ဦးရဲ့အိမ်မှာ ရာရာရှိနေတယ်ဆိုတဲ့အသိနဲ့ ဦးမြင်ယောင်ပြီး လွမ်းနေပါရစေ။ ရာရာ ပေလီကို မဖြုန်ပါနဲ့နော်။ ရာရာ ဦးအိမ်မှာရှိနေမယ်ဆိုရင် ရာရာ ဦးအပေါ်မှာ စိတ်မနာဘူးလို့တွေးပြီး တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဦး မြန်မာပြည်ကို ပြန်လာဖြစ်မှာ သေချာပါတယ်။ ခွင့်မလွှတ်နိုင်ရင်လည်း ရာရာ့သဘောပါ။ ဦးမှာ ဘယ်လိုစကားလုံးမျိုးမှ ပြောအားမရှိတော့ပါဘူး။

အချိန်တိုင်းတော့ လွမ်းနေဖြစ်မယ်ထင်တယ်။

ရာရာကို မြတ်နိုးချစ်နှင့်ချစ်ရတဲ့

ဦး

စာလေးကိုဆုံးအောင်ဖတ်ပြီးချိန်မှာ မျက်ရည်တွေ အဆီးအတားမဲ့ ပြိုဆင်းလာသည်။

တက်ခေါက်သံနှင့် အံကြိတ်သံက တစ်ချိန်တည်း။

ဦးထင်သလို ဒီကိစ္စဟာ အကွက်ကျကျ ထောင့်စေ့စေ့ အစီအစဉ်တကျလုပ်ကြံဖန်တီးမှုဆိုတာ ရာရာသိနေတယ်။ ဖခင်ဦးမင်းဖမ္မူကို အဖေအရင်းလို့သိထားသည့်အတွက် ငွေဒီလောက်အ



www.burmeseclassic.com

www.burmeseclassic.com



များကြီးကုန်အောင် ဖအေနာမည်ပျက်အောင်တော့ လုပ်ရက်လိမ့်
မထင်။

သီရိစံဆိုတဲ့ မိန်းမက ငွေလိုချင်လို့ အရက်သိက္ခာကို
ကွက်ဘဲ လုပ်ချလိုက်တာလား။ ဦးမှာ ယုတ်မာတဲ့ အတွေးအ
သိက္ခာမဲ့လောက်တဲ့လုပ်ရပ် ဘာတစ်ခုမှ မှားယွင်းအောင် မ
ဘူးဆိုတာ ရာရာ သိနေခဲ့တာပဲ။

ဇာတာနှင့်မွေးနေ့ပွဲ အတူတူသွားပြီး ပြန်မလာတဲ့အချိန်
တည်းက ရာရာ ကယောင်ချောက်ချားနှင့် ပူလောင်နေသည်။
ခုချဖြစ်ပြီဆိုတာ သိပေမယ့် ဇာတာကိုယ်တိုင်က အဖေနဲ့ဝါ အတူ
ရှိနေတယ်လို့ ဖုန်းဆက်အသိပေးလာသည့်အတွက် စိတ်သက်သာ
ရနေခဲ့သည်။

ရောက်လာတော့လည်း ဇာတာတစ်ယောက်တည်း။

ပြောလိုက်တာလည်း နားထဲကို အက်ဆစ်တွေလောင်း
လိုက်သလို ဘယ်လိုမှ လက်ခံလို့မရ၊ ယုံကြည်လို့မရ။

ဦးနှင့်မျက်နှာချင်းဆိုင်တွေ့ပြီး ရာရာနားလည်ပါတယ်လို့ ပြော
လိုက်ချင်သည်။ ဦးရဲ့ညစ်နွမ်းမှုတွေကို ကြည်လင်လန်းဆန်းအောင်
သူမ မေတ္တာစိမ့်စမ်းရေတွေနှင့် ဆေးကြောသန့်စင်ပေးလိုက်ချင်
ရာရာ့အချစ်ထုထည်ကို ပါးပါးလေးလို့ အထင်သေး





အဝေးကြီးကိုထွက်သွားခဲ့တာလား။

ငယ်ရွယ်နုနယ်တဲ့ နှလုံးသားလေးမှာ ဦးက အချစ်ဦးဆိုတာ
သေိလေရော့သလား။ တကယ်ချစ်ရင် ဘယ်အရာကိုမှ အပြစ်မမြင်
နိုင်တော့တာ ဦး သိသင့်တာပေါ့။

ခုတော့ အလွမ်းတွေနဲ့ပဲ အစားထိုးဖြေသိမ့်လိုက်ရတော့
မှာလား။ ရာရာတို့နှစ်ယောက်ရဲ့အချစ်တွေကို အစိမ်းလတ်လတ် ခွဲ
ထုတ်တွဲကွာစေခဲ့တဲ့ သီရိစံဆိုတဲ့မိန်းမကို ဘာကြောင့်လဲလို့ အတိ
အကျမေးရမယ်။ ငွေလိုချင်ရုံသက်သက်နဲ့ သူများရဲ့ဂုဏ်သိက္ခာကို
ချိုးဖွဲ့ချေမွပစ်ဖို့ ဝန်မလေးတဲ့မိန်းမမျိုးကို တန်ရာတန်ကြေးဆိုတာ
သိသွားအောင် လုပ်ပြရမှာပေါ့။

ဦးကို ရာရာ မမုန်းဘူး။

အပိုင်ဖမ်းခဲ့တဲ့ မိန်းကလေးကို မယူဘဲ လျော်ကြေးငွေပေး
ပြီး ရှောင်ထွက်သွားနိုင်တဲ့ ဦးကို ရာရာပိုပြီးချစ်တယ်။ လေးစားတယ်။

ကိုယ်ကျင့်တရားမဖောက်ပြန်ဘူးဆိုတာလည်း အကြွင်းမဲ့
ယုံကြည်တယ်။ ထိုစကားလုံးတွေကို ဒဏ္ဍာရီအဖြစ်ချပေးဖို့ ပြင်ပြီးမှ
ချောင်းဟန့်သံကြားနေရတဲ့ ဒေါ်စိန်ပုအခန်းဘက်ကို ကူးလာခဲ့သည်။

အခန်းတံခါးလေးကို တစ်ချက်လောက်ခေါက်လိုက်ရုံနှင့် ဒေါ်
စိန်ပုက တံခါးအဆင်သင့်ဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး အိပ်မပျော်ဘူးလား"

"ဒေါ်ကြီးလည်း အိပ်မပျော်သေးဘူး မဟုတ်လား"

"အေးကွယ်၊ မောင်ဖမ္မူအတွက် စိတ်မကောင်းနိုင်ဘူး မောင်ဖမ္မူ ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ဒေါ်ကြီးသိတယ်"

"ရာရာလည်း ဦးကိုယုံကြည်တယ်ဒေါ်ကြီး၊ ရာရာ မယုံနိုင်တာ ဇာတာကိုပဲ၊ သူက ရာရာကိုမုန်းတီးနေပြီး သူ့အဖေနဲ့လည်း လုံးဝဖြစ်စေချင်တာမဟုတ်ဘူး၊ ခါးခါးသီးသီးတိုက်ခိုက်နေတာ ဒေါ်ကြီးအသိပဲ အရမ်းယုတ်မာကောက်ကျစ်တာ"

"အဲလိုပြောလို့တော့ မဖြစ်ဘူး သမီးရယ်၊ သား ဇာတာက သမီးကိုမုန်းရုံနဲ့ သူ့အဖေဂုဏ်သိက္ခာကျ အရှက်ရမယ့်ကိစ္စ, ဒီလောက်ငွေအများကြီးကုန်မယ့်ကိစ္စ မလုပ်ဝံ့, မလုပ်ရက်လောက်ပါဘူးကွယ် ဟိုမိန်းကလေး ငွေလိုချင်လို့ တမင်ဖန်တီးလိုက်တာ ဖြစ်ပါမယ်၊ ခုခေတ်မိန်းကလေးတချို့က ငွေရမယ်ဆို ကိုယ့်အရှက်သိက္ခာကို ထိန်းသိမ်းရမှန်းသိကြတာ မဟုတ်ဘူး"

ဇာတာက မွေးစားသားမှန်း ဒေါ်စိန်ပုက တကယ်မသိတာပါလားဟု ရာရာအံ့ဩနေမိသည်။

ဒါဆို ရာရာတစ်ယောက်တည်းကို ယုံယုံကြည်ကြည်နဲ့ ဦးပြောပြခဲ့တာပေါ့။ ရာရာကို အလေးအနက်ထားပြီး ဦးပြောပြခဲ့တဲ့





ကိစ္စ ဒေါ်စိန်ပုကိုမပြောချင်တော့ပါဘူးလေ။

ယုံကြည်မှုကိုချိုးဖောက်သူအဖြစ် ရာရာ အပြစ်မြင်မခံရဲပါဘူး။ ဦးကိုသိပ်ချစ်လို့ပါ။

"ရာရာ ဘယ်လိုဆုံးဖြတ်မှာလဲကွယ်၊ မောင်ဖမ္မူ ဒီမှာမရှိတော့ဘူးဆိုရင် ရာရာလေး ပေလီပြန်တော့မှာလား"

"ဟင့်အင်း ရာရာ ဦးပြန်လာတဲ့အချိန်ထိ ဒီမှာနေဦးမှာပါ၊ ရာရာ ဒီအိမ်ကြီးမှာရှိနေမှလည်း ဦးပြန်လာဖို့ စဉ်းစားမှာလို့ပြောတယ်၊ ရာရာ ဦးကိုနားလည်ပေးနိုင်တယ်ဆိုတဲ့အကြောင်း သက်သေပြရမှာ ဒီတစ်ခုတည်း ရှိတယ်လေ၊ ပြီးတော့ ဦး ဒီလိုဖြစ်သွားရတဲ့အကြောင်း ရင်းစစ်မြစ်ကို ရှာရမယ်၊ ဦးရဲ့ဆုံးရှုံးနစ်နာသွားရတဲ့ ဂုဏ်သိက္ခာတွေ ပြန်ရဖို့နည်းလမ်း ရှိကိုရှိရမယ် ဒေါ်ကြီး၊ ဒီကိစ္စမှာ ဇာတာပါခဲ့တယ်ဆိုရင် ဇာတာကို ရာရာ လုံးဝခွင့်မလွှတ်ဘူး"

ဒေါ်စိန်ပုက ရင်ဘတ်ကလေးဖိကာ ဘုရားတသည်။

"အမလေး သူတို့သားအဖကြားမှာ ရာရာလေးက ဘာလုပ်နိုင်မှာလဲကွယ်၊ မောင်ဖမ္မူက နဂိုကတည်းက သူ့သားကို အပြစ်မယူရက်အောင် ချစ်ရှာတာ၊ သားဇာတာကလည်း သူကအဖေမှ သူ့အဖေ ရာရာလေးနဲ့ပတ်သက်ပြီး မနာလိုစိတ်နဲ့ တိုက်ခိုက်နေတာပဲ ကြည့်ပါလား၊ လူဆိုးလေးကိုဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း သူ့အဖေကိုချစ်တဲ့ စိတ်တစ်ခုတည်းကြောင့် မတုတ်နိုင်ဘူး ဒေါ်ကြီး။ ဗိုဇရိုက်ကိုက ရန့်ရင်းရိုင်းစိုင်းလွန်းတာပါ။ သူ့မှာ မကောင်းတဲ့စိတ်အရင်းခံရှိနေတဲ့အတွက် ဘယ်လိုအမှားမျိုးမဆို ကျူးလွန်ရဲမှာပဲ၊ ရာရာကလည်း ဦးကိုချစ်တဲ့စိတ်နဲ့ ဦးရဲ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက် ဘယ်နည်းလမ်းမဆို သုံးမယ်၊ အချိန်တစ်ခုအတွင်းမှာ ဘယ်သူဘာလဲဆိုတာ ရုပ်လုံးပေါ်လာမှာပါ၊ ဒေါ်ကြီး စောင့်ကြည့်လိုက်ပါ"

ဒေါ်စိန်ပုက ဘာမှဝင်မပြောတော့။ ခေါင်းတညိတ်ညိတ်နှင့် လှုကြီးပိပိ စဉ်းစားတွေးတောနေသည်။

ရာရာရင်ထဲ ဘယ်လိုခွန်အားတွေ ဝင်ရောက်နေပြီလဲ မသိ။ မျက်ရည်မကျတော့ဘဲ အံတင်းတင်းကြိတ်ထားမိ၍ အောက်နှုတ်ခမ်းသားတွေမှာ သွေးခြည်ဥလာသည်။

မသိစိတ်တစ်ခုက ဦးအပြစ်တင်လိမ့်မည်ဟု တစ်ထစ်ချယုံကြည်သည်။ ရင်ထဲမှာ အလွမ်းတွေဖွဲ့တည်လို့ သစ်ရွက်ကြွေသံကြားတာတောင် ဦးရဲ့ခြေသံတွေလား ထင်မှတ်နေမိ၏။

နာနာကျင်ကျင် ခံစားလိုက်ရပါတယ်။ မလွမ်းရဲဘူး ဦးရယ်။

✿ ✿ ✿



အခန်း (၃၁)

"မင်းမှားတာပေါ့ ဇတာ၊ မင်းအဖေကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ အရှက်ရစေခဲ့တာလဲကွာ၊ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရား မင်းအဖေ ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ မင်းသိသင့်တယ်ပေါ့၊ မင်းက သူ့ရဲ့သွေးသားတစ်ယောက်အနေနဲ့ သူ့ရဲ့စိတ်ကို လုံးနားလည်နေရမှာ"

လင်းထိုက်ရဲ့ အပြစ်တင်စကားတွေကို ဒီတစ်ခါ ဇတာ အင်အားမဲ့နေသည်။ နောင်တဆိုတာမျိုးနှင့် ရင်ဝမှာ စူးအောင့်နေ၏။

"ငါ အဲလောက်ထိဖြစ်သွားအောင် မရည်ရွယ်ခဲ့ပါဘူး။ ပြ



www.burmeseclassic.com

www.burmeseclassic.com



သသနာသေးသေးလေးဖြစ်သွားတာနဲ့ အမရာခင် သိသွားမယ်၊ စိတ်
ကြည်း,ရှက်ရွံ့သွားပြီး ပေလီပြန်မယ်၊ ဒီလောက်ပဲ၊ ငါ့မျက်စိရှေ့
သူ မရှိတော့ဘူးဆိုရင် ငါကျေနပ်ပါပြီ ငါအနိုင်ရပြီ၊ ဒါပေမဲ့ သီရိစံတို့
ငါခွင်ဆင်နိုင်းတဲ့အတိုင်းအတာထက် သူတို့ ငွေရှုံးပြသနာကို အငြ
ကြီးဖြစ်အောင် ပုံကြီးချဲ့လိုက်ကြတယ်၊ လူအင်အားနဲ့ ရဲစခန်း
ဖြေရှင်းရတော့မယ့်အခြေအနေထိကောင် ဖြစ်သွားတယ်၊ အဖေ
ငွေကြေးကလွဲရင် တာဝန်မယူနိုင်ဘူးဆိုတဲ့ စကားပြောတော့ ပေါ
ကွဲသွားတာပေါ့၊ တကယ်တော့ အဲဒီကိစ္စကို ငါလည်းမဖြစ်စေချင်
ဘူး၊ သီရိစံ ဘယ်လိုမိန်းမလဲဆိုတာ ငါသိနေတဲ့အတွက် အဖေ
ဘယ်လိုယုဉ်တွဲ မြင်ကြည့်ဖို့ရမှာလဲ၊ ပြီးတော့ သီရိစံကို ပါးပါးလေး
ငါ့ အကူအညီတောင်းခဲ့တာ"

"ငါပြောထားသားနဲ့ ဇာတာရာ၊ သီရိစံက အရင်တုန်းက
သီရိစံမဟုတ်တော့ဘူး။ စပွန်ဆာကောင်းမှန်း သိသွားပြီ၊ ငွေရလွယ်
တဲ့လမ်းကိုလိုက်ပြီး သိက္ခာမဲ့နေပြီ၊ မင်း ဒီကိစ္စကို ငါ့ကိုဘာဖြစ်လို့
မတိုင်ပင်တာလဲ ဇာတာ၊ မွေးနေ့ပွဲဆိုတာကရော တကယ်အစစ်အ
မှန် ဟုတ်ရဲ့လား"

"မဟုတ်ဘူး။ ငါငွေကုန်ကြေးကျခံပြီး ဖန်တီးထားတာ၊ အ
စက မင်းနဲ့တိုင်ပင်မလို့ပါပဲ၊ ဒါပေမဲ့ မင်းတားလိမ့်မယ်ဆိုတာ ငါသိနေ





ယ်၊ ခုတော့ကွာ အဖေက ဟိုတယ်တစ်ခုမှာနေပြီး အပြင်တောင်
ထွက်ရဲတော့ဘူး။ နိုင်ငံခြားကိုသွားဖို့ အစီအစဉ်တွေလုပ်နေတယ်၊
မရာခင်ကို ပြန်မလွှတ်ဖို့ ဂရုစိုက်ဖို့ အစစအရာရာ တာဝန်ယူဖို့
ဖေက ကတိတောင်းတယ်"

"မင်းကရော ပေးလိုက်သလား။ မင်းမုန်းတဲ့ အမရာခင်နဲ့
တသမ်း အတူတူရှိနေရမယ့်အဖြစ်ကြီးကို"

ခပ်လေးလေးခေါင်းညိတ်ပြပြီး မျက်နှာကိုငုံ့ချလိုက်ကာ သက်
ချလိုက်သည်။

"ငါဖြစ်ချင်သလို လုပ်ခဲ့ဖူးတယ်၊ ဖြစ်မလာဘူး။ အခု အဖေ
ဖြစ်ချင်တာကို လုပ်ကြည့်ပေးမယ်။ အဖေ ကျေနပ်မှာပါ"

"ဟား ဟား ဟား"

"ဟာမ် ဘာဖြစ်တာလဲ လင်းထိုက်"

လင်းထိုက် အော်ကြီးဟစ်ကျယ်ရယ်ချလိုက်တာမို့ ဇာတာ
မျက်ကာ အံ့ဩသွားသည်။ လင်းထိုက် အရယ်ရပ်ပြီး ဇာတာကို
မျှောင်ကုတ်ကာကြည့်၏။

"မင်းအဖေမရှိတော့မှ ကျေနပ်အောင်လုပ်ပေးမယ်တဲ့လား။
ဘယ်သူ့အတွက်လဲ၊ မင်းကိုယ်မင်း သေချာစဉ်းစားမိရဲ့လား ဇာတာ"

"ဘာ ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေါ်သကြီးလွန်းတဲ့သူ့, အတ္တကြီးလွန်းတဲ့သူတွေဟာ
နားစရာအကောင်းဆုံးပဲတဲ့၊ အဲဒီလိုလူမျိုးတွေက ကိုယ်ဖြစ်ချင်
ကိုယ်လုပ်ချင်တာကို ဖုံးကွယ်တတ်ကြလို့တဲ့လေ၊ မင်းမမြင်ချင်
အမရာခင်ကိုလား။ မင်းအဖေ အမရာခင်ကို ဂရုစိုက်ကြင်နာ
တွေကို မခံစားနိုင်တာလား"

"အာ ငါက အဖေ့ကိုမနာလိုဖြစ်နေတာလို့ မင်းပြော
တာလား"

"မဟုတ်လို့လား။ တကယ်လို့ မင်းအဖေမျက်နှာကို
စရာမလိုတော့တာ အမရာခင်နဲ့ပတ်သက်ပြီး မင်းအဖေကိုလည်း
ရောက်အောင်လုပ်ပြီးပြီ၊ အထုပ်ဆွဲပြီး အမရာခင်ကို အိမ်
ခွန်းချလိုက်တော့ပေါ့ကွ၊ ဘာလဲ အဖေ့စကားကို အလေးအနက်
တာပါလို့ ဆင်ခြေပေးချင်သေးလို့လား။ မင်းအဖေစကားကို
ဘယ်အချိန်တုန်းက နားထောင်ဖူးလို့လဲ၊ အခုတောင် မွေး
ကျေးကျေးဇူးဆိုတာတွေကို ထောက်ထားရမှန်းမသိဘဲ အ
သိက္ခာကျအောင် လုပ်ရက်သေးတာပဲကွာ၊ သားတစ်ယောက်
အရမ်းကို အောက်တန်းကျတဲ့လုပ်ရပ်ပါ၊ အားမနာတမ်းပြော
သီရိစံကို မင်းအဖေ မဖြစ်မနေယူလိုက်ရပြီဆိုတာနဲ့ အမရာ
လွတ်လွတ်လပ်လပ် မင်း သိမ်းပိုက်လို့ရတာပေါ့ မဟုတ်ဘူး





"လင်းထိုက်"

"အနာပေါ်တုတ်ကျသွားရင် ဆောရီးပဲ သူငယ်ချင်း။ မင်း
ပတ်ဝန်းကျင်ကို ငါရှုတ်ချတယ်၊ သူများမိဘတွေထက် နိုင်းယှဉ်လို့ မရ
အောင် ကောင်းနိုင်လွန်းတဲ့ ဖအေတစ်ယောက်ကို မင်းရဲ့ကျေးဇူးဆပ်
ပုံဆပ်နည်းက အရမ်းကို သင်းလွန်းတယ်၊ မင်း ဘယ်တော့မှ ဝဋ်မ
လိုက်ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်"

လင်းထိုက်က စိတ်ဆိုးဆိုးနှင့် ထထွက်သွားသည်။

တာသင်ခန်းဘက်ကိုမဟုတ်။ ကျောင်းတစ်ချိန်ကျန်သေးတာ
ကို မတက်တော့ဘဲ ပြန်သွားတာဖြစ်လိမ့်မည်။ သူကရော ဘာလုပ်ရ
မည်လဲ။ စာသင်ချင်စိတ်လည်း မရှိ။ အိမ်ပြန်ချင်စိတ်လည်း မရှိ။

ဒါပေမဲ့ ခြေလှမ်းတွေက တစ်နေရာကိုဦးတည်နေသည်။

လင်းထိုက်စကားတွေပြင်းဆန့်ဖို့ မေ့လျော့နေခဲ့တာ ကား
စက်နှိုးမိတဲ့အချိန်ရောက်မှ သတိရ၏။

ကားစတီယာရင်ပေါ် မျက်နှာမှောက်ကာ စဉ်းစားသည်။

ဘာအဖြေမှ ရေရေရာရာထွက်မလာ။

ယောင်ဝါးဝါးနှင့် ကားလေးက ရှောခနဲ လိမ့်ထွက်သွား၏။
ဘယ်နေရာကိုလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာလာလုပ်တာလဲ"

"မင်းကို လာကြိုတာပေါ့"

"မလိုဘူး၊ နင် ဟိုတစ်ခါပြောထားလို့ Taxi ကားခကုန်အောင်လည်း ငါမစီးဘူး။ ငါ့ဟာငါ လိုင်းကားတိုးစီးပြီး အိမ်ပြန်လာမယ်"

"မင်းစကားကို နားထောင်ဖို့လာတာ မဟုတ်ဘူး။ အဖေမှာထားလို့ တာဝန်ရှိလို့လာတာ၊ မင်း ငါ့ကားနဲ့ပဲ ပြန်လိုက်ရမယ်"

ခပ်မှဲ့မှဲ့ပြုံးကာ ရှေ့ခြေတစ်လှမ်းတိုးတော့ ဇတာက သူမရှေ့က ပိတ်ရပ်ထား၏။





"မလိုဘူးလို့ ငါပြောပြီးပြီ၊ နင့်အမိန့်ကို မနာခံနိုင်ဘူး၊ ငါ့ရှေ့က ဖယ်စမ်းဇာတာ၊ သင်တန်းသားတွေ ကြည့်နေပြီ"

"မင်းကို ငါ့ကားပေါ်မတက်ရင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဆွဲချီသွားဖို့ ဝန်မလေးဘူး အမရာခင်"

"စမ်းကြည့်လိုက်လေ၊ ယိုးအယားကနဲ့ သွားအခွေလိုက်ထွက်သွားမယ်၊ အမရာခင်ကို နင်တွဲဖူးနေကျ အပေါစားမိန်းမတွေလိုများ မှတ်နေလား"

ကိုယ်တစ်ခြမ်းလည်ထွက်သွားအောင် သူ့ကိုတိုးတိုက်၍ အမရာခင် ထွက်သွားသည်။ ကြိမ်းဝါးသွားတာက ရုပ်ကလေးနဲ့မှမလိုက်။

သူ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ကားပေါ်တက်ထိုင်လိုက်သည်။ အမရာခင်က လမ်းမတစ်ဖက်ခြမ်းကို ကူးသွားကာ လိုင်းကားတစ်စီးပေါ် တိုးဝှေ့တက်သွားသည်။ သူ့ကားကို ဂငယ်ကွေ့ကွေ့လျက် အမရာခင်ပါသွားသော လိုင်းကားနောက်က ကပ်မောင်းလိုက်ခဲ့သည်။ မှတ်တိုင်အတက်အဆင်းတိုင်းမှာ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်နေရ၏။

အိမ်နှင့်အနီးဆုံးမှတ်တိုင်မှာ သူမ,ဆင်းလျှင် အိမ်ရောက်ဖို့ ခြောက်မျိုးကာနဲ့ တစ်မှတ်တိုင်နီးပါး သူမ,လမ်းလျှောက်ရမည်။ လူရှင်



www.burmeseclassic.com

www.burmeseclassic.com



သာတွေချည်းနေတဲ့ ဆိတ်ငြိမ်ရပ်ကွက်မို့ ဆိုက်ကားလည်း
ရ။ Taxi ကားလည်း သူမ မစီးဘူးဆိုတော့။

"ဟိုတ် မင်း အဝေးကြီးလမ်းလျှောက်ရဦးမှာ၊
တက်"

သူမ လိုင်းကားပေါ်ကဆင်းပြီး တော်တော်လေး
လျှောက်လိုက်သည်နှင့် သူ့ကားကို ဘီးလိမ့်ရုံ သူမအနားက
မောင်း၍ ပြောလိုက်သည်။ အမရာခင်က ငုံ့စောင်း၍တောင် မ
သူ့လမ်းအတိုင်း ခေါက်ဆတ်ခေါက်ဆတ် ဆက်လျှောက်
နေသည်။

သူတားကို အမရာခင်ရှေ့က ကျော်တက်ကာ လမ်းပိတ်
လိုက်ပြီး ကားပေါ်က ဆင်းလိုက်သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ အမရာခင်၊ မင်းကို ငါ
တင်ချင်လွန်းလို့ ဖွတ်အတင်းလိုက်ခေါ်နေတယ်များ ထင်နေ

"မထင်ပါဘူး။ ဂတော ဘယ်လိုလူစားမျိုးဆိုတာ သိပြီး
ပဲ၊ ဒီမယ် အမရာခင် ဘယ်လိုမိန်းမဆိုတာလည်း ရှင်သိပြီး
မှာပါ၊ တာဝန်တွေ,ဝတ္တရားတွေ ကျေပွန်အောင်လာလုပ်ပြီး
စေတနာမပါဘဲ ဘယ်သူကမှ ကျေးဇူးမတင်ဘူး၊ သောရီး"

ဒီတစ်ခါ သူ့ကိုတိုးတိုက်ပြီး ထွက်သွားဖို့ ပြင်နေတဲ့





ခင်လက်တစ်ဖက်ကို ဂတော ဖျပ်ခနဲ ဖမ်းဆွဲလိုက်သည်။

"မြန်း"

အမရာခင်က သူ့ထက်မြန်သည်။ ထင်မှတ်မထားတာမို့
ပါးတစ်ဖက် ပူခနဲဖြစ်သွား၏။ ဆောင့်ရုန်းနေသောလက်ကို ပြန်လွှတ်
မပေးဘဲ တင်းခနဲဆွဲချုပ်ကာ ကားတံခါးဖွင့်၍ ကားထဲကိုဆောင့်တွန်း
ပစ်လိုက်သည်။

တစ်ချိန်တည်း ကားပေါ်တက်ထိုင်၍ ကားကိုအရှိန်နှင့် ရော
ခနဲမောင်းထွက်ပစ်လိုက်၏။ အမရာခင် ကားထဲမှာ ဇရှိမရှိပြုလဲသွား
ပြီး သူ့ကိုကျိန်ဆဲနေ၏။

"တောက် ဂရိစ္ဆာန်ကောင်၊ အရိုင်းအစိုင်းကောင်၊ မိုးကြိုး
ပစ်သေမယ့်ကောင်၊ ခွေးရူးကိုက်သေမယ့်ကောင်"

နှုတ်ခမ်းက ရေ့တစ်ထွာလောက် ထော်လန်လျက် မျက်
စောင်းကလည်း အကြိမ်ကြိမ်ထိုးသည်။

သူ အသံတိတ်ရယ်လိုက်မိ၏။

တကယ့်ကလေးလေး အတိုင်းပါပဲလား။

ကျိန်ဆဲပြစ်တင် အပြောကြမ်းကြမ်း အမရာခင်စကားလုံး
တွေ၊ ပူစပ်ကျိန်းဖန်သွားသော သူ့ပါးတစ်ဖက်ကို ရိုက်ချလိုက်တဲ့
အမရာခင် အပြုအမူတွေ သူ ဘာကြောင့် မနာကျင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးရမှန်း၊ လက်တုံ့ပြန်ရမှန်း သတိမရတော့တာလဲ။

လင်းထိုက်ပြောလိုက်သော စကားတွေနှင့် သေချာမှုတော့ အဖြစ်မခံနိုင်။ အမရာခင်က အဖေ့ချစ်သူ။ အဖေ့ရဲ့ ဇနီးလောင်း။ အဖေ့မှာ အပြစ်ကြီးကြီးမားမားရှိနေတာတောင် အမရာခင်ကလည်း အပြစ်မယူရက်အောင် ချစ်နေခဲ့သူ။ ဒါပေမဲ့ အဖေနှင့် အမရာခင် ဆုံစည်းစရာအကြောင်းတော့ မရှိနိုင်တော့။

အဖေက နိုင်ငံခြားမှာ အခြေချဖို့အထိ ဆုံးဖြတ်ထားသည်။ ရည်ရွယ်ခဲ့တာ ထိုအတိုင်းမဟုတ်သော်လည်း ကံကြမ္မာက ပွဲလက်ဆန်လွန်း၏။ သူမုန်းသော၊ သူ မမြင်ချင်သော အမရာခင်က သူ့အနားမှာ အနီးကပ်ကျွန်ရစ်ခဲ့သည်။

"ဟင်း"

သူ့သက်ပြင်းတွေက ပေါ့ပေါ့ပါးပါးမဟုတ်။

လေးပင်သော အရာဝတ္ထုနှင့် ဖိအုပ်ခံထားရသလို အသက်ရှူလမ်းကြောင်းတစ်လျှောက် တင်းကျပ်ဆို့နစ်နေသည်။ ပေါ်တီကိုအောက် ကားရပ်လိုက်သည်နှင့် အမရာခင် ကားမှန်တွေကို တခုန်ခုန်ထုသည်။

"ဟဲ့ မြန်မြန်လုပ်လေ"

"ဖွင့်မှာပေါ့ ဘာဖြစ်နေတာလဲ"





"နင့်အကျင့်စရိုက်ဆိုးတွေ ကူးစက်မှာစိုးလို့ ကြမ်းတစ်ပြေးတည်း မထိုင်ချင်လို့ပေါ့၊ သိပြီလား"

ကားပေါ်ကမြန်မြန်ခုန်ဆင်းပြီး စူးခနဲအော်ပြောကာ တိုက်ထဲကို ဝင်ပြေးသွားသည်။

သူနောက်က အပြေးလိုက်ကာ ဧည့်ခန်းဝအရောက်မှာ အမရာခင် စလင်းဘတ်ခ်အိတ်ကြိုးစကို ဆောင့်ခနဲ ဆွဲပစ်လိုက်၏။

"အပြောအဆို ဆင်ခြင်ပေးပါ အမရာခင်၊ ငါ ဗီလိန်တစ်ယောက်မဟုတ်ဘူး"

"နင့်ဟာနင် ဘာဖြစ်ဖြစ် ဂရုမစိုက်ပါဘူး၊ နောက်တစ်ခါ ငါ့ကို အဲလို ဆွဲလားလွဲလား လာမလုပ်နဲ့ ဇာတာ၊ ဦးမှာ နင့်လို ရိုင်းရိုင်းတဲ့အပြုအမူတွေ မရှိဘူး၊ ဒါနဲ့များတောင် အကွက်ဆင် လုပ်ကြံလိုက်ရသေးတယ်၊ အ,လို့လိုက်ခံလိုက်ရတာနေမှာပေါ့၊ ငါကတော့ ဦးရဲ့ဂုဏ်သိက္ခာအတွက် လုံးဝမကျေနပ်ဘူး၊ ဦးကို ငါရှေ့ကနေအဝေးကြီးရောက်အောင် လုပ်လိုက်တဲ့သူတွေကို ငါမုန်းတယ်၊ လက်စားချေခွင့်၊ ဒါမှမဟုတ် လက်တုံ့ပြန်ခွင့်ရပါစေလို့ ငါဆုတောင်းတယ် သိလား"

သူ့ကို ရွဲ့ပြောနေသလားထင်မှတ်ရအောင် သူ့မျက်နှာကို စူးစူးကြည့်ပြီး ပြောသွားခဲ့တာဖြစ်သည်။



www.burmeseclassic.com

မှင်တက်ငေးငိုင်စွာ နေရာမှ ဒီအတိုင်းရပ်ကျန်ရစ်၏။ အဖေ့ကို တမ်းတမ်းတတ သတိရလာသည်။ အမရာခင်က အဖေ့ရဲ့ သူရဲကောင်းမလေးပါ အဖေ။

✿ ✿ ✿



## အခန်း (၃၃)

"အမရာခင် ထမင်းစားထွက်မလာသေးဘူးလား ဒေါ်စိန်ပု"

"အစောကြီးက စားပြီးသွားပြီကွယ့်၊ မောင်ဖမ္မဝယ်ပေးထားတဲ့ ကွန်ပျူတာနဲ့ သူ့အခန်းထဲမှာ လေ့ကျင့်နေတယ်"

"အာ ခုမှ ညစာစားတဲ့အချိန်ကို လူနည်းနည်းလေးရှိတဲ့အိမ်မှာ အဲလို တကွဲတပြားစားလို့ရမလား။ အခုသွားခေါ် ဒေါ်စိန်ပု၊ ထမင်းစားမယ်လို့"

"အေး အေးပါကွယ်"

ဒေါ်စိန်ပု ကပျာကယာထွက်သွားသည်။ ဖွန်းခက်ရင်းတွေကိုင်၍ ထမင်းမစားဘဲ သူစောင့်နေလိုက်၏။ ခဏနေတော့ ဒေါ်စိန်ပု

www.burmeseclassic.com



ညှိုးနွမ်းနေသောမျက်နှာလေးနှင့် သူ့ရှေ့မှာ ခပ်ရှိရှိလေးရပ်သည်

"ရာရာလေးက စားပြီးပြီ၊ မလာတော့ဘူးတဲ့"

"ကျွန်တော်နဲ့ မျက်နှာချင်းမဆိုင်ချင်ဘူးလို့ရော ပြော

သေးလား"

"အဲ အဲလိုတော့ မပြောလိုက်ပါဘူး"

"ညာမနေပါနဲ့ ဒေါ်စိန်ပု၊ ကျွန်တော်သိပါတယ်၊ သူ

တော့လည်း လာအောင်သွားခေါ်ရမှာပေါ့"

သူ မြုန်းခနဲ ထထွက်လာခဲ့သည်။ အမရာခင် အခန်းတံ

ဝနားရောက်တော့ အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်လိုက်သည်

အထဲက ဘာတုံ့ပြန်မှုမှ မကြားရ။

"ဒေါက် ဒေါက် ဒေါက်"

သူ ခပ်ကျယ်ကျယ် ထပ်ခေါက်လိုက်၏။ အခန်းတံခါး

ခနဲပွင့်ကာ အမရာခင် ခေါင်းလေးပြူထွက်လာသည်။

"ဘာလဲ၊ ဘာကိစ္စလဲ၊ သေမလို့ တံခါးကို ဒီလောက်

ကျယ်ကြီးခေါက်နေရတာလား"

"ဒေါ်စိန်ပုကို ထမင်းစားခေါ်ခိုင်းလိုက်တာ ဘာလို့ လိုက်

လာတာလဲ"

"စားပြီးပြီလို့ လူလိုပြောလွှတ်လိုက်တာ နင်နားမလည်





သာ။ ဘာမှပုံလာပြောမနေနဲ့ နားခါးတယ်၊ သွားတော့"

အမရာခင်က တံခါးကို လှစ်ခနဲဆွဲပိတ်သည်။

သူ အလျင်အမြန် ပြန်ဆွဲထားလိုက်၏။

"မင်းအခန်းထဲ မဝင်စေချင်ရင် မင်းအပြင်ထွက်လာခဲ့ အမ

ရာခင်"

"ဟာ ဘာတွေလာလွှမ်းနေတာလဲ၊ နင်နဲ့ငါကြားမှာ ရေကြီး

ခွင်ကျယ် ဘာအကြောင်းမှမရှိဘူး။ နင် အနိုင်မကျင့်နဲ့ ဖာတာ"

"ပြောစရာရှိလို့ အရေးတယူခေါ်နေတာ မရောင့်တက်နဲ့၊

အမေ မင်းကိုပြောခိုင်းထားတဲ့ စကားတွေ ပြောမလို့၊ လာချင်လာ

မလာချင်နေ"

ထိုစကားပြောတော့ အမရာခင် တံခါးကိုနောက်ပြန်ပိတ်ကာ

သူ့နောက်က ပြေးလိုက်လာသည်။ ရင်ထဲမှာအောင့်သက်သက်နှင့်

ထမင်းစားခန်းထဲကို မသွားတော့ဘဲ ဧည့်ခန်းဘက်ထွက်လာခဲ့သည်။

အမရာခင်က သိချင်ဇောနှင့် သူ့အနားက ကပ်ရက်ခုံမှာ

ဝင်ထိုင်ကာ သူ့ကိုမော့မော့လေးကြည့်၍ နားစွင့်နေသည်။ အမရာခင်

နှင့်ပတ်သက်မှ ကိုယ့်တန်ဖိုးကိုယ် ဘယ်နေရာမှာ သွားရှာကောက်

ကြည့်ရမလဲ မသိတော့။

"ဟဲ့ ပြောလေ၊ ဦးက ငါ့ကို ဘာပြောခိုင်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် နင့်ကို ပေလိ မပြန်စေနဲ့တဲ့"

"ဒါများ ငါ့ကိုပေးလိုက်တဲ့ စာထဲမှာ ပါသားပဲ"

"အဲဒါတင်မဟုတ်ဘူး၊ မင်းသင်တန်းအကြိုအပို့ကိစ္စ ဖြ

စိုက်ဖို့ကိစ္စတွေမှာ အဖေတာဝန်ယူခဲ့သလို ငါ့ကို တာဝန်ယူပေး

တဲ့၊ ငါက အဖေ့ကိုယ်စား မင်းကိုစောင့်ရှောက်ရမှာ"

"မလိုဘူးလို့ ပြောပြီးပြီလေ၊ ဒီအိမ်မှာ နေနေရင် ပြီးတာပဲ

ငါ့ကိုယ်ငါ ထိန်းသိမ်းနိုင်တယ်၊ စောင့်ရှောက်နိုင်တယ်၊ နင်နဲ့အနီး

ကပ်နေရတာထက်စာရင် ဗိုပြီး အန္တရာယ်ကင်းတယ်"

"အမရာခင်"

"လာမအော်နဲ့၊ အမှန်တရားတွေ ပြောနေတာ"

မထီမဲ့မြင်မျက်နှာကို မဲ့လျက် လက်ပိုက်ပြီးပြောနေသော

သိမ်းကြူးရိုက်ပစ်ချင်စရာ၊ အဖေကလွဲပြီး ဘယ်သူ့ကိုမှ ဂရုစိုက်

မလိုဘူးဆိုတဲ့ စတိုင်လ်မျိုးနှင့်။

"မင်းက အဖေမရှိဘူးဆိုပြီး အဖေ့စကားကို နားမထောင်

ဘူးဆိုတဲ့ သဘောလား အမရာခင်"

"ဟင် ဦးစကားကိုနားထောင်လို့ ငါဒီမှာနေနေတာပဲ

မဟုတ်ရင် ငါမကြည့်ချင်တဲ့ နင့်မျက်နှာကို မြင်နေရတဲ့ ဒီအိမ်

တစ်စက္ကန့်တောင် မနေဘူး၊ သိရဲ့လား"





ပြောလိုက်တဲ့စကားလုံးတိုင်း သက်သောင့်သက်သာမရှိ၊ ရုန်း

ကြွလာတဲ့ ယောကျ်ားမာနနှင့်ဒေါသသွေးတို့ကို လက်သီးဆုပ်ထဲမှာပဲ

ခပ်တင်းတင်းဆုပ်၍ ထိန်းချုပ်ထားနိုင်တာ ကိုယ့်ကိုယ်ကိုယ်တောင်

အံ့ဩနေမိသည်။

ဟိုအရင်က ဖတ်ထားက ဒီလိုမှ မဟုတ်ဘဲ။

"ငါပြောချင်တာက မင်းကို စိတ်မချလို့ ငါ့ကိုစောင့်ရှောက်

နိုင်းတဲ့ အဖေ့ဆန္ဒကိုပြောတာ၊ အသက်အရွယ်ကွာဟချက်က အဖေ့

ဘက်ကအားနည်းချက်ပဲလေ၊ အဖေမရှိတဲ့အချိန်မှာ ရွယ်တူယောကျ်ား

လေးတစ်ယောက်ကို မင်းစိတ်ဝင်စားမှုရှိမသွားနိုင်ဘူးလို့ ပြောနိုင်ပါ့

သလား၊ သိရိုးနဲ့ပတ်သက်တဲ့ကိစ္စကလည်း အဖေ့ဘက်က အပြစ်ကြီး

တစ်ခု"

"အဲဒီကိစ္စ ဦးကို ငါနားလည်တယ်လို့ ပြောပြီးပြီပဲ၊ ရေး

ကြီးခွင်ကျယ်လုပ်ပြီး စကားထဲ ထည့်ပြောမနေနဲ့၊ အေး ကွယ်ရာမှာ

ဦးစိတ်မချဖြစ်ပြီး ပူပင်သောကရောက်နေရမှာစိုးလို့ သင်တန်းအပို့အ

ကြိုကိစ္စ ငါလက်ခံလိုက်မယ်၊ အိမ်မှာရှိနေတဲ့အချိန်မှာတော့ ဟို

စကားပြောချင်လို့ ဒီစကားပြောချင်လို့ ထွက်တွေ့ပါ၊ နားထောင်ပါ

ဆိုတာမျိုးတွေနဲ့ အမိန့်လာမပေးနဲ့၊ ဒါကလည်း ဦးအပေါ်မှာ ငါ

သစ္စာရှိချင်လို့ပဲ၊ အဲလောက်ဆို နင် သဘောပေါက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပေါင်တူနှင့် ရင်ဘတ်တည့်တည့် ထုခဲ့ပြီးမှ အမရာခင်က ထွက်လာခဲ့သည်။ နာလို့လဲသေသွားလည်း ကွေးနေအောင် ကျွဲ ဟားတိုက်ရယ်မောပစ်လိုက်မည်။

နူးညံ့မှုနှင့် နားလည်မှုတွေ ပျောက်ဆုံးအောင် နင်ပဲလုပ် ခဲ့တာ ဇာတာဟု ကိုင်ဆောင့်ကာပြောလိုက်ချင်၏။ အခန်းထဲရောက်မှ ဦးအကြောင်းတွေး၍ လွတ်လွတ်လပ်လပ် လွမ်းပစ်လိုက်သည်။

ဦးရော သူမလိုလွမ်းနေမလား။ စိတ်လေလွင့်စွာဖြင့် ဒေ တစ်မြေကိုရောက်နေတဲ့ ဦးက သတိမှရပါ့မလား။ ရာရာကတော့ အချိန်တိုင်း လွမ်းနေတယ် ဦးရယ်။

မြင်မြင်သမျှ ဦးအပြုံး ဦးပုံရိပ်တွေချည်း မြင်ယောင်နေ တယ်။ ရာရာတို့ရဲ့ မျှော်လင့်ချက်အိပ်မက်တွေ ကြွမှာဆိုးတစ်ခုကြောင့် ဝေဝါးပျောက်ကွယ်သွားခဲ့ရပြီနော်။

အချစ်စစ်မှန်ရင် ရာရာတို့ ပြန်ဆုံပါရစေလို့ ဆုတောင်း တယ်။ ဒီအပြစ်တွေအားလုံး အမှန်တကယ် ဦး ကျူးလွန်ခဲ့တယ်ဆိုရင် တောင် ရာရာ ဦးကိုခွင့်လွှတ်မှာပါ။

အရွယ်ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသား က ဦးကိုအရင်ဦးဆုံး ချစ်ခဲ့မိတာလေ။

စိတ်လှုပ်ရှားလွယ်တဲ့ အပျိုရိုင်းလေးရဲ့အချစ်က ဦးတော်





ယောက်တည်းအတွက်ပဲ ပေါက်ဖွားလာခဲ့တာပါ။

ပြန်လာခဲ့ပါတော့ ဦးရယ်။

ရာရာ့နှလုံးသားလေး ကွဲအက်နာကျင်နေရပါပြီ။

လွမ်းတယ် ဦးရယ်။

မှန်ပြတင်းပေါက်ကနေ ခြံဝင်းထဲကိုငေးကြည့်မိတော့ လ ရောင်ပျောက်နေတဲ့ ညအမှောင်က ကြယ်ကလေးတွေ အလင်းအား နှင့် မှိန်ပျပျဖြစ်နေသည်။

လေပြည်နွဲ့နွဲ့ကြောင့် သစ်ပင်ပန်းမန်တို့က ယိမ်းယိုင်လှုပ် ရှားနေကြ၏။ ထိုနေရာလေးမှာ ဦးပုံရိပ်တို့က ခပ်လွင့်လွင့်။ အရိပ် အယောင် မပြနဲ့။

အရောက်ပြန်လာခဲ့ပါ ဦးရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဒီနေ့ကစပြီး သင်တန်းအပို့အကြို ဇာတာက တာဝန်ကျေအောင် ဂရုစိုက်သည်။ အချိန်နောက်ကျတယ်၊ စောတယ်ဆိုတာမျိုးမရှိ။ ရာရာ သူ့ကိုဂရုမစိုက် အလေးမထားတာလည်း ဘာမှမပြော။

အိမ်ရောက်တော့လည်း ရာရာကို ဝေဖန်တာမျိုး၊ အပြစ်တင်တာမျိုး အမိန့်ပေးတာမျိုးတွေမလုပ်တော့။

အေးအေးတည်ငြိမ်မှုနှင့် ဇာတာတ္တခြေရနေသည်။

နေ့စဉ်ရက်ဆက် ဖြစ်လာတော့ ဇာတာကျောင်းထွက်လိုက်ပြီလားဟုတောင် သံသယဖြစ်လာသည်။

"နင် ကျောင်းရောတက်သေးရဲ့လား ဇာတာ"





"ခွင့်ယူထားတယ်၊ မပူပါနဲ့ စာမေးပွဲအောင်မှာပါ"

"အောင်မှာ နင်စာမေးပွဲကျတာ အောင်တာ ပူပန်ပြီး မေးနေတာမှ မဟုတ်တာ၊ နေ့လယ်သင်တန်းပို့တဲ့အချိန်ကို ငါ့ဘာသာ သွားလိုက်မယ်၊ ညနေမှ နင်ကျောင်းပြန်ဝင်ကြိုလို့ပြောမလို့"

"ကိစ္စမရှိပါဘူး၊ စာတွေကို ငါသူငယ်ချင်းတစ်ယောက် လိုက်ကူးပေးတယ်၊ တကယ်ဟာ စကားများမနေနဲ့"

ရာရာ ကားပေါ်ဆောင့်ဆောင့်အောင့်အောင့် တက်ထိုင်မှ ဇာတာကားလေးကိုလိုမ့်ထွက်လိုက်သည်။

ရာရာ တစ်လမ်းလုံး ဘာစကားမှမပြော။ ဇာတာကတော့ ကားနောက်ကြည့်မှန်လေးထဲကနေ အမရာခင်ကို အခိုးတကြည့်ကြည့် လုပ်နေမိသည်။

အမရာခင်က သူတို့အိမ်ကိုရောက်ခါစကလိုမဟုတ်။ သေသေသပ်သပ် ဖြီးလိမ်းပြင်ဆင်မှုနှင့် အလှကြီးလှနေသည်။ အကျီ ထည်ပင်းကျယ်ကျယ်လေးတွေဝတ်တတ်သော်လည်း ကုပ်ပိုးပြည့်ပြည့် လေးနှင့် ဝင်းဝါစိုပြည်လွန်းသော အသားအရေလေးကြောင့် မြင်သူ ငေးအောင် ကြည့်ကောင်းလွန်း၏။

ဘောင်းဘီတို၊ ဘောင်းဘီရှည်တွေ မဝတ်တော့ဘဲ ထဘီ တောင်တွေချည်းဝတ်တော့တာမို့ ပြည့်တင်းနေသော ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းလေးက ရှင်းထင်းဝေ့ဝိုက်ပေါ်လွင်နေသည်။

ဒါပေမဲ့ စကားပြောညှင်သာမှုမရှိတော့တာက ဟိုအရင်ထက်ပိုဆိုးနေ၏။

ဘာပဲပြောလိုက်ပြောလိုက် ဘုကန့်လန့် ခွတိုက်ဖို့ပဲ စဉ်းစားထားဟန်တူသည်။

သူကရော ဘာကြောင့် အမရာခင်ဆီက နူးညံ့တဲ့အပြုအမူတွေ၊ ချိုသာတဲ့စကားတွေကြားချင်နေရတာလဲ။

အဖေ့ကိုဆိုရင် ဦးရေ ဘယ်သွားရအောင်၊ ဘာစားရအောင်နော် ဦးရေ ဘာဟင်းလေးချက်ထားတယ်၊ ဦးကြိုက်တတ်မှန်းသိလို့ ဘာလေးလုပ်ထားတယ်နှင့် နူးညံ့ချိုသာလိုက်တာ နားကြားပြင်းကတ်စရာ။

သူ့ကိုဆိုရင် ဘီလူးဆိုင်းတီးပြီး ဘီလူးက ကပြဖို့ကြိုတင်လေ့ကျင့်ထားတဲ့အတိုင်း။

သူ့ဘက်က မှားယွင်းခဲ့တာတွေကြောင့်လားဟု အကြိမ်ကြိမ်တွေးဖြစ်၏။ မဖြစ်နိုင်ဘူး။ အဖေနှင့်သူ့ကိုခွဲခြားဆက်ဆံရသလိုဖြစ်နေတာကြောင့် သူ ဆက်ပြီးရိုင်းစိုင်းနေခဲ့တာဟု တစ်ယူသန်ဆုံးဖြတ်ပစ်လိုက်သည်။

"ဟဲ့ ရောက်နေပြီ ဘယ်ထိမောင်းနေဦးမလို့လဲ"





"ဟင်"

အတွေးလွန်နေတာမို့ အမရာခင်အသံကြားမှ ဘက်ဂီယာထိုး၍ နောက်ပြန်ဆုတ်လိုက်ရသည်။ အမရာခင်က ပါးစပ်က ပွစိပွစိရေရွတ်ကျိန်ဆဲ၍ ဆောင့်အောင့်ကာ ကားပေါ်က ဆင်း၏။

"ဟာ လင်းထိုက် မင်း ကျောင်းမတက်ဘူးလား"

လင်းထိုက်ကို မြင်တော့ ဖေဖော် ကားပေါ်ကဆင်းလိုက်သည်။

"အေးကွ အညာက ငါတို့ဦးလေးဘကြီးရောက်နေလို့ အဆေးပြေးကွင်းကို သွားကြိုရတာနဲ့ ကျောင်းမတက်ဖြစ်တာ၊ မင်းကရော ကျောင်းခွင့်ရက်ပြည့်နေပြီမဟုတ်လား။ ငါက ဘကြီးကို ဘုရားဆွဲ ဘာတွေလိုက်ပို့ရဦးမှာဆိုတော့ နှစ်ရက်,သုံးရက် ကျောင်းတက်နိုင်သေးမှာ မဟုတ်ဘူး။ မင်း ကျောင်းစာတွေလည်း ကူးပေးနိုင်မှာဆိုတော့ မင်းကျောင်းတက်ဖြစ်အောင် တက်လိုက်ဦးနော် ငါ့ကောင်"

"အေးပါကွာ၊ ဪ အမရာခင် သူက ငါ့သူငယ်ချင်း လင်းထိုက်၊ မေဂျာတစ်ခုတည်း တစ်နှစ်တည်း အရင်းနှီးဆုံးပေါ့၊ လင်းထိုက် သူက အမရာခင်"

အမရာခင်နှင့် လင်းထိုက် အပြုံးနှင့် အသိအမှတ်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဦးမင်းဖေမှူ သင်တန်းလိုက်ပို့တဲ့အချိန်က တစ်ခါဆုံပြီးပြီ မို့ အထူးတလည် နှုတ်ခွန်းဆက်စရာမလိုသော်လည်း အကြောင်းအရာတစ်ခုကြောင့် အမရာခင်နေရာမှာတင်ရပ်နေလိုက်သည်။ ပြီးမှ လင်းထိုက်ကို ပြုံးကြည့်ကာ

"ဟိုတစ်ခါ ဦးမင်းဖေမှူနဲ့တုန်းကလည်း ဒီနားမှာပဲ ဆုံဖူးတယ်ထင်တယ်၊ ကိုလင်းထိုက်အိမ်က ဒီနား ဝန်းကျင်မှာပဲလား"

"ခြောက် ဟုတ်ကဲ့ခင်ဗျာ၊ အမရာခင်တို့ သင်တန်းနဲ့ မျက်နှာချင်းဆိုင်မြေညီထပ်မှာနေတယ်၊ ဟိုမှာလေ အိမ်ရှေ့မှာ စတိုးဆိုင်လေးနဲ့ ဖုန်းဆက်ရှင်လေးရှိတယ် အမိုးအပြာလေးရှေ့မှာ ထုတ်ထားတဲ့အခန်း"

လင်းထိုက်လက်ညှိုးထိုးပြတဲ့နေရာကို အမရာခင် သေချာမှတ်သားထားလိုက်သည်။ ပြီးမှ သက်တာနာရီလေးကိုမြောက်ကြည့်လိုက်ပြီး

"ဟုတ်ကဲ့ ခွင့်ပြုပါဦး သင်တန်းချိန်နီးနေလို့"

အမရာခင် လင်းထိုက်ကိုနှုတ်ဆက်ပြီး ထွက်သွားတော့ ဇာတာမျက်စိတစ်ဆုံးလိုက်ကြည့်နေသည်။

"ဟကောင် မျက်လုံးအိမ်ကြီးပါ ကျွတ်ကျသွားဦးမယ်"

"အာ မင်းကလည်း ဘာမှ မဟုတ်ပါဘူး"





"ဘာမှမဟုတ်ပါဘူး လုပ်မနေနဲ့၊ မင်း ငါ့ကို အမှန်အကန်ဝန်ခံဖို့လိုနေပြီ၊ လာ ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ စကား ခဏပြောရအောင်"

ကားကိုလမ်းဘေးမှာ ကပ်ရပ်ခဲ့ပြီး လင်းထိုက်နှင့် ဇာတ်စင်တာလေးထဲ ဝင်ထိုက်လိုက်ကြသည်။

"ကဲ ပြောစမ်းပါဦး၊ မင်းရဲ့ ရူးသွပ်ခြင်းဒီဂရီ ဘယ်လောက်ထိမြင့်တက်သွားပြီလဲဆိုတာ"

"ဘာကိုပြောတာလဲ"

"မသိချင်ယောင်ဆောင်ပြီး ပြန်မေးမနေနဲ့ ဇာတာ၊ မင်းညည်ရှယ်ချက်ကြီးကြီးနဲ့ အကောင်အထည်ဖော်ခဲ့တဲ့ကိစ္စက အမရာခင်ကြောင့်မဟုတ်လား။ ငါ မသိသလိုနေလိုက်ချင်ပေမယ့် မင်းအချင်းနဲ့မတူ ဣန္ဒြေပျက်နေတာက သိသာလွန်းနေပြီကွာ၊ ငါ အားပေးစရာလည်းမဟုတ်ဘူး။ တိုက်တွန်းမှာလည်းမဟုတ်ဘူး။ ဒါပေမဲ့ အသေအချာဆုံးပြောနိုင်တာက အမရာခင် မင်းကို ဘယ်တော့မှ ပြန်ချစ်မှာမဟုတ်ဘူးဆိုတာပဲ၊ ဘာကြောင့် အတတ်ပြောနိုင်တာလဲဆိုပြီး မင်းအယူခံဝင်ချင်နေတယ် မဟုတ်လား။ အမရာခင်မျက်လုံးတွေထဲမှာ မင်းအပေါ်ထားတဲ့ သစ္စာတရားတွေကို မြင်တွေ့နေရလို့ပဲပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ခနဲ စူးအောင့်သွားတဲ့နေရာက နှလုံးသားတည့်တည့်မှာဖြစ်နေသည်။ ခွန်းတုံ့ပြန်ချေပလိုက်ချင်သော်လည်း စကားလုံးတွေပျောက်ဆုံးနေ၏။

စားပွဲပေါ်က လက်ဖက်ရည်ခွက်လေးမှာ ရောက်နေသည့်မျက်လုံးအကြည့်တို့ကိုလည်း မရွှေ့ရှားမိ။ ငုံ့သောက်ဖို့လည်း စိတ်ကူးမရှိ။ အသက်ရှူဖို့တောင် မေ့လျော့နေမိသည်ထင်သည်။

"ဇတာ မင်းဘာတွေကြိတ်ကြံနေပြန်ပြီလဲ၊ သူ့မယားလိုချင်သူ့လင်လုံ့နဲ့ထိုးဆိုတာမျိုး ထပ်လုပ်ချင်ပြန်ပြီလား"

"လင်း လင်းထိုက် မင်းစကားလုံးတွေ အရမ်းရင့်သီးလာပြီကွာ၊ အဖေနဲ့ပတ်သက်ပြီး ငါ့မှာ ရှည်ရှည်ချက်ဆိုးဆိုးဝါးဝါးမရှိခဲ့ဘူး၊ အစက ငါ့အပေါ် ပြေလည်အောင်ဆက်ဆံမပေးတဲ့ အမရာခင်ကို အပြုံးထားတယ်၊ နောက်တော့ အမရာခင်ဆီက အဖေရနေသောတွေ ငါဘာလို့မရရတာလဲဆိုတဲ့ အာဃာတတွေကြီးမားလာတယ် အခု အမရာခင်ဆီက ငါလိုချင်နေတယ်ဆိုတာလည်း ငါဝန်ခံတယ် ဒါပေမဲ့ ငါ အတိအကျမတောင်းခံရသေးလို့ အမရာခင်ပေးဖို့ မဆုံးစားဖြစ်သေးတာနေမှာပါ"

"မင်း အဲဒီလိုတောင်းလိုက်ရင် အမရာခင်ပေးလိမ့်မယ်လို့ မင်းစိတ်ထဲမှာ ထင်နေတယ်ပေါ့၊ မင်းကိုယ်မင်း မိန်းမကျွမ်းကျင်နေသ





ဆရာကြီးအထာနဲ့ပေါ့ ဟုတ်လား ဇတာ"

"မိန်းမတွေ ဘာလိုချင်တယ်၊ ဘာကိုမက်မောတယ်ဆိုတာ ငါသိနေတာပဲ၊ အမရာခင်က ဘာသာနဲ့ထုထားတဲ့ မိန်းမမို့လဲကွာ၊ ငါ့စိမ်းမြင်လို့ ငါးကင်ပစ်ချင်တဲ့မိန်းမတွေ၊ ထောင်ထုပ်မြင်လို့ ရာထုပ်ကိုကန်ချပစ်လိုက်တဲ့ မိန်းမတွေ၊ တိုက်အိမ်ကောင်းကောင်းနဲ့လူကိုတွေ့ရင် ကိုယ်နေတဲ့တဲကုတ်ကို ဖြိုချပစ်ရဲတဲ့ မိန်းမတွေချည်းပါပဲကွာ၊ အခု အမရာခင်အနားမှာ အဖေမှမရှိတော့တာ၊ သူ့ဘဝမှာ ငါ့ကိုမရွေးချယ်ရင် တောပြန်ပြီး ငါးလုပ်နေရမှာပေါ့၊ မင်းစောင့်ကြည့် အမရာခင် ဘယ်လိုမိန်းမလဲ၊ ဇတာက ဘယ်လိုကောင်လဲဆိုတာ ခင်း မသေခင်တွေ့ရမယ်"

ဟိုအရင်က မာနမျိုးနှင့်ဇတာက စိန်ခေါ်သည်။ လင်းထိုက် နှာခေါင်းရှုံ့ကာ ဇတာကိုမျက်မှောင်ကုတ်ကြည့်လိုက်၏။

"မင်းကိုငါ အရမ်းအံ့သြတယ် ဇတာ၊ အဖေတစ်ယောက်ရဲ့ ချစ်သူကို မင်းအဲလိုစိတ်မျိုးနဲ့ ကြံစည်ရဲတာ ဆယ်ခါပြန် ဆလံပါပဲကွာ၊ မင်း ငရဲမကြောက်လို့ မှန်မယ်ထင် ဆက်လုပ်ပါ။ ငါကတော့ မင်းနဲ့သူငယ်ချင်းဖြစ်ရတာ အရမ်းရှက်တယ်၊ ခွင့်ပြုပါဦး ဇတာ၊ နောက် မင်းလိုလူမျိုးနဲ့ မဆုံအောင် ငါဆုတောင်းပါ့မယ်"

လင်းထိုက်အောင်က အားမနာတမ်းပြောပြီး ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ငိုင်တွေစွာကျန်ခဲ့ပေမယ့် သူ့စိတ်က ပြတ်သားနေသည်။

အမရာခင် လက်ခံလျှင် သူ့အဖေ့ကိုရင်ဆိုင်မည်။

အမရာခင်လက်မခံလျှင် အမရာခင် အချစ်ကို လေးစားသော အားဖြင့် သူ့အကျင့်စရိုက်ဗီဇအားလုံးပြောင်းလဲပစ်မည်ဟု ဆုံးဖြတ်လိုက်၏။

အချစ်ဆိုတာ ဒီလိုမျိုးစွမ်းအားတွေရှိပါလားဟု သူတအံ့တဩဖြစ်သွားသည်။

ငါက ခုမှ တကယ်ချစ်တတ်သွားတာပါ အမရာခင်။

✿ ✿ ✿



## အခန်း (၃၅)

တကယ်တော့ အပြောလောက် အလုပ်ကမလွယ်။ လက်တွေ့မှာ ညနေပိုင်း အမရာခင်ကို သင်တန်းကကြိုပြီး ပြန်လာခဲ့တာတောင် ကားပေါ်မှာလည်း ဘာစကားမှမဆိုဖြစ်။ အိမ်ရောက်တော့လည်း ကဝုန်ကယင်နှင့် မဝံ့မရဲ။

တကြည့်ကြည့်နှင့် ဂဏှာမငြိမ်ဖြစ်နေသော သူ့ကို အမရာခင်က မျက်စောင်းထိုးသည်။

နောက်ဆုံးတော့ ကားလေးကိုမောင်းပြီး ရက်စဝေါရင့်တစ်ခုကို ရဲဆေးတင်ဖို့ ရောက်လာခဲ့၏။

ယိုင်လဲခြင်းမရှိပေမယ့် အရှိန်တက်မှ သူပြန်လာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီးထဲ ဝင်ဖို့ ရှေ့က သံဘာဂျာတံခါးကို တဂျုန်းဂျုန်းထုတော့ အမရာခင် တံခါးလာဖွင့်ပြီး နာခေါင်းရှုံ့၏။

"ဟွန်း ပြန်လာတဲ့အချိန်ကိုလည်း ကြည့်ပါဦး။ ည ဆယ်နာရီထိုးနေပြီ။ အရက်နံ့ကလည်း နံစော်လို့ စိတ်ညစ်ဖို့ ကောင်းလိုက်တာ"

"ထားလိုက်ပါ။ အဲဒါတွေ ပြောမနေနဲ့ ဒေါ်စိန်ပု ဘယ်သွားလဲ"

"အပေါ်ထပ် ဘုရားခန်းမှာ ဘုရားရှိခိုးနေတယ်၊ ဘာ[illegible] မလို့လဲ ငါလုပ်ပေးမယ်၊ ဘုရားရှိခိုးနေတာတော်တော်နဲ့ ပြီးသေး[illegible] မဟုတ်ဘူး"

"ရတယ်၊ ဘာမှ ခိုင်းစရာမရှိဘူး၊ မင်းရှိရင် အဆင်[illegible] တယ်၊ ငါက မင်းနဲ့စကားပြောချင်နေတာ၊ နေဦး ကြိုပြောထား[illegible] မယ်၊ နင်ပြောတာ နားမထောင်ချင်ဘူး အမိန့်တွေမပေးနဲ့ ဘာ[illegible] မင်းဘာမှတားဆီးပိတ်ပင်ဖို့ မကြိုးစားနဲ့နော်၊ ဒီနေ့ ငါပြောချင်[illegible] စကားတွေ မင်းကိုပြောရမှ ဖြစ်မယ်၊ မပြောရဘူးဆိုရင်တော့ [illegible] ဆိုးမဆိုနဲ့ မင်း ငါ့အကြောင်း သိပါတယ်"

အာလေးလျှာလေး ယိုင်ထိုးနေတာမဟုတ်ပေမယ့် အရ[illegible] သောက်ထားမှန်းတော့ တော်တော်လေးသိသာနေသည်။





မပူးခင်အချိန်ကတော့င် သူပြောချင်တာရှိလျှင် အခန်း တံခါးဆွဲလှပ်ပြီး ဝရန်းသုန်းကား အတင့်ရဲတတ်တဲ့ အကျင့်မျိုးရှိတာကြောင့် အောင့်သက်သက်နှင့် ညှော်ခန်းဆက်တီခုံမှာ ရာရာ ဝင်ထိုင်လိုက်ရသည်။

"အရက်သမားနဲ့ စကားမပြောချင်တာ အရက်သမား စကားနားမထောင်ချင်တာကတော့ အမှန်ပဲ၊ ဒါပေမဲ့ ငါနဲ့ ခပ်ဝေးဝေးက ခုံမှာထိုင်ပါ၊ နင်ပြောချင်တာ ပြော၊ ဟုတ်ပြီလား"

ခန်းခန့်ပြုး၍ မှန်စားပွဲထားထားသော သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ရသည်။ သူများကို အမိန့်ပေးရမှ ကျေနပ်တတ်သော သူ့အတွက် အမိန့်ဆန်သော စကားကိုကြားရတာလည်း နားဝင်ချိုပါသည်။

"မင်းကို ငါချစ်တယ် အမရာခင်"

"ဘာ ဘာပြောတယ်"

"ရှူး တိုးတိုး အလန့်တကြားမအော်စမ်းပါနဲ့၊ ချစ်တယ်ဆိုတဲ့စကားက သွေးပျက်ချောက်ချားစရာမှ မဟုတ်တာ၊ ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ သာယာနာပျော်ဖွယ်ကောင်းတဲ့ ဂီတသံလေးလို နားထောင်နေရမှာ"

"နင့်အဖေမရှိဘူးဆိုပြီး စကားလုံးတွေနဲ့ ငါ့ကိုစော်ကားနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား ဇတာ၊ အကျင့်စရိုက်တင် ရိုင်းစိုင်းတာမဟုတ်ဘူး။ အတွေး အကြံကလည်း ယုတ်မာနေတာပါပဲလား"

"နီး နီး အဲဒီစကားသံတွေ ဆန့်ပုံးထဲမှ ခဏအုံးထားပေး ပါ၊ အခု ငါပြောနေတာ အနုလေးအနက် တန်ဖိုးအရှိဆုံးစကား ပြော နေတာ မင်းကို ငါချစ်တယ်၊ ငါ့ကိုပြန်ချစ်နိုင်မလား ငါသိချင်တယ်"

ဆံနွယ်တွေကို ဆတ်ခနဲ ခါပယ်ကာ တက်တစ်ချက် ခပ်ပြင်း ပြင်းခေါက်၍ ဇတာ ရှုံးများရှုံးသွားပြီလားဟု မျက်နှာကိုသေချာ ကြည့်နေသေး၏။ အရက်သောက်ထား၍ သွေးဆူနေပြီဆိုတော့ ထို အရင်က မထီမဲ့မြင်ပုံစံမျိုးနှင့် နော်မယ်လ်ပါပဲ။

"နင် သေချာကြားချင်တယ်ဆိုရင်တော့ ငါပြောရမှာ နင့်ကိုငါမုန်းတယ်"

"ဘာဖြစ်လို့လဲ"

"မချစ်လို့ပေါ့"

"အဖေ့ကိုတော့ ဘာလို့ချစ်တာလဲ"

"နင်ကြားမှုပြီးသားကို ထပ်ပြောရဦးမှာလား။ မိန်းမတော် ယောက်အားကိုးထိုက်တဲ့ ယောက်ျားတစ်ယောက်ဖြစ်နေလို့ပေါ့။ ကြင် နာတတ်တယ်၊ စာနာတတ်တယ်၊ ကိုယ်ချင်းစာတတ်တယ်"

"အဲဒီ အရည်အချင်းတွေနဲ့ ပြည့်စုံအောင် ငါကြိုးစားပေး





ဆိုရင်ရော"

"ဘယ်လောက်ပဲ ကောင်းနေနေ အချစ်မပါရင်လည်း ဘယ် မိန်းမမှ မစွန့်စားဘူး ဇတာ၊ ငါ ဦးကိုချစ်ခဲ့တာ ပကာသနကြောင့် မဟုတ်ဘူး။ ဦးကလွဲရင် ငါဘာမှ မမက်မောဘူးလို့ ပြောပြီးပြီပဲ"

"အဖေ မြန်မာပြည်ကို ဘယ်တော့မှ ပြန်လာမှာမဟုတ် တော့ဘူး။ မင်းဘာကို မျှော်လင့်နေဦးမှာလဲ အမရာခင်၊ ပိုင်ဆိုင်မှု တွေ အများကြီးနဲ့ ငါ့ကိုမင်းလက်ထပ်လိုက်မယ်ဆိုရင် မင်းတို့ ဘဝ လေးပြည့်စုံသွားမှာပါ၊ မင်းလိုချင်တဲ့ အရည်အချင်းတွေကိုလည်း ငါ ပေးနိုင်မှာပါ"

"ဒုန်း"

မှန်စားပွဲလေးကို ဒုန်းခနဲထု၍ ဇတာကို စူးစူးရဲရဲ ကြည့် ခပ်လိုက်သည်။

"နင့်ဆီက ငါဘာမှမလိုချင်ဘူး။ ဘာမှမရချင်ဘူး၊ ဦး တစ် သက်လုံး ပြန်မလာလည်း ငါ့ရဲ့သစ္စာတရားက တစ်သက်စာပဲ၊ နင် သေတဲ့အထိ မှတ်သွား နင့်လိုလူမျိုး ငါမုန်းတယ် သိလား"

"ငါကတော့ မင်းကိုချစ်တယ် အမရာခင်၊ ငါတွေ့ဖူးသမျှ မိန်းမတွေနဲ့မတူလို့ မင်းကိုငါချစ်တာ၊ လိုချင်စိတ်တွေ ရယူချင်စိတ် တွေကင်းတဲ့ မင်းကို တသသနဲ့ ငါစွဲလမ်းခဲ့တာ၊ ငါ့ရဲ့မပြောင်းလဲမှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို မင်းမြင်တွေ့နေမှာပါ။ အဲဒါ မင်းကိုချစ်တဲ့ အချစ်တွေကြောင့်လေ၊ ဇတာဆိုတဲ့ကောင် တစ်ချိန်က မင်းအပေါ်မှာ ရိုင်းရိုင်းခဲ့ တယ်၊ ကြမ်းတမ်းခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခု မင်းရှေ့မှာ ဒူးထောက် ဝန်မလေးပါဘူး။ တောင်းပန်ခယဖို့လည်း သွေးမကြောင်ပါဘူး။ စေလိုရာစေ၊ လက်ညှိုးထိုးလိုက်ပါ ခေါင်းညိတ်လိုက်ပါ"

ကောဇောခင်းပေါ် ဒူးထောက်ထိုင်ချတော့ ရာရာလန့်၍ မတ်တပ်ရပ်လိုက်မိသည်။

လိုက်ဖိုတုန်လှုပ်သွားသော ရင်အစုံက အချစ်ကြောင့်ပေ ဒီလို အဆိုးအကောင်း တစ်ဖက်စွန်းရောက်နေတဲ့သူ၊ အပြောင် လဲမြန်တဲ့သူမျိုးက သွေးသားအရင်းကိုတောင် ရက်စက်ရမှာ လေးတတ်သူဟု စာတစ်အုပ်မှာ ဖတ်ဖူးထား၍ ဇတာကိုကြောက် စက်ဆုပ်သွားမိတာဖြစ်သည်။

ဦး ဂုဏ်သိက္ခာကျ အရှက်ရခဲ့ရတဲ့ကိစ္စမှာ ဇတာစနက် ပါကိုပါရမည်ဟုလည်း သေချာစွာယုံကြည်လိုက်မိ၏။ သွေးသား သော တိရစ္ဆာန်တစ်ယောက်လိုဖြစ်နေတဲ့ ဇတာကို ရင်မဆိုင် တော့။

ထိုအချိန်မှာ အပေါ်ထပ်ကဆင်းလာတဲ့ ဒေါ်စိန်ပုက သူ နှစ်ယောက်ကိုကြည့်ပြီး သဘောပေါက်သလိုရှိကာ ရာရာပခုံး





သာဖက်သည်။ ရာရာ အားကိုးတကြီး ဒေါ်စိန်ပုလက်တွေကို ဆုပ် ကိုင်ထားလိုက်၏။

"ဟင် ရာရာ လက်လေးတွေ အေးစက်နေလို့ပါလား။ နေ ရာမကောင်းဘူးလားကွယ်၊ လာ လာ ဒေါ်ကြီးအခန်းမှာ ဆေးလိုက် သောက်လိုက်နော်"

"ဟုတ်ကဲ့ဒေါ်ကြီး"

ခုထိ ဒူးထောက်ထိုင်နေတဲ့ ဇတာ သူမတို့နှစ်ယောက် ထွက်သွားတာကို ဘာမှမပြောသော်လည်း စူးရှေးရဲစွာ လိုက်ကြည့် နေသည်။

ဒေါ်စိန်ပု အခန်းထဲကိုရောက်မှ ရာရာ အင့်ခနဲရှိုက်ငိုပစ် လိုက်သည်။ ဒေါ်စိန်ပုက အလန့်တကြားမေးဖက်၏။

"ဘာ ဘာဖြစ်လို့လဲ ရာရာလေး။ သား ဇတာက ဘာလုပ် လိုက်လို့လဲကွယ်"

"ဟင့်အင်း သွေးထက်သံယို ဒဏ်ရာရအောင် လုပ်လိုက် တာထက် နာကြည်းစက်ဆုပ်စရာကောင်းတယ်၊ သူ ရာရာကို ချစ်တယ် တဲ့ဒေါ်ကြီး။ ဘယ်လောက်ယုတ်မာကောက်ကျစ်သလဲဆိုတာ ဦးကို သူ့အကြံအစည်နဲ့ ချောက်တွန်းတယ်ဆိုတာ သေချာသွားပြီ"

"သားအဖချင်း မစွပ်စွဲကောင်းပါဘူးကွယ်၊ သား ဇတာ



www.burmeseclassic.com

www.burmeseclassic.com



က စရိုက်ကြမ်းပေမယ့် ဖအေအပေါ်မှာတော့ မယုတ်မာလောက်
ဘူး။ ရာရာလေးလည်း စိတ်ပင်ပန်းပါတယ်၊ ဘာမှ မစဉ်းစား
ကွယ်"

"သူ့ကို ရာရာ လုံးဝအယုံအကြည်မရှိတော့ဘူး ဒေါ်ကြီး
သူ ရာရာကို ဒီလိုစကားမျိုး ပြောထွက်ရဲတာကိုက သူ့ရဲ့ အော
တန်းကျတဲ့ စိတ်ဓာတ်ကိုပေါ်လွင်စေတာပဲ၊ ဒေါ်ကြီး စောင့်ကြည့်
ရာရာ သူ့အကြောင်း သေချာအောင် စုံစမ်းမယ်၊ ဘယ်သူမဆို ဖုံး
ဖဲတစ်ချပ်တော့ ရှိကြတာပါပဲ"

မျက်ရည်တွေ ခန်းခြောက်သွားပေမယ့် ရာရာမျက်နှာလေး
အေးစက်တင်းမာနေသည်။

ရယ်တတ်ဖို့ချည်း ကြိုးစားမနေနဲ့။ ငိုတတ်အောင်လည်း
လေ့ကျင့်ထားပါ ဇာတာ။

✿ ✿ ✿



## အခန်း (၃၆)

"ဟား ဟား ဟား မင်းတို့ ရန်ကုန်သားတွေ လည်လှချည်
အိုကွ၊ ဒါ့လို တောသားလူလည်နဲ့တွေ့တော့ ဘာတတ်နိုင်သေးလဲ"

"ဗျာ ဘ ဘကြီး ဘာတွေဖြစ်လာတာလဲ"

ဘကြီးက လင်းထိုက်မေးတာ မဖြေသေးပဲ ဘာတွေ
သဘောကျနေမှန်းမသိ။ မိန့်မိန့်ကြီး ဟန်ပါပါပြုံးနေသည်။ ဖုန်းစင်
ရှေ့က ကော်ခုံလေးမှာ ထိုင်နေသော လင်းထိုက်က ဘကြီးလက်ကို
ဆွဲဆိုင်းနိုင်းလိုက်ကာ

"ကဲ ပြောပါ တောက ဘကြီးလူလည်ရယ်၊ ဒီအိမ်ရှေ့ပဲ
ရှိနေပါဆိုတာ ဘယ်ရောက်သွားပြီး ဘာတွေဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲကွ မင်းက အိမ်ရှေ့ပဲနေဆိုပေမယ့် ကျော ဘက်က တိုက်ကြီးတွေက အမြင့်ကြီးတွေဆိုတော့ ငါ စိတ်ဝင်စားပြီး သွားကြည့်တာပေါ့ကွ"

"ဟာ ဘကြီးရယ် မျက်စိလည်နေတော့မှာပဲ ဘာလို့သွား တာလဲ"

"အောင်မာ ငါလူလည်ပါကွ၊ အိမ်က အမိုးအပြာကိုမြင်နေ ရတဲ့ မျက်စိတစ်ဆုံးပဲ သွားတာပေါ့၊ အခု ပြန်ရောက်နေပြီ၊ ဘာ စိတ်ပူစရာလိုလို့လဲ၊ ကဲပါ ငါပြောတာ နားထောင်စမ်းပါဦး၊ ရန်ကုန် သားတွေ ခံလိုက်ရတာကို ပြောပြချင်လို့ပါ"

"ဟုတ်ပါပြီ ပြော ဘကြီးပြော"

"ဒီလိုကွ ဟိုနေ့က မင်းတို့ပြောနေတာ အထပ်နှစ်ဆယ် တိုက်ကြီးဆို၊ အဲဒါကို ဟုတ်မှဟုတ်ပါ့မလားလို့ ငါသွားရေကြည့်နေ တာ၊ အဲဒါကို မင်းတို့အရွယ်လူငယ်တစ်ယောက်က ဘကြီး အဲ တိုက်အလွှာတွေကို အလကားကြည့်လို့မရဘူးတဲ့ လူပုံကလည်း သား သားနားနား ဝတ်စားထားတာ၊ အဲဒီတိုက်ကြီးကိုပိုင်တဲ့ ပိုင်ရှင်ထင် ပါတယ်ကွာ၊ ငါကလည်း လူကဲခတ်မညံ့ဘူးမဟုတ်လား၊ ဘယ် လောက်ပေးရမလဲ မေးလိုက်တော့ တစ်လွှာကို ငါးဆယ်တဲ့၊ ဘယ်နှ လွှာ ကြည့်ပြီးပြီလဲမေးတယ်"





"ဘ ဘကြီးက ဘာပြန်ပြောလိုက်လဲ"

"အမှန်အတိုင်းပြောလို့တော့ မဖြစ်ဘူးလေ၊ ငါ ရေတွက် ကြည့်နေတာ ဆယ့်ငါးလွှာလောက်တော့ ရှိနေပြီကွ၊ ဒါပေမဲ့ ငါကို အမိုး လာကြောလို့တော့ ဘယ်ရမလဲ၊ ဆယ်လွှာပဲကြည့်ရသေးတယ်၊ ရော့ ငါးရာဆိုပြီးပေးလိုက်တာပေါ့၊ ဟား ဘာပြောကောင်းမလဲ ငါ့ ကောင်ရာ၊ ကျေးဇူးတင်ပါတယ် ဘကြီး၊ ကျန်တဲ့အလွှာတွေကို အလ ကားကြည့်ခွင့်ပေးပါတယ်ဆိုပြီး ထွက်သွားတော့တာပဲ၊ ငါလည်း နိမ့် ပဟာဆိုပြီး အကြာကြီးကြည့်နေတာပေါ့၊ မင်းတို့ရန်ကုန်သားတွေ လည်တာလောက်တော့ ငါအိပ်နေသလောက်ပဲ ရှိပါတယ်ကွာ"

သေဟဲ့နန္ဒိယဆိုပြီး ကိုယ့်နဖူးကိုယ်ရိုက်ကာ လင်းထိုက် ဘကြီးကိုကြည့်၍ ရယ်ချလိုက်မိသည်။

ဒီအကြောင်းကို ဘကြီးကိုကျွေးဖို့ ထမင်း၊ ဟင်းချက်ပြုတ် နေတဲ့ မေမေနှင့်မမကိုသာ ပြောပြလိုက်၊ သူတို့လည်း အူတက်အောင် ရယ်နေကြမှာ အမှန်ပင်။

ဘကြီးရောက်လာတဲ့နေ့ကစပြီး လင်းထိုက်တို့မိသားစု တစေသာသော ရယ်နေကြရသည်။

အရင်ရက်တွေ ဘကြီးကိုဘုရားဖူးပို့တဲ့အချိန်မှာ မေမေ နှင့် ဘားနှင့် အိမ်အဝကနေ ကားပေါ်တက်ဘုရားကိုရောက်၊ ဘုရားက



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်ရောက် ကားပေါ်ကဆင်း။ အဲသလိုဖြစ်နေတော့ ပြင်ပ ပတ်ဝန်းကျင်ကို ဘာမှမလေ့လာရလို့ဆိုပြီး ဒီနေ့တော့ မင်းတို့ကျဉ်းကျဉ်းကျုတ်ကျုတ်အခန်းထဲမှာ နေရတာမွန်းကျပ်လို့ အပြင်ထွက်ချင်တယ်တဲ့၊

စပ်စုတဲ့ ဘကြီးအကြောင်းသိနေတဲ့ မေမေနှင့်မမက အဖေကို ပေးမလွှတ်နဲ့ အိမ်ရှေ့မှာပဲနေပစေတဲ့။

လင်းထိုက်လည်း ဖုန်းဆက်တဲ့သူတွေ ရှုပ်ယှက်ခတ်နေတာမို့ ဘကြီးကို သိပ်ဂရုမစိုက်နိုင်လိုက်။

ခုတော့ ကြည့်ပါဦး။ သူ့ကို လူလည်လုပ်ခံလိုက်ရတာထိုသူက လူလည်လုပ်ခဲ့ရသလိုလိုနှင့် ဂုဏ်ယူနေသည်။

"ဟကောင် လေင်း ဆိုင်ရှေ့မှာ ကောင်မလေးတစ်ယောက် ရစ်သီရစ်သီနဲ့၊ ငါလူလည်လုပ်ခဲ့တာကို မကျေနပ်လို့ အလုပ်သမားလွှတ်ပြီး ပိုက်ဆံထပ်တောင်းခိုင်းလိုက်ပြီထင်တယ်ကွ"

"အာ မဖြစ်နိုင်ပါဘူး ဘကြီးရာ၊ ဟာ အမရာခင်"

ဘကြီးမေးငေါ့ပြရာ လှမ်းကြည့်မိမှ အမရာခင်မှန်းသိသွားသည်။ လင်းထိုက် ဆိုင်အပြင်ကို အပြေးထွက်လာရ၏။

"အမရာခင် ဘာဝယ်ချင်လို့လဲ၊ သင်တန်း မတက်ဘူးလား"

"ဟုတ် ဟုတ်ကဲ့၊ ကျွန်မ သင်တန်းမတက်ဘူး။ ကိုယ်





ထိုက်နဲ့ တွေ့ချင်လို့၊ ကိုလင်းထိုက်ကို အကူအညီတောင်းချင်လို့ပါ"

"ဗျာ ဟုတ်ကဲ့ ဘာ အကူအညီပေးရမလဲ၊ ပြောပါ အမရာခင်"

"ဒီလိုပါ ကိုလင်းထိုက်၊ သီရိစံဆိုတဲ့ကောင်မလေးကို သိသလား"

"ဩော် သိ သိပါတယ်၊ ကျွန်တော်တို့ကျောင်းကပါပဲ။ အမရာခင် ဘာလုပ်ချင်လို့လဲ"

"ကျွန်မ သီရိစံနဲ့တွေ့ချင်လို့ပါ။ သူ့ကိုပြောစရာ, မေးစရာလေးတွေရှိလို့ သူနဲ့တွေ့နိုင်အောင် ကျွန်မကို ကူညီပေးပါလား ကိုလင်းထိုက်"

လင်းထိုက် ခေါင်းကုတ်ကာ တွေခနဲ စဉ်းစားရသည်။

"နေဦး။ ကျွန်တော်ကလည်း ကျောင်းမတက်ဘူးဆိုတော့ ဘယ်လိုတွေ့နိုင်အောင် လုပ်ရမလဲ၊ အဲ သူ့ဖုန်းနံပါတ် ကျွန်တော့်ဆီမှာ ရှိတယ်၊ ကျွန်တော် ဖုန်းဆက်ကြည့်ပေးမယ် အမရာခင်၊ အမရာခင် ဆိုင်ထဲ ခဏဝင်စောင့်ပါလား။ ကျွန်တော် ခု ချက်ချင်းပဲ ဆက်လိုက်ပါ့မယ်"

"နေပါစေ၊ အားမနာပါနဲ့၊ ကျွန်မ အပြင်ကပဲ စောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏလေးနော်"

လင်းထိုက် သူတို့ဆိုင်လေးထဲ ပြန်ဝင်သွားပြီး ဖုန်းဆက်သည်။ ပြီးတော့ အမရာခင်ဆီ ပြန်ပြေးလာပြီး

"သူလည်း ကျောင်းမတက်ဘူး၊ ညီ့သည်တစ်ယောက်နဲ့ ချိန်းထားလို့ မစ္စတာဂစ်တာမှာရှိနေတယ်တဲ့၊ နာရီဝက်အတွင်း ရောက်လာမယ်ဆိုရင်တော့ တွေ့နိုင်လိမ့်မယ်လို့ပြောတယ်၊ နောက်ရက် အေးအေးဆေးဆေး ပြန်ချိန်းပေးရမလားဟင်"

"ဟင့် ဟင့်အင်း၊ ကျွန်မ ခုပဲတွေ့ချင်တယ် ကိုလင်းထိုက် လိုက်ပို့ပေးနိုင်မလားဟင် ကျွန်မ မသွားတတ်လို့ပါ"

"ဟုတ်ကဲ့ ပို့ပေးတာ ပေးနိုင်ပါတယ်၊ အိမ်မှာက ကားမရှိဘူး၊ တစ်ခါတလေ ဖေဖေ့ရုံးကားကိုပဲ သုံးရတာလေ၊ ဒီနေ့ ဖေဖေ ရုံးကားမအားလို့ ဘကြီးကိုတောင် ဘုရားဖူး မပို့ရဘူး"

"ဒီလိုလုပ်ပါ၊ ကျွန်မတို့ Taxi ငှားသွားလို့ ရတယ်မဟုတ်လား။ အဲလိုပဲ သွားလိုက်ရအောင်လေ၊ ကျွန်မ အရမ်းအရေးကြီးနေလို့ပါ"

"အဲဒါဆို ခဏနော်၊ မေမေနဲ့ မမကို ဆိုင်ရှေ့ထွက်စောင့်ဖို့ ပြောလိုက်ဦးမယ်"

အမရာခင် ခေါင်းညိတ်ပြလိုက်သည်နှင့် လင်းထိုက်ဆိုင်လေးရဲ့ နောက်ထဲ လှစ်ခနဲပြန်ဝင်သွားပြန်သည်။ ခဏနေမှ ပြန်ထွက်လာပြီး Taxi ငှား၍ သီရိစံရှိတဲ့ မစ္စတာဂစ်တာလေးကို လာခဲ့ကြသည်။





တစ်လမ်းလုံး အမရာခင် တုံဏှိဘာဝေလုပ်နေတော့ လင်းထိုက်လည်း ဘာမှမမေးဖြစ်။

သီရိစံကို အမရာခင် ဘာမေးမှာလဲ။ ဘာသိချင်တာလဲ။

ကိုယ့်မှာလည်း ပြောစရာ စကားလုံးတို့ လည်ချောင်းဝမှာ ပြည့်နေသည်။ ဒါပေမဲ့ အမေးရှိမှ အဖြေရှိရမှာ မဟုတ်ပါလား။ ညို့မှိုင်းအေးစက်နေသော အမရာခင် မျက်နှာလေးသည်

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဒီက လုပ်ငန်းတွေအတွက် အစစအရာရာ ကျွန်တော် စိတ်ချနေမယ်နော် ကိုမြင့်မောင်၊ သားလည်း ကျောင်းပြီးတော့မှာပါ" သားကို သင်ပြရင်းနဲ့ လုပ်ငန်းအတူတွဲလုပ်ပါ၊ လိုအပ်တာကို ဟိုက နေ ကျွန်တော်ညွှန်ကြားပါမယ်၊ ဒါနဲ့ ဝန်ထမ်းတွေနဲ့ အသိမိတ်ဆွေ တွေရော ကျွန်တော် ချဖြစ်နေတဲ့ကိစ္စတွေကို သိသွားပြီလား ကိုမြင့် မောင်၊ ကျွန်တော့်ကို မထိမ်ဝှက်ဘဲ ပွင့်ပွင့်လင်းလင်း ပြောပြပါ"

"ဘယ်သူမှမသိကြတာ သေချာပါတယ်ဆရာ၊ ဒီက ဝန် ထမ်းတွေက ဆရာ ပေလီသွားတယ်, နိုင်ငံခြားသွားတယ်လို့ ထင် နေကြတယ်၊ ပေလီက ဘန်ဂလိုတွေ ဟိုတယ်တွေဖွင့်ပွဲ ရက်နီးလာ





လို့ ဖုန်းလာတော့လည်း နိုင်ငံခြားကို အရေးတကြီးကိစ္စနဲ့ သွားနေရ တယ်လို့ ကျွန်တော်အကြောင်းပြန်လိုက်ပါတယ်၊ ဆရာအနေနဲ့ အရင် လိုပုံမှန်အတိုင်းပဲ နေလိုက်ပါလားဆရာ၊ ဒီလိုကိစ္စမျိုးဆိုတာ လူတိုင်း ဖြစ်တတ်ကြပါတယ်"

"ကိုယ်ကိုယ်တိုင်ကျူးလွန်လိုက်တဲ့အပြစ်ဆိုရင်တော့ မျက် နှာပြောင်တိုက်ပြီး ရင်ဆိုင်ရဲတာပေါ့ဗျာ၊ အခုဟာက ကျွန်တော် ထိန်း သိမ်းလာခဲ့တဲ့ ကိုယ်ကျင့်တရားကို မျက်လှည့်ပြပြီး အစော်ကားခံလိုက် ရတာ၊ ကျွန်တော် ရင်မဆိုင်ရဲတာက ပတ်ဝန်းကျင်ကိုတင် မဟုတ်ပါ ဘူး၊ ခင်များလည်း သိပြီးသားပဲ၊ အမရာခင်ဆိုတဲ့ ကောင်မလေးက ကျွန်တော်ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို လေစားနေရှာတာ၊ အမှန် အတိုင်းဖွင့်ပြောပြရင် ခွင့်လွှတ်နိုင်မယ်ဆိုတာ သိပေမယ့် သား စကား နာထိုး ခံနေရမှာကို ကျွန်တော်ခံနိုင်ရည်မရှိဘူး၊ မေ့လောက်တဲ့အချိန် ကျရင်တော့ ကျွန်တော်ပြန်လာမှာပါ၊ ကျွန်တော့်ကံအကြောင်းတ ရားပေါ့ ကိုမြင့်မောင်ရယ်"

မျက်ရည်တွေလည်နေသော ဆရာသမားအတွက် ကိုမြင့် မောင် စိတ်မကော‿ရေ။ ရိုးသားအေးဆေးစွာနှင့် တည်ငြိမ်လွန်း သောဆရာက ဝန်ထမ်းတွေအပေါ်မှာလည်း စိတ်ရင်းစေတနာကောင်း သည်။ ဝန်ထမ်းမိသားစုတွေကိုလည်း ကူညီဖို့ ဝန်မလေး။



www.burmeseclassic.com

www.burmeseclassic.com



ဖန်းသည်ခုံးပါးသွားပေမယ့် မိန်းမအရွယ်အရှင်းကင်းသည်မို့ အားလုံးက လေးစားကြသည်။ ဆရာ ကိုယ့်ကိုခေါ်တွေ့ပြီး အကျိုးအကြောင်းပြောပြစဉ်က ယုံတောင်မယုံနိုင်။

ဆရာပြောသလို ခွင်ဆင်အမိဖမ်းခံလိုက်ရတာဆိုသည့် အပေါ်မှာလည်း ဒေါသဖြစ် စိတ်တိုမိသည်။

သားကိုယ်တိုင်က သူ့ဘက်ကို နားလည်မှုမပေး။ ရှုတ်ချသည်ဆိုတော့ ဖတော့အပေါ်လည်း ဆရာ့အစား စိတ်နာမိသည်။

ဆရာက ကိုယ်လိုမဟုတ်။ သူငယ်ချင်းတွေရှေ့မှာ ဖြစ်သွားသည့်ကိစ္စဆိုတော့ သားရှက်ရှာမှာပေါ့တဲ့။

ဆရာတည်းနေတဲ့ ဟိုတယ်ကိုတစ်ခေါက်မှရောက်မလာသည့်အတွက်လည်း နားလည်ပေးသည်တဲ့လေ။

မေတ္တာတရားကြီးမားလွန်းသည့် ဆရာပါပဲ။

ခုလည်း ဝေဒနာတွေကို ကြိတ်မှိတ်သည်းခံပြီး မျက်ရည်ကျလည်နေသည်။ လေယာဉ်လက်မှတ်ကလေးပေးဖို့ ကိုယ့်လက်ထဲလည်း တုန်ယင်နေ၏။

"လေယာဉ်လက်မှတ်ရပြီလား။ ကျေးဇူးပဲ ကိုမြင့်မောင်ခင်ဗျား အလုပ်တွေရှိသေးတယ် မဟုတ်လား။ ပြန်တော့လေ"

"ဟုတ် ဟုတ်ကဲ့ဆရာ၊ ကျန်းမာရေးဂရုစိုက်ပါနော်"





သူခေါင်းညိတ်ပြလိုက်တော့ ကိုမြင့်မောင် ရိုကျိုးစွာ ခေါင်းလေးငုံ့၍ ပြန်သွားသည်။

သူ နိုင်ငံခြားကိုမသွားခင် သားနှင့်လည်း တွေ့သွားချင်သည်။ အမရာခင်ကိုလည်း နှုတ်ဆက်ချင်၏။

ဒါပေမဲ့ အမရာခင်က သူ နိုင်ငံခြားရောက်နေလောက်ပြီလို့ ထင်နေမှာပါ။ သားကသာ သူရှိနေမှန်း သိသိကြီးနဲ့ တစ်ခေါက်မှ ရောက်မလာခဲ့တာ၊ သူငယ်ချင်းတွေရှေ့မှာ အရှက်ကွဲခဲ့ရသည်မို့ သူ့ကို စက်ဆုပ်ရွံရှာပြီး စိတ်နာနေခဲ့တာဖြစ်မှာပေါ့။

ထိုနေ့က အဖြစ်အပျက်ကို သူကိုယ်တိုင် ဂဃနဏ စဉ်းစားလို့မရသေးသလို သားလည်း နားမလည်နိုင်ဖြစ်ပြီး ရှက်ရွံ့ထွက်ပေလိမ့်မည်။

သေချာတာက သူ့စိတ်ဆန္ဒနှင့် မှားယွင်းခဲ့တာမဟုတ်ဘူးဆိုတာပါပဲ။ ရင်ထဲ နှလုံးသားထဲမှာ အမရာခင်ဆိုတဲ့ ကောင်မလေးတစ်ယောက်သာရှိသည်။

မြတ်နိုးချစ် သနားချစ်နှင့် တန်ဖိုးထားခဲ့ရ၏။

လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့မိသည်က ရိုးသားဖြူစင်ပြီး ဂုဏ်သိက္ခာရှိသော မိန်းကလေးဖြစ်နေလို့ပင်။

သူ့အပေါ်လည်း နားလည်မှုနှင့် ရှိသေလေးစားပြီး ချစ်သောတ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူလေးဟာ သူ ယုံကြည်ပိမ်၏။

ခုတော့ စိတ်ကူးယဉ်မျှော်လင့်ချက်မှန်သမျှ သဲထဲရေသွန် ဘာမှ အရာမထင်တော့။ စိတ်ထဲမှာ အလွမ်းဆိုတာပဲ မှတ်မှတ်ထင်ထင်ကျန်ရစ်ခဲ့သည်။

ညစဉ်ညတိုင်း လွမ်းသည်။ အချိန်ရှိတိုင်းလွမ်းသည်။

လသာဆောင် ဝရန်တာလေးမှာ ချစ်စကားတွေပြောရင်း ရင်ခုန်ခဲ့ရတဲ့အချိန်တွေကိုလွမ်းသည်။

ရာရာရော သူ့ကို သတိရနေ၊ လွမ်းနေပါ့မလား။

ကြားရတဲ့သတင်းနှင့် စိတ်နာကြည်းပြီး ပေလီကိုများပြန်သွား ပြီလားမသိ။ အစပိုင်းက ရာရာဖုန်းဆက်သော်လည်း မကိုင်ဘဲ နေ ခဲ့သောကြောင့် နိုင်ငံခြားရောက်သွားပြီအထင်နှင့် ရာရာ ပိုပြီးမုန်းနေ မှာပါ။

ချစ်ခဲ့ရတာ အနိုက်အတန့်လေးမို့သော်လည်း အလွမ်းတော့ ရှည်ကြာတော့မယ် ထင်ပါရဲ့။

ရာရာနဲ့ပတ်သက်ရင် အလွမ်းဆိုတာကိုတောင် ယုယပိုက် ထွေးမြတ်နိုးချင်ပါတယ် ရာရာ။

✿ ✿ ✿



## အခန်း (၃၀)

မစ္စတာဂစ်တာဆိုင်လေးကို ရာရာနှင့်လင်းထိုက် ရောက်လာ တော့ သီရိစံက စားပွဲဝိုင်းတစ်ခုမှာ အဆင်သင့်စောင့်နေသည်။ စား ပွဲပေါ်မှာ ဘာအစားအသောက်မှ မရှိတာမို့ လင်းထိုက်က မှာပေးမည်။

“စားဖို့သောက်ဖို့ထိ ငါ အချိန်ပေးနိုင်မှာမဟုတ်ဘူး။ နင်တို့ အတွက်ပဲ မှာလိုက် လင်းထိုက်”

ခပ်ပြတ်ပြတ်စကားနှင့် သီရိစံမျက်နှာက အေးစက်တင်းမာ နေသည်။ လင်းထိုက်နှင့်ရာရာ ထိုင်ခုံတွေမှာ ဝင်ထိုင်ပြီးချိန်မှာတော့ သီရိစံ ခပ်မှုံမှုံ မျက်ခုံးပင့်ကြည့်၏။

“ဦးမင်းဇမ္ဗူနဲ့ ဘယ်လိုပတ်သက်လို့ တွေ့ချင်ရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ သူ့ရဲ့ချစ်သူပါ၊ လက်ထပ်ဖို့ ရည်ရွယ်ထားကြ
တယ်”

“အဲဒီတော့”

“မသီရိစံနဲ့ဖြစ်သွားတဲ့ကိစ္စမှာ ဦးဘက်က အပြစ်ကင်း
ဆိုတာ ကျွန်မ ယုံကြည်နေတယ်၊ မသီရိစံက အဓိက တရား
လို့လည်း တစ်ထစ်ချ ကျွန်မ မစွပ်စွဲချင်ပါဘူး။ တစ်ယောက်ယော
ရှင်းရှင်းပြောရရင် ဇာတာကြောင့်”

“ဟင်း ဟင်း အမှန်ပဲပေါ့၊ မင်းထင်တာ မမှားပါဘူး
ဒီခွင်ကို ဇာတာဖန်တီးလိုက်တာ၊ ဒါပေမဲ့ ပိုပိုသာသာဖြစ်သွား
ကတော့ တို့ရဲ့နစ်နာကြေးပေါ့ကွာ၊ မဟုတ်ဘူးလား။ ဇာတာက
ချစ်သူဖြစ်ခဲ့ဖူးတယ်၊ သူ့အပေါ်ကို ဒီလိုမျိုးဖြစ်အောင် လုပ်ချင်
ပြောတော့ တို့ တော်တော်လေးအံ့သြသွားမိတယ်၊ ဒါပေမဲ့ ဇာတာ
အပေါ်မှာ တို့အငြိုးအတေးတွေ စုဆောင်းထားတယ်လေ၊ ကံကြမ္မာ
မျက်နှာသာပေးချင်တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်သွားတာ
ဟင်း ဟင်း ဇာတာရည်ရွယ်ချက်က ဦးဖမ္မအမူးလွန်နေတဲ့အချိန်
တို့ဖက်ပွေ့ထားလိုက်တာနဲ့ ဓာတ်ပုံရိုက်ထားရုံပဲတဲ့၊ မင်း စဉ်းစား
လေ အဲဒီဓာတ်ပုံကို တစ်ယောက်တည်းပြဖို့ဆိုပေမယ့် အပြင်မှာ
သွားခဲ့ရင် တို့ဘယ်လောက်နစ်နာမလဲ၊ အဲဒီတော့ ခွင်ကြီး





အပိုင်မိအောင် တို့ စွမ်းဆောင်လိုက်ရတာပေါ့”

“ဒါဆိုရင် ဦးဘက်က အမှားအယွင်းမရှိတာ သေချာပါ
တယ်နော်”

“သေချာပေမယ့် သူသာ ဒီအတိုင်းငြိမ်နေလိုက်မယ်ဆိုရင်
သူ့ကို ဦးဖမ္မရဲ့ ဇနီးမယားအဖြစ် တော်တော်ကြာကြာခံရမှာလေ၊ ခုတော့
သူ့ဂုဏ်သိက္ခာကို လျော်ကြေးနဲ့ အလဲအလှယ်လုပ်သွားတယ်၊ မင်း
အတွက်တော့ ယောကျ်ားကောင်းပီသတယ်၊ တို့အတွက်တော့ တာ
ဝန်မဲ့တယ်ဆိုရမှာပေါ့။ ဒါပေမဲ့ သူ့ဆီက တန်ရာတန်ကြေးတို့ ရ
လိုက်ပါတယ်၊ ဟင်း ဟင်း အဲဒါကို ဇာတာက မကျေနပ်ဘူးလေ၊
သူ့ထက် တစ်ကွက်ကျော်ရိုက်သွားတာကို မခံမရပ်နိုင်ဖြစ်သွားလေရဲ့၊
မသီရိစံကို သူတွဲခဲ့ဖူးတဲ့ မိန်းကလေးတွေလို အချဉ်ဖမ်းလို့ ဘယ်ရမှာ
လဲ၊ ကဲ မင်းသိချင်တာ ပြည့်စုံပြီလား။ တို့ကို ခွင့်ပြုဦး။ ဟိုမှာ တို့
ဧည့်သည်လာနေပြီ”

ပြောပြောဆိုဆို အသက်ငါးဆယ်ဝန်းကျင်လူကြီးတစ်
ယောက်နှင့် သီရိစံ Special Room ထဲ ဝင်သွားကြသည်။

လင်းထိုက်နှင့်အမရာခင် ဘာစကားမှ မဆိုနိုင်အောင် ငိုင်
တွေသွားကျန်ရစ်ခဲ့ကြ၏။ အမရာခင်နှုတ်ခမ်းဖျားလေးတွေက ဒေါသ
နှင့် ခံပြင်းမှုကြောင့် တဆတ်ဆတ် တုန်ယင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမရာခင်သိချင်တာ မပြည့်စုံသေးဘူး မဟုတ်လား"

"ရှင် ဟုတ် ဟုတ်ကဲ့ ကိုလင်းထိုက်၊ ဒါပေမဲ့ ကျွန်မထင်သလို ဇာတာယုတ်မာတယ်ဆိုတာကတော့ သေချာသွားပါပြီ ဘာကြောင့် များ မိဘအရင်းထက်ကောင်းတဲ့ ဦးဇမ္ဗူအပေါ်မှာ ဇာတာ ကောက်ကျစ်ရတာလဲလို့ တွေးမိပြီး အသည်းနာနေတာ"

"ဗျာ အ အမရာခင် ဘာပြောလိုက်တာလဲ"

ကတိစကားဆိုပေမယ့် နှုတ်ကျွံသွားတာကို ရာရာအချိန်မီ မထိန်းချုပ်လိုက်နိုင်။ လင်းထိုက်ကလည်း သိချင်စိတ်နှင့် ကိုယ်ကို မတ်ပြီး နားစွင့်သည်။

"ဟုတ်တယ် ကိုလင်းထိုက်၊ ဇာတာက ဦးဇမ္ဗူရဲ့သားအရင်း မဟုတ်ဘူး။ ရက်သားအရွယ်ကတည်းက မွေးစားခဲ့တာ၊ ဒီအကြောင်းကို ဘေးသူစိမ်းလူ ဘယ်သူမှမသိဘူး။ ကျွန်မ,သိခဲ့ရတာလည်း ဘယ်လောက်မှ မကြာသေးသလို ဘယ်သူ့ကိုမှ မပြောဘူးဆိုတဲ့ ကတိ ဦးဇမ္ဗူကို ပေးထားခဲ့ရတယ်၊ ဒါပေမဲ့ ဇာတာက ဦးရဲ့ဂုဏ်သိက္ခာကို ထိပါးစော်ကားတဲ့အထိ ရောက်တက်လာပြီး အဆင့်အတန်းမရှိတဲ့ ပတ်ဝန်းကျင်က သွေးသားမို့ အောက်တန်းကျဖို့ ဝန်မလေးတာပဲဖြစ်ရမယ်၊ ဇာတာ အရမ်းယုတ်မာတယ် ကိုလင်းထိုက်ရယ်"

လင်းထိုက် မယုံနိုင်အောင် အံ့ဩနေမိသည်။ ဒါပေမဲ့ အမရာ





သိမ်ညာ,မပြောဘူးဆိုတာလည်း သိနေ၏။

"ဒါဆိုရင်တော့ ဇာတာကို ဦးဇမ္ဗူမွေးစားရတာ့ချိမနစ်ဘူး ပြောရမှာပဲ အမရာခင်၊ ဇာတာ အရမ်းဆိုးတာ ကျွန်တော်သိတယ်၊ ဦးဇမ္ဗူတို့ အရမ်းချစ်ပြီး အလိုလိုက်ဖြည့်ဆည်းပေးနိုင်တာလည်း ကျွန်တော်သိတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ဇာတာနဲ့ ကျွန်တော် စကားများရတယ်၊ အမှန်တော့ ဒီကောင် အမရာခင်ကိုချစ်လို့ လျှောက်လုပ်နေတာ၊ အဖေဖြစ်သူရဲ့ ချစ်သူတစ်ယောက်ကို ဒီလိုမရိုးမသား ပြစ်သင့်ဘူး မဟုတ်လား။ သွေးသားအရင်း မဟုတ်ဘူးဆိုတာ သက်သေပြလိုက်တာနေမှာပေါ့"

"သေချာတာပေါ့ ကိုလင်းထိုက်ရယ်၊ တကယ့်သွေးသားအရင်းဆိုရင် သွေးစကားပြောလို့ ဒီလိုအပြုအမူမျိုးလုပ်ရက်မှာ မဟုတ်ဘူး။ ခုတော့ ဖအေတစ်ယောက်ကို မညှာမတာ အရှက်တကွဲဖြစ်အောင် သူမို့ ရက်စက်ရဲတယ်၊ ဦးဇမ္ဗူသိအောင် အားလုံးပြောပြလိုက်ချင်တယ် သိလား။ ဦးလည်း ဘယ်လောက်တောင် အရှက်ကြီးပြီး စိတ်သောကတွေရောက်နေလဲ မသိဘူး။ နိုင်ငံခြားကနေ ကျွန်မတို့ဆီတောင် အဆက်အသွယ် မလုပ်ရှာဘူး"

"ဗျာ ဟို ဦးဇမ္ဗူက နိုင်ငံခြားရောက်သွားပြီလား။ ဇာတာပြောတော့ ဟိုတယ်တစ်ခုမှာ ရှိနေတယ်ဆို၊ နောက်မှသွားမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောသလားလို့''

''ဟင် ပြန် ပြန်ပြောစမ်းပါ၊ ဦး ဦးက မြန်မာပြည်မှာပဲ ရှိသေးတယ်ပေါ့၊ ဇာတာက ဘယ်ဟိုတယ်မှာလို့ ပြောသလဲဟင် ကိုလင်းထိုက်''

အမရာခင်စကားတွေ ထစ်အတုန်ယင်သည်အထိ စိတ်လှုပ်ရှားနေသည်။ လင်းထိုက်က ခေါင်းတွေတမြင်းမြင်းကုတ်၍

''ဘယ်ဟိုတယ်မှာလဲ အဲဒါတော့ ဇာတာမပြောဘူးဗျ။ သူတို့ပိုင်တဲ့ ဟိုတယ်တွေတော့ မဖြစ်နိုင်ဘူး။ တခြားဟိုတယ်တစ်ခုခုမှာ အမရာခင်ကိုရင်မဆိုင်ရဲလို့ ရှက်လို့ အခန်းအောင်းနေတယ်ဆိုတာကတော့ သေချာတယ်၊ အမရာခင်ကို ဇာတာ အဲဒီအကြောင်း ပြောမပြဘူးလား''

''ဟင့်အင်း ဦးက နိုင်ငံခြားမှာပဲနေတော့မှာ မြန်မာပြည်ကို ပြန်လာတော့မှာ မဟုတ်ဘူး။ သူ့ကို ပြန်ချစ်ပါ၊ လက်ထပ်ပါတဲ့လေ''

''ဟာ ဒီကောင် တော်တော်ဆိုးတာပဲ၊ အရမ်းမွှန်နေပြီ ခုတိယအဇာတာသတ်လိုဖြစ်နေပါရောလား။ ဒီလောက်ထိ အဆုံးအွန်မိုက်ရိုင်းမယ်လို့တော့ ထင်မထားမိဘူး''

''ကျ ကျွန်မ ဘာလုပ်ရမလဲဟင် ဦးကို ကျွန်မအချိန်မီတွေ့ချင်တယ်၊ ဦး နိုင်ငံခြားကိုမသွားအောင် တားဆီးချင်တယ်





ကျွန်မ နားလည်ပေးတယ်ဆိုရင် ဦးသွားမှာ မဟုတ်ပါဘူး''

''အဲဒါကတော့ ဇာတာကို ပြန်မေးမှ သိတော့မှာပဲ အမရာခင်။ အစက အမရာခင်ကို အမုန်းကြီးမုန်းနေတယ်၊ အခု သွေးရူးသွေးတန်း အရူးအမူးချစ်ပြီးတောက်လျှောက် ဆက်မှားနေတာ၊ ခွင့်လွှတ်နားလည်မပေးချင်လောက်အောင် အပြစ်တွေကျူးလွန်နေတာ၊ ဒါဟာ ဇာတာရဲ့ အားနည်းချက်ပဲ''

''ကျွန်မ သူ့ကို ဘယ်တော့မှခွင့်မလွှတ်တော့ဘူး ကိုလင်းထိုက်။ သံသရာမှာ ဒီအနေအထားမျိုးနဲ့လည်း ပြန်မဆုံချင်ဘူး၊ မိဘကိုစော်ကားရဲတဲ့လူမျိုးနဲ့ မပတ်သက်တာ အကောင်းဆုံးပါပဲ၊ ကိုလင်းထိုက်ကိုကျေးဇူးတင်ပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦး''

အမရာခင် သောက်မသွားတဲ့ ကော်ဖီခွက်လေးအပေါ်ရည်တင်းလို့ အေးစက်နေသည်။

အချစ်မှာ အသက်အရွယ် ကွာခြားခြင်း၊ ပကာသန တန်းတူခြင်းက အရေးမကြီး။

သစ္စာတရားနှင့် နားလည်မှုက အဓိကဖြစ်သည်။

နိုင်မြဲသော မေတ္တာတရားနှင့်ဆိုပါလျှင် ဦးမင်းဖမ့်နှင့် ပြန်ဆုံပါစေလို့ အမရာခင်အတွက် လင်းထိုက် ဆုတောင်းပေးလိုက်ပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ငါ ကျောင်းပြန် မင်းကိုဝင်ကြိုတာ၊ မင်းဒီနေ့ သင်တန်း တက်ဘူးတဲ့၊ ဘယ်တွေသွားနေတာလဲ အမရာခင်"

ဧည့်ခန်းအဝင်ဝကနေ ဆီးကြိုမေးနေသော ဖေဖေ့ ကိုအလေးမထားဘဲ တိုးတိုက်ဝင်လာခဲ့ပြီး ဧည့်ခန်းဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။

ပြီးမှ အနားရောက်လာတဲ့ ဖေဖေ့ကို စူးခနဲ မျက်နှာ ချက်ပင့်ကြည့်လိုက်ကာ

"နင်မေးတာမဖြေခင် ငါမေးတာ အရင်ဖြေပါ ဖေဖေ ဦး ဘယ်ဟိုတယ်မှာလဲ"





"ဘာ"

"အံ့ဩသွားတာလား၊ ထိတ်လန့်သွားတာလား။ ဘာဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူးနော်၊ ငါမေးတာကိုပဲ နင်မြန်မြန်ဖြေ ဦး ဘယ် ဟိုတယ်မှာလဲ"

"ဘာ ဘာလုပ်မလို့လဲ"

စိတ်မရှည်သလို ကျစ်ခနဲစုတ်သပ်လိုက်ကာ အမရာခင် မြန်မြန် ခနဲ ထရပ်လိုက်သည်။

"ငါ့ကိုပြန်မေးမနေနဲ့၊ ဦး နိုင်ငံခြားမသွားသေးဘူး။ ဟိုတယ် တစ်ခုခုမှ ရှိနေတယ်ဆိုတာ ငါသိခဲ့ပြီ"

"လင်းထိုက်နဲ့တွေ့ခဲ့လို့ လင်းထိုက်ပြောလိုက်တာမဟုတ် လား။ အေး လင်းထိုက်ကို ငါပြောတဲ့အချိန်က အဖေ ဒီမှာရှိနေသေး တယ်၊ အခု မရှိတော့ဘူး။ အဖေ နိုင်ငံခြားထွက်သွားတာ တစ်ပတ် လောက်ရှိသွားပြီ"

"နင်ပြောတာ ငါမယုံပေမယ့် ထားလိုက်ပါတော့၊ ဒါပေမဲ့ ဦးကို နင်ယုတ်မာလိုက်တဲ့အကြောင်းတော့ ပြောပြနိုင်တယ်မဟုတ် လား။ ဆင်ခြေပေးဖို့ မစဉ်းစားနဲ့နော်၊ ငါ သတင်းအစအနရလာခဲ့ ပြီ သိရိုးနဲ့ပဲ တွေ့လာခဲ့တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့သြထိတ်လန့်သွားပြန်ပြီလား။ နင့်ရဲ့ယုတ်မာကောက်ကျစ်မှုတွေကို ငါသိသွားလို့ သွေးမပျက်ပါနဲ့၊ နင်ရှူးသွားနိုင်လောက်တဲ့ အဖြစ်အပျက်တစ်ခုကို ငါပြောပြဦးမှာပါ၊ ခုတော့ နင့်ရဲ့ရည်ရွယ်ချက်ကို ငါသိချင်ပါသေးတယ်"

အေးစက်တင်းမာနေသော စကားသံတွေက သွေ့ခြောက်အက်ကွဲလျက် အဆိပ်ပြင်းလှသည်။

မျက်ဝန်းတစ်စုံမှာ စူးရှလင်းလက်လျက် ရဲရင့်တောက်ပနေ၏။

ကြိုးမိန့်ပေးဖို့ အသင့်အနေအထားနှင့်။

"ငါ ငါ မင်းကို သိပ်ချစ်လို့ပါ၊ အမရာခင် မင်းအချစ်တွေ မင်းအကြြင်နာ, ဂရုစိုက်မှုတွေရနေတဲ့ အဖေ့ကို အားကျတယ်၊ အဲဒီလိုနွေးထွေးယုယမှုတွေကို ငါလိုချင်ခဲ့တယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေကို ငါ နောက်ကျမှသိလိုက်ရတာပါ၊ အစက ငါ မင်းကို မုန်းတီးမိတယ်၊ အထင်သေးမိတယ်၊ ရန်လိုကောက်ကျစ်မိတယ်၊ ငါ အမှားအတိုင်း ဝန်ခံတာပါ၊ အမရာခင် လောကမှာ မြော်မြင်တဲ့အချစ်၊ တန်ဖိုးရှိတဲ့အချစ်ရှိပါသေးလားလို့ သိလိုက်ရတဲ့အချိန်မှာ ငါက အမှားတွေကျူးလွန်မိနေပြီ၊ ငါ ဆက်မှားပါရစေ အမရာခင်ရယ်၊ အဖေ့အပေါ်မှာ အပြည့်အဝပေးနိုင်ခဲ့တဲ့ မင်းရဲ့နားလည်မှုလေး တစ်ဝက်





တစ်ဒေသလေးဖြစ်ဖြစ် ငါရပါရစေ"

"နင်နဲ့တန်လို့လား ဇာတာ၊ မျိုးမသန့်လို့ စာရိတ္တပျက်ပြားနေတဲ့ လူတစ်ယောက်ကို လူမိုက်အားပေး နားလည်ပေးစရာလား။ နင့်ကိုမွေးစားရကျိုးမနပ်တဲ့ သားကို ပေးဆပ်ဖြည့်ဆည်းပြီး ချစ်လွန်းတဲ့ ဦးအစား ငါ ရင်နာတယ်, စိတ်နာတယ် သိလား"

"အ အမရာခင် နင်ဘာပြောတာလဲ၊ ပြန်ပြောစမ်း။ သေချာပြန်ပြောစမ်းပါ၊ အဖေက ငါ့ရဲ့ဘာလဲ၊ ငါက အဖေရဲ့ ဘာလဲ"

အမရာခင် လက်ဖျားလေးကို ဖျတ်ခနဲဆုပ်ကိုင်၍ မြူးတူးပြတဲ့ ဇာတာမေးသည်။ အမရာခင် ဆတ်ခနဲရှုန်းကာ ခပ်မဲ့မဲ့ပြုံးလိုက်၏။

"သွေးပျက်ချောက်ချားမနေနဲ့ ငါ ပြောနေတာအမှန်တရား။ နင်က ဦးမင်းဇမ္ဗူရဲ့ မွေးစားသားပီပီ သွေးသားမတော်စပ်တော့ စော်ကားအောက်တန်းကျရဲနေတာပေါ့၊ မွေးစားရကျိုးမနပ်တဲ့ ဦးမင်းဇမ္ဗူက နင့်ရဲ့ကောက်ကျစ်မှုတွေကို အလုံးစုံမသိသေးလို့ မေတ္တာတွေထားနိုင်နေတာပါ သိမျှားသိသွားရင်"

"မ မဟုတ်ဘူး၊ မင်း မင်း ငါ့ကိုမုန်းပြီးလျှောက်ပြောမနေနဲ့ ဘာလို့ ငါက အဖေရဲ့မွေးစားသားဖြစ်ရမှာလဲ၊ ဦးမင်းဇမ္ဗူက ငါ့ရဲ့အဖေ၊ ငါက ဦးမင်းဇမ္ဗူရဲ့သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဟား သွင်ပြင်လက္ခဏာ၊ အကျင့်စီရ၊ စရိုက်၊ ဦးနှဲ့တူတာ နင့်မှာ ဘာရှိသလဲ ဇာတာ၊ နင် အဖေအရင်းက သူခိုး ဂျပိုးအရက်သမား ဘိန်းစားအဆင့်အတန်းနိမ့်တဲ့ အမျိုးအနွယ်ကမို့ နင့်မှာ အောက်တန်းကျတဲ့စိတ်တွေရှိနေတာပေါ့၊ သေချာသိချင်ရင် နင်စိတ်နိုင်နိုင်နဲ့ နားထောင်၊ ငါပြောပြမယ်"

"မပြောနဲ့ မဟုတ်ဘူး၊ နားမထောင်ဘူး၊ မင်း ငါ့ကို ပြန်မချစ်ချင်၊ လက်မထပ်ချင် နေပါ၊ အမုန်းတွေ၊ အငြိုးတွေ၊ အာဃာတတွေနဲ့ ငါ့ကိုမနှိပ်စက်ပါနဲ့၊ ယုံတမ်းစကားတွေနဲ့ အောင်လံလွှင့်ဖို့ မကြိုးစားပါနဲ့"

"ကောင်းပြီလေ၊ နင်နဲ့ငါနဲ့ အလောင်းအစားတစ်ခုလုပ်ကြတာပေါ့၊ နင်က ဦးမင်းဇေ့ရဲ့မွေးစားသားဖြစ်ခဲ့တယ်ဆိုရင် နင် လုပ်ခဲ့တဲ့ အပြစ်တွေကျေအောင် နင် ဒီအိမ်ကြီးကနေ ထွက်သွားပေးရမယ်၊ ငါ ပြောတဲ့စကားတွေမှားတယ်ဆိုရင် ငါထွက်သွားပေးမယ် ဇာတာ၊ ဘယ်လိုလဲ"

ခုခံအားလျော့နည်းစွာဖြင့် ဇာတာငြိမ်သက်သွားသည်။ အသက်ရှူသံပြင်းနေတဲ့ ရင်ဘတ်ကြီးက ဖိလှိုက်မို့မောက် တင်းကျပ်ကာ အသက်ရှူလို့လည်း မဝ။

ချွေးစေးတွေပြန်ကာ ငိုချပစ်လိုက်ချင်သလို ဖြစ်နေသည်။





နှုတ်ခမ်းလေးအစုံ ကွေးညွတ်နေအောင်မဲ့ပြီး အထင်သေးရွံရှာသလို မျက်လုံးလေး စူးရှမှေးစင်းစွာစိုက်ကြည့်နေတဲ့ အမရာခင်ရှေ့က ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလိုက်ချင်သည်။

မျက်ရည်တွေက ထွက်ပေါက်ပိတ်နေ၏။ ရှောင်ပြေးစရာ ခုအောက်မှာ ကိုယ်ခန္ဓာတစ်ခုလုံးသေးငယ်က ကျုံ့ဝင်နေသည်။

ဒေါ်စိန်မှ သူ့မှခုံးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ချိန်မှာ သူ လှစ်ခနဲ ပြေးထွက်လာခဲ့၏။

"အဲဒါအမှန်တရားလား ရာရာလေး"

ဆို့နင့်သောအမေးနှင့် ဒေါ်စိန်မှ ရာရာ အနားဝင်ထိုင်သည်။

"ဦးရဲ့မေတ္တာတရားကြောင့် ဒီကိစ္စကို ဒေါ်ကြီးတို့မသိရတာပါ၊ နာကျည်းမှုကြောင့် ဇာတာကို မပြောရက်ဘဲ ရာရာ ပြောလိုက်မိတာ၊ ဇာတာကိုကျေးဇူးရှင်ကိုစော်ကားတဲ့သူအဖြစ် ရာရာ တစ်သက်လုံး မုန်းမနေချင်ဘူး၊ အမြင်မှန် ရစေချင်တယ်၊ မိဘအရင်းက စွန့်ပစ်ပေမယ့် မွေးစားလိုက်တဲ့ မိဘကလည်း အစော်ကားခံပုဂ္ဂိုလ်မဟုတ်ဘူးလေ၊ သူ့ကို မေတ္တာတွေ အပြည့်အဝပေးနေတာ၊ ဒီထက်ဆိုးလာရင် သူ ကံကြီးထိုက်မှာပေါ့၊ လူ ခံစားရလည်း အနိုက်အတန့်ပေါ့ ဒေါ်ကြီးရယ်"

"သား ဇာတာအတွက် စိတ်မကောင်းလိုက်တာကွယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မောင်ဇမ္ဗူ မြန်မာပြည်မှာရှိနေသေးတယ်ဆိုတာကရော ဟုတ်ရဲ့လားကွယ်၊ ဘာသတင်းအစအနမှလည်း မရဘဲနဲ့”

“ရှိနေသေးလား၊ မရှိတော့ဘူးလား တပ်အပ်တော့မပြောနိုင်ဘူး ခေါ်ကြီး။ သေချာတာက တစ်နေ့နေ့မှာ ဦး ရာရာဆီပြန်လာလိမ့်မယ်ဆိုတာပဲ၊ ဦးရဲ့မေတ္တာတရားနဲ့ အချစ်ကို ရာရာ ယုံကြည်တယ်”

အင်အားတစ်ခုကြောင့် ရာရာ မျက်ဝန်းလေးတွေ ရွှန်းလဲ့ချက်နှင့်တောက်ပလင်းလက်လာသည်။

တိတ်ဆိတ်သောညမှာ ဦးအခန်းကိုရှင်းလင်းရင်းနှင့် လသာဆောင် ဝရန်တာလေးမှာ ဦးအကြောင်းတွေကာ လွမ်းရဦးမည်။

အချစ်ကြောင့် အလွမ်းတွေကလည်း ချိုမြိန်လို့ပါ ဦးရယ်။

✿ ✿ ✿



## အခန်း (၅၀)

စိတ်တွေက အလျင်လိုနေသည်။

အမြန်ရောက်ချင်သော်လည်း ခြေလှမ်းတွေက တုံ့နှေးလေးတန်နေ၏။ ခုချိန်မှာ ဘာမှမကြားအောင် နားတွေကန်းပစ်လိုက်လျှင် ဘယ်လောက်များကောင်းမည်လဲ။ ဒါပေမဲ့ အဖေပြောမယ့် အမှန်တရားတွေကို နားထောင်ရမှဖြစ်မည်။

အဖေ ဒီ ဟိုတယ်မှာရှိနေပါစေဦး။ နိုင်ငံခြားကိုထွက် မသွားပါစေနဲ့ဦး။

အဖေဆီ မလာမိတဲ့ရက်တွေအတွက် နောင်တရမိသလို အဖေကို မမြင်တွေ့ရတဲ့ရက်တွေအတွက် လွမ်းမိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မန်နေဂျာဆီ ဝင်မေးဖို့ သတိမေ့နေပြီး အဖေနှင့် သုံးရက်အတူတူနေခဲ့သည့် အဖေ့အခန်းကိုသာ စိတ်လောကြီးစွာ လျှောက်လာနေမိသည်။

အခန်းနံပါတ် (၁၀၅)

အဖေလှဲခေါ်ဖို့ အင်အားမရှိ။ လော့ခ်ချခြင်းမရှိတဲ့ အခန်းတံခါးကို သာသာဖွဖွတွန်းဖွင့်ဝင်လိုက်သည်။ လက်စ်ဂေ့စ် (Lauges)ခွဲပြီး လှည့်လိုက်တဲ့ အဖေက သူ့ကိုမြင်သွားသည်။

"သား သား ဖာတာ"

မျက်ရည်တွေရစ်ဝိုင်းပြီး နှုတ်ဆိတ်စွာရပ်ကြည့်နေမောင်နေတဲ့ သူ့ကိုအဖေက ဝမ်းသာအားရဖက်ပွေ့လိုက်သည်။ သူ ပိုပြီး ဝမ်းနည်းလာ၏။

အဖေ့ကိုပြန်လည်ဖက်တွယ်ကာ အသံထွက်ရှိုက်ငင်ငိုကြွေးပစ်လိုက်သည်။

"သား သား ဘာဖြစ်လို့ ဒီလောက်ဝမ်းနည်းနေတာလဲကွာ သားမလာလို့ အဖေစိတ်ဆိုးနေတယ်ထင်လို့လား၊ အဖေနဲ့ ခွဲရမှာမို့လို့လား သား။ အရင်လည်း အဖေ ခရီးထွက်နေကျပဲကွာ၊ သားသိချင်တာ မှာလိုက်လေ၊ အဖေ ဝယ်လာခဲ့မယ်"

"အဖေ"





သူ အားရပါးရငိုသံပါကြီးနှင့်ခေါ်ပစ်လိုက်သည်။ အဖေက ...းမလည်နိုင်သလို ဖက်တွယ်ထားခြင်းကိုခွဲခွာကာ သူ့မျက်နှာကို ...စေ့ကြည့်သည်။

"သားက အဖေ့သားအရင်း မဟုတ်ဘူး မဟုတ်လား အဖေ"

"သား သား ဘယ်လိုသိသွားတာလဲ၊ ဘယ်သူက ပြောလိုက်လို့လဲ"

"ဘယ်သူကြောင့်ဆိုတာက အရေးမကြီးပါဘူး အဖေ၊ ဘယ်သူ့သားဆိုတာကပဲ အရေးကြီးပါတယ်၊ သားက ဘယ်မျိုးရိုးက ဆင်းသက်လာတာလဲ၊ ဘယ်သူ့သားလဲအဖေ။ သားကို အမှန်အတိုင်း ပြောပါ။ သား သိသင့်သလောက် သိပြီးပေမယ့် အတိအကျ သိချင်လို့ပါ အဖေရယ်"

"သားရယ်"

ရင်ခွင်က သားကိုခွဲပွေ့ကာ အတိုချုံးပြောပြလိုက်ရသည်။ သားအခန်းမှာ အဆီအတားမဲ့သွန်ကျလာတဲ့ မျက်ရည်တွေကို သား ... ကြွမ်းတမ်းစွာပွတ်သုတ်ပြီး ဒူးထောက်ထိုင်ချကာ လက်အုပ်ချီ ... သူ့ကိုကန်တော့သည်။

"သား သားအဖေရင်းမဟုတ်လို့ သွေးသားမတော်စပ်လို့ ...ကားမိတာ မဟုတ်ပါဘူး အဖေ၊ သား အမှားတွေ အများကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လွန်မိပါတယ်၊ သားကိုခွင့်လွှတ်ပါ အဖေရယ်၊ အဖေ့မေတ္တာတွေနဲ့ မထိုက်တန်တဲ့သားကို စွန့်လွှတ်လိုက်ပါ အဖေ"

"သား သား အဲလိုစကားတွေမပြောပါနဲ့သားရယ်၊ သားကို အဖေ ဘယ်တုန်းကမှ ဘယ်ကိစ္စနဲ့မှ အပြစ်မယူခဲ့ပါဘူး။ ရာဇာနဲ့ ပတ်သက်တဲ့အကြောင်းကလွဲရင် သားကို အဖေနားလည်ခွင့်လွှတ် ပေးနိုင်ပါတယ်"

သားလေက်ကလေးကို ဆွဲယူထွေးမတ်ပြီး ပခုံးလေးနှစ်ဖက်ထို ဆုပ်ကိုင်ကာ သားမျက်ရည်တွေကို သူ့မျက်နှာနှင့်ပွတ်သပ်သုတ်ပေး နေမိသည်။

သားက သူ့ရင်ဘတ်မှာ မျက်နှာအပ်ပြီး ရှိုက်ငင်နေသေး။

"အဖေ့အပေါ် နားလည်မှုမရှိတဲ့သားဆိုးတစ်ယောက်ကို အဖေဘာကြောင့် ချစ်နိုင်ခဲ့တာလဲ အဖေ၊ သားအပြစ်ကြွေးတွေကို သား ကျေအောင်ပြန်ဆပ်ချင်ပါတယ်၊ သားကို အဖေ့ကိုယ်စား နိုင်ငံခြားကိုသွားခွင့်ပြုပါ။ အဖေကတော့ အိမ်ကိုပြန်လိုက်ပါနော်၊ အိမ် မှာ အဖေ့ကိုသိပ်ချစ်တဲ့ အမရာခင်က နားလည်မှုတွေ သစ္စာတရား တွေနဲ့ နေ့စဉ်ရက်ဆက်အိပ်မပျော်နိုင်ဘဲ စောင့်နေရှာတယ်"

"သား"

"အဖေ အမရာခင်ကို ချစ်တယ်မဟုတ်လား။ သားရဲ့ အ





ပြစ်ကြွေးတွေကိုရော ခွင့်လွှတ်နားလည်ပြီး ကျေအေးပေးချင်တယ် မဟုတ်လား ဟင်၊ အမရာခင်ဆီကိုပဲ ပြန်သွားလိုက်ပါ အဖေ၊ အမ ရာခင်ကို သား အရှုံးပေးတယ်လို့ ပြောလိုက်ပါ၊ သားနဲ့ထိုက်တန်တဲ့ နေရာမှာပဲ သားနေတော့မယ်လို့ ပြောဖြစ်အောင်ပြောပေးပါ၊ ကိုယ့် ဘဝ ကိုယ်နားလည်သွားပါပြီ၊ ဇာတာ ဘဝအမှန်ကို သိသွားပါပြီလို့"

"သားရယ်"

သိမ့်သိမ့်လှုပ်အောင် ငိုရှိုက်နေတဲ့ သားကျောပြင်လေးကို ပွတ်သပ်ကာ နှစ်သိမ့်မိပေမယ့် သားရှိုက်သံက တိုးတိတ်မသွား [illegible]

ကြေကွဲခြင်းကြောင့်လား။ နာကျင်ခြင်းကြောင့်လား၊ အချစ် ကြောင့်လား။ အမုန်းကြောင့်လား။

သူ့ကြောင့်လား၊ အမရာခင်ကြောင့်လား။

လောကဓံကြောင့်လား။ ကံကြမ္မာကြောင့်လား။

ဘာကြောင့်ဖြစ်ဖြစ် အနိုက်အတန့်လေးပါ သားရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

ည ဆယ်နာရီလောက်မှ ဟိုတယ်ကားပါကင်ထိ... အောင် အမေကိုဖွတ်အတင်းလိုက်ပို့ရသည်။

"သား နိုင်ငံခြားသွားတဲ့နေ့အထိ သားနဲ့အတူအမေ... ပေးပါရစေ၊ သား ဒီဟိုတယ်မှာ နေချင်တယ်ဆိုလည်း အမေ... မှာပေါ့သားရယ်၊ သားသွားတဲ့နေ့မှ အမေ အမရာခင်ဆီပြန်မယ်"

အမေပြောတော့ ခေါင်းတွင်တွင်ယမ်းလျက် ... ရည်ကျသည်။ အမေနှင့်အမရာခင် ဝေးကွာအောင်လည်း သူ... ခဲ့တာ၊ မွေးစားသားပီပီ သူရဲ့ယုတ်မာမှုတွေက ခွင့်လွှတ်နိုင်စ... ဒါပေမဲ့ အမေမသိချင်ယောင်ဆောင်နေတာလား။ သိသိကြီးနဲ့ ...





ပေါ်မေတ္တာမပျက်ခဲ့တာလား။ ဒါမှမဟုတ် ဘာမှကိုမသိခဲ့ဘဲ သူ့ကို အပြစ်မယူခဲ့တာလား။

ဘာပဲဖြစ်ဖြစ် အမရာခင်ရဲ့ အလောင်းအစားတစ်ခု အောင် မြင်သွားခဲ့သည့်အတွက် အမေကိုရော၊ အမရာခင်ကိုရော သူအရှုံး ပေးရတာ ကျေနပ်ပါသည်။

ကိုယ်ဘဝကိုယ်မသိခဲ့သည့် မွေးစားသားတစ်ယောက်ရဲ့ နေ ရာဆိုတာ အားလုံးရဲ့ အဝေးဆုံးတစ်နေရာမှာပဲဖြစ်သင့်သည် မဟုတ် ပါလား။

မျက်ရည်တွေနှင့် နောင်တကို ဆေးကြောခွင့်ရသည့်အတွက် သူဖြေသာပါသည်။

ဒါကြောင့် ညတွင်းချင်း အမေကို အမရာခင်ဆီပြန်စေချင် ခဲ့သည်။ အမေ့အတွက် အမရာခင် ဘယ်လောက်တောင် ပူဆွေးလွမ်း ခဲ့ရပြီလဲ။

အပြစ်ဆိုတာလည်း မမြင်၊ နာကြည်းမှုဆိုတာလည်း မရှိ သားတစ်ယောက်က ရုပ်လုံးဖော်ပြနေတာတောင် ယုံကြည်မှုမရှိခဲ့ တဲ့ အမေအပေါ် သစ္စာစောင့်သိခဲ့သူ။

ဂုဏ်ပကာသန ငွေကြေးဥစ္စာကို မက်မောမှုမရှိဘဲ အမေ့ အချစ်ကိုသာ ကိုးကွယ်ခဲ့သော တန်ဖိုးကြီးမိန်းကလေး ... ခွင့်လွှတ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လို့ ရင်ဘတ်ကြီးထဲက အောင့်မြက်နေတာလား။ ဘဝမှန်ကို သိသွားခဲ့ရလို့ ရင်ဝမှာဆို့နင့်နေတာလား။ နှစ်ခုလုံးကြောင့် သူ့အင်အားတွေ ပျောက်ဆုံးမှေးမှိန်သွားခဲ့တာတော့ သေချာပါသည်။

မင်းကိုသိပ်ချစ်ခဲ့မိတာပါ အမရာခင်လို့ ပြောခွင့်မသာတော့တဲ့နှလုံးသားတစ်စုံလုံးက လမ်းကြိတ်စက်နှင့်ဖိနင်းခံလိုက်ရသလို မွမွကြေကာ ဟိုအရင်ကဇာတာဆိုတဲ့ နာမ်စားကိုတောင် အစရှာမရတော့ချေ။

အဖေ့ရဲ့ထွေးဖက်ခြင်းကို ရုန်းထွက်လိုက်ကာ ကားတံခါးဖွင့်ပေးလိုက်သည်။

"သား"

"မခေါ်ပါနဲ့တော့အဖေ၊ ကျွန်တော်က အဖေ သားလို့မခေါ်ထိုက်တဲ့ တိရစ္ဆာန်တစ်ကောင်ပါ၊ မိုးခိုခွင့်လည်း မပေးသင့်တဲ့သူပါ အဖေ၊ ဒါပေမဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်မရပ်နိုင်တဲ့ ကိုယ့်တာဝန် ကိုယ်မယူနိုင်တဲ့သားကို နိုင်ငံခြားက အဖေအစီအစဉ်ဆွဲထားတဲ့ လုပ်ငန်းကြီးမှာလုပ်ပိုင်ခွင့်ပေးလိုက်တဲ့အတွက် အဖေ့ကို သားကျေးဇူးတင်ပါတယ်၊ အဖေသွားရမယ့်နေရာကို သားသွားရမယ့်အတွက် သားရဲ့နေရာမှန်လို့ သားယူဆပါတယ်၊ ဘယ်လိုအကြောင်းအရာတွေကို အဖေသိသွားရင်ပဲဖြစ်ဖြစ် သားကိုမုန်းမသွားဘူးဆိုရင် သားကျေနပ်





ပါပြီ အဖေ၊ သားကိုခွင့်လွှတ်နားလည်ပေးပါ အဖေရယ်၊ သား သား အဖေ့ကိုကန်တော့ပါတယ်"

ကွန်ကရစ်လမ်းမှာ သူ့ဒူးထောက်ထိုင်ချလိုက်သည်။ ဦးသုံးကြိမ်ချကန်တော့ပြီးချိန်မှာ သူ့ခေါင်းလေးကို ဖွဖွပွတ်သပ်ပြီး အဖေ ဆွဲထူ၍ ခပ်တင်းတင်းပွေ့ဖက်လေ၏။

"နောင်တဆိုတာကို သားဆီမှာတွေ့လိုက်ရတဲ့အတွက် သားကိုအဖေမွေးစားရကျိုးနပ်ပါပြီသားရယ်၊ ဘဝတစ်လျှောက်လုံးလည်း သားရဲ့အဖေတော်ခွင့်ရချင်ပါတယ်၊ အဖေ့ကိုမမုန်းဘူးဆိုရင် တစ်နေ့ နေ့တစ်ချိန်ချိန်မှာ မြန်မာပြည်ကိုသားပြန်လာမယ်လို့ အဖေမျှော်လင့်နေပါရစေနော်၊ တကယ်ဆိုရင် အမရာခင်နဲ့ အဖေရဲ့ မင်္ဂလာပွဲမှာ သားကိုရှိနေစေချင်သေးတယ်၊ အဖေ့ဆန္ဒဆိုပေမယ့် သားသဘောပါ"

တဲ့။ အဖေ့ကို သူတိုးဖက်ကာ ကျိတ်ရှိုက်လိုက်သည်။

အဖေလို့ ရင်ထဲက အားရပါးရခေါ်လိုက်၏။

သားရဲ့နောင်တမျက်ရည်တွေကို အဖေလက်နဲ့ တယုတယ သုတ်မပေးပါနဲ့။

ထိတွေ့ဖို့တောင် မထိုက်တန်တဲ့သူပါ။

အဖေ့ချစ်သူကိုပိုင်ဆိုင်ဖို့ ကြိုးစားခဲ့မိပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သွားတော့။ အဖေချစ်တဲ့ အမရာခင်ဆီ သွားပါတော့ အဖေ အမရာခင်က အလွမ်းတွေနဲ့လက်ကမ်းကြိုနေပါလိမ့်မယ်။ သွားပါ တော့အဖေရယ်။

ရင်ထဲက တီးတိုးနှင်ထုတ်ပြီး သူက အရင်ပြေးထွက်လာခဲ့ သည်။ အဖေ့ရဲ့ ကားစက်သံလေး မကြားရတဲ့အချိန်ထိ ခပ်ဝေးဝေး ရောက်သွားမှ ကွယ်ရာကနေ ပုန်းအောင်းခိုးကြည့်နေမိရင်း သူ့ အသံ ထွက် ငိုရှိုက်ပစ်လိုက်၏။ မျက်ဝန်းထဲမှ နုဖပ်သိမ်မွေ့လွန်းသော အမရာခင်ရဲ့လက်တစ်စုံကို မြင်ယောင်နေမိသည်။

အဖေ့ရင်ခွင်မှာ ခိုဝင်ပြီး တွယ်ဖက်တော့မယ့် ထိုလက်တစ် စုံဟာ သူ့အတွက်တော့ ဝေးကွာလို့၍ နှုတ်ဆက်နေခြင်းဖြစ်သည် မည်။

ကျေနပ်ပါတယ်၊ အရှုံးပေးပါတယ်။

လွမ်းတော့လွမ်းနေဖြစ်မယ်ထင်တယ် အမရာခင်။

✿ ✿ ✿



## အခန်း (၄၂)

ပြည့်ဝန်းထိန်ထိန်သာနေသော လရဲ့အလင်းရောင်ကို ခံ စားချင်သောကြောင့် ဝရန်တာလသာဆောင်ကမီးတွေ ခြံဝင်းထဲက မီးတွေအားလုံးပိတ်ပစ်လိုက်သည်။

ဦးနှင့် ထိုင်နေကျ လသာဆောင်လေးမှာ သင်းပျံ့ပျံ့ပန်း ရနံ့လေးတွေကို ရှူရှိုက်ရင်း ဦးအကြောင်းကိုလွမ်းလွမ်းဆွတ်ဆွတ် တွေးနေမိသည်။ ညလေပြည်တွေတိုက်ခတ်နေသော အေးချမ်းသည့် နေရာလေးမှာ ဦးရဲ့ချစ်စကားတွေကို ရင်ခုန်စွာနားထောင်ခဲ့ရသည့် မှီ လွမ်းတဲ့အချိန်တိုင်းလာထိုင်ဖြစ်သည်။ တစ်နေ့နေ့မှာ ပြန်လာမယ် ဆို ဦးရယ်လို့ တမ်းတမ်းတတလည်း ရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခနဲ သက်ပြင်းရှည်ကြီးချကာ သော့ပိတ်ခြင်းမပြုရသေးသော ခြံဝင်းတံခါးကို တစ်ချက်လှမ်းကြည့်ပြီး စိတ်မချဖြစ်နေသည်။

သွားပိတ်လို့လည်း မဖြစ်သေး။ ညနေကတည်းက အပြင်ထွက်သွားသော ဖခင်မှပြန်မလာသေးတာ။

ဘယ်ကိုထွက်သွားတာလဲဆိုတာ မသိပေမယ့် ဘာကြောင့်ထွက်သွားတယ်ဆိုတာ သူမ သိနေသည်။

သူမစကားကြောင့် မျက်နှာတစ်ခုလုံး နီတွက်ပြီး ဖခင်ရှက်ရွံ့သိမ်ငယ်သွားတာ ဟန်ပင်မဆောင်နိုင်။

ဖခင်အပေါ် နစ်နာစေလိုသော စေတနာဆိုးတွေ မရှိခဲ့ပေမယ့် ဦးရဲ့မေတ္တာအတိမ်အနက်တန်ဖိုးကိုတော့ နားလည်စေချင်သည်။ ကိုယ့်ဆန္ဒတွေကိုသာ ဦးစားပေးပြီး မွေးစားဖခင်ကြီးအပေါ် ကောက်ကျစ်ယုတ်မာမိတဲ့အပြစ်တွေကို သူကိုယ်တိုင်မြင်၍ နောင်တရစေချင်သည်။

"ရာရာ"

"ဟင် ဦး ဦး ပြန်လာတယ်"

မျက်နက်ဝန်းလေးပြူးလည်သွားအောင် အံ့ဩဝမ်းသာသွားမှန်းသိသာနေသော်လည်း သူ့ရင်ခွင်ကိုအလွမ်းတွေ တနင့်တပိုးနှင့်





ခိုဝင်ခြင်းတော့ မရှိခဲ့ချေ။

သူကလည်း တွေ့ဖက်ဖို့ သတိမရနိုင်ဘဲ လွမ်းဆွတ်ခြင်းများစွာနှင့် အတန်ငေးစိုက်ကြည့်နေမိခဲ့သည်။

ဆံနွယ်လေးတွေကို ဖန်ကလစ်ပြားသေးသေးလေးနှင့် ခေါက်တင်ထားသဖြင့် လှပသောမျက်နှာတစ်ဝိုက်နှင့် ပါးပြင်လည်တိုင်တို့မှာ ဆံယဉ်စုတို့ ဟိုတစ်စ ဒီတစ်စလွင့်ဝဲကျနေခြင်းသည် လရောင်အောက်မှာ ကဗျာဆန်လွန်းနေခဲ့သည်။

လှိုင်ဖိုနေသောရင်အစုံက နိမ့်ချည်မြင့်ချည်နှင့် လည်တိုင်ကျော့ကျော့နှင့် ပါးပြင်လေးဆီက သွေးကြောစိမ်းစိမ်းလေးတွေကလည်း တလှုပ်လှုပ်။

သူက သူမမျက်နှာလေးကို စေ့စေ့စိမ့်စိမ့်ကြည့်၍ ရှေ့ခြေတစ်လှမ်းခြင်းတိုးရွေ့သွားသော် သူမကလည်း သူ့မျက်နှာကို မလွှတ်တမ်းငေးကြည့်၍ တရွေ့ရွေ့တိုးလာနေသည်မို့ မျက်နှာချင်း နီးကပ်လာသည်။

ရင်ခွင်နှစ်ခု ပူးကပ်သွားချိန်မှာ သူ့မေးဖျားအောက်မှာ ရောက်နေသော ရှန်ပူရနံ့သင်းသင်းနှင့် သူမဆံနွယ်လေးတွေကို မွှတ်သိပ်ခြင်းပြုစွာ ရှိုက်နမ်းပစ်လိုက်သည်။

"ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်မောနေသော ညင်းသွဲ့သွဲ့လေးက ရင်ခွင်မှာခိုကပ်လာ၏။ သူကျောပြင်ကို သိုင်းဖက်လာသော အိတွေးနူးညံ့လွန်းတဲ့ လက်သေးသေးလေးများသည် လွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်ခိုင်မြဲလွန်းလှ၏။ ရင်ခုန်သံတွေ မြန်ဆန်လွန်းစွာနှင့် နှင်းဆီငုံနှုတ်ခမ်းလေးကို ခပ်ဖွဖွနမ်းမွှေးကာ ထိုင်ခုံလေးမှာ ဖက်ပွေ့၍ ထိုင်လိုက်ရသည်။

"အဝေးကြီးကိုထွက်သွားပြီထင်နေတာ၊ ဘာလို့အကြာကြီးခွဲထားတာလဲဟင်၊ ရာရာ ဦးကိုလွမ်းနေတာ"

"အခိုက်အတန့်လေးပါ ကလေးလေးရယ်၊ ရာရာလေးကို ဦး ရင်မဆိုင်ရဲလို့ပေါ့"

"ရာရာကို အထင်သေးတာပေါ့၊ ကလေးလေးအချစ်မှို မေလေးစားတာလား"

"ဟင့်အင်း အရမ်းမြတ်နိုးရ, တန်ဖိုးထားရလွန်းလို့ ဦး နာကျင်ကြေကွဲခံပြီး အဝေးကြီးမှာနေခဲ့တာပါ၊ ဦးကို တရားခံတစ်ယောက်လို ရာရာသတ်မှတ်လိုက်မှာ ဦး သေမလောက်ကြောက်တယ်၊ ဘယ်လိုအရာမျိုးမဆို ရင်ဆိုင်ရဲပေမယ့် ဦး သိပ်ချစ်တဲ့ ရာရာအထင်သေးမှာကိုတော့"

သူ့စကားတွေရှေ့ဆက်လို့မရအောင် သူမကအနမ်းမွှေး မွှေး





ဖြင့်ပိတ်ပင်တားဆီးလိုက်၏။

"အဲဒီအကြောင်းအရာတွေအားလုံး အတိတ်မှာချန်ထားခဲ့ပြီးမေ့လိုက်ရအောင် ဦးရယ်၊ ရာရာ အလွမ်းတွေလတ်လတ်ဆတ်ဆတ်ကြီးပဲရှိသေးတယ်၊ ဦး နှစ်သိမ့်မပေးတော့ဘူးလား"

"အိုကေပါ ရာရာလေးရယ်၊ ဒီကနေရှေ့ဆက်ပြီး ရာရာလေးနာကျင်ကြေကွဲရတာတွေ အလွမ်းဆိုတာတွေ၊ လိုးဝမခံစားရတော့ပါဘူး၊ ဦးရဲ့အချစ်တွေနဲ့ တစ်ဘဝလုံးအေးချမ်းစေရမှာပါမယ်၊ ပေလီကိုပြန်ပြီး ဦးတို့လက်ထပ်ကြမယ်၊ ရာရာက ဦးအတွက် သားသား၊ မီးမီးလေးတွေမွေးပေးပေါ့"

"အား ဦးနော်၊ ဘာတွေပြောနေမှန်း မသိဘူး၊ အဆင့်တွေကျော်ကုန်ပြီ"

"မသိဘူးလေ၊ အင်တာနက်ခေတ်, အိုင်တီခေတ်ဆိုတော့ အမြန်ဆုံး"

"ဦး"

ခေါ်သံလေး တိခနဲ ပြတ်တောက်သွားအောင် သူမနှုတ်ခမ်းလေးလေးကို အပြစ်ပေးလိုက်သည်။

အကြွင်းနာရီပ်တွေ တလက်လက်တောက်ပနေသော ဦးရဲ့ ...ဝင်ခန်းတာဓိစုံကြောင့် သူမနှလုံးသားလေး ခပ်မြန်မြန်ခုန်နေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖြာလာခဲ့သည်။

မိန့်မူးနွေးထွေးလွန်းသောအနမ်းတို့ကြောင့် အရာအားလုံးကို ခေတ္တခဏမေ့သွားခဲ့၏။

အလွမ်းတို့က အခိုက်အတန့်လေးဆိုပေမယ့် အနမ်းတို့က ရှည်ကြာလွန်းစွာဖြင့်

အားလုံးအတွက်

နတ်သမီး

BURMESE CLASSIC

www.burmeseclassic.com